ကျမ်းစာအမှတ်စဉ်-၁၃

ဆဋ္ဌသံဂါယနာ ပဋ္ဌမသင်္ဂီတိပါဠိတော်

ဒီဃနိကာယ

သံဂါယနာဘာဝေဓနဝဂ္ဂ

ပဋ္ဌမဘာဏဝါ

(ပါဠိတော်ကပါဠိတော်နှင့် ပါစိတ်ပါဠိတော် အပေးအဖြေများ ပါဝင်သည်။)



ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၄၉၈ ကောဇာနှစ် ၁၃၁၈

၂၇၄၀

ကျမ်းစာအမှတ်စဉ်-၁၃


ဆဋ္ဌသံဂါယနာ ပဋ္ဌမသင်္ဂီတိပါဠိတော်

ဒီဃနိကာယ

သံဂါယနာအစေးအဖြူ


ပဋ္ဌမဘာဏ်

(ပါရာဇိကပါဠိတော်နှင့် ပါစိတ်ပါဠိတော် အမေးအဖြေများ ပါဝင်သည်။)




ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၄၉၀ ကောဇာနှစ် ၁၃၁၆




ဆဋ္ဌသံဂီတိ သံဃနာယက အဘိဓဇမဟာရဋ္ဌဂုရု
ကျေးဇူးတော်ရှင် ညောင်ရမ်း ဆရာတော်ဘုရားကြီး၏ ပုံတော်



ဆဋ္ဌသံဂါတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတဘဒန္တသောဘန(မဟာစည်)

ဆရာတော်၏ပုံတော်



ဆဋ္ဌသံဂီတိဝိဿဇ္ဇက

တိပိဋကဓရမဟာဂ္ဃောဂါရိကဘဒန္တဝိစိတ္တသာရာဘိဝံသ

ဆရာတော်၏ပုံတော်

ဆဋ္ဌသံဂါယနာအမေးအဖြေ

နိဒါန်း

ဤမည်သော ဆဋ္ဌသံဂါယနာ အမေးအဖြေ ကျမ်းတဆူ ထွက်ပြူလာခြင်း၏ အကြောင်းရင်း နိဒါန်းမှာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ပေးတော်မူနိုင်သည့် သုတ် အဘိဓမ္မာ ဝိနည်း ဒေသနာတော်တို့ကို အနှစ်ငါးထောင်မက ကြာမြင့်သည်တိုင်အောင် တည်ရစ်ရန် အလို့ငှါ အဘိဓမ္မာဂဟဋ္ဌကထာ ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးကို အမှူးထား၍ ပြည်ထောင်စု မြန်မာနိုင်ငံ ယိုးဒယားနိုင်ငံ သီဟိုဠ်နိုင်ငံ ကမ္ဘောဒီးယား နိုင်ငံနှင့် လောနိုင်ငံ အပါအဝင် ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံတို့မှ လဋ္ဌပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော သံဃနာယက သံဃရာဇာ သံဃုက္ကဋ္ဌ မထေရ်မြတ်ကြီးတို့ ဦးဝီးရွှေဆောင်သော သံဂီတိကာရကမထေရ် ၂၅၀၀ ကျော်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကို သာသနာ့ဒါယကာအဖြစ် အခိုပြု၍ဌင်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့နှင့် ပြည်ထောင်စု နိုင်ငံတော်သူနိုင်ငံသားများကို စတုပစ္စယဒါယကာအဖြစ် အမှီပြု၍ဌင်း ရန်ကုန်မြို့ သိရိမင်္ဂလာကုန်းမြေ ဆဋ္ဌသံဂီတိ မဟာပါသာဏ ကျောက်သိုဏ်ဂူတော်ကြီး အတွင်းဝယ် သာသနာနှစ် ၂၄၉၀-ခုနှစ် ကောဇာနှစ် ၁၃၁၃-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ခြောက်ကြိမ်မြောက် သံဂါယနာသဘင်ကို စတင်တော်မူခဲ့ကြလေသည်။

ဤသို့ ခြောက်ကြိမ်မြောက် သံဂါယနာ တင်တော်မူကြရာဝယ် ရှေးပဌမ သံဂါယနာ တင်တော်မူစဉ် အခါကာလက သံဃမဟာနာယက အရှင်မဟာကဿပ မထေရ်မြတ်ကြီးက တခုတခုသော သိက္ခာပုဒ် တခုတခုသော တရားဒေသနာတော်ကို "ဘယ်မြို့ ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း အကြောင်းရင်း ဝတ္ထုကြောင့် ပညတ်ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင် " စသည်ဖြင့် မေးမြန်းတော်မူသောအခါ ဝိနည်းဆိုင်ရာ၌ အရှင်ဥပါလိမထေရ်မြတ်က ပညတ်ရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြား၍ သုတ်အဘိဓမ္မာဆိုင်ရာ၌ အရှင်အာနန္ဒာမထေရ်မြတ်က ဟောရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြားတော်မူကြသကဲ့သို့ ဆိုင်ရာဆိုင်ရာ သုတ်အဘိဓမ္မာ ဝိနည်း ဒေသနာတို့ကို မေးရန် ဖြေရန် ကိစ္စအတွက်လည်း ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃ အဖွဲ့ကြီးက ကြိုတင်၍ စီစဉ်ခဲ့လေသည်။

သံဂါယနာတင်ရာ၌ သုတ် အဘိဓမ္မာ ဝိနည်းတရားတို့ကို အမေးအဖြေ ပြုလုပ်ရန် တာဝန်ကား လွယ်ကူလှသည် မဟုတ်ချေ၊ ပိဋကတ် ကျမ်းဂန်အရပ်ရပ်တို့၌

နှံ့စပ် ကျေပြန် မေ့နှောက် ချောက်ချားနိုင်သော တိက္ခဉာဏ် ဇဝနဉာဏ် ဂမ္ဘီရဉာဏ် ထက်သန်အားကောင်း၍ သံဃပရိသတ် လူပရိသတ် အလည်တွင် နှုတ်တက် ရှရှ တိကျပြတ်သားစွာ ကောသရာဇာ ဖြေသိမ့်မင်းကဲ့သို့ ရဲတင်းသောစိတ်ဖြင့် မေးစမ်းနိုင် ဖြေစမ်းနိုင်သော ဗျတ္တ, ပဋိဗလဂုဏ် ကုံလုံကြွယ်ဝသည့် ပဂ္ဂလဝိသေသ တို့၏ အရာသာ ဖြစ်ချေသည်။

သို့ကြောင့်ပင် ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃအဖွဲ့ကြီးက ပဌမပါရာဇိက သိက္ခာပုဒ်ကို မေးတော်မူရန် ပုစ္ဆကဆရာအဖြစ် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒန္တဇဝန မဟာဆရာကိုဂုင်း ဒုတိယပါရာဇိကမှစ၍ ဝိနယပိဋကက သံဂါယနာတင်ပြီးသည်တိုင်အောင် မေးတော်မူရန် ပုစ္ဆကဆရာအဖြစ် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ဘဒန္တသောဘနဆရာ (မဟာစည်) ကိုဂုင်း ပဌမပါရာဇိက သိက္ခာပုဒ်မှစ၍ ဝိနယပိဋကက သံဂါယနာ တင်ပြီးသည် တိုင်အောင် ဖြေကြားတော်မူရန် ဝိသဇ္ဇက ဆရာအဖြစ် စစ်ကိုင်းမြို့ မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကခရခမ္မဘဏ္ဍာဂါရိက ဘဒန္တ ဝိဇိတ္တသာရာဘိဝံသဆရာကိုဂုင်း ရွေးကောက် တင်မြောက်တော်မူခဲ့ကြလေသည်။

ဤသို့ ရွေးကောက် တင်မြောက်ခဲ့သည့်အတိုင်း ဆဋ္ဌသံဂီတိ မဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီးအတွင်း၌ ဆရာဒေ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ကြွရောက် လာကြကုန်သော သံဂီတိကာရက သံဃပရိသတ် လူပရိသတ်တို့၏ အလည်တွင် သံဃမဟာနာယက ဖြစ်ဘော်မူသော ဘဒန္တ ရောတာဘိဓမ္မမဟာရဋ္ဌဂူရု မဆရာ မြတ်ကြီးက သြကာသဒါနကထာ မြှက်ကြားတော်မူ၍ ပုစ္ဆကဆရာက ပုစ္ဆနဉာတ်ကိုထားပြီးလျှင် ရွေ့ပလွှင်ထက်သို့ တက်ခါ ထက်ဝယ်ဖွဲ့ခွေ့ ထိုင်နေတော်မူ၍ဂုင်း ဝိသဇ္ဇကဆရာက ဝိသဇ္ဇနဉာတ်ကိုထားပြီးလျှင် ဆင်စွယ်ဖြင့် စီအပ်သော ယပ်ဝန်းကို ကိုင်လျက် ရွေ့ပလွှင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ့ ထိုင်နေတော်မူ၍ဂုင်း ရှုံ့ရှားခြင်းကင်း ရဲတင်းသော စိတ်ဖြင့် ရှေးရှေးသော သံဂါယနာ အစဉ်အလာနှင့် အညီ မြတ်စွာဘုရား၏ အာဟစ္စဘာသိတ ဒေသနာတော်တို့ကို ပါဠိမြန်မာ နှစ်ဘာသာတို့ဖြင့် တိကျပြတ်သားရှင်းလင်းစွာ နှုတ်တက်ရှရှ မေးဖြတော်မူခဲ့ကြလေပြီ မေးဖြတိုင်းသော ဒေသနာ၊ အစဉ်တို့ကိုလည်း နိုင်ငံတော်အသံလွှင့်ဌာနမှ အသံသွင်းစက်ဖြင့် အသံသွင်းယူပြီးလျှင် မြန်မာ့အသံမှ တဆင့် အသံလွှင့်ခဲ့လေသည်၊ ထိုသို့ အသံလွှင့်ခဲ့သည်ကို ကြားနာကြရသော ရဟန်းရှင်လူ အပေါင်းတို့သည် အားရတင်းတိမ်ခြင်း မရှိကြသဖြင့် ကျမ်းစာအုပ်တဆူအနေ စက်တင်ပုံနှိပ် ထုတ်ဝေပါရန် တောင်းပန်ကြလေသည်။

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကလည်း ပိဋကတော်၏ အဆီအနှစ် သဖွယ်ဖြစ်သော ဤ သံဂါယနာ အမေးအဖြေတို့ကို မပျောက်မပျက်ရန် အလို့ငှါဂုင်း

လေ့လာကျင့်သုံး ပဌါးများလိုကြသူဘို့အဘို့ လွယ်လင့်တကူ ကြည့်ရှု နိုင်ရန် အလို
ငှါရင်း

၁။ ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ်ရန်

၂။ ဓါတ်ပြားသွင်းရန်

အစီအစဉ် ရှိခဲ့သည့်အတိုင်း အမေးအဖြေ ဒေသနာတော် အသံတို့ကို အသံ
သွင်းဓါတ်ကြိုးမှကူးယူ၍ စက်တင်ပုံနှိပ်ခဲ့သောကြောင့် သံဂါယနာ အဓမ်းအဖြေ
ဟူသော ဤကျမ်းစာတဆူ ထွက်ပြူလာခဲ့ခြင်း ဖြစ်ပါသည်။

အထူးအားဖြင့် ဤသံဂါယနာ အဓမ်းအဖြေကျမ်း၌ ဆရာတော်နှစ်ပါးမေး
ဖြေတော်မူကြသော အချက်အလက် များမှာ နာရီပိုင်းမျ အခွင့်ရသော အခါန်
ကာလအတွင်း၌ "အမြတ်ခတနာ အစုအပုံထည်းမှ သင့်ရာသင့်ရာ ရတနာတို့ကို
ထုတ်ဆောင်ပြသကဲ့သို့" ဆိုင်ရာဆိုင်ရာ ပိဋကတို့မှ အရေးကြီးသော အချက်အ
လက်များကို အခါန်ကာလနှင့် နှိုင်းခါန်၍ မေးဖြေတော် မူကြခြင်း ဖြစ်ပါသော
ကြောင့် ထို့ထက် ကျယ်ဝန်းပြည့်စုံသော အနက်အဓိပ္ပါယ် မြတ်စွာဘုရား၏
စကားတော်များကို သိလိုကြပါသော သူတော်စင် အပေါင်းတို့သည် နိုင်ငံတော်
ဗုဒ္ဓသာသနာအဖွဲ့မှ မကြာမီ ရိုက်နှိပ် လာဘ်ဖွံ့ဖြစ်သော ပိဋကမြန်မာပြန် ကျမ်း
ကြီးများ၌ ဘတ်ရှုကြည့်ရှုနိုင်ကြပါသည်။

သို့ဖြစ်၍ အံ့ဘွယ် ရှစ်ပါးနှင့် ပြည့်စုံသော မဟာသမ္ဒုဒ္ဓရာအတွင်း၌ နစ်မြုပ်၍
နေကြကုန်သော ရတနာ ခုနစ်ပါးတို့ကို ယူဆောင်၍ ပြလိုက်သကဲ့သို့ အံ့ဘွယ်
ရှစ်ဖြာ သာသနာမှ ဝိမုတ္တိရသ အမတမြိုက် ချမ်းသာတည်းဟူသော အဆီ
အနှစ် ဒေသနာတို့ကို ထုတ်ဆောင်၍ ပြရာဖြစ်သော ဤ **သံဂါယနာ အမေးအဖြေ**
ကျမ်းကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ဘတ်ရှုလေ့လာ ကျင့်သုံးနိုင်ကြ ပါစေကုန်
သတည်း။

[ပုံ] အသျှင်နာဂဝံသာဘိဝံသ
[ပုံ] အသျှင်ဝိသုဒ္ဓါဘိဝံသ

အကျိုးတော်ဆောင်ဆရာတော်များ
ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့

၁၃၁၇-ခု ဒုတိယဝါဆိုလဆန်း ၇-ရက် အင်္ဂါနေ့

ဆဋ္ဌသံဂါယနာ အမေးအဖြေ

မဇ္ဈိမကာ

အကြောင်းအရာ စာမျက်နှာအမှတ်

ပါရာဇိကပါဠိတော်

ပါရာဇိက

ဩကာသ ဒါနကထာ ၁
ပဌမပါရာဇိက သိက္ခာပုဒ် ၃
ဒုတိယပါရာဇိက သိက္ခာပုဒ် ၁၂
တတိယပါရာဇိက သိက္ခာပုဒ် ၂၃
စတုတ္ထပါရာဇိက သိက္ခာပုဒ် ၄၂

သံဃာဒိသိသ်

သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ် ၅၈
ကာယသံသဂ္ဂ စသော သိက္ခာပုဒ် လေးပါး ၆၈
ကုဋိကာရ သိက္ခာပုဒ် ၇၀
ဝိဟာရကာရ သိက္ခာပုဒ် ၇၁
ဒုဋ္ဌဒေါသ သိက္ခာပုဒ် ၇၂
သံဃဘေဒက သိက္ခာပုဒ် ၇၄
ဘေဒါနုဝတ္တက သိက္ခာပုဒ် ၇၇
ဒုဗ္ဘဋ သိက္ခာပုဒ် ၇၈
ကုလဒူသက သိက္ခာပုဒ် ၈၀

အနိယတ

အနိယတ သိက္ခာပုဒ် နှစ်ပါး ၈၅

စီဝရဝဂ်

ပဌမကထိန သိက္ခာပုဒ် ၈၉
ဥဒေါသိတ ဒုတိယ ကထိန သိက္ခာပုဒ် ၉၀
တတိယ ကထိန သိက္ခာပုဒ် ၉၁

အကြောင်းအရာ စာမျက်နှာအမှတ်

ပါရာဇိကပါဠိတော်

စီဝရဝဂ်

ပုရာဏစီဝရ သိက္ခာပုဒ် ၉၂
စဝရပဋိဂ္ဂဟဏ သိက္ခာပုဒ ၉၃
အညာတကဝိညတ္တိ သိက္ခာပုဒ် ၉၅
တတုတ္တရိ သိက္ခာပုဒ် ၉၆
ဥပက္ခဋ္ဌ သိက္ခာပုဒ် နှစ်ပါး ၉၇
ရာဇ သိက္ခာပုဒ် ၉၈

ကောသိယဝဂ်

ကောသိယ သိက္ခာပုဒ် ၉၉
သုဒ္ဓကာဠက သိက္ခာပုဒ် ၁၀၀
ဒွေဘာဂ သိက္ခာပုဒ ၁၀၁
ဆဗ္ဗဿ သိက္ခာပုဒ် ၁၀၂
နိသီဒနသန္ထတ သိက္ခာပုဒ် ၁၀၅
ဧဠကလောမ သိက္ခာပုဒ် ၁၀၆
ဧဠကလောမဓောဝါပန သိက္ခာပုဒ် ၁၀၈
ရူပိယ သိက္ခာပုဒ် ၁၀၉
ရူပိယသံဝေါဟာရ သိက္ခာပုဒ် ၁၁၂
ကယဝိက္ကယ သိက္ခာပုဒ် ၁၁၃

ပတ္တဝဂ်

ပတ္တ သိက္ခာပုဒ် ၁၁၄
ဥနပဉ္စဗန္ဓန သိက္ခာပုဒ် ၁၁၅
ဘေသဇ္ဇ သိက္ခာပုဒ် ၁၁၇
ဝဿိကသာဋိက သိက္ခာပုဒ် ၁၁၈
စီဝရအစ္ဆိန္ဒန သိက္ခာပုဒ် ၁၁၉
သုတ္တဝိညတ္တိ သိက္ခာပုဒ် ၁၂၁
မဟာပေသကာရ သိက္ခာပုဒ် ၁၂၂

အကြောင်းအရာ စာမျက်နှာအမှတ်

ပါရာဇိကပါဠိတော်

ပတ္ထဝဂ်

အစ္စေကစီဝရ သိက္ခာပုဒ် ၁၂၃
သာသက်် သိက္ခာပုဒ် ၁၂၄
ပရိဏာတ သိက္ခာပုဒ် ၁၂၅

ပါရာဇိက ပါဠိတော် ပြီး၏။

ပါစိတ်ပါဠိတော်

မုသာဝါဒဝဂ်

မုသာဝါဒ သိက္ခာပုဒ် ၁၃၁
ဩမသဝါဒ,ပေသုည သိက္ခာပုဒ် နှစ်ပါး ၁၃၁
ပဒသောဓမ္မ သိက္ခာပုဒ် ၁၃၂
သဟသေယျ သိက္ခာပုဒ် ၁၃၃
ဒုတိယ သဟသေယျ သိက္ခာပုဒ် ၁၃၅
မေမ္မဒေသနာ သိက္ခာပုဒ် ၁၃၆
ဘူတာရောစန သိက္ခာပုဒ် ၁၃၇
ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ် ၁၃၈
ပထဝီ ခဏန သိက္ခာပုဒ် ၁၃၉

ဘူတဂါမဝဂ်

ဘူတဂါမ သိက္ခာပုဒ် ၁၄၀
အညဝါဒက သိက္ခာပုဒ် ၁၄၀
ဥဇ္ဈာပနက သိက္ခာပုဒ် ၁၄၁
ပဌမ သေနာသန သိက္ခာပုဒ် ၁၄၂
ဒုတိယ သေနာသန သိက္ခာပုဒ် ၁၄၃
အနုပခဇ္ဇ သိက္ခာပုဒ် ၁၄၆
နိကဍ္ဎန သိက္ခာပုဒ် ၁၄၇
ဧဝဟာသကဋ္ဌိ သိက္ခာပုဒ် ၁၄၇
မဟာလွက ဝိဟာရ သိက္ခာပုဒ် ၁၄၈
သပ္ပါဏက သိက္ခာပုဒ် ၁၄၉

အကြောင်းအရာ စာမျက်နှာအမှတ်

ပါစိတ်ပါဠိတော်

ဩဝါဒဝဂ်

ဩဝါဒ သိက္ခာပုဒ် ၁၅၀
အတ္ထင်္ဂတ သိက္ခာပုဒ် ၁၅၁
ဘိက္ခုနုပဿယ, အာမိသ သိက္ခာပုဒ် နှစ်ပါး ၁၅၁
စီဝရဒါန သိက္ခာပုဒ် ၁၅၃
စီဝရသိဗ္ဗန သိက္ခာပုဒ် ၁၅၃
သံဝိဓာန သိက္ခာပုဒ် ၁၅၄
နာဝါဘိရူဟနနှင့် ပုရိပါစိတ သိက္ခာပုဒ် ၁၅၅
ရဟောနိသဇ္ဇ သိက္ခာပုဒ် ၁၅၆

ဘောဇနဝဂ်

အာဝါသထပိဏ္ဍ သိက္ခာပုဒ် ၁၅၇
ဂဏဘောဇန သိက္ခာပုဒ် ၁၅၇
ပရမ္ပရဘောဇန သိက္ခာပုဒ် ၁၅၈
ကာဏမာတု သိက္ခာပုဒ် ၁၅၉
ပဌမ ပဝါရဏာ သိက္ခာပုဒ် ၁၆၀
ဒုတိယပဝါရဏာနှင့် ဝိကာလ ဘောဇနသိက္ခာပုဒ် ၁၆၁
သန္နိဓိကာရကနှင့် ပဏီတဘောဇန သိက္ခာပုဒ် ၁၆၂
ဒန္တဂေါန သိက္ခာပုဒ် ၁၆၃

အစေလကဝဂ်

အစေလက သိက္ခာပုဒ် ၁၆၄
ဥယျောဇနနှင့် သဘောဇန သိက္ခာပုဒ် ၁၆၅
ရဟောပဋိစ္ဆန္နနှင့် ရဟောနိသဇ္ဇ သိက္ခာပုဒ် ၁၆၆
စာရိတ္တနှင့် မဟာနာမ သိက္ခာပုဒ် ၁၆၇
ဥယျုတ္တသေနာ စသော သိက္ခာပုဒ်များ ၁၆၈

သုရာပါနဝဂ်.... ....

သုရာပါန သိက္ခာပုဒ် ၁၆၉
အင်္ဂုလိပတောဒကနှင့် ဟာသဓမ္မ သိက္ခာပုဒ် ၁၇၀
အနာဒရိယ သိက္ခာပုဒ် ၁၇၁

အကြောင်းအရာ စာမျက်နှာအမှတ်

ပါစိတ်ပါဠိတော်

သုရာပါနဝဂ်

ဘိုံသာပနနှင့် ဇောတိက သိက္ခာပုဒ် ၁၇၂
နဟာန သိက္ခာပုဒ် ၁၇၃
ဒုဗ္ဗဏ္ဏကရဏနှင့် စီဝရ အပနိဓာန သိက္ခာပုဒ် ၁၇၅

သပ္ပါဏကဝဂ်

သံဉ္စိစ္စ သိက္ခာပုဒ် ၁၇၆
သပ္ပါဏကနှင့် ထေယျသတ္ထ သိက္ခာပုဒ် ၁၇၇
သံဝိဓာန သိက္ခာပုဒ် ၁၇၈

သဟဓမ္မိကဝဂ်

သဟဓမ္မိက သိက္ခာပုဒ် ၁၇၈
ဝိလေခန သိက္ခာပုဒ် ၁၇၉
မောဟန သိက္ခာပုဒ် ၁၈၀
ပဟာရ တလသတ္တိက သိက္ခာပုဒ် စသည်မျှး ၁၈၁
ဥပဿုတနှင့် ကမ္မပဋိဗာဟန သိက္ခာပုဒ် ၁၈၂
ဆန္နံ အဒတ္ဘာ ဂမန သိက္ခာပုဒ် ၁၈၃
ပရိဏာမန သိက္ခာပုဒ် ၁၈၄

ရတနဝဂ်

အန္တေ ပုရ သိက္ခာပုဒ် ၁၈၄
ရတန သိက္ခာပုဒ် ၁၈၅
ဝိကာလဂါမပ္ပဝိသန သိက္ခာပုဒ် ၁၈၆

ပါဋိဒေသနီ

ပါဋိဒေသနီ သိက္ခာပုဒ် ၁၈၇

သေခိယ

သေခိယ သိက္ခာပုဒ်မျှး ၁၈၈

အကြောင်းအရာ စာမျက်နှာအမှတ်

ပါစိတ်ပါဠိတော်

ဘိက္ခုနီဝိဘင်္ဂ

ပါရာဇိကနှင့် သံဃာဒိသိသ် သိက္ခာပုဒ်များ ၂၀၂

ဘိက္ခုနီဝိဘင်္ဂပါစိတ်

လသုဏာဝဂ် ၂၀၇

အန္ဓကာရဝဂ် ၂၁၁

နဂ္ဂဝဂ် ၂၁၄

တုဝဋ္ဋကဝဂ် ၂၁၅

စိတ္တာဂါရဝဂ် ၂၂၂

အာရာမဝဂ် ၂၂၅

ဂဇ္ဇဘုနဝဂ် ၂၃၁

ကုမာရီဘူတဝဂ် ၂၃၃

ဆတ္တာပါဟာနဝဂ် ၂၃၄

ပါဠိဒေသနာ အာပတ် ရှစ်မျိုး ၂၃၇

မာတိကာပြီး၏။

ဝိနယပိဋက

သံဂါယနာအဖေးအဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရေဝတာဘိပဏ္ဍိတဓဇသာသနဝံသမဟာဓမ္မရာဇဂုရုနော
အဘိဓဇမဟာရဋ္ဌဂုရုနော စံ သံဃနာယက မဟာထေရဿ

ညြကာသ ဒီနကထာ

(သံဃနာယက ဆရာတော်ဘုရားကြီး၏အခွင့်ပြုစကား)

သုဏာတု မေ ဘန္တေ သံဃော၊ မဟာတီ အယံ ပရိသာ၊ ဝေရူပါယ ပရိသာယ နု သုကရာ သဗ္ဗသော ကထံ သာဝေတုံ၊ တသ္မာ အာယသ္မတော စ ဇဝနတ္ထေရဿ ပခုက္ကာနဂရဝါသိနော အာယသ္မတော စ ဝိစိတ္တသာရာဘိ-ဝံသဿ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဿ ဝိနယပုစ္ဆနဘာရဉ္စ ဝိနယဝိဿဇ္ဇန ဘာရဉ္စ အာဝဟိတုံ ညြကာသံ ဒမ္မိ၊ ကရောထ တုမ္ဟေ အာဝုသော ဆဋ္ဌသံဂီတိ-ပုဗ္ဗင်္ဂမာနိ ဝိနယပုစ္ဆန ဝိနယဝိဿဇ္ဇန ကိစ္စာနိ ယထာဓမ္မံ ယထာဝိနယံ။

မြန်မာပြန်။ ။အရှင်ဘုရားတို့....သံဃာတော်သည် တပည့်တော်၏ စကား ကို နာယူစေချင်ပါသည်၊ ဤပရိသတ်ကြီးသည် များပြားလှပါ၏၊ဤသို့ များပြားလှ သော ပရိသတ်၌ စကားအပြည့်အစုံ အကုန်ကြားအောင် ပြောကြားခြင်းငှါ မလွယ် ကူပါ။ ထို့ကြောင့် ပခုက္ကူမြို့နေ အရှင်ဇဝန မထေရ်အားလုံး၊ တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက ဖြစ်သော အရှင်ဝိစိတ္တသာရာဘိဝံသအားလုံး ဝိနည်းကို မေး မြန်းရန် တာဝန်ကိုလုံး၊ ဝိနည်းကို ဖြေဆိုရန်တာဝန်ကိုလုံး ရွက်ဆောင်ကြရန် အခွင့်ပေးပါ၏၊ ငါ့ရှင်တို့....သင်တို့သည် ဆဋ္ဌသံဂါယနာ၏ ရှေ့ဆုံး ဖြစ်ကုန် သော ဝိနည်းကို မေးမြန်းခြင်း ဝိနည်းကိုဖြေဆိုခြင်း ကိစ္စတို့ကို ဓမ္မဝိနယ လာရှိ သောအတိုင်း ပြုလုပ်ကြကုန်လော....။

အဂ္ဂမဟာပဏ္ဍိတ ဘဒန္တဇဝန မဟာထေရေန ဌပိတာ

ပုစ္ဆက သမ္မုတိ ဥာတ္တိ

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ ဝိစိတ္တသာရာဘိဝံသံ တိပိဋကမရ ဓမ္မဘဏ္ဍာဂါရိကံ ဝိနယံ ပုစ္ဆေယျံ။

မြန်မာပြန်။ ။အရှင်ဘုရားတို့....သံဃာတော်သည် တပည့်တော်၏ စကားကို နာယူစေချင်ပါသည်၊ သံဃာတော်အား သင့်လျော်လျောက်ပတ်သော အခါ (အင်္ဂါနှင့် ပြည့်စုံခြင်း) ရှိသည့် ကံဖြစ်ပါမူ တပည့်တော်သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဖြစ်သော အရှင်ဝိစိတ္တသာရာဘိဝံသကို ဝိနည်းပိဋကဆိုင်ရာကို မေးမြန်း စိစစ်ပါမည်ဘုရား။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒန္တဝိစိတ္တသာရာဘိဝံသေန ဌပိတာ

ဝိဿဇ္ဇက သမ္မုတိ ဥာတ္တိ

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတာ ဇဝနတ္ထေရေန သံဃနာယကေန မဟာထေရဿ ပဋိနိဒိဿဝေန ဝိနယံ ပုစ္ဆေဿ ဝိဿဇ္ဇေယျံ။

မြန်မာပြန်။ ။အရှင်ဘုရားတို့....သံဃာတော်သည် တပည့်တော်၏ စကားကို နာယူစေချင်ပါသည်၊ သံဃာတော်အား သင့်လျော်လျောက်ပတ်သော အခါ (အင်္ဂါနှင့်ပြည့်စုံခြင်း) ရှိသည့် ကံဖြစ်ပါမူ တပည့်တော်သည် သံဃနာယက မဟာထေရ်၏ ကိုယ်စားဖြစ်တော်မူသော အရှင် ဇဝန မထေရ်သည် မေးမြန်းအပ်သည် ဖြစ်ပါ၍ ဝိနည်းပိဋကဆိုင်ရာကိုဖြေကြား လျှောက်ထားပါမည်ဘုရား။

ပဌမ ပါရာဇိက သိက္ခာပုဒ် အဓိပ္ပာယ်ဖွင့်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ပဌမံ ပါရာဇိကံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘဒ္ဒေ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော တရားအလုံးစုံကို မှန်ကန်စွာ ကိုယ်တိုင်သိမြင်တော်မူသော ထိုမြတ်စွာဘုရားသည် အကြင် ပဌမ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်ထားတော်မူခဲ့ပေ၏၊ ထိုပဌမပါရာဇိက သိက္ခာပုဒ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည် အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သုဒိန္နံ ဘဒ္ဒေ ကလန္ဒပုတ္တံ အာရဗ္ဘ ပညတ္တံ။

အမေး။ ။အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော် မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ကလန္ဒ သူဌေး၏သား အရှင်သုဒိန်ရဟန်းကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကိသ္မိံ အာဝုသော ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သုဒိန္နော ဘဒ္ဒေ ကလန္ဒပုတ္တော ပုရာဏဒုတိယိကာယ မေထုနံ ဓမ္မံ ပဋိသေဝိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အဘယ်အကြောင်းဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ပညတ်တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ကလန္ဒသူဌေး၏သား အရှင်သုဒိန် ရဟန်းသည် သူ၏ခင်ပွန်း ဟောင်း၌ မေထုန်မှုကို ကျူးလွန်ပါသည်၊ ထိုကျူးလွန်မှုဟူသော အကြောင်း ဝတ္ထုကြောင့် ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ အာဝုသော တတ္ထ ပညတ္တိ အနုပညတ္တိ အနုပ္ပန္နပညတ္တိ။

ဝိဿဇ္ဇနာ။ ။ကော ဘဒ္ဒေ ပညတ္တိ ဒေ့ အနုပညတ္တိယော၊ အနုပ္ပန္နပညတ္တိ တသ္မိံ နတ္ထိ။

အမေး။ ။ထို ပဌမ ပါရာဇိက သိက္ခာပုဒ်၌ ၁ ရှေးဦးစွာ ပညတ်ချက် မူလပညတ်၊ ၂ နောက်ထပ်ပညတ်ချက် အနုပညတ်၊ ၃ အမှုမပေါ်မီက ကြိုတင်ပညတ်ချက် အနုပ္ပန္နပညတ်၊ ဤသုံးမျိုးလုံး အစုံအလင်ရှိပါသလော ငါ့ရှင်။

အဖြေ။ ။ရှေးဦးပညတ်ချက် မူလပညတ်တခုနှင့် နောက်ထပ်ပညတ်ချက် အနုပညတ် နှစ်ခုရှိပါသည်၊ အမှုမပေါ်မီက ကြိုတင်ပညတ်သော အနုပ္ပန္နပညတ် သည်ကား ထိုသိက္ခာပုဒ်၌ မရှိပါ အရှင်ဘုရား။

ပုစ္ဆာ။ ။သဗ္ဗတ္ထပညတ္တိနုခေါ အာဝုသော ပဒေသပညတ္တိနုခေါ။

ဝိဿဇ္ဇနာ။ ။သဗ္ဗတ္ထပညတ္တိ ဘန္တေ။

အမေး။ အရပ်ဒေသတိုင်း၌ လိုက်နာရသည့် သဗ္ဗတ္ထပညတ်ပါလော၊ အရပ် တစိတ်တဒေသ၌သာ လိုက်နာရသည့် ပဒေသ ပညတ်ပါလော ငါ့ရှင်။

အဖြေ။ ။အရပ်ဒေသတိုင်း၌ လိုက်နာရသည့် သဗ္ဗတ္ထပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သာဓာရဏပညတ္တိနုခေါ အာဝုသော အသာဓာရဏပညတ္တိ-နုခေါ။

ဝိဿဇ္ဇနာ။ ။သာဓာရဏပညတ္တိ ဘန္တေ။

အမေး။ ။ရဟန်းမိန်းမတို့နှင့် သက်ဆိုင်သည့် သာဓာရဏ ပညတ်ပါလော မသက်ဆိုင်သည့် အသာဓာရဏ ပညတ်ပါလော ငါ့ရှင်။

အဖြေ။ ။ရဟန်းမိန်းမတို့နှင့်လည်း သက်ဆိုင်သော သာဓာရဏ ပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေတောပညတ္တိနုခေါ အာဝုသော ဥဘတောပညတ္တိနုခေါ။

ဝိဿဇ္ဇနာ။ ။ဥဘတောပညတ္တိ ဘန္တေ။

အမေး။ ။ရဟန်းယောကျ်ားတဖက်ထည်းအတွက်သာ ပညတ်ထားသော ကေတော ပညတ်ပါလော၊ ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ဖက်လုံးအတွက် ပညတ်ထားသော ဥဘတောပညတ်ပါလော ငါ့ရှင်။

အဖြေ။ ။ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်မျိုးလုံးအတွက် နှစ်ဖက်ရ ဥဘတောပညတ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ပဉ္စန္နံ အာဝုသော ပါတိမောက္ခုဒ္ဒေသာနံ ကတ္ထဉ္စဂဓံ ကတ္ထ ပရိယာပန္နံ။

ဝိဿဇ္ဇနာ။ ။နိဒါနောဂဓံ ဘန္တေ နိဒါနပရိယာပန္နံ။

အမေး။ ။ထို ပဌမ ပါရာဇိက သိက္ခာပုဒ်သည် ငါးပါးသော ပါတိ မောက္ခုဒ္ဒေသတို့တွင် အဘယ်ဥဒ္ဒေသ၌ သက်၍ အဘယ်ဥဒ္ဒေသ၌ အကျုံးဝင်ပါသနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း၌သက်၍ နိဒါန်း၌ အကျုံးဝင်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမေန အာဝုသော ဥဒ္ဒေသေန ဥဒ္ဒေသံ အာဂစ္ဆတိ။

ဝိဿဇ္ဇနာ။ ။ဒုတိယေန ဘန္တေ ဥဒ္ဒေသေန ဥဒ္ဒေသံ အာဂစ္ဆတိ။

အမေး။ ။ထို ပဌမ ပါရာဇိက သိက္ခာပုဒ်သည် အဘယ်ဥဒ္ဒေသဖြင့် အကျဉ်း ပြဆိုခြင်းသို့ ရောက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။နှစ်ခုမြောက်ဖြစ်သော ပါရာဇိကုဒ္ဒေသဖြင့် အကျဉ်း ပြဆိုခြင်းသို့ ရောက်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စတုန္နံ အာဝုသော ဝိပတ္တီနံ ကတမာ ဝိပတ္တိ။

ဝိဿဇ္ဇနာ။ ။သီလဝိပတ္တိ ဘန္တေ။

အမေး။ ။သီလပျက်ခြင်း အကျင့်ပျက်ခြင်း အယူပျက်ခြင်း အသက်မွေးမှု ပျက်ခြင်းဟူသော ပျက်ခြင်းလေးမျိုးတို့တွင် အဘယ်ပျက်ခြင်းပါနည်း ငါ့ရှင်။

အဖြေ။ ။သီလပျက်ခြင်း ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော ဝိပတ္တိ။

ဝိဿဇ္ဇနာ။ ။အသံဝရော ဘန္တေ ဝိပတ္တိ။

အမေး။ ။ထို ပဌမ ပါရာဇိက သိက္ခာပုဒ်၌ ပျက်စီးခြင်းကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ ပါရာဇိက သိက္ခာပုဒ်၌ ပျက်စီးခြင်း ဟူသည်မှာ မစောင့် စည်းခြင်းပင် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော သမ္ပတ္တိ။

ဝိဿဇ္ဇနာ။ ။သံဝရော ဘန္တေ သမ္ပတ္တိ။

အမေး။ ။ထို ပဌမ ပါရာဇိက သိက္ခာပုဒ်၌ ပြည့်စုံခြင်းကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထိုပဌမပါရာဇိက သိက္ခာပုဒ်၌ ပြည့်စုံခြင်းဟူသည်မှာ စောင့်စည်းခြင်းပင် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော ပဋိပတ္တိ။

ဝိဿဇ္ဇနာ။ ။န ဧဝရူပံ ကရိဿာမိတိ ယာဝဇီဝံ အာပါဏကောဋိကံ သမာဒါယ သိက္ခတိ သိက္ခာပဒေသု၊ အယံ ဘန္တေ ပဋိပတ္တိ။

အမေး။ ။ထိုပဌမပါရာဇိက သိက္ခာပုဒ်၌ အကျင့်ပဋိပတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထိုပဌမပါရာဇိက သိက္ခာပုဒ်၌ "ဤလို လွန်ကျူးမှုကို မပြုတော့အံ့" ဟု အသက်ရှိနေသမျှ "အသက်ထက်ဆုံး" ဆောက်တည်၍ သိက္ခာပုဒ်တို့၌ ကျင့်မှုသည်ပင် အကျင့် ပဋိပတ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတိ အာဝုသော အတ္ထဝသေ ပဋိစ္စ ဘဂဝတာ ပဌမံ ပါရာဇိကံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဒသ ဘန္တေ အတ္ထဝသေ ပဋိစ္စ ဘဂဝတာ ပဌမံ ပါရာဇိကံ ပညတ္တံ၊ ၁ သံဃသုဋ္ဌုတာယ၊ ၂ သံဃဖာသုတာယ၊ ၃ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ၊ ၄ ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ၊ ၅ ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ၊ ၆ သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ၊ ၇ အပ္ပသန္နာနံ ပသာဒါယ၊ ၈ ပသန္နာနံ ဘိယ္ယော-ဘာဝါယ၊ ၉ သဒ္ဓမ္မဋ္ဌိတိယာ၊ ၁၀ ဝိနယာနုဂ္ဂဟာယ။

အမေး။ ။အဘယ်မျှသော အကျိုးထူးတို့ကို ရည်ရွယ်မြော်လင့်၍ ဤပဌမပါရာဇိက သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။၁ "ကောင်းပါပေစွ" ဟု ချီးကျူး၍ သံဃာက လက်ခံခြင်း အကျိုးတပါး၊ ၂ သံဃာ၏ ချမ်းသာစွာနေရခြင်း အကျိုးတပါး၊ ၃ သီလပျက်သော်လည်း ရှက်ရမ့နှမ်းမသိတတ် မျက်နှာပြောင် တိုက်တတ်သော အလဇ္ဇီရဟန်းတို့ကို နှိပ်ကွပ်နိုင်ခြင်း အကျိုးတပါး၊ ၄ သီလကို ချစ်ခင်သည့် လဇ္ဇီရဟန်းတို့၏ ချမ်းသာစွာနေရခြင်း အကျိုးတပါး၊ ၅ မျက်မှောက် ဘေးရန်တို့ကို ပိတ်ဆို့ကာကွယ်နိုင်ခြင်း အကျိုးတပါး၊ ၆ တမလွန် ဘေးရန်တို့ကို ပယ်ဖျောက်နိုင်ခြင်း အကျိုးတပါး၊ ၇ မကြည်ညိုသေးသော သူတို့ကို ကြည်ညိုလာစေနိုင်ခြင်း အကျိုးတပါး၊ ၈ ကြည်ညိုပြီးသော သူတို့ကို အတိုင်းထက်အလွန် ပိုမို၍ ကြည်ညိုစေနိုင်ခြင်း အကျိုးတပါး၊ ၉ သာသနာတော် အရှည်တည်တံ့ခြင်း အကျိုးတပါး၊ ၁၀ ဝိနည်းတရားတော်ကို ချီးမြှောက်ခြင်း အကျိုးတပါး ဤဆယ်ပါးသော အကျိုး

ထူးတို့ကို ရည်ရွယ်မြော်လင့်၍ ပဌမပါရာဇိက သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခန္တိ။

ဝိဿဇ္ဇနာ။ ။သေက္ခာစ ဘန္တေ ပုထုဇ္ဇနကလျာဏကာစ သိက္ခန္တိ။

အမေး။ ။အဘယ် ပုဂ္ဂိုလ်တို့သည် ကျင့်ဆဲပုဂ္ဂိုလ်တို့ ဖြစ်ကြပါသနည်း ငါ့ရှင်။

အဖြေ။ ။သေက္ခ ပုဂ္ဂိုလ် ၇ ယောက်တို့နှင့် ကလျာဏပုထုဇ္ဇန် ပုဂ္ဂိုလ်တို့သည် ကျင့်ဆဲပုဂ္ဂိုလ်တို့ ဖြစ်ကြပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခိတသိက္ခာ။

ဝိဿဇ္ဇနာ။ ။အရဟန္တော ဘန္တေ သိက္ခိတသိက္ခာ။

အမေး။ ။အဘယ်ပုဂ္ဂိုလ်တို့သည် ကျင့်ပြီး ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသနည်း ငါ့ရှင်။

အဖြေ။ ။ရဟန္တာ အရှင်မြတ်တို့သည် ကျင့်ပြီး ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတ္ထ အာဝုသော ဌိတံ။

ဝိဿဇ္ဇနာ။ ။သိက္ခာကာမေသု ဘန္တေ ဌိတံ။

အမေး။ ။ပဌမပါရာဇိက သိက္ခာပုဒ်တော်လာ အကျင့်သိက္ခာသည် အဘယ် ပုဂ္ဂိုလ်တို့ သန္တာန်၌ တည်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ပဌမပါရာဇိက သိက္ခာပုဒ်တော်လာ အကျင့်သိက္ခာသည် သိက္ခာသုံးပါးကို လိုလားသော လဒ္ဓီပုဂ္ဂိုလ်တို့ သန္တာန်၌ တည်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော ဓာရေန္တိ။

ဝိဿဇ္ဇနာ။ ။ယေသံ ဘန္တေ ဝတ္တတိ တေ ဓာရေန္တိ။

အမေး။ ။ဤပဌမပါရာဇိက သိက္ခာပုဒ်ကို အဘယ်ပုဂ္ဂိုလ်တို့သည် ဆောင်ထား ပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ဤပဌမပါရာဇိက သိက္ခာပုဒ်ကို နှုတ်တက်လေ့လာသော ပုဂ္ဂိုလ်တို့သည် ဆောင်ထားပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ဤ ပဌမ ပါရာဇိက သိက္ခာပုဒ်သည် အဘယ်သူ၏ စကားပါနည်း ငါ့ရှင်။

အဖြေ။ ။ပူဇော်အထူးကို ခံတော်မူထိုက်သော တရားအလုံးစုံကို မှန်ကန် စွာ ကိုယ်တိုင် သိမြင်တော်မူသော မြတ်စွာဘုရား၏ စကားတော် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခယ ဘန္တေ အာဘတံ။

အမေး။ ။ဤ ပဌမ ပါရာဇိက သိက္ခာပုဒ်ကို အဘယ်သူ ဆောင်လာခဲ့ပါ သနည်း ငါ့ရှင်။

အဖြေ။ ။ပဌမ သံဂါယနာတင်ရာကာလ အရှင်ဥပါလိ အရှင်ဒါသက တို့မှ စ၍ ယခု ဆဋ္ဌသံဂါယနာတင်ရာကာလ သံဂီတိကာရက မထေရ်များတိုင်အောင် ထေရဝါဒီ အပြည်ပြည်ဆိုင်ရာ သာသနာဝင် ဆရာစဉ် အဆက်ဆက်သည် မပျောက် ပျက်ရအောင် စောင့် ဆောင်လာခဲ့ပါသည် အရှင်ဘုရား။

သံဂါယနတ္ထာယ သံဃသ ဉာပနံ

သုဏာတု မေ ဘန္တေ သံဃော အဟံ ဘန္တေ အာယသ္မန္တံ ဝိစိတ္တာသာရာဘိ-ဝံသံ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကံ ပဌမဿ ပါရာဇိကဿ နိဒါနမ္ပိ ပုစ္ဆိ ံ၊ ပဂ္ဂလမ္ပိ ပုစ္ဆိ ံ၊ ဝတ္ထုမ္ပိ ပုစ္ဆိ ံ၊ ပညတ္တိ အနုပညတ္တိ အာဒီနိပိ ပုစ္ဆိ ံ၊ ပုဋ္ဌော ပုဋ္ဌောစ သော အာယသ္မာဝိစိတ္တာသာရာဘိဝံသော ဝိဿဇ္ဇေသိ၊ ဣတိဟိဒံ ဘန္တေ ပဌမံ ပါရာဇိက သိက္ခာပဒံ နိမ္မလံ သုပရိသုဒ္ဓံ တသ္သေဝ ဘဂဝတော ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ တသ္မာ ယထာပုရေ မဟာကဿပါ-ဒယော မဟာထေရဝရာ ပေါရာဏသံဂီတိကာရာ ဗြဟ္မစရိယ သဒ်္ဓါတာသ ဗုဒ္ဓ-သာသနဿ စိရဋ္ဌိတိယာ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနု-ကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဓမ္မဝိနယံ သင်္ဂါယိ ံ-သုစေဝ အနုသင်္ဂါယိ ံသုစ၊ ဧဝမေဝ မယမ္ပိ ဒါနိ သဗ္ဗေဝ ဆဋ္ဌသံဂီတိ-မဟာဓမ္မသဘာဝရိယာဝန္နာ ဣဒံ ပဌမ ပါရာဇိက သိက္ခာပဒံ ကေတော-သဗ္ဗာယနဝသေန သံဂါယေယျာမ။

အရှင်မြတ်တို့ဘုရား....သံဃာတော်သည် ဘုရားတပည့်တော်၏ စကားကို နားဆင်တော် မူစေလိုပါသည်၊ ဘုရားတပည့်တော်သည် တိပိဋကဓရ ဓမ္မဘဏ္ဍာ

ဂါရိက အရှင် ဝိစိတ္တာသာရာဘိဝံသကို ပဌမပါရာဇိက သိက္ခာပုဒ်၏ နိဒါန်းကိုလည်း မေးခဲ့ပါပြီ၊ အမှုသည်ပုဂ္ဂိုလ်ကိုလည်း မေးခဲ့ပါပြီ၊ လှုန်ကျူးသော အမှုဝတ္ထုကိုလည်း မေးခဲ့ပါပြီ၊ မူလပညတ် အနုပညတ် စသည်တို့ကိုလည်း မေးခဲ့ပါပြီ၊ မေးတိုင်း မေးတိုင်းလည်း ထို အရှင်ဝိစိတ္တာသာရာဘိဝံသက ဖြေကြားခဲ့ပါပြီ၊ သို့ဖြစ်ပါ၍ ဤ ပဌမ ပါရာဇိက သိက္ခာပုဒ်သည် အညစ်အကြေးကင်းလျက် ကောင်းစွာ သန့်ရှင်း စင်ကြယ်နေပါပြီ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော တရားအလုံးစုံကို မှန်ကန်စွာ ကိုယ်တိုင် သိမြင်တော်မူသော ထို မြတ်စွာဘုရား၏ စကားတော် စင်စစ် အမှန်ပင် ဖြစ်ပါသည် အရှင်ဘုရားတို့။

သို့ဖြစ်ပါ၍ ရှေးအခါကာလက အရှင်မဟာကဿပ အစရှိသော ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် ဗြဟ္မစရိယဟု ခေါ်သော ဗုဒ္ဓသာသနာတော် အရှည်တည်တံ့၍ များစွာသော လူအပေါင်း၏ စီးပွါးချမ်းသာ ဖြစ်ထွန်းစေရန် အလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူအပေါင်းတို့၏ အကျိုးစီးပွါး ချမ်းသာ ဖြစ်ထွန်း စေရန်အလို့ငှါ မြတ်စွာဘုရား၏ တရားတော် ဝိနည်းတော်ကို ပဌမစ၍ သံဂါယနာ တင်ကြသကဲ့သို့ရင်း၊ ဒုတိယ တတိယ စတုတ္ထ ပဉ္စမ တိုင်အောင် အကြိမ်ကြိမ် ထပ်ဆင့်၍ သံဂါယနာ တင်ကြသကဲ့သို့ရင်း၊ ထိုနည်းတူပင် ယခုအခါ ၌လည်း ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ပါဝင်ကြသော အားလုံးသော ဘုရားတပည့်တော်တို့သည် ဤ ပဌမ ပါရာဇိက သိက္ခာပုဒ်တော်ကို တပေါင်းတည်း ရွတ်ဆိုကာ သံဂါယနာတင်ကြပါစို့ အရှင်ဘုရားတို့။

ပဌမ ပါရာဇိက သိက္ခာပုဒ် အမေးအဖြေ ပြီး၏။

ရေဝတာဘိ ပဏ္ဍိတဓေ သာသနဝံသ မဟာဓမ္မရာဇဂုရုနော
အဘိဓေမဟာရဋ္ဌဂုရုနောစ သံဃနာယက မဟာထေရဿ

ဩကာသ ဒါနကထာ

သံဃနာယက ဆရာတော်ဘုရားကြီး၏ အခွင့်ပြုစကား

သုဏာတု မေ ဘန္တေ သံဃော၊ မဟာတိ အယံ ပရိသာ၊ ဇေဋ္ဌပါယ ပရိသာယ
နု သုကရာ သဗ္ဗသော ကဆံ သာဝေတုံ၊တသ္မာ အာယသ္မတောစ သောဘနဿ
သာသနရိပ်သာရာမာဓိဝါသိနော အာယသ္မတောစ ဝိစိတ္တာသာရာဘိဝံသဿ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဿ ဝိနယပုစ္ဆနဘာရဉ္စ ဝိနယဝိဿဇ္ဇနဘာရဉ္စ
အာဝဟိတုံ ဩကာသံ ဒမ္မိ၊ ကရောထ တုမ္ဖေ အာဝုသော ဆဋ္ဌသံဂီတိ-
ပုဗ္ဗင်္ဂမာနိ ဝိနယပုစ္ဆန ဝိနယဝိဿဇ္ဇန ကိစ္စာနိ ယထာဓမ္မံ ယထာဝိနယံ။

မြန်မာပြန်။ ။အရှင်ဘုရားတို့....သံဃာတော်သည် တပည့်တော်၏ စကား
ကို နာယူစေချင်ပါသည်၊ ဤပရိသတ်ကြီးသည် များပြားလှပါ၏၊ ဤသို့ များပြား
လှသော ပရိသတ်၌ စကားအပြည့်အစုံ အကုန်ကြွားအောင် ပြောကြွားခြင်းငှါ
မလွယ်ကူပါ၊ ထို့ကြောင့် သာသနရိပ်သာ မဟာစည်ဆရာတော် အရှင်သောဘန
မထေရ်အားလုံး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဖြစ်သော အရှင်ဝိစိတ္တာသာရာဘိ
ဝံသအားလုံး၊ ဝိနည်းကို မေးမြန်းရန် တာဝန်ကိုလုံး၊ ဝိနည်းကို ဖြေဆိုရန် တာဝန်
လုံး၊ ရွက်ဆောင်ကြရန် အခွင့်ပေးပါ၏၊ ငါ့ရှင်တို့....သင်တို့သည် ဆဋ္ဌသံဂါယနာ၏
ရှေသွားဖြစ်ကုန်သော ဝိနည်းကို မေးမြန်းခြင်း ဝိနည်းကို ဖြေဆိုခြင်း ကိစ္စတို့ကို
ဓမ္မဝိနယ လာရှိသောအတိုင်း ပြုလုပ်ကြကုန်လော....။

အဂ္ဂမဟာပဏ္ဍိတ ဘဒန္တ သောဘနတ္ထေရေန ဌပိတာ
ပုစ္ဆက သမ္မုတိ ဥဘတ္တိ

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ
ဝိစိတ္တာသာရာဘိဝံသံ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကံ ဝိနယံ ပုစ္ဆေယ္ယံ။

မြန်မာပြန်။ ။အရှင်ဘုရားတို့....သံဃာတော်သည် တပည့်တော်၏ စကား
ကို နာယူစေချင်ပါသည်၊ သံဃာတော်အား သင့်လျော် လျောက်ပတ်သောအခါ
(အင်္ဂါနှင့် ပြည့်စုံခြင်း) ရှိသည့် ကံဖြစ်ပါမူ တပည့်တော်သည် တိပိဋကဓရ ဓမ္မ
ဘဏ္ဍာဂါရိက ဖြစ်သော အရှင်ဝိစိတ္တာသာရာဘိဝံသကို ဝိနည်းပိဋကဆိုင်ရာကို
မေးမြန်း စီစစ်ပါမည်ဘုရား။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒန္တဝိစိတ္တသာရာဘိဝံသေန ဌပိတာ
ဝိဿဇ္ဇက သမ္မုတိ ဥဒါတ္တိ

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိသံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတော သောဘနတ္ထေရဿ သံဃနာယက မဟာထေရဿ ပဋိနိဒ်-ဘူတေန ဝနယ ပုဋ္ဌော ဝိဿဇ္ဇေယျ။

မြန်မာပြန်။ ။အရှင်ဘုရားတို့....သံဃာတော်သည် တပည့်တော်၏ စကားကို နာယူစေချင်ပါသည်၊ သံဃာတော်အား သင့်လျော် လျောက်ပတ်သော အခါ (အင်္ဂါနှင့်ပြည့်စုံခြင်း)ရှိသည့် ကံဖြစ်ပါမူ တပည့်တော်သည် သံဃနာယက မဟာထေရ်၏ကိုယ်စား ဖြစ်တော်မူသော အရှင်သောဘန မထေရ်သည် မေးမြန်းအပ်သည် ဖြစ်ပါ၍ ဝိနည်းပိဋကဆိုင်ရာကို ဖြေကြား လျောက်ထားပါမည်ဘုရား။

မှတ်ချက်။ ။နောက်နောက်သော အမေးအဖြေတို့၌ ဥဒါတ်ထားပုံတို့ကို ဖော်၍မပြတော့ပါ။

ဒုတိယ ပါရာဇိက သိက္ခာပုဒ် အဓိပ္ပေးအဖြေ

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒုတိယံ ပါရာဇိကံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျဉ် တရားငါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ထိုမြတ်စွာဘုရားသည် အကြင် ဒုတိယပါရာဇိက သိက္ခာပုဒ်ကို ပညတ်ထားတော်မူခဲ့ပေ၏။ ထိုဒုတိယပါရာဇိက သိက္ခာပုဒ်ကို ဘယ်မြို့ဒေသ ဘယ်ဌာနဌ် သဗ္ဗညုဘုရားရှင်သည် ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည် အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။က အာဝုသော အာရဗ္ဘ ပညတ္တာ။

ဝိဿဇ္ဇနာ။ ။ဓနိယံ ဘဒန္တေ ကုမ္ဘကာရပုတ္တံ အာရဗ္ဘ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အိုးထိန်းသည်၏ သားဖြစ်သော ဓနိယရဟန်းကို အကြောင်းပြု၍ ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကိသ္မိံ အာဝုသော ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဓနိယော ဘဒန္တေ ကုမ္ဘကာရပုတ္တော ရညော ဒါရူနိ အဒိန္နံ အာဒိယိ၊ တသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်အကြောင်းဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အိုးထိန်းသည်၏ သားဖြစ်သော ဓနိယရဟန်းသည် ဗိမ္ဗိသာရမင်း၏ သစ်တော်တို့ကို ကိုယ်နှုတ်နှစ်ပါးဖြင့် မပေးအပ်ပါဘဲ ခိုးယူခဲ့လေပြီ၊ ထိုသို့ ဓနိယရဟန်း၏ မင်းဘဏ္ဍာသစ်တော်တို့ကို ခိုးယူမှုဟူသော လွန်ကျူးမှု အကြောင်းဝတ္ထုကြောင့် ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ အာဝုသော တတ္ထ ပညတ္တိ အနုပညတ္တိ အနုပ္ပန္နပညတ္တိ။ ဝိဿဇ္ဇနာ။ ။ကော ဘန္တေ ပညတ္တိ ကော အနုပညတ္တိ အနုပ္ပန္နပညတ္တိ တသ္မိံ နတ္ထိ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌၊ ၁ ရှေးဦးစွာပညတ်ချက် မူလပညတ်၊ ၂ နောက်ထပ်ဆင့်၍ ပညတ်ချက် အနုပညတ်၊ ၃ အကြောင်း ဝတ္ထုအမှုမပေါ်မီက ကြိုတင်၍ ပညတ်ချက် အနုပ္ပန္နပညတ်၊ ဟူသော ပညတ်ချက် သုံးမျိုးလုံးဖင် အစုံအလင်ရှိပါသလော ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ၁ ရှေးဦးစွာ ပညတ်အပ်သော မူလပညတ်တပါး၊ ၂ နောက်ထပ်တဖန် ပညတ်တော်မူအပ်သော အနုပညတ်တပါး၊ ဤနှစ်မျိုးသာ ရှိပါသည်၊ အကြောင်းဝတ္ထု အမှုမပေါ်ခင် ကြိုတင် ပညတ်ချက်တည်းဟူသော အနုပ္ပန္နပညတ်သည်ကား ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ မရှိပါအရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော တတ္ထ မူလပညတ္တိ။

ဝိဿဇ္ဇနာ။ ။ယော ပန ဘိက္ခု အဒိန္နံ ထေယ္မသင်္ခါတံ အာဒိယေယ္ယ၊ ယထာရူပေ အဒိန္နာဒါနေ ရာဇာနော စောရံ ဂဟေတ္ဝာ ဟနေ-ယ္ယုံဝါ ဗန္ဓေယ္ယုံဝါ ပဗ္ဗာဇေယ္ယုံဝါ စောရောသိ ဗာလောသိ မူဠ္ဎောသိ ထေနော့သိတိ တထာရူပံ ဘိက္ခု အဒိန္နံ အာဒိယမာနော အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသောတိ အယံ ဘန္တေ တတ္ထ မူလပညတ္တိ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ရှေးဦးစွာ ပညတ်သော မူလပညတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ "ယော ပန ဘိက္ခု အဒိန္နံ ထေယ္မသင်္ခါတံ အာဒိယေယ္ယ" အစရှိသောပါဠိတော်ဖြင့် ပြအပ်သော၊ "အကြင် ရဟန်းသည် အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူဌေးပါးဥစ္စာကို ခိုးယူငြားအံ့၊ အကြင်သို့ သဘောရှိသော (တပါဒ) တမတ်, တမတ်ထက် အလွန်ထိုက်သော ပစ္စည်းဝတ္ထု တခုခုကို ခိုးယူသော အကြောင်းကြောင့် မင်းတို့သည် ခိုးသူကို ဖမ်းယူပြီးလျှင် သတ်မူလည်း သတ်လေကုန်ရာ၏၊ နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့ လေကုန်ရာ၏၊ တိုင်းပြည်မှနှင်ထုတ်မူလည်း နှင်ထုတ်လေကုန်ရာ၏၊ ခိုးသူတည်း မိုက်သောသူတည်း တွေဝေသောသူတည်း ဝှက်တတ်သောသူတည်း ဟု ရေရွတ်သော်မူလည်း ရေရွတ် လေကုန်ရာ၏၊ ထိုသို့ သဘောရှိသော (ငါးပါး) ထမတ် ထို (ငါးပါး) ထမတ်ထက် ပိုလွန်သော ဥစ္စာကို ခိုးယူသော ဤရဟန်း

သည်လည်း (ပါရာဇိက) သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်သည်” ဟု အရပ်ဒေသ မြို့ရွာဌာန တောတောင်ဌာန ဟူ၍အပိုင်းအခြားဖြင့် မပြဘဲ ပညတ်အပ်သော ပညတ်ချက်သည် ရှေးဦးစွာ ပညတ်အပ်သော မူလပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော တတ္ထ အနုပညတ္တိ။

ဝိဿဇ္ဇနာ။ ။ဂါမာဝါ အရညာဝါတိ အယံ ဘန္တေ တတ္ထ အနုပညတ္တိ။

အမေး။ ။ထိုဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ နောက်ထပ်ဆင့်၍ ပညတ်အပ်သော အနုပညတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ထိုဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ ခဝါဆိပ်သို့ သွားရောက်ကြ၍ ခဝါသည်တို့၏ အထုပ်ကို ခိုးယူသော ဝတ္ထုဝယ် ရဟန်းတော်တို့က ဘုရားရှင်သည် သိက္ခာပုဒ်တော်ကို ပညတ်၍ ထားအပ်သည် မဟုတ်ပါလော ဟု ပြောဆိုကြသောအခါ မြတ်စွာဘုရားသည် သိက္ခာပုဒ် ပညတ် ထားအပ်သည်ကား မှန်ပါ၏။ သို့ရာတွင် ထိုပညတ်ချက်ကား မြို့ရွာအတွက်သာ ဖြစ်ပါသည်ဟု အမြွက်ထောင်သော ဝတ္ထုဝယ် တဖန်ထပ်၍ “ဂါမာဝါ အရညာဝါ” ဟု “မြို့ရွာမှ ဖြစ်စေ တောမှဖြစ်စေ တမတ် တမတ်ထက် ပိုလွန်သော ဥစ္စာကို ခိုးယူပါက ပါရာဇိက ကျစေ” ဟု ပညတ်တော်မူခဲ့သည့် ပညတ်ချက်သည် တဖန်ထပ်၍ ပညတ်အပ်သော အနုပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော တတ္ထ ပရိပုဏ္ဏပညတ္တိ။

ဝိဿဇ္ဇနာ။ ။ယော ပန ဘိက္ခု ဂါမာဝါ အရညာဝါ အဒိန္နံ ထေယ္ယသင်္ခါတံ အာဒိယေယျ၊ ယထာရူပေ အဒိန္နာဒါနေ ရာဇာနော စောရံ ဂဟေတ္ဝာ ဟနေယျုံဝါ ဗန္ဓေယျုံဝါ ပဗ္ဗာဇေယျုံဝါ စောရောသိ ဗာလောသိ မူဠှောသိ ထေနောသီတိ တထာရူပံ ဘိက္ခု အဒိန္နံ အာဒိယမာနော အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသောတိ အယံ ဘန္တေ တတ္ထ ပရိပုဏ္ဏပညတ္တိ။

အမေး။ ။ထိုဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ဖြည့်စွက်ရန်သော်၎င်း၊ ပယ်ဖျက်ရန်သော်၎င်း၊ အချင်းခပ်သိမ်း မရှိအောင် အပြည့်အစုံ ပညတ်ထားသော ပရိပုဏ္ဏပညတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ “အကြင်ရဟန်းသည် ရွာမှသော်၎င်း တောမှသော်၎င်း အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါး ဥစ္စာကိုခိုးလို ယူလိုသော စိတ်အစဉ်ဖြင့် ခိုးယူငြားအံ့” အကြင်သို့ သဘောရှိသော ငါးပဲ(တပါဒ)ငါးပဲတပါဒ ထိုက်သော ဥစ္စာ ထိုတပါဒထက် အပိုအလွန် ထိုက်သော

ဥစ္စာကို ခိုးယူသည်ရှိသော် မင်းတို့သည် ခိုးသူကို ဖမ်းယူပြီးလျှင် သတ်မူလည်း သတ်လေကုန်ရာ၏၊ နှောင်ဖွဲ့မူလည် နှောင်ဖွဲ့ လေကုန်ရာ၏၊ မြို့ရွာ တိုင်းပြည်မှ နှင်ထုတ်မူလည်း နှင်ထုတ်လေကုန်ရာ၏၊ "ခိုးသူတည်း မိုက်သောသူတည်း တွေဝေသော သူတည်း ဝှက်တတ်သူတည်း ဟု ရေရွတ်မူလည်း ရေရွတ်လေကုန်ရာ၏၊ ထို့သို့ သဘောရှိသော (တမတ်) ငါးပဲ ထိုက်သော ဥစ္စာ၊ (တမတ်) ငါးပဲထက် ပိုလွန်သော ဥစ္စာကို ခိုးယူသော ဤရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ရောက်သည်" ဟူ၍ ဤဆိုအပ်ခဲ့ပြီးသော စကားသည် တဖန်ထပ်လျှောက် ဖြည့်စွက်ရန်လည်း မရှိ၊ ပယ်နှုတ်ရန်လည်း မရှိ၊ အပြည့်အစုံ ပညတ်အပ်သော ပရိပုဏ္ဏ ပညတ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သဗ္ဗတ္ထပညတ္တိ နုခေါ အာဝုသော ပဒေသပညတ္တိနုခေါ။

ဝိဿဇ္ဇနာ။ ။သဗ္ဗတ္ထပညတ္တိ ဘန္တေ။

အမေး။ ။ထို့ဒုတိယပါရာဇိက သိက္ခာပုဒ်သည် အရပ်ဒေသတိုင်း၌ လိုက်နာကျင့်သုံးရသည့် သဗ္ဗတ္ထပညတ် ဖြစ်ပါသလော၊ သို့တည်းမဟုတ် အရပ်ဒေသ တစိတ်တဒေသ၌သာ လိုက်နာ ကျင့်သုံးရသည့် ပဒေသ ပညတ်ဖြစ်ပါသလော ငါ့ရှင်။

အဖြေ။ ။ထို့ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် ပစ္စန္တိမ, မဇ္ဈိမတည်းဟူသော အရပ်ဒေသ အလုံးစုံတို့၌ လိုက်နာရသည့် သဗ္ဗတ္ထ ပညတ် ဖြစ်ပါသည်အရှင်ဘုရား။

ပုစ္ဆာ။ ။သာဓာရဏပညတ္တိနုခေါ အာဝုသော အသာဓာရဏပညတ္တိနုခေါ။

ဝိဿဇ္ဇနာ။ ။သာဓာရဏပညတ္တိ ဘန္တေ။

အမေး။ ။ထို့ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် ရဟန်း မိန်းမတို့နှင့်လည်း သက်ဆိုင်သော သာဓာရဏ ပညတ်ဖြစ်ပါသလော။ သို့တည်းမဟုတ် ရဟန်း မိန်းမတို့နှင့် မသက်ဆိုင်သော အသာဓာရဏပညတ် ဖြစ်ပါသလော ငါ့ရှင်။

အဖြေ။ ။ထို့ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် ရဟန်း မိန်းမတို့နှင့်လည်း သက်ဆိုင်သည့် သာဓာရဏ ပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေတောပညတ္တိနုခေါ အာဝုသော ဥဘတောပညတ္တိနုခေါ။

ဝိဿဇ္ဇနာ။ ။ဥဘတောပညတ္တိ ဘန္တေ။

အမေး။ ။ထို့ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် ရဟန်းယောကျ်ား တဖက်တည်း အတွက်သာ ပညတ်သော ဧကတော ပညတ် ဖြစ်ပါသလော၊ သို့တည်းမဟုတ် ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ဖက်စလုံးအတွက် ပညတ်သော ဥဘတောပညတ် ဖြစ်ပါသလော ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ဖက်စလုံးအတွက် ပညတ်အပ်သော ဥဘတောပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တသ္မိံ အာဝုသော ဒုတိယ ပါရာဇိကေ အဒိန္နံ အာဒိယန္တော ကတိ အာပတ္တိယော အာပဇ္ဇတိ ဝဘဇ္ဇတ္ဝာ ဝဿဇ္ဇေဟ။

ဝိဿဇ္ဇနာ။ ။အဒိန္နံ ဘန္တေ အာဒိယန္တော တိသော အာပတ္တိယော အာပဇ္ဇတိ၊ ပဥ္စ မာသကံဝါ အတိရေက ပဥ္စ မာသကံဝါ အဋ္ဌနကံ အဒိန္နံ ထေယျသင်္ခါတံ အာဒိယတိ အာပတ္တိ ပါရာဇိကဿ၊ ဥနပဥ္စ မာသကံဝါ အတိရေကမာသကံဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိ-ယတိ အာပတ္တိ ထုလ္လစ္စယဿ၊ မာသကံဝါ ဥနမာသကံဝါ အဋ္ဌနကံ အဒိန္နံ ထေယျသင်္ခါတံ အာဒိယတိ အာပတ္တိ ဒုက္ကဋဿ၊ အဒိန္နံ ဘန္တေ အာဒိယန္တော ဣမာ တိသော အာပတ္တိယော အာပဇ္ဇတိ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ဆိုင်ရာ၌ အရှင်မပေးသည့် သူတပါး ဥစ္စာကို ခိုးယူသော ရဟန်းသည် အဘယ်မျှသော အာပတ်တို့သို့ ရောက်ပါသနည်းဘုရှင် ခွဲခြားရှင်းပြပါလော့။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ် ဆိုင်ရာ၌ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူသော ရဟန်းသည် သုံးပါးသော အာပတ်တို့သို့ ရောက်နိုင်ပါသည်၊ ရောက်နိုင်ပုံမှာ ငါးပဲ (နှစ်ဆဲငါးပြား) တမတ်သော ဥစ္စာ ထိုတမတ်ထိုက်သော ဥစ္စာတို့ကို ဖြစ်စေ၊ ထိုတမတ်ထက် ပိုလွန်သော ဥစ္စာကိုဖြစ်စေ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးဘဲ ခိုးယူသည်ရှိသော် ပါရာဇိက အာပတ် သင့်နိုင်ပါသည်။

ငါးပဲ တမတ် (၂၅ ပြား) အောက် ငါးပြား (တပဲ)ထက် အလွန်ထိုက်သော ဥစ္စာကို အရှင်သည် (ကိုယ်နှုတ်ဖြင့်) မပေးဘဲခိုးယူသော ရဟန်းအား ထုလ္လစ္စည်း အာပတ် သင့်ပါသည်။

တပဲ (ငါးပြား) တပဲ (ငါးပြား) ထိုက်သော ဥစ္စာ၊ ထို တပဲ (ငါးပြား) အောက် ယုတ်သောဥစ္စာ၊ ထိုတပဲ (ငါးပြား) အောက် အယုတ်ထိုက်သော ဥစ္စာတို့ကို ခိုးယူသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူသော ရဟန်းသည်၊ ဤဆိုအပ်သော သုံးပါးသော ပါရာဇိကအာပတ် ထုလ္လစ္စည်းအာပတ် ဒုက္ကဋ်အာပတ်တို့သို့ ရောက်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေသံ အာဝုသော အနာပတ္တိ။

ဝိဿဇ္ဇနာ။ ။ဒသန္နံ ဘန္တေ ပုဂ္ဂလာနံ အနာပတ္တိ၊ သကသညိဿ၊ ဝိဿာသဂ္ဂါဟေန ဂဏ္ဌန္တဿ၊ တာဝကာလိကံ ဂဏ္ဌန္တဿ၊ ပေတပရိဂ္ဂဟံ ဂဏ္ဌန္တဿ၊ တိရစ္ဆာနဂတပရိဂ္ဂဟံ ဂဏ္ဌန္တဿ၊ ပံသုကူလသညိဿ၊ ဥမ္မတ္တကဿ၊ ခိတ္တစိတ္တဿ၊ ဝေဒနာဋ္ဋဿ၊ အာဒိကမ္မိကဿာတိ။

အမေး။ ။အဘယ်သို့သော ပုဂ္ဂိုလ်တို့အား ထို ဒုတိယပါရာဇိက သိက္ခာပုဒ် အရ အာပတ်မသင့်ဘဲ အာပတ်မှ လွတ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ အနာပတ္တိ သကသညိဿ ဝိဿာသဂ္ဂါဟေ အစရှိသည်ဖြင့် ဘုရားမြတ်စွာ ဟောကြားတော်မူအပ်ပါသောကြောင့် မိမိဥစ္စာ ဟူ၍ အမှတ်ရှိသော ရဟန်းအားဎင်း၊ အကျမ်းဝင်သဖြင့် ယူသော ရဟန်းအားဎင်း၊ အခိုက်အတန့် တာဝကာလိက ခေတ္တခဏ ငှါးယူသော ရဟန်းအားဎင်း၊ ပြိတ္တာ ဘုတ် တစ္ဆေတို့ သိမ်းဆည်းအပ်သော ဝတ္ထုကို ယူသော ရဟန်းအားဎင်း၊ တိရစ္ဆာန်တို့ သိမ်းဆည်းအပ်သော ဥစ္စာကို ယူသော ရဟန်းအားဎင်း၊ ပံသုကူဟု အမှတ်ရှိသော ရဟန်းအားဎင်း၊ ရူးသွပ်သော ဥမ္မတ္တကရဟန်းအားဎင်း၊ ပျံ့လွင့်သော စိတ်ရှိသော ခိတ္တစိတ္တရဟန်းအားဎင်း၊ ဝေဒနာ အပြင်းအထန် နှိပ်စက်အပ်သည့် ဝေဒနာဋ္ဋ ရဟန်းအားဎင်း၊ အရှင်ဓနိယ မထေရ်ကဲ့သို့ အစအမှုဋ္ဌ ဖြစ်သည့် အာဒိကမ္မိက ရဟန်းအားဎင်း ဤဆယ်ပါးသော ပုဂ္ဂိုလ်တို့အား အာပတ်မသင့်ခြင်း ဖြစ်ပါသည်ဘုရား။

ပုစ္ဆာ။ ။ပဉ္စန္နံ အာဝုသော ပါတိမောက္ခုဒ္ဒေသာနံ ကတ္ထောဂဓံ ကတ္ထပရိယာပန္နံ။

ဝိဿဇ္ဇနာ။ ။နိဒါနောဂဓံ ဘန္တေ နိဒါနပရိယာပန္နံ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည်၊ ၁ နိဒါနုဒ္ဒေသ၊ ၂ ပါရာဇိကုဒ္ဒေသ၊ ၃ သံဃာဒိသေသုဒ္ဒေသ၊ ၄ အနိယတုဒ္ဒေသ၊ ၅ ဝတ္ထာရုဒ္ဒေသ တည်းဟူသော ငါးပါးသော ပါတိမောက္ခုဒ္ဒေသတို့တွင် အဘယ်ဥဒ္ဒေသတို့၌ သက်၍ အဘယ်ဥဒ္ဒေသ၌ အကျုံးဝင်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယပါရာဇိက သိက္ခာပုဒ်သည် နိဒါနုဒ္ဒေသ ပါရာဇိကုဒ္ဒေသ သံဃာဒိသေသုဒ္ဒေသ အနိယတုဒ္ဒေသ ဝတ္ထာရုဒ္ဒေသ တည်းဟူသော ပါတိမောက္ခုဒ္ဒေသ ငါးပါးတို့တွင် ယဿသိယာ အာပတ္တိ သော အာဝိကရေယျ အစရှိသည်ဖြင့် နိဒါန်း ပါဋိတော်၌ ဟောအပ်လေရကား နိဒါန်း၌ သက်၍ နိဒါန်း၌ အကျုံးဝင်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမေန အာဝုသော ဥဒ္ဒေသေန ဥဒ္ဒေသံ အာဂစ္ဆတိ။

ဝိဿဇ္ဇနာ။ ။ဒုတိယေန ဘန္တေ ဥဒ္ဒေသေန ဥဒ္ဒေသံ အာဂစ္ဆတိ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် ဆိုခဲ့ပြီးသော ငါးပါးသော ပါတိမောက္ခုဒ္ဒေသတို့တွင် အဘယ် ဥဒ္ဒေသဖြင့် အကျဉ်း ရွတ်ဆိုခြင်း အကျဉ်း ပြခြင်းသို့ ရောက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် နှစ်ခုမြောက် ဖြစ်သော ပါရာဇိကုဒ္ဒေသဖြင့် အကျဉ်းပြဆိုခြင်းသို့ ရောက်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စတုန္နံ အာဝုသော ဝိပတ္တီနံ ကတမာ ဝိပတ္တိ။

ဝိဿဇ္ဇနာ။ ။သီလဝိပတ္တိ ဘန္တေ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် ၁ သီလ ပျက်ခြင်း၊ ၂ အကျင့် ပျက်ခြင်း၊ ၃ အယူပျက်ခြင်း၊ ၄ အသက်မွေးမှု ပျက်ခြင်း ဟူသော ပျက်စီးခြင်း လေးမျိုးတို့တွင် အဘယ် ပျက်စီးခြင်း ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် မြတ်စွာဘုရားဟောကြား အပ်သော လေးပါးသော ပျက်စီးခြင်းတို့တွင် သီလ ပျက်စီးခြင်း ဟူသော သီလ ဝိပတ္တိ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သတ္တန္နံ အာဝုသော အာပတ္တိက္ခန္ဓာနံ ကတမော အာပတ္တိက္ခန္ဓော။

ဝိဿဇ္ဇနာ။ ။ပါရာဇိကာပတ္တိက္ခန္ဓော ဘန္တေ။

အမေး။ ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် ၁ ပါရာဇိက အာပတ်အစု၊ ၂ သံဃာဒိသိသ်အာပတ်အစု၊ ၃ ထုလ္လစ္စည်းအာပတ်အစု၊ ၄ ပါစိတ်အာပတ်အစု၊ ၅ ပါဋိဒေသနီ အာပတ်အစု၊ ၆ ဒုက္ကဋ် အာပတ်အစု၊ ၇ ဒုဗ္ဘာသိ အာပတ်အစု၊ ဟူသော ခုနစ်စု ခုနစ်ပုံသော အာပတ်အစုအပုံတို့တွင် အဘယ်အာပတ်အစု အဘယ်အာပတ်အပုံတို့ ဖြစ်ပါသနည်း ငါ့ရှင်။

ဖြေ။ ။ရှေးဦးစွာသော ပါရာဇိက အာပတ်အစု အာပတ်အပုံ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဆန္နံ အာဝုသော အာပတ္တိသမုဋ္ဌာနာနံ ကတိဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ။

ဝိဿဇ္ဇနာ။ ။တီဟိ ဘန္တေ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ၊ သိယာ ကာယတော စ စိတ္တတော စ သမုဋ္ဌာတိ၊ နော ဝါစာတော၊ သိယာ ဝါစာတော စ

စိတ္တတောစ သမုဋ္ဌာတိ၊ နာ ကာယတောဝါ သိယာ ကာယတောစ ဝါစာတောစ စိတ္တတောစ သမုဋ္ဌာတိ။

အမေး။ ။ထို ဒုတိယ ပါရာဇိက အာပတ်သည် ၁ ကာယသမုဋ္ဌာန်၊ ၂ ဝါစာသမုဋ္ဌာန်၊ ၃ ကာယဝါစာသမုဋ္ဌာန်၊ ၄ ကာယစိတ္တသမုဋ္ဌာန်၊ ၅ ဝါစာစိတ္တသမုဋ္ဌာန်၊ ၆ ကာယဝါစာစိတ္တသမုဋ္ဌာန် ဟူသော ဤအာပတ် သင့်ကြောင်း အာပတ်ဖြစ်ပေါ်ကြောင်း သမုဋ္ဌာန် ခြောက်ပါးတို့တွင် အဘယ် သမုဋ္ဌာန်တို့ကြောင့် ဖြစ်ပေါ်ပါသနည်း သင့်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် အာပတ်ကို ဖြစ်စေတတ်သော အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန် ခြောက်ပါးတို့တွင် သုံးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ပါသည် သင့်ပါသည်၊ ဖြစ်ပုံ သင့်ပုံမှာ တခါတရံ ခိုးယူလိုသော စိတ်ဖြင့် ကိုယ်တိုင် ခိုးယူသော ရဟန်းအား ကာယစိတ္တ တည်းဟူသော သမုဋ္ဌာန်ကြောင့် ဖြစ်ပါသည်၊ ထိုအခါ ဝါစာသမုဋ္ဌာန်ကြောင့် မဖြစ်ပါ၊ တရံကခါ သူတပါးအား ခိုးယူရန် တိုက်တွန်းသော ရဟန်းအား ဝါစာစိတ္တ တည်းဟူသော သမုဋ္ဌာန်ကြောင့် ဖြစ်ပါသည်၊ ကာယသမုဋ္ဌာန်ကြောင့် မဖြစ်ပါ၊ တရံတခါ တိုင်ပင်ညီညွတ်၍ မိမိကိုယ်တိုင်ကလည်း ခိုးယူ အဖော်အပေါင်းတို့ကိုလည်း ခိုးယူဘို့ရန် တိုက်တွန်းပြောဆိုသော ရဟန်းအား ကာယဝါစာစိတ္တ တည်းဟူသော သမုဋ္ဌာန်ကြောင့် ဖြစ်ပါသည်၊ ထိုဒုတိယ ပါရာဇိက အာပတ်သည် ဤဆိုအပ်ပြီးသော သမုဋ္ဌာန် သုံးပါးတို့ကြောင့် ဖြစ်ပါသည် သင့်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စတုန္နံ အာဝုသော အဓိကရဏာနံ ကတမံ အဓိကရဏံ။

ဝိဿဇ္ဇနာ။ ။အာပတ္တာဓိကရဏံ ဘန္တေ။

အမေး။ ။ထို ဒုတိယ ပါရာဇိကသည် ၁ ငြင်းခုံမှု ဝိဝါဒါဓိကရဏ်း၊ ၂ စွပ်စွဲမှု အနုဝါဒါဓိကရဏ်း၊ ၃ အာပတ်သင့်မှု အာပတ္တာဓိကရဏ်း၊ ၄ ပြုလုပ်ဆောင်ရွက်ဖွယ်ကိစ္စဟူသော ကိစ္စာဓိကရဏ်း ဤလေးပါးသော အဓိကရဏ်းတို့တွင် အဘယ် အဓိကရဏ်း ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အဓိကရဏ်း လေးပါးတို့တွင် အာပတ္တာဓိကရဏ်း ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သတ္တန္နံ အာဝုသော သမထာနံ ကတိဟိ သမထေဟိ သမ္မတိ။

ဝိဿဇ္ဇနာ။ ။ဒ္ဝီဟိ ဘန္တေ သမထေဟိ သမ္မတိ သမ္မုခါဝိနယေနစ ပဋိညာတကရဏေနစ။

အမေး။ ။ထို ဒုတိယ ပါရာဇိက အာပတ်သည် ခုနစ်ပါးသော သမထတို့တွင် အဘယ် သမထဖြင့် ငြိမ်းပါသနည်း ဘ၇င်။

အဖြေ။ ။ထိုဒုတိယ ပါရာဇိကသည် အာပတ်ငြိမ်းကြောင်း သမထခုနစ်ပါးတို့တွင် နှစ်ပါးသော သမထတို့ဖြင့် (သမထတို့ကြောင့်) ငြိမ်းပါသည်၊ ထိုနှစ်ပါးတို့ကား ၁ မျက်မှောက်ဝိနည်း တည်းဟူသော သမ္မုခါဝိနည်းတပါး၊ ၂ အာပတ်သင့်သည်ကို သင့်သည့်အတိုင်း ဝန်ခံမှုတည်းဟူသော ပဋိညာတကရဏတပါး ဤအာပတ်ငြိမ်းကြောင်း နှစ်ပါးဖြင့် ငြိမ်းပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကော အာဝုသော တတ္ထ ဝိနယော၊ ကော တတ္ထ အဘိဝိနယော။

ဝိဿဇ္ဇနာ။ ။ပညတ္တိ ဘန္တေ ဝိနယော ဝိဘတ္တိ အဘိဝိနယော။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ အကျဉ်းဝိနယကား အဘယ်ပါနည်း။ အကျယ်အဘိဝိနယကား အဘယ်ပါနည်း ဘ၇င်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ယောပန ဘိက္ခု ဂါမာ ဝါ အရညာ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယေယျ အစ အယမ္မိ ပါရာဇိကော ဟောတိ အသံဝါသော တိုင်အောင်သော မာတိကာ ပုဒ်အစုသည် ငိနယ ဖြစ်ပါသည်။ ယောပနာတ ယောယာဒသော အစရှိသော ပဒဘာဇနဝိဘင်းတို့သည်ကား အကျယ်အဘိဝိနယ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကိံ အာဝုသော တတ္ထ ပါတိမောက္ခံ ကိံ တတ္ထ အဓိပါတိမောက္ခံ။

ဝိဿဇ္ဇနာ။ ။ပညတ္တိ ဘန္တေ ပါတိမောက္ခံ၊ ဝိဘတ္တိ အဓိပါတိမောက္ခံ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ အကျဉ်းပါတိမောက်ကား အဘယ်ပါနည်း၊ အကျယ်အဓိပါတိမောက်ကား အဘယ်ပါနည်း ဘ၇င်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ယောပန ဘိက္ခု ဂါမာ ဝါ အရညာ ဝါ အစ အယမ္မိ ပါရာဇိကော ဟောတိ အသံဝါသော တိုင်အောင်သော မာတိကာ အစုကား အကျဉ်း ပါတိမောက် မည်ပါသည်၊ ယောပနာတိ ယောယာဒိသော အစရှိသော ပဒဘာဇနီဝိဘင်းသည်ကား အကျယ် အဓိပါတိမောက် မည်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော ဝိပတ္တိ။

ဝိဿဇ္ဇနာ။ ။အသံဝရော ဘန္တေ ဝိပတ္တိ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ပျက်စီးခြင်းကား အဘယ်ပါနည်း ဘ၇င်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ကာယဒ္ဒါရ ဝစီဒ္ဒါရ နှစ်ဌာန တို့၌ မစောင့်စည်းခြင်းသည် ပျက်စီးခြင်း ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော သမ္ဗတ္တိ၊

ဝိဿဇ္ဇနာ။ ။သံဝရော ဘန္တေ သမ္ဗတ္တိ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ပြည့်စုံခြင်းကား အဘယ်ပါ နည်းငါ့ရှင်။

အဖြေ။ ။ထို ဒုတိယပါရာဇိက သိက္ခာပုဒ်၌ ကာယဒ္ဒါရ ဝစီဒ္ဒါရတို့ကို စောင့် စည်းခြင်း ကာယဒ္ဒါရ ဝစီဒ္ဒါရ နှစ်ဌာနတို့မှ အကုသိုလ်ခိုးသား ဓားပြတို့ မဝင် ရောက်အောင် သတိနှင့် စောင့်ရှောက်ခြင်းသည် ပြည့်စုံခြင်း သမ္ဗတ္တိ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော ပဋိပတ္တိ။

ဝိဿဇ္ဇနာ။ ။နဂေရုပံ ကရိဿာမီတိ ယာဝဇီဝံ အာပါဏကောဋိကံ သမာ-ဒါယ သိက္ခတိ သိက္ခာပဒေသု အယံ ဘန္တေ တတ္ထ ပဋိပတ္တိ။

အမေး။ ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ အကျင့် ပဋိပတ်ကား အဘယ် ပါနည်း ငါ့ရှင်။

"ငါသည် ဤသို့ သဘောရှိသော ဒဒိန္နဒါန်အမှုကို မပြုတော့အံ့" ဟု နှလုံး သွင်းပြီးလျှင် သိက္ခာပုဒ် သီလ တည်းဟူသော အသက်ဇီဝ ထင်ရှားရှိသမျှ ကာလပတ်လုံး သိက္ခာပုဒ်တော် တည်းဟူသော အသက် ဆုံးသည်တိုင်အောင် ကောင်းစွာ သဒ္ဓါတရားဖြင့် ဆောက်တည်၍ သိက္ခာပုဒ်တို့၌ ကျင့်ကြံခြင်းသည် အကျင့်ပဋိပတ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတိ အာဝုသော အတ္ထဝသေ ပဋိစ္စ ဘဂဝတာ ဒုတိယံ ပါရာဇိကံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဒဿ ဘန္တေ အတ္ထဝသေ ပဋိစ္စ ဘဂဝတာ ဒုတိယံ ပါရာဇိကံ ပညတ္တံ။ သဃသုဋ္ဌုတာယ သဃဖာသုတာယ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ အပ္ပသန္နာနံ ပသာဒါယ ပသန္နာနံ ဘိယျောဘာဝါယ သဒ္ဓမ္မဋ္ဌိ-တိယာ ဝိနယာနုဂ္ဂဟာယ။

အမေး။ ။အဘယ်မျှသောအကျိုးထူးတို့ကို ရည်ရွယ်မြော်လင့်၍ မြတ်စွာ ဘုရားသည် ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောင်းပါပေစွဉ့်ဟု ချီးကျူး၍ သံဃာတော်က လက်ခံခြင်း သံဃသုဋ္ဌုအကျိုးတပါး၊ သံဃာတော်၏ ချမ်းသာစွာ နေရခြင်း တည်းဟူသော သံဃဖာသု အကျိုးတပါး၊ သီလပျက်သော်လည်း ရှက်ရမှုန်း မသိတတ် မျက်နှာပြောင် တိုက်တတ်သော အလဇ္ဇီ ဒုဿီလ ရဟန်းတို့ကို နှိပ်ကွပ်နိုင်ခြင်း တည်းဟူသော အကျိုးတပါး၊ စာမရှိသား မြီးဖျားချစ်ခင် ကဲ့အသွင်သို့ ချစ်ခင်စုံမက် နှစ်သက်အပ်သော သီလရှိသော ပေသလ ရဟန်းတော်တို့အား ချီးမြှောက်ခြင်း တည်းဟူသော အကျိုးတပါး၊ မျက်မှောက် ပစ္စုပ္ပန် ဝတ္တမာန်၌ ဖြစ်ပေါ်သော ဘေးရန်တို့ကို တားမြစ်ပိတ်ပင်ခြင်း ဟူသော အကျိုးတပါး၊ တမလွန် လောက နောက်ဘဝ၌ ဖြစ်ပေါ်လတ္တံ့သော ဘေးရန်တို့ကို ပယ်ဖျောက်ခြင်း တည်း ဟူသော အကျိုးတပါး၊ သာသနာတော်ဝယ် မသက်ဝင် မကြည်ညိုသေးကုန်သော သူတို့အား သဒ္ဓါတရား ဖြစ်ပွါးကာ သက်ဝင် ကြည်ညို စေခြင်း ဟူသော အကျိုးတပါး၊ သာသနာဝယ် ကြည်ညိုပြီးသော သူတို့အား အတိုင်းထက်အလွန် သဒ္ဓါတရားကိုပွါးစေခြင်း တည်းဟူသော အကျိုးတပါး၊ ပရိယတ္တိ, ပဋိပတ္တိ, ပဋိ ဝေဓ, သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်၏ ကာလရှည်မြင့်စွာ တည်ခြင်း တည်းဟူသော အကျိုးတပါး၊ ဝိနည်းတရားတော်ကို ချီးမြှောက်ခြင်းတည်းဟူသော အကျိုးတပါး၊ ဤဆယ်ပါးသော အကျိုးတရားတို့ကို မြော်ကိုး ရည်ရွယ်တော်မူ၍ ထိုဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခန္တိ။

ဝိဿဇ္ဇနာ။ ။သေက္ခာစ ဘဒန္တေ ပုထုဇ္ဇနကလျာဏကာစ သိက္ခန္တိ။

မေး။ ။ဘယ်ပုဂ္ဂိုလ်တို့သည် ထိုဒုတိယပါရာဇိက သိက္ခာပုဒ်၌ကျင့်ဆဲပုဂ္ဂိုလ် တို့ ဖြစ်ကြပါသနည်း။

ဖြေ။ ။မင်္ဂ၌ တည်သော မဂ္ဂင်ပုဂ္ဂိုလ်လေးပါး၊ သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ် တည်းဟူသော အောက်ဖိုလ်သုံးပါး၌ တည်သော ဖလင်္ဌ ပုဂ္ဂိုလ်သုံးပါး၊ ကလျာဏပုထုဇ္ဇန် ပုဂ္ဂိုလ်တပါး၊ ဤ ရှစ်ပါးသော ပုဂ္ဂိုလ်တို့သည် ကျင့်ဆဲ ဖြစ်ကြပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခိတသိက္ခာ။

ဝိဿဇ္ဇနာ။ အရဟန္တော ဘဒန္တေ သိက္ခိတသိက္ခာ။

အမေး။ ။အဘယ်ပုဂ္ဂိုလ်တို့သည် ထိုဒုတိယပါရာဇိက သိက္ခာပုဒ်၌ ကျင့်ပြီး သော သိက္ခာရှိသော ပုဂ္ဂိုလ်များ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရဟန္တာ အရှင်သခင် သူမြတ်တို့သည် ထိုဒုတိယပါရာဇိက သိက္ခာပုဒ်၌ အလုံးစုံ အကြွင်းအကျန်မရှိ ကျင့်ပြီးသော သိက္ခာရှိသော ပုဂ္ဂိုလ်သူမြတ်တို့ ဖြစ်ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတ္ထ အာဝုသော ဌိတံ။

ဝိဿဇ္ဇနာ။ ။သိက္ခာကာမေသု ဘန္တေ ဌိတံ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ဆိုင်ရာ အကျင့်သိလ သိက္ခာသည် အဘယ်ပုဂ္ဂိုလ်တို့၌ တည်ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ဆိုင်ရာ အကျင့်သိလ သိက္ခာတရား တော်မြတ်သည် အရှင်ရာဟုလာ မထေရ်မြတ်ကဲ့သို့သော သိက္ခာသုံးပါးကို လိုလား တောင့်တတော်မူကြသည့် သက္ကပုတ္တိယ ဘုရား သားတော်အစစ်တို့ သန္တာန်၌ အဖန်ဖန် ကိန်းတည်ပါသည် အရှင်သူမြတ်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော ဓာရေန္တိ။

ဝိဿဇ္ဇနာ။ ။ယေသ ဘန္တေ ဝတ္တတာ တေ ဓာရေန္တ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို အဘယ် ပုဂ္ဂိုလ်တို့သည် ဆောင်ထားပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နှုတ်တက်အောင် လေ့လာသော ပုဂ္ဂိုလ်တို့သည် ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ဆောင်ထားကြပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ထို ပါရာဇိက သိက္ခာပုဒ်သည် အဘယ် ပုဂ္ဂိုလ်၏ စကား ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် တစုံတယောက်သော မထင်မရှားသော နတ် လူ ဗြဟ္မာ သတ္တဝါ ပုဂ္ဂိုလ်တဦး၏ စကား မဟုတ်ပါ၊ စင်စစ်သော်ကား ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူ ဉာဏ်ဖြင့် ဥယျဉ်တရား သိသင့် သိထိုက်သမျှသော တရားခပ်သိမ်းတို့ကို အကြွင်းမဲ့ ကုန်စင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူသော ဘုရားကိုယ်တော်မြတ်၏ စကားတော် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခာယ ဘန္တေ အာဘတံ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို အဘယ်သူသည် ဆောင်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယပါရာဇိက သိက္ခာပုဒ်ကို ပဌမ သံဂါယနာတင်ရာကာလ အရှင်ဥပါလိမထေရ်၊ ထိုမထေရ်၏ တပည့် အရှင်ဒါသကမထေရ်၊ ထို၏တပည့် အရှင်သောဏကမထေရ်၊ ထို၏ တပည့် အရှင်သိဂ္ဂဝမထေရ်တို့မှအစ ယခုဆဋ္ဌသံဂီတိကာလတိုင်အောင် အဆက်ဆက်သော ထေရဝါဒီ အပြည်ပြည်ဆိုင်ရာ ဆရာတော်ထေရ်စဉ် အဆက်ဆက်တို့သည် မပျောက်မပျက်ရအောင် စောင့်ဆောင်တော်မူခဲ့ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ နု ခေါ အာဝုသော တတ္ထ ဥပနေတဗ္ဗံ ဝါ အပနေတဗ္ဗံ ဝါ အကွရုပဒပစ္စဘာဘဋ္ဌံ ဝါ ဝိရဒ္ဓပဒဗျဉ္ဇနံ ဝါ။

ဝိဿဇ္ဇနာ။ ။နတ္ထိ ဘန္တေ။

မေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌၊ ၁ ဖြည့်စွက်သင့်သော အရာဖြစ်စေ၊ ၂ ပယ်နှုတ်သင့်သော အရာဖြစ်စေ၊ ၃ အက္ခရာပုဒ်တို့၏ ရှေနောက်ပြန်လျက် ရှေ့လျောနေသော အရာဖြစ်စေ၊ ၄ ချိုယွင်းနေသော ပုဒ်ဗျည်း ဖြစ်စေ၊ ဤသို့သော ချိုယွင်းချက် တစုံတရာ ရှိပါသေးသလော ငါ့ရှင်။

အဖြေ။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ပဌမ ဒုတိယ တတိယ သံဂါယနာတင်တော်မူကြသော ခဏာသဝမထေရ် အဆက်ဆက်တို့ ထည့်စွက်ဘွယ်ရှိသမျှ ထည့်စွက်တော်မူခဲ့ကြပြီး ဖြစ်သောကြောင့်ရင်း၊ ပယ်ဖျက်သင့်သော အရာဌာနကို ပယ်ဖျက်တော်မူခဲ့ကြပြီး ဖြစ်သောကြောင့်ရင်း၊ ယခု ဆဋ္ဌသံဂီတိကာလ ယခု ဆဋ္ဌသံဂါယနာတင်အံ့သော ကာလဝယ်၊ မူလဝိသောဓက ပိဋကဆေက ဆရာတော် အရှင်သူမြတ် တို့သည်ရင်း၊ ပဋိဝိသောဓက ပိဋကဆေက ဆရာတော် အရှင်သူမြတ်တို့သည်ရင်း၊ သြသာနသောဓေယျပတ္တပါဋိက ဆရာတော် အ့ရှင်မြတ်တို့သည်ရင်း၊ ဆိုင်ရာ ဆိုင်ရာ အဖွင့် သံဝဏ္ဏနာ ဋီကာ ဂန္ထန္တရ အစရှိသည်တို့ဖြင့် နှိုင်းညှိထောက်ထားကာ အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အထပ်ထပ် သုံခ်သင်ပြင်ဆင်အပ်ပြီး ဖြစ်ပါသောကြောင့်၊ ထည့်စွက်ဘွယ် ဥပနေတဗ္ဗအရာလည်း မရှိပါ၊ ပယ်ဖျက်ဘွယ် အပနေတဗ္ဗအရာလည်း မရှိပါ၊ အက္ခရာပုဒ်ဗျည်းတို့ ရှေနောက်ပြန်သည့် အက္ခရပဒ ပစ္စာဘဋ္ဌ အပြစ်ဒေါသလည်း မရှိပါ၊ အက္ခရာ ပုဒ်ဗျည်းတို့ ချိုယွင်းမှု ဝိရဒ္ဓဒေါသလည်း မရှိ ဖြစ်ပါသည် အရှင်ဘုရား။

"သံဂါယနတ္ထာယ သံဃဿ ဥဝါဒံ"

သုဏာတု မေ ဘန္တေ သံဃော အဟံ ဘန္တေ အာယသ္မန္တံ ဝိစိတ္တာသာရဘိဝံသ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကံ ဒုတိယဿ ပါရာဇိကဿ နိဒါနံ ပုစ္ဆိံ၊ ပဂ္ဂလံ ပုစ္ဆိံ၊ ဝတ္ထုံ ပုစ္ဆိံ၊ ပညတ္တိံ ပုစ္ဆိံ၊ အနုပညတ္တိံ ပုစ္ဆိံ၊ အာပတ္တိံ ပုစ္ဆိံ၊ အနာပတ္တိံ ပုစ္ဆိံ၊ အညာနိံ ဂဏ္ဌိဿာနိံ ပုစ္ဆိံ တဗ္ဘဋ္ဌာနာနိံ ပုစ္ဆိံ၊ အနေကာနိ ပုစ္ဆိံ၊ ပုဋ္ဌော ပုဋ္ဌောစ သော အာယသ္မာ ဝိစိတ္တာသာရဘိဝံသော ဝိဿဇ္ဇေသိ။ ဣတိ ဟိဒံ ဘန္တေ ဣဒံ ဒုတိယံ ပါရာဇိက သိက္ခာပဒံ နိမ္မလံ, သုပရိသုဒ္ဓံ, တဿေဝ ဘဂဝတော ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ တဿမာ ယထာ ပုရေ မဟာကဿ ပါဒယော မဟာထေရဝရာ ပေါရာဏာသံဂီတိ-ကာရာ ဗြဟ္မစရိယသင်္ခါတဿ ဗုဒ္ဓသာသနဿ စိရဋ္ဌိတိယာ, ဗဟုဇန-ဟိတာယ, ဗဟုဇန သုခါယ, လောကာနုကမ္ပာယ အတ္ထာယ, ဟိတာယ, သုခါယ, ဒေဝမနုဿာနံ ဓမ္မဝိနယံ သင်္ဂါယိံသုစေဝ အနုသင်္ဂါယိံသု၊ ဧဝမေဝ မယမ္ပိ ဒါနိ သဗ္ဗေ ဆဋ္ဌသံဂီတိမဟာဓမ္မသဘာဝရိယာဝန္နာ ဣဒံ ဒုတိယ ပါရာဇိက သိက္ခာပဒံ ဧကတော ဂဏ္ဌသဗ္ဗာယံ ကတ္ဝာ သမဂ္ဂါ သမ္မောဒမာနာ ဟုတ္ဝာ သင်္ဂါယေယျာမ။

သံဂါယနာတင်ရန် သံဃာအား သိစေခြင်း "သံဂါယနာဉာတ်"

အရှင်ဘုရားတို့....။ သံဃာတော်သည် တပည့်တော် လျှောက်ထားသော စကားကို နားဆင်တော်မူစေလိုပါသည်။ တပည့်တော်သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်ရဖြစ်တဲ့ အရှင်ဝိစိတ္တာသာရကို ဒုတိယ ပါရာဇိက သိက္ခာပုဒ်၏ ပညတ်ရာဌာန နိဒါန်းကိုလည်း မေးပြီးပါပြီ အရှင်ဘုရား။ အစဲ့ပြု၍ ပညတ်ရာဖြစ်သော အမှုကို လွန်ကျူးခဲ့သည့် ပုဂ္ဂိုလ်ကိုလည်း မေးပြီးပါပြီ အရှင်ဘုရား။ သိက္ခာပုဒ် ပညတ်ခြင်း၏ အကြောင်းဝတ္ထု လွန်ကျူးသော အမှုကိုလည်း မေးပြီးပါပြီ အရှင်ဘုရား။ မူလပညတ်ကိုလည်း မေးပြီးပါပြီ၊ အနုပညတ်ကိုလည်း မေးပြီးပါပြီ၊ အာပတ်သင့်ပုံကိုလည်း မေးပြီးပါပြီ၊ အာပတ်မသင့်ပုံ အာပတ်လွတ်ပုံကိုလည်း မေးပြီးပါပြီ၊ ထိုမှတပါး အလားတူဖြစ်သော မေးသင့် မေးထိုက်တဲ့ အရာများစွာတို့ကိုလည်း မေးပြီးပါပြီ အရှင်ဘုရားတို့....။ ထိုအရှင် ဝိစိတ္တာသာရာဘိဝံသကလည်း မေးတိုင်းမေးတိုင်း ရှင်းလင်း၍ ဖြေကြားခဲ့ပါပြီ၊ သို့ဖြစ်ပါ၍ ဤဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် အညစ်အကြေးကင်းလျက် ကောင်းကောင်းကြီး သန့်ရှင်းစင်ကြယ်နေပါပြီ။ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူ ဉာဏ်ဖြင့် ဥယျံတရားငါးပါးတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော ထို မြတ်စွာဘုရားသခင်၏ ဟောကြားတော်မူခဲ့ရင်း ပညတ်တော်မူခဲ့ရင်း စကားတော်အစစ် အမှန်ပင်ဖြစ်ပါသည် အရှင်ဘုရားတို့....။

သို့ဖြစ်ပါ၍ ရှေးအခါကာလက နှစ်ပေါင်း ၂၅၀၀-အတွင်း၌ အရှင်မဟာကဿအစရှိသော ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် မဂ္ဂင်ရှစ်ပါး, မြတ်သောအကျင့်တရားတည်းဟူသော ဗုဒ္ဓသာသနာတော်ကြီး ရှည်မြင့်စွာ တည်တံ့စေခြင်းငှါ မျှားစွာသော လူအပေါင်း၏ အကျိုးစီးပွါး ထွန်းကားစေခြင်းငှါ လောကကို စောင့်ရှောက်ခြင်းငှါ နတ် လူ အမျှားတို့၏ အကျိုးစီးပွါး ချမ်းသာတွေ့ ဖြစ်ထွန်းစေခြင်းငှါ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သုတ် အဘိဓမ္မာ ဝိနည်းတည်းဟူသော ဓမ္မဝိနယတရားတော်မြတ်ကို ပဌမစ၍လည်း သံဂါယနာတင်ခဲ့ကြပါကုန်ပြီ၊ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမအကြိမ်တိုင်အောင် နောက်ထပ်ဆင့်၍လည်း လေးကြိမ်တိုင်တိုင် အနုသံဂါယနာ တင်ခဲ့ကြပါကုန်ပြီ၊ ဤအတူပင် သာသနာတော် သက္ကရာဇ် ၂၄၉၀-ခု မြောက်ဖြစ်သော ယခုအခါကာလ၌လည်း ဤ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ပါဝင်လျက်ရှိကြသော ထေရ, နဝ, မဇ္ဈိမ, ဖြစ်ကြသော ဘုရားတပည့်တော်တို့ အားလုံးသည် ဤဒုတိယ ပါရာဇိကသိက္ခာပုဒ်တော်ကို တပေါင်းတည်း ရွတ်ဆိုခြင်း ဂဏသဇ္ဈာယ ကို ပြုတော်မူကြ၍ သံဂါယနတင်ကြပါကုန်စို့.... သက်တော်ရှည် အရှင်ဘုရားတို့.... ။

ဒုတိယ ပါရာဇိကသိက္ခာပုဒ် အမေးအဖြေ ပြီး၏။

တတိယ ပါရာဇိက သိက္ခာပုဒ် အဓိပ္ပာယ်ဖွင့်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ (ပ)သမ္မာသမ္ဗုဒ္ဓေန တတိယံ ပါရာဇိကံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘဒ္ဒေ ပညတ္တံ။

အဓိပ္ပာယ်။ ။သိတေဝ်မူ မြင်တေဝ်မူ၍ (ပ) ထိုမြတ်စွာဘုရားသည် အကြင် တတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်ထားတေဝ်မူခဲ့ပေ၏။ ထိုတတိယ ပါရာဇိက သိက္ခာပုဒ်ကို ဘယ်မြို့ဒေသ ဘယ်ဌာနဉ် ပညတ်တေဝ်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်အရပ်၌ ပညတ်တေဝ်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သမ္ဗဟုလေ ဘဒ္ဒေ ဘိက္ခူ၊ အာရဗ္ဘ ပညတ္တံ။

အဓိပ္ပာယ်။ ။အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထိုတတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တေဝ်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရွေးတစ်ခုသော ဘဝ၌ ကျန်းတန်းလှသော မုဆိုးဖြစ်ခဲ့ကြဘူးသည့် ငါးရာသော ရဟန်းတို့ကို အကြောင်းပြု၍ ထိုတတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တေဝ်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကိသ္မိံ အာဝုသော ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သမ္ဗဟုလာ ဘဒ္ဒေ ဘိက္ခူ အညမညံ ဇီဝိတာ ဝေါရောပေသုံ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အဓိပ္ပာယ်။ ။ဘယ်အကြောင်း ဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို တတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တေဝ်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ရွေးဘဝက သားသတ်မုဆိုး ဖြစ်ခဲ့ဘူးကုန်သော ငါးရာသော ရဟန်းတို့သည် အချင်းချင်း တပါးသည် တပါးကို ဇီဝိတိန္ဒြေမှ ချကြပါကုန်သည်၊ သတ်ကြပါကုန်သည်၊ ထိုသို့ အချင်းချင်း ဇီဝိတိန္ဒြေမှ ချခြင်း, သတ်ခြင်း, တည်းဟူသော အကြောင်းဝတ္ထုကြောင့် ထိုတတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တေဝ်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ နုခေါ အာဝုသော တတ္ထ ပညတ္တိ အနုပညတ္တိ အနုပ္ပန္န-
ပညတ္တိ။

ဝိဿဇ္ဇနာ။ ကော ဘန္တေ ပညတ္တိ၊ ကော အနုပညတ္တိ၊ အနုပ္ပန္နပညတ္တိ
တသ္မိံ နတ္ထိ။

အမေး။ ။ထို တတိယပါရာဇိက သိက္ခာပုဒ်၌၊ ၁ ရှေးဦး ပညတ်ချက် မူလ ပညတ်၊ ၂ နောက်ထပ် ပညတ်ချက် အနုပညတ်၊ ၃ အကြောင်းဝတ္ထု အမှု မပေါ်မီက ကြိုတင်ပညတ်ချက် အနုပ္ပန္နပညတ် ဟူသော ဤပညတ်သုံးမျိုးလုံးပင် အစုံအလင် ရှိပါသလော ငါ့ရှင်။

အဖြေ။ ။ထို တတိယပါရာဇိက သိက္ခာပုဒ်၌၊ ၁ ရှေးဦးပညတ်ချက်ဟူသော မူလပညတ်တပါး၊ ၂ တဖန် နောက်ထပ် ပညတ်ချက် အနုပညတ်တပါး ဤနှစ်ပါး သာ ရှိပါသည်၊ အကြောင်းဝတ္ထု အမှုမပေါ်မီက ကြိုတင်ပညတ်ချက် တည်းဟူ သော အနုပ္ပန္နပညတ်ကား ထိုတတိယ ပါရာဇိက သိက္ခာပုဒ်၌ မရှိ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော တတ္ထ မူလပညတ္တိ။

ဝိဿဇ္ဇနာ။ ။ယောပန ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယ္ယ၊
သတ္ထဟာရကံဝါဿ ပရိယေသေယ္ယ အယမ္ပိ ပါရာဇိကော ဟောတိ
အသံဝါသောတိ အယံ ဘန္တေ တတ္ထ မူလပညတ္တိ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ ရှေးဦးပညတ်ချက် မူလ ပညတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ ယောပန ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယ္ယ၊ သတ္ထဟာရကံဝါဿ ပရိယေသေယ္ယ အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသော ဤပါဠိတော်စုဖြင့် ပြအပ်သော-

“အကြင် ရဟန်းသည် သတ်လိုသော ဝဓကစေတနာဖြင့် လုံ့လပြု၍ လူဇာတ် ရှိသော သူကို ဇီဝိတိန္ဒြေမှ ချဉ်းအံ့။ (သတ်ငြားအံ့)။ အသက်ကို ဆောင်တတ် သော (သေစေနိုင်သော) ဓားလက်နက် စသည်ကိုမူလည်း သတ်စေ ဟူသော ရည်ရွယ်ချက်ဖြင့် အနီး၌ ထားရှိငြားအံ့၊ ဤရဟန်းသည်လည်း ရှေးရဟန်းတို့နည်း တူ ပါရာဇိကအာပတ်သို့ ရောက်စေဟူ၍ ပညတ်တော်မူချက်သည် မူလပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော တတ္ထ အနုပညတ္တိ။

ဝိဿဇ္ဇနာ။ ။မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယ္ယ မရဏာယ ဝါ သမာဒပေယ္ယ
အမ္ဘော ပုရိသ ကိံ တုယ္ဘိမိနာ ပါပကေန ဒုဋ္ဌဝိတေန မတေန ဇီဝိတာ

သေယျောတိ ဣတိ စိတ္တမနော စိတ္တသင်္ကပ္ပေါ အနေကပရိယာယေန မရဏာဝဏ္ဏံ ဝါ သံဝဏ္ဏေယျ မရဏာယ ဝါ သမာဒပေယျာတိ အယံ ဘန္တေ တတ္ထ အနုပညတ္တိ။

အမေး။ ။ထို တတိယပါရာဇိက သိက္ခာပုဒ်၌ နောက်ထပ် ပညတ်အပ်သော အနုပညတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ မရဏာဝဏ္ဏံ ဝါ သံဝဏ္ဏေယျ မရဏာယ ဝါ သမာဒပေယျ အစရှိသည်ဖြင့် ပြအပ်သော-

သေခြင်း၏ ကျေးဇူးကိုမူလည်း ချီးမွမ်းငြားအံ့၊ သေဘို့ရန် ဆောက်တည် စေမူလည်း ဆောက်တည်စေငြားအံ့၊ ချီးမွမ်းပုံ ဆောက်တည်စေပုံမှာ အို....အချင်း ယောကျ်ား သင့်အား ယုတ်မာလှသော ဤမကောင်းသော အသက်ရှင်နေခြင်း ဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ သင်၏ အသက်ရှည်၍ နေရခြင်းထက် သေရခြင်းက မြတ်လှပါသေး၏ ဟု သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်း သေဘို့ရန် မြောက် ပင့်ပေးခြင်း ဆောက်တည်စေခြင်း ဤစကားရပ်စုသည် တဖန်နောက်သပ် ပညတ် အပ်သော အနုပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ကာ အာဝုသော တတ္ထ ပရိပုဏ္ဏာပညတ္တိ။

ဝိဿဇ္ဇနာ။ ။ယော ပန ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ၊ သတ္ထဟာရကံဝါဿ ပရိယေသေယျ၊ မရဏာဝဏ္ဏံ ဝါ သံဝဏ္ဏေယျ၊ မရဏာယ ဝါ သမာဒပေယျ၊ အမ္ဘော ပုရိသ ကိံ တုယ္ဟိမိနာ ပါပကေန ဒုဇ္ဇီဝိတေန မတန္တေ ဇီဝိတာ သေယျောတိ ဣတိ စိတ္တမနော စိတ္တသင်္ကပ္ပေါ အနေကပရိယာယေန မရဏာဝဏ္ဏံဝါ သံဝဏ္ဏေယျ၊ မရဏာယ ဝါ သမာဒပေယျ၊ အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသောတိ အယံ ဘန္တေ တတ္ထ ပရိပုဏ္ဏာပညတ္တိ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ ဖြည့်စွက်ရန် သော်၎င်း၊ ပယ်ဖျက်ရန်သော်၎င်း၊ မရှိအောင်အပြည့်အစုံ ပညတ်အပ်သော ပရိပုဏ္ဏာပညတ် ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ ယောပနဘိက္ခု သဉ္စိစ္စ မနုဿ-ဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ အစရှိသော ပါဠိတို့ဖြင့်ပြအပ်သော "အကြင်ရဟန်း သည် လူဇာတ်ရှိသော သူကိုသတ်လိုသော ဝဓကစေတနာဖြင့်လှုံ့လှုပ်၍ ဇီဝိတိန္ဒြေမှ ချမြိငြားအံ့၊ သတ်မြိငြားအံ့၊ ထိုသူ့ကို သတ်စေကြောင်း သေစေကြောင်း အသက် ကို ဆောင်တတ်တဲ့ ဓါး လက်နက် စသည်ကိုမူလည်း သတ်၍ သေစေသော်.... ဖြတ်၍ ဖောက်ခဲ့၍ သေစေသော် ဟု ရည်ရွယ်၍ သူ၏အနီး၌ ချထားငြားအံ့၊

သေခြင်း၏ ကျေးဇူးစကားကိုမူလည်း ပြောကြားငြားအံ့၊ သဘို့ရန် အားပေး အားမြှောက် ဆောက်တည် စေငြားအံ့။ အားပေး အားမြှောက် ဆောက်တည် စေပုံမှာ။ အို....ဒဓချင်း ယောကျ်ား အို အမောင် သင့်အား ကျွန်ုပ်သို့ ယုတ်မာသော အောက်တန်း နောက်တန်းကျသော အသက်ရှည်ခြင်းဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ သင့်အား အသက် ရှင်၍ နေရခြင်းထက် သေရခြင်းက မြတ်ပါသည်၊ သင်သည် ကျွန်ုပ်ပြည်မှ စုတေခဲ့သည်ရှိသော် နတ်ရွာသုဂတိသို့ ရောက်ပါလိမ့်မည်၊ ထို နတ်ရွာ သုဂတိ၌ နတ်၌ ဖြစ်သော အာရုံငါးပါး ကာမတရားတို့ဖြင့် သင် မွေ့လျော် စံပယ်ရပါလိမ့်မည်။ ကျွန်ုပ်စသည်ဖြင့် တဘက်သား သေဘို့ရန် ဆန်းကြယ်သော စိတ်အကြံ ဆန်းကြယ်သော အလိုဖြင့် သေခြင်း၏ ကျေးဇူးစကားကို ချီးမွမ်း ပြောဆိုငြားအံ့၊ သေဘို့ရန် အားပေးအားမြှောက် ဆောက်တည် စေငြားအံ့၊ ကျွန်ုပ်သို့ ကိုယ်တိုင် သတ်သော ရဟန်း၊ သတ်၍ သေစေနိုင်သော ထာဝရလက်နက်ကို ချထားသော ရဟန်း၊ သူတတပါးကို သေဘို့ရန် ဆောက်တည်စေသော ရဟန်း၊ သေဘို့ရန် အားပေးအားမြှောက် ချီးမြှောက်သော ရဟန်း၊ ကျွန်ုရဟန်းအစုသည်လည်း ရှေးရဟန်းတို့ နည်းတူသာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်သည်” ဟူသော ကျွန်စကားအစု ကျွန်ပညတ်ချက် အစုသည် ဖြည့်စွက်ရန်မရှိ ပယ်ဖျက်ရန် မရှိသည့် အပြည့်အစုံ ပညတ်ပြီးဖြစ်သည့် ပရိပုဏ္ဏပညတ် ဖြစ်ပါသည် အရှင် ဘုရား။

ပုစ္ဆာ။ ။သဗ္ဗတ္ထပညတ္တိ နုခေါ အာဝုသောပဒေသပညတ္တိ နုခေါ။

ဝိဿဇ္ဇနာ။ ။သဗ္ဗတ္ထပညတ္တိ ဘန္တေ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်သည် အရပ်ဒေသတိုင်း၌ လိုက်နာ ကျင့်သုံးရသည့် သဗ္ဗတ္ထပညတ် ဖြစ်ပါသလော၊ သို့တည်းမဟုတ် အရပ် တစိတ်တဒေသ၌သာ လိုက်နာ ကျင့်သုံးရသည့် ပဒေသပညတ် ဖြစ်ပါသလော ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်သည် ပစ္စန္တိမ, မဇ္ဈိမ တည်းဟူသော အရပ်ဒေသ အလုံးစုံတို့၌ လိုက်နာကျင့်သုံး ဆောက်တည်ရသည့် သဗ္ဗတ္ထပညတ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သာဓာရဏပညတ္တိနုခေါ အာဝုသော အသာဓာရဏပညတ္တိ နုခေါ။

ဝိဿဇ္ဇနာ။ ။သာဓာရဏပညတ္တိ ဘန္တေ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်သည် ရဟန်း မိန်းမမျှားနှင့်လည်း သက်ဆိုင်သော သာဓာရဏပညတ် ဖြစ်ပါသလော။ သို့တည်းမဟုတ် ရဟန်း မိန်းမမျှားနှင့် မသက်ဆိုင်သော အသာဓာရဏပညတ်ဖြစ်ပါသလော ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်သည် ရဟန်းမိန်းမ တို့နှင့်လည်း သက်ဆိုင်သော သာဓာရဏ ပညတ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဧကတောပညတ္တိ နုခေါ အာဝုသော ဥဘတောပညတ္တိ နုခေါ။ ဝိဿဇ္ဇနာ။ ဥဘတောပညတ္တိ ဘန္တေ။

အမေး။ ။ထို တတိယပါရာဇိက သိက္ခာပုဒ်သည် ရဟန်းဟောကျိုး တဖက်တည်း အတွက်သာ ပညတ်သော ဧကတောပညတ် ဖြစ်ပါသလော၊ သို့တည်း မဟုတ် ရဟန်းယောကျိုး ရဟန်းမိန်းမ နှစ်ဖက်လုံး အတွက် ပညတ်သော ဥဘတောပညတ် ဖြစ်ပါသလော ငါ့ရှင်။

အဖြေ။ ။ထို တတိယပါရာဇိက သိက္ခာပုဒ်သည် ရဟန်းယောကျိုး ရဟန်းမိန်းမ နှစ်ဖက်လုံးအတွက် ပညတ်အပ်သော ဥဘတောပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တသ္မိံ အာဝုသော တတိယ ပါရာဇိကေ သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေန္တော ကတိ အာပတ္တိယော အာပဇ္ဇတိ။

ဝိဿဇ္ဇနာ။ ။သဉ္စိစ္စ ဘန္တေ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေန္တော တိဿော အာပတ္တိယော အာပဇ္ဇတိ၊ မနုဿံ ဩဒိဿ ပပါတံ ခဏတိ ပပတိတ္မာ မရိဿတီတိ အာပတ္တိ ဒုက္ကဋဿ၊ ပပတိတေ ဒုက္ခာ ဝေဒနာ ဥပ္ပဇ္ဇတိ အာပတ္တိ ထုလ္လစ္စယဿ၊ မရတိ အာပတ္တိ ပါရာဇိကဿ၊ သဉ္စိစ္စ ဘန္တေ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေန္တော ဣမာ တိဿော အာပတ္တိယော အာပဇ္ဇတိ။

အမေး။ ။ထို တတိယ ပါရာဇိက အာပတ်၌ သတ္တဝါ ဟူသော အမှတ်နှင့် တကွ သတ္တဝါမှန်းသိလျက် သတ်လိုသော စေတနာ သေစေလိုသော စေတနာဖြင့် သေစေ ဟု နှလုံးသွင်း၍ လုံ့လပြုလျက် လူဇာတ်ရှိသော သူကို ဇီဝိတိန္ဒြေမှ ချသော ရဟန်း, သတ်သော ရဟန်းသည် အဘယ်မျှသော အာပတ်များသို့ ရောက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သတ္တဝါ ဟူသော အမှတ်ရှိလျက် သေစေလိုသော စေတနာဖြင့် လုံ့လပြု၍ လူဇာတ်ရှိသော သူကို ဇီဝိတိန္ဒြေမှ ချသော သတ်ဖြတ်သော ရဟန်းသည် သုံးပါးကုန်သော အာပတ်တို့သို့ ရောက်နိုင်ပါသည်၊ ရောက်နိုင်ပုံမှာ....

(က) လူကို ရည်စူး၍ ဤတွင်းထဲ၌ ကျ၍ သေလတ္တံ ဟု နှလုံးသွင်းပြီးလျှင် တွင်းကို တူးသော ရဟန်းအား ထိုသို့ တွင်းတူးသောခဏ၌ တူးတိုင်း တူးတိုင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။

(ခ) ထို တွင်းထဲသို့ လူတယောက် ကျရောက်၍ ဒုက္ခဝေဒနာ ဖြစ်သော အခါ တွင်းတူးသော ရဟန်းအား ထုလ္လစ္စဉ်း အာပတ် သင့်ပါသည်။

(ဂ) ထို လူတွင်းထဲသို့ကျ၍ ထို လူ စုတေသောအခါ မူလ တွင်းတူးသော ရဟန်းအား ပါရာဇိက အာပတ် သင့်ပါသည်။

လူဇာတ်ဖြစ်သော သူကို သေစေလိုသော စေတနာဖြင့် သတ္တဝါဟူသော အမှတ်ရှိ၍ လုံလပြုပြီးလျှင် ဇီဝိတိန္ဒြေမှ ကျစေသော သဘ်ဖြတ်စေသော ရဟန်း အား ဤဆိုအပ်ခဲ့သည့်အတိုင်း ဒုက္ကဋ်အာပတ် ထုလ္လစ္စဉ်းအာပတ် ပါရာဇိက အာပတ် တည်းဟူသော အာပတ်သုံးပါး သင့်နိုင်ပါသည် အချင်ဘုရား။

ပုစ္ဆာ။ ။ကေသံ အာဝုသော အနာပတ္တိ၊

ဝိဿဇ္ဇနာ။ ။သတ္တန္နံ ဘန္တေ ပုဂ္ဂလာနံ အနာပတ္တိ၊ အသညိစ္စ မာရေန္တဿ၊ အဇာနန္တဿ၊ န မရဏာဓိပ္ပါယဿ၊ ဥမ္မတ္တကဿ၊ ခိတ္တစိတ္တဿ၊ ဝေဒနာဋ္ဋဿ၊ အာဒိကမ္မိကဿ။

အမေး။ ။အဘယ်သို့သော ပုဂ္ဂိုလ်တို့အား ထိုတတိယပါရာဇိက သိက္ခာပုဒ် အရ အာပတ်မသင့်ခြင်း အာပတ်မှ လွတ်ခြင်း ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အနာပတ္တိ အသညိစ္စ အစရှိသည်ဖြင့် မြတ်စွာဘုရား ဟောကြား အပ်ပါသောကြောင့် ဝဓက စေတနာ မရှိမူ၍ မတော်တဆ သတ်မိသောရဟန်း၊ သေလိမ့်မည် ဟူ၍ မသိဘဲ သတ်မိသော ရဟန်း၊ သေစေလိုသော အလိုဆန္ဒ မရှိဘဲ သတ်မိသော ရဟန်း၊ ရူးသွပ်သော ဥမ္မတ္တက ရဟန်း၊ စိတ်ဖောက်ပြန်သော ခိတ္တ စိတ္တ ရဟန်း၊ ဝေဒနာ အပြင်းအထန် နှိပ်စက်သဖြင့် ငန်းဖမ်းသော ဝေဒနာဋ္ဋ ရဟန်း၊ ဤအမှု ဤအကြောင်း ဝတ္ထုဝယ် အစ အဆုံး ဖြစ်သော ငါးရာသော သမ္မဟုလ ရဟန်းတို့ကဲ့သို့သော အာဒိကမ္မိက ရဟန်း ဤပုဂ္ဂိုလ် ခုနစ်မျိုးတို့အား အာပတ် မသင့်ခြင်း အာပတ်မှ လွတ်မြောက်ခြင်း ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ပဉ္စန္နံ အာဝုသော ပါတိမောက္ခုဒ္ဒေသာနံ ကတ္ထာဂမံ ကတ္ထ ပရိယာပန္နံ၊

ဝိဿဇ္ဇနာ။ ။နိဒါနောဂမံ ဘန္တေ နိဒါနပရိယာပန္နံ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်သည် ငါးပါးသော ပါတိမောက် ပြခြင်းတို့တွင် အဘယ် ဥဒ္ဒေသ၌ သက်၍ အဘယ်ဥဒ္ဒေသ၌ အကျုံးဝင်ပါ သနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်သည် ငါးပါးသော ပါတိမောက် ပြခြင်းတို့တွင် နိဒါန်း၌ သက်ဝင်၍ နိဒါန်း၌ အကျုံးဝင်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမေန အာဝုသော ဥဒ္ဒေသေန ဥဒ္ဒေသံ အာဂစ္ဆတိ။

ဝိဿဇ္ဇနာ။ ။ဒုတိယေန ဘန္တေ ဥဒ္ဒေသေန ဥဒ္ဒေသံ အာဂစ္ဆတိ။

အမေး။ ။ထို ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် ပါတိမောက္ခုဒ္ဒေသ ငါးမျိုးတို့တွင် အဘယ်ဥဒ္ဒေသဖြင့် အကျဉ်းပြခြင်း အကျဉ်းရွတ်ဆိုခြင်းသို့ ရောက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်သည် ပါရာဇိက သိက္ခာပုဒ် တို့ငှံ့ အကျဉ်းပြခြင်း အကျဉ်းရွတ်ဆိုခြင်း တည်းဟူသော နှစ်ခုမြောက် ဥဒ္ဒေသ ဖြင့် အကျဉ်းပြခြင်း အကျဉ်းရွတ်ဆိုခြင်းသို့ ရောက်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စတုန္နံ အာဝုသော ဝိပတ္တီနံ ကတမာ ဝိပတ္တိ။

ဝိဿဇ္ဇနာ။ ။သီလဝိပတ္တိ ဘန္တေ။

အမေး။ ။ထို တတိယ ပါရာဇိက အာပတ်သည်၊ ၁ သီလပျက်ခြင်း၊ ၂ အာ ကျင့်ပျက်ခြင်း၊ ၃ အယူပျက်ခြင်း၊ ၄ အသက်မွေးမှုပျက်ခြင်း ဟူသော ဤလေး ပါးသော ပျက်ခြင်းတို့တွင် အဘယ်ပျက်ခြင်း ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက အာပတ်သည် "စတ္တာရော ပါရာဇိကာ တေရသသံဃာဒိသေသာ အယံ သီလဝိပတ္တိ" ပါရာဇိက လေးပါး သံဃာဒိသိသ် တဆဲ့သုံးပါး ဤ အာပတ်များသည် သီလပျက်ခြင်း ဖြစ်သည် ဟု ဘုရားမြတ်စွာ ဟောကြားအပ်ပါသောကြောင့် လေးပါးသော ပျက်စီးခြင်းတို့တွင် သီလပျက်စီး ခြင်း ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သတ္တန္နံ အာဝုသော အာပတ္တိက္ခန္ဓာနံ ကတမော အာပတ္တိက္ခန္ဓော။

ဝိဿဇ္ဇနာ။ ။ပါရာဇိကာပတ္တိက္ခန္ဓော ဘန္တေ။

အမေး။ ။ထို တတိယ ပါရာဇိက အာပတ်သည် ခုနစ်ပါးသော အာပတ် အစုအပုံတို့တွင် အဘယ်အာပတ် အစု အပုံ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက အာပတ်သည် ခုနစ်ပါးသော အာပတ် အစု အပုံတို့တွင် ရှေးဦးစွာသော ပါရာဇိက အာပတ်အစု အပုံ ဖြစ်ပါသည် အရှင် ဘုရား။

ပုစ္ဆာ။ ။ဆန္နံ အာဝုသော အာပတ္တိသမုဋ္ဌာနာနံ ကတိဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ။

ဝိဿဇ္ဇနာ။ ။ဆန္နံ ဘန္တေ အာပတ္တိသမုဋ္ဌာနာနံ တီဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ၊ သိယာ ကာယတောစ စိတ္တတောစ သမုဋ္ဌာတိ၊ နှ

ဝါစတော၊ သိယာ ဝါစတောစ စိတ္တတောစ သမုဋ္ဌာတိ၊ နု ကာယတော၊ သိယာ ကာယတောစ ဝါစတောစ စိတ္တတောစ သမုဋ္ဌာတိ။

အမေး။ ။ထို တတိယ ပါရာဇိက အာပတ်သည် ခြောက်ပါးသော အာပတ် သင့်ကြောင်း အာပတ် ဖြစ်ပေါ်ကြောင်း သမုဋ္ဌာန်တို့တွင် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက အာပတ်သည် အာပတ် သင့်ကြောင်း အာပတ်ဖြစ်ကြောင်း ခြောက်ပါးသော သမုဋ္ဌာန်တို့တွင် သုံးပါးသော အကြောင်း သမုဋ္ဌာန်တို့ကြောင့် ဖြစ်နိုင် သင့်နိုင်ပါသည်။

ဖြစ်ပုံ သင့်ပုံမှာ—

(၁) သတ်လိုသော ဝဓက စေတနာ သတ္တဝါ ဟူသော သညာ ရှိပြီး မိမိ ကိုယ်တိုင် သတ်သော ရဟန်းအား ကာယ စိတ္တ သမုဋ္ဌာန်ကြောင့် ဖြစ်ပါသည်၊ ထိုအခါ ဝါစာသမုဋ္ဌာန်ကြောင့် မဖြစ်ပါ။

(၂) သတ်လိုသော စေတနာရှိ၍ သူတပါးအား တိုက်တွန်း စေခိုင်းသော ရဟန်းအား ဝါစာစိတ္တသမုဋ္ဌာန်ကြောင့် ဖြစ်ပါသည်၊ ထိုအခါ ကာယသမုဋ္ဌာန် ကြောင့် မဖြစ်ပါ။

(၃) သတ်လိုသော စေတနာရှိ၍ မိမိ ကိုယ်တိုင်လည်းသတ် သူတပါးကို လည်း ဝိုင်းဝန်း ကူညီ၍ သတ်ပါရန် နှုတ်ဖြင့် စေခိုင်းသော ရဟန်းအား ကာယ ဝါစာ စိတ္တသမုဋ္ဌာန် တည်းဟူသော အကြောင်း သမုဋ္ဌာန်ကြောင့် ဖြစ်ပါသည်။

ထို တတိယ ပါရာဇိက အာပတ်သည် ဤ ဆိုအပ်ပြီးသော ကာယစိတ္တ သမုဋ္ဌာန် ဝါစာစိတ္တသမုဋ္ဌာန် ကာယဝါစာစိတ္တသမုဋ္ဌာန် တည်းဟူသော သမုဋ္ဌာန် သုံးပါးကြောင့် ဖြစ်ပါသည် သင့်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စတုန္နံ အာဝုသော အဓိကရဏာနံ ကတမံ အဓိကရဏံ။

ဝိဿဇ္ဇနာ။ ။အာပတ္တာဓိကရဏံ ဘန္တေ။

အမေး။ ။ထို တတိယ ပါရာဇိက အာပတ်သည်၊ ၁ ငြင်းခုံမှု ဝိဝါဒါဓိကရဏ်း၊ ၂ စွပ်စွဲမှု အနုဝါဒါဓိကရဏ်း၊ ၃ အာပတ်သင့်မှု အာပတ္တာဓိကရဏ်း၊ ၄ ပြုလုပ်ဆောင်ရွက်ဖွယ်ကိစ္စ ဟူသော ကိစ္စာဓိကရဏ်းအားဖြင့် လေးပါးသော အဓိကရဏ်းတို့တွင် အဘယ် အဓိကရဏ်းဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက အာပတ်သည် အဓိကရဏ်း လေးပါးတို့ တွင် အာပတ္တာဓိကရဏ်း ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သတ္တန္နံ အာဝုသော သမထာနံ ကတိဟိ သမထေဟိ သမ္မတိ။

ဝိဿဇ္ဇနာ။ ။သတ္တာနံ ဘန္တေ သမထာနံ ဒ္ဝိဟိ သမထေဟိ သမ္မတိ၊ သမ္မုခါ ဝိနယေနစ ပဋိညာတကရဏေနစ။

အမေး။ ။ထို တတိယ ပါရာဇိက အာပတ်သည် အဓိကရဏ်း ငြိမ်းကြောင်း သမထ ခုနစ်ပါးတို့တွင် အဘယ်မျှသော သမထတို့ဖြင့် ငြိမ်းပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက အာပတ်သည် အဓိကရဏ်း ငြိမ်းကြောင်း သမထ ခုနစ်ပါးတို့တွင် အာပတ် သင့်သော ပုဂ္ဂိုလ်, ထို ပုဂ္ဂိုလ်လွန်ကျူးသော ဝတ္ထု မျက်မှောက်ဖြစ်ခြင်း တည်းဟူသော သမ္မုခါ ဝိနည်း၊ ထိုပုဂ္ဂိုလ်က လွန်ကျူးကြောင်း ဝန်ခံခြင်း တည်းဟူသော ပဋိညာတကရဏဝိနည်း ဤ နှစ်ပါးသော သမထတို့ဖြင့် ငြိမ်းပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကော တတ္ထ အာဝုသော ဝိနယော ကော တတ္ထ အာဘိဝိနယော။

ဝိဿဇ္ဇနာ။ ။ပညတ္တိ ဘန္တေ ဝိနယော ဝိဘတ္တိ အာဘိဝိနယော။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ အကျဉ်း ဝိနယကား အဘယ်ပါနည်း၊ အကျယ် အာဘိဝိနယကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ “ယောပန ဘိက္ခု အစ အသံဝါသော” တိုင်အောင်သော မာတိကာ ပုဒ်အစုသည် အကျဉ်း ဝိနယ ဖြစ်ပါသည်၊ “ယောပနာတိ ယောယာဒိသော” အစရှိသော ပဒဘာဇနီဝိဘင်းစကားရပ်စု သည်ကား အကျယ် အာဘိဝိနယ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကိံ အာဝုသော တတ္ထ ပါတိမောက္ခံ ကိံ အဓိပါတိမောက္ခံ။

ဝိဿဇ္ဇနာ။ ။ပညတ္တိ ဘန္တေ ပါတိမောက္ခံ ဝိဘတ္တိ အဓိပါတိမောက္ခံ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ အကျဉ်း ပါတိမောက်ကား အဘယ်ပါနည်း၊ အကျယ် အဓိပါတိမောက်ကား အဘယ်ပါနည်းငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ မာတိကာ ပါဠိတော် ဖြစ်သော ‘ယော ပန ဘိက္ခု အစ အသံဝါသော’ တိုင်အောင်သော စကားရပ်သည် ပါတိမောက် အကျဉ်း ဖြစ်ပါသည်၊ “ယော ပနာတိ ယောယာဒိသော” အစရှိသော ဝိဘင်္ဂရဝိဘင်း ပဒဘာဇနီသည်ကား အကျယ် အဓိပါတိမောက် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော ဝိပတ္တိ။

ဝိဿဇ္ဇနာ။ ။အသံဝရော ဘန္တေ ဝိပတ္တိ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ ပျက်စီးခြင်းကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ ကာယဒ္ဌရှ ဝစီဒ္ဌါရဝယ် မစောင့်စည်းခြင်း၊ ကာယဒ္ဌရှ ဝစီဒ္ဌါရ တည်းဟူသော တံခါးကြီး နှစ်ပေါက်မှ ပါဏာတိပါတ ဝဓက စေတနာ တည်းဟူသော အကုသိုလ်တို့ မဝင်ရောက်နိုင်အောင် သတိနှင့် မပိတ်ဆို့ မစောင့်ရှောက် မဟန့်တားခြင်းသည် ဝိပတ္တိ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော သမ္ပတ္တိ။

ဝိဿဇ္ဇနာ။ ။သံဝရော ဘန္တေ သမ္ပတ္တိ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ ပြည့်စုံခြင်းကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ ကာယဒ္ဌရှ ဝစီဒ္ဌါရ နှစ်ဌာနဝယ် စောင့်စည်းခြင်း၊ ကာယဒ္ဌရှ ဝစီဒ္ဌါရ တည်းဟူသော တံခါးကြီး နှစ်ပေါက်မှ ပါဏာတိပါတ တည်းဟူသော အကုသိုလ် ခိုးသားတို့ မဝင်ရောက်နိုင်အောင် သတိနှင့် စောင့်ရှောက် ပိတ်ဆို့ တားမြစ်ခြင်းသည် ပြည့်စုံခြင်း သမ္ပတ္တိ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော တတ္ထ ပဋိပတ္တိ။

ဝိဿဇ္ဇနာ။ ။နု ဝေရှုံ ကရိဿာမိတိ ယာဝဇီဝံ အာပါဏကောဋိကံ သမာဒါယ သိက္ခတိ သိက္ခာပဒေသု အယံ ဘန္တေ တတ္ထ ပဋိပတ္တိ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ အကျင့် ပဋိပတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ငါသည် ဤသို့ သဘောရှိသော ပါဏာတိပါတ သူ့အသက်သတ်ခြင်းမျိုးကို တိုက်ရိုက်သော်၎င်း သွယ်ဝိုက်၍သော်၎င်း ဘယ်တော့မှ မပြုတော့အံ့ဟု နှုတ်ဆုံးသွင်းပြီးလျှင်၊ သိက္ခာပုဒ်တော် တည်းဟူသော အသက်ဇီဝ ထင်ရှားရှိသမျှ ကာလပတ်လုံး သိက္ခာပုဒ်တော် တည်းဟူသော အသက် ကုန်ဆုံးသည် တိုင်အောင် မိမိစိတ်၌ သဒ္ဓါရွှေထား၍ ကောင်းစွာ ဆောက်တည်ပြီးလျှင်၊ မြတ်စွာဘုရား ပညတ်သော သိက္ခာစု သိက္ခာပုဒ်တို့၌ ရှိသေစွာ ကျင့်ကြံခြင်းသည် ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ အကျင့်ပဋိပတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတိ အာဝုသော အတ္ထဝသေ ပဋိစ္စ ဘဂဝတာ တတိယံ ပါရာဇိကံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဒသ ဘန္တေ အတ္ထဝသေ ပဋိစ္စ ဘဂဝတာ တတိယံ ပါရာဇိကံ ပညတ္တံ သံဃသုဋ္ဌုတာယ သံဃဖာသုတာယ (ပ) ဝိနယာနဂဟာယ။

အမေး။ ။အဘယ်မျှသော အကျိုးထူးတို့ကို ရည်ရွယ်မျော်လင့်၍ မြတ်စွာဘုရားသည်၊ ထို တတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။(၁) ကောင်းပါပေစွ၊ တင့်တယ်ပါပေစွ၊ သာသနာတော်ဝယ် လျောက်ပတ်ပါပေစွ၊ ဟု ချီးမွမ်း၍ သံဃာတော်တို့ ဝမ်းမြောက်ဝမ်းသာ လက်ခံခြင်းတည်းဟူသော "သံဃသုဋ္ဌု" အကျိုးတပါး။

(၂) ဤသိက္ခာပုဒ်တော် ပညတ်လိုက်ခြင်းအတွက် သံဃာတော် အစစ်တို့ မပင်မပန်း ချမ်းသာစွာ နေရခြင်း "သံဃဖာသု" အကျိုးတပါး။

(၃) သီလပျက်မှန်းသိလျက် ရှက်ရမှန်း မသိတတ် မျက်နှာပြောင် တိုက်တတ်သော အလဇ္ဇီ ဒုဿီလ ပါပ ရဟန်းတို့အား သိက္ခာပုဒ်ကို ပြခါ ပြခါ နှိပ်ကွပ်နိုင်ခြင်း တည်းဟူသော "ဒုမ္မင်္ကံ ပုဂ္ဂလာနံ နိဂ္ဂဟ" အကျိုးတပါး ။

(၄) စာမရှိသားသည် အမြီးဖျားကို ချစ်ခင်နှစ်သက်သကဲ့သို့၊ ချစ်ခင်အပ်သော သီလရှိသော လဇ္ဇီပေသလ သိက္ခာကာမဝင် သူတော်စင် အရှင်မြတ်တို့အား ချီးမြှောက်ခြင်း တည်းဟူသော "ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရ" အကျိုးတပါး။

(၅) မျက်မှောက် ဝတ္တမာန် ပစ္စုပ္ပန်၌ ဖြစ်သော ဘေးရန်တို့ကို တားမြစ်ပိတ်ပင်ခြင်း "ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရ" အကျိုးတပါး။

(၆) တမလွန် နောက်ဘဝ၌ ဖြစ်ပေါ်လတ္တံ့သော အပါယိက ဘေးရန်တို့ကို ပယ်ဖျောက်ခြင်း "သမ္ပရာယိကာနံအာသဝါနံပဋိဃာတ" အကျိုးတပါး။

(၇) သာဿနာတော်ဝယ် မကြည်ညိုသေးသောသူတို့ကို ကြည်ညိုစေခြင်း တည်းဟူသော "အပ္ပသန္နာနံ ပသာဒ" အကျိုးတပါး။

(၈) ကြည်ညိုပြီးသောသူတို့ကို အတိုင်းထက်အလွန် သဒ္ဓါတရားကိုပွါးစေနိုင်ခြင်း တည်းဟူသော "ပသန္နာနံ ဘိယျောဘာဝ" အကျိုးတပါး။

(၉) သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်၏ မတ်မတ်ခိုင်ကျည် အရှည်တည်တံ့ခြင်း တည်းဟူသော "သဒ္ဓမ္မဋ္ဌိတိ" အကျိုးတပါး။

(၁၀) ဝိနည်းတရားတော်ကို ချီးမြှောက်အားပေးခြင်း တည်းဟူသော "ဝိနယာနုဂ္ဂဟ" အကျိုးတပါး။

ဤဆယ်ပါးသော အကျိုးတရားတို့ကို ရည်ရွယ်မြှော်ကိုးတော်မူ၍ သဗ္ဗညူ မြတ်စွာဘုရားသည် ဤ တတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခန္တိ။

ဝိဿဇ္ဇနာ။ ။သေက္ခာစ ဘန္တေ ပုထုဇ္ဇနကလျာဏကာစ သိက္ခန္တိ။

အမေး။ ။အဘယ်ပုဂ္ဂိုလ်တို့သည် ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ ကျင့်ဆဲ ပုဂ္ဂိုလ်များ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သေက္ခအရိယာ ပုဂ္ဂိုလ် ခုနစ်ပါး၊ ကလျာဏပုထုဇ္ဇန်ပုဂ္ဂိုလ်၊ ဤ ပုဂ္ဂိုလ်တို့သည် ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ ပြည့်စုံအောင် ကျင့်နေဆဲ ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခိတသိက္ခာ။

ဝိဿဇ္ဇနာ။ ။အရဟန္တော ဘန္တေ သိက္ခိတသိက္ခာ။

အမေး။ ။အဘယ်ပုဂ္ဂိုလ်တို့သည် ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ အပြည့်အစုံ ကျင့်ပြီးသော သိက္ခာရှိသည့် ပုဂ္ဂိုလ်များဖြစ်ကြပါသနည်း ငါ့ရှင်။

အဖြေ။ ။ရဟန္တာ အရှင်သူမြတ်တို့သည် တတိယပါရာဇိက သိက္ခာပုဒ်အရ ပြီးဆုံးပြီး ကျင့်ပြီးသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတ္ထ အာဝုသော ဌိတံ။

ဝိဿဇ္ဇနာ။ ။သိက္ခာကာမေသု ဘန္တေ ဌိတံ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ် ဆိုင်ရာ အကျင့်သိလ သိက္ခာသည် အဘယ်ပုဂ္ဂိုလ်တို့၌ တည်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်ဆိုင်ရာ အကျင့်သိလ သိက္ခာသည် မြတ်စွာဘုရား၏ ရင်သွေးသည်းချာ ရှင်ရာဟုလာမင်းထေရ်မြတ်ကဲ့သို့ သိက္ခာသုံးပါးကို လိုလားတောင့်တတော်မူကြသော သိက္ခာကာမ သီလဝန္တ ဖြစ်ကြသည့် အရှင်သူမြတ်တို့၏ သန္တာန်၌ အဖန်ဖန်ကိန်းတည်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော ဓာရေန္တိ။

ဝိဿဇ္ဇနာ။ ။ယေသံ ဘန္တေ ဝတ္တတိ တေ ဓာရေန္တိ။

အမေး။ ။အဘယ်ပုဂ္ဂိုလ်တို့သည် ထို တတိယ ပါရာဇိက သိက္ခာပုဒ်ကို ဆောင်ထားပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ယခုအခါ ညီညာတပြေး စည်းဝေးနေတော်မူကြသော သံဂီတိကာရက မထေရ်သူမြတ်တို့ကဲ့သို့၊ နှုတ်ဝယ်ရအောင် ဆောင်၍ထားသော ပုဂ္ဂိုလ်တို့သည် ထို တတိယ ပါရာဇိက သိက္ခာပုဒ်ကို ဆောင်ခဲ့သော ပုဂ္ဂိုလ်တို့ဖြစ်ကြပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်သည် အဘယ်သူ၏စကား ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သဗ္ဗညုဉာဏ်ဖြင့် ဥယျာခံ တရားဝါးပါးတို့ကို ပိုင်းခြားကုန်စဉ် သိမြင်တော်မူသော မြတ်စွာဘုရား၏ စကားတော် စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္ပုရာယ ဘန္တေ အာဘတံ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်ကို အဘယ်သူသည် ဆောင်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်ကို ပဌမသံဂါယနာ တင်ရာကာလ အရှင်မဟာကဿပမထေရ် အရှင်ဥပါလိမထေရ် အရှင်အာနန္ဒာမထေရ်တို့မှ အစပြု၍၊ ဤ ယနေ့ ခုခါဝယ် ဆဋ္ဌသံဂါယနာတင်ရာကာလ သံဂီတိကာရက မထေရ်မြတ်တို့တိုင်အောင်၊ ထေရဝါဒီ အပြည်ပြည်ဆိုင်ရာ ဆရာတော် အစဉ်အဆက်ဆက်တို့ မပျောက်မပျက်ရအောင် စောင့်ရှောက်လာခဲ့ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိနုခေါ အာဝုသော တတ္ထ ကိဉ္စိ ဥပနေတဗ္ဗံ ဝါ အပနေတဗ္ဗံ ဝါ အကွရုပဒပစ္စာဘဋ္ဌံ ဝါ ဝိရဒ္ဓပဒဗျဉ္ဇနံ ဝါ။

ဝိဿဇ္ဇနာ။ ။နတ္ထိ ဘန္တေ။

အမေး။ ။ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌၊ ၁ ဖြည့်စွက်သင့်သောအရာ၊ ၂ ပယ်နှုတ်သင့်သောအရာ၊ ၃ အက္ခရာပုဒ်တို့ ရှေ့နောက်ပြန်နေလျက် ရှေ့လျော နေသောအရာ၊ ၄ မှားယွင်းနေသော ပုဒ် ဗျည်း ဟူသော ဤသို့ ချွတ်ယွင်းချက် တစုံတရာ ရှိပါသေးသလော ငါ့ရှင်။

အဖြေ။ ။ထို တတိယပါရာဇိက သိက္ခာပုဒ်၌ ပဌမသံဂါယနာ တင်ရာကာလ ဝယ် အရှင်မဟာကဿပ အရှင်ဥပါလိ အရှင်အာနန္ဒာ အရှင်အနုရုဒ္ဓါ အစရှိသော

ရဟန္တာ အရှင်သူမြတ်တို့ ဖြည့်အပ် ဖြည့်သင့်သောအရာ ပယ်အပ် ပယ်သင့်သော အရာတို့ကို ဖြည့်သွင်းပြီး ပယ်ဖျက်ပြီး ဖြစ်ပါသောကြောင့်၎င်း၊ ယခုအခါ တိုင်အောင် ဆရာတော် အစဉ်အဆက်ဆက်တို့သည် အက္ခရာပုဒ်တို့ ရွေ့နောက်ပြန်ခြင်း တည်းဟူသော အက္ခရာပဒပစ္စာဘဉ္ဇဒေါသ၊ အက္ခရာမှားယွင်းခြင်း တည်းဟူသော အက္ခရာဝိရဒ္ဓဒေါသ မရှိရလေအောင်၊ မူလဝိသောဓက ပိဋကဆက ဆရာတော် အရှင်သူမြတ်တို့သည်၎င်း၊ ပဋိဝိသောဓက ပိဋကဆက ဆရာတော် အရှင်သူမြတ်တို့သည်၎င်း၊ သြသာန သောဓေယျပတ္တ ပါဠိက ပိဋကဝိဒူ ဆရာတော် အရှင်သူမြတ်တို့သည်၎င်း၊ အကြိမ်ကြိမ်အဖန်ဖန် အပြန်ပြန်အထပ်ထပ် ဆိုင်ရာဆိုင်ရာ အဖွင့် သံဝဏ္ဏနာ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ အစရှိသည်တို့ဖြင့် ရွေ့နောက်နှိုင်းညှိကာ သုဓ်သင်ပြင်ဆင်ပြီးဖြစ်ပါသဖြင့် အက္ခရာပုဒ် ရွေ့ရောက် နောက်ပြန် ကမောက္ကမ အပြစ်ဒေါသသည်၎င်း၊ အက္ခရာပုဒ် ဗျည်းတို့ကို ချွတ်လွဲခြင်း တည်းဟူသော အက္ခရပဒဝိရဒ္ဓ အပြစ်သည်၎င်း၊ ထို တတိယ ပါရာဇိက သိက္ခာပုဒ်၌ မရှိဖြစ်ပါသည် အရှင်ဘုရား။

သံဂါယနတ္ထာယ သံဃသ ဉာပနံ

သုဏာတု မေ ဘန္တေ သင်္ဃော၊ အဟ ဘန္တေ အာယသ္မန္တ ဝစတ္တ-သာရာဘိဝံသံ တိပိဋကခရ ဓမ္မဘဏ္ဍာဂါရိကံ တတိယသ္မ ပါရာဇိကသ္မ နိဒါနမိ ပုဆ္ဆိ ံ၊ ပဂ္ဂလမိ ပုဆ္ဆိ ံ၊ ဝတ္ထုမိ ပုဆ္ဆိ ံ၊ ပညတ္တိမိ ပုဆ္ဆိ ံ၊ အနုပညတ္တိမိ ပုဆ္ဆိ ံ၊ အာပတ္တိမိ ပုဆ္ဆိ ံ၊ အနာပတ္တိမိ ပုဆ္ဆိ ံ၊ အညာနိပိ ဧဝရူပါနိ ပုဆ္ဆိ-တဗ္ဗဘာနာနိ အနေကာနိ ပုဆ္ဆိ ံ၊ ပုဋ္ဌော ပုဋ္ဌောစ သော အာယသ္မော ဝိစတ္တ-သာရာဘိဝံသော ဝိဿဇ္ဇေသိ၊ ဣတိဟိဒံ ဘန္တေ တတိယပါရာဇိကသိက္ခာပဒံ နိမ္မလံ သုပရိသုဒ္ဓံ တဿေဝ ဘဂဝတော ဝစနံ အရုဟတော သမ္မာသမ္ဗုဒ္ဓဿ၊ တသ္မာ ယထာ ပုရေ မဟာကဿပါဒယော မဟာထေရဝရာ ပေါရာဏ-သံဂီတိကာရာ ဗြဟ္မစရိယသဒ်ါတဿ ဗုဒ္ဓသာသနဿ စိရဋ္ဌိတိယာ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဓမ္မဝိနယံ သင််ဂါယိံသုစေဝ အနုသင််ဂါယိံသု၊ ဧဝမေဝ မယမ္ပိ ဒါနိ သဗ္ဗေဝ ဆဋ္ဌသံဂီတိမဟာဓမ္မသဘာဝရိယာဝန္နာ ဣဒံ တတိယပါရာဇိကသိက္ခာပဒံ ကေတော ဂဏာသဇ္ဈာယံ ကတ္ဝာ သမဂ္ဂါ သမ္မောဒမာနာ ဟုတ္ဝာ သံဂါယေယျာမ။

သံဂါယနာတင်ရန် သံဃာတော်အားသိစေခြင်း “သံဂါယနာညာတ်”

အရှင်ဘုရားတို့....သံဃာတော်သည် တပည့်တော် လျှောက်ထားသော စကားကို နားဆင်တော်မူစေလိုပါသည်၊ ဘုရားတပည့်တော်သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဖြစ်တဲ့ အရှင်ဝိစိတ္တာသာရကို တတိယ ပါရာ-

ဇိကသိက္ခာပုဒ်၏ ပညတ်ရာဌာနနိဒါန်းကိုလည်း မေးပြီးပါပြီ၊ လွန်ကျူးခဲ့သည့် အမှုသည် ပုဂ္ဂိုလ်ကိုလည်း မေးပြီးပါပြီ၊ အကြောင်းဝတ္ထု လွန်ကျူးမှုကိုလည်း မေးပြီးပါပြီ၊ မူလပညတ်ကိုလည်း မေးပြီးပါပြီ၊ နောက်ဆင့် ပညတ်တဲ့ အနုပညတ်ကိုလည်း မေးပြီးပါပြီ၊ အာပတ်သင့်ပုံကိုလည်း မေးပြီးပါပြီ၊ အာပတ်မသင့်ပုံ အာပတ်လွတ်ပုံကိုလည်း မေးပြီးပါပြီ၊ ထို့မှတပါး အခြားမေးသင့် မေးထိုက်သော အရာ များစွာတို့ကိုလည်း မေးပြီးပါပြီ၊ ထို အရှင်ဝိစိတ္တာသာရဘိဝံသ ကလည်း မေးတိုင်း မေးတိုင်းပင် ရှင်းလင်း ဖြေကြားခဲ့ပါပြီ၊ သို့ဖြစ်ပါ၍ ဤ တတိယ ပါရာဇိက သိက္ခာပုဒ်သည် အညစ်အကြေးကင်းလျက် ကောင်းကောင်းကြီး သန့်ရှင်းစင်ကြယ်နေပါပြီ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျံ တရားငါးပါးတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော ထို့မြတ်စွာဘုရားသခင်၏ ဟောကြားတော်မူခဲ့ရင်း ပညတ်တော်မူခဲ့ရင်း စကားတော် အစစ်အမှန်ပင် ဖြစ်ပါသည် အရှင်ဘုရားတို့။

သို့ဖြစ်ပါ၍ ရှေးအခါကာလက အနှစ်ပေါင်း ၂၅၀၀ အတွင်း၌ အရှင်မဟာကဿပ အစရှိသော ရှေးသံဃိယနာတင် မဟာထေရ်မြတ်တို့သည် မဂ္ဂင်ရှစ်ပါးမြတ်သော အကျင့်တရားတည်းဟူသော ဗုဒ္ဓသာသနာတော်ကြီး ရှည်မြင့်စွာတည်တံ့စေခြင်းငှါ၊ များစွာသော လူအပေါင်း၏ အကျိုးစီးပွါး ထွန်းကားစေခြင်းငှါ၊ လောကကို စောင့်ရှောက်ခြင်းငှါ၊ နတ်လူ အများတို့၏ အကျိုးစီးပွါး ချမ်းသာဖြစ်ထွန်းစေခြင်းငှါ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သုတ် အဘိဓမ္မာ ဝိနည်းတည်းဟူသော ဓမ္မဝိနယ တရားတော်မြတ်ကို၊ ပဌမ စ၍လည်း သံဃိယနာတင်ခဲ့ကြပါကုန်ပြီ၊ ဒုတိယ တတိယ စတုတ္ထ ပဉ္စမအကြိမ်တိုင်အောင် နောက်ဆင့်၍လည်း လေးကြိမ်တိုင်တိုင် အနုသံဃိယနာ တင်ခဲ့ကြပါကုန်ပြီ၊ ဤအတူပင် သာသနာတော် သက္ကရာဇ် ၂၄၉၈ ခု မြောက် ဖြစ်သော ယခုအခါကာလ၌လည်း ဤဆဋ္ဌသံဃိယနာ မဟာဓမ္မသဘင်ကြီး၌ ပါဝင်လျက် ရှိကြသော ထေရ, နဝ, မဇ္ဈိမ ဖြစ်ကြသည့် ဘုရားတပည့်တော်တို့ အားလုံးသည် ဤ တတိယ ပါရာဇိက သိက္ခာပုဒ်တော်ကို တပေါင်းတည်း ရွတ်ဆိုခြင်း ဂဏသဇ္ဈာယကို ပြုကြ၍ ညီညီညာညာ ဝမ်းမြောက် ဝမ်းသာနှင့် သံဃိယနာတင်ကြပါကုန်စို့.....သတ်တော်ရှည် အရှင်ဘုရားတို့။

တတိယ ပါရာဇိက သိက္ခာပုဒ် အမေးအဖြေ ပြီး၏။

စတုဋ္ဌ ပါရာဇိက သိက္ခာပုဒ် အဖေးအဖြေ

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ ဇာနတာ ပဿတာ။ပ။ သမ္မာသမ္မုဒ္ဓေန စတုတ္ထံ ပါရာဇိကံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘဒ္ဒေ္ဓ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသည် အကြင် စတုတ္ထပါရာဇိက သိက္ခာပုဒ်ကို ပညတ်ထားတော်မူခဲ့ပေ၏၊ ထို စတုတ္ထပါရာဇိက သိက္ခာပုဒ်ကို ဘယ်မြို့ဒေသ ဘယ်ဌာနဌ်ဉ ပညတ်တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဂဂ္ဂုမုဒါတီရိယေ ဘဒ္ဒေ ဘိက္ခု အာရဗ္ဘ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထိုစတုတ္ထပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝဂ္ဂုမုဒါမြစ်ကမ်းနားဌ် နေကြကုန်သော များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ထိုစတုတ္ထပါရာဇိက သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်အပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကိသ္မိံ အာဝုသော ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဝဂ္ဂုမုဒါတီရိယာ ဘဒ္ဒေ ဘိက္ခု။ ဂိဟီနံ အညမညဿ ဥတ္တရိ-
မနုဿဓမ္မဿ ဝဏ္ဏံ ဘာသိံသု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်အကြောင်းဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို စတုတ္ထပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝဂ္ဂုမုဒါမြစ်ကမ်းနားဌ် နေကြကုန်သော ရဟန်းတို့သည် အသက်မွေးမှု အာဇီဝကျပ်တည်းမှု ဟူသော အကြောင်းကြောင့် “ဤမည် ဤမည်သော ရဟန်းသည် ပဌမစျာန်ကို ရသော ရဟန်းပါတည်း၊ ဤမည် ဤမည်သော ရဟန်းသည် ဒုတိယစျာန်ကို ရသော ရဟန်းပါတည်း၊ ဤမည် ဤမည်သော ရဟန်းသည် တတိယစျာန်ကို ရသော ရဟန်းပါတည်း၊ ဤမည် ဤမည်သော ရဟန်းသည် စတုတ္ထစျာန်ကို ရသော ရဟန်းပါတည်း၊ ဤမည် ဤမည်သော ရဟန်းသည် သောတာပန် ရဟန်းပါတည်း၊ ဤမည် ဤမည်သော ရဟန်းသည် သကဒါဂါမ်

ရဟန်းပါတည်း။ ဤမည် ဤမည်သော ရဟန်းသည် အနာဂါမ် ရဟန်းပါတည်း၊ ဤမည် ဤမည်သော ရဟန်းသည် ရဟန္တာပါတည်း၊ ဤမည် ဤမည်သော ရဟန်းသည် တေဝိဇ္ဇအရှင်တည်း၊ ဤမည် ဤမည်သော ရဟန်းသည် အဘိညာဏ်ခြောက်ပါးနှင့် ပြည့်စုံသော ဆဠာဘိည အရှင်သူမြတ်တည်း" ဟူ၍ လူတို့၏ အထံ၌ အချင်းချင်း တပါးသည် တပါး၏ ဥတ္တရိမနုဿဓမ္မ အမည်ရသော စျာနလာဘီ အရိယာသခင် ပုဂ္ဂိုလ်အရှင်တို့၏ ဥစ္စာဖြစ်သော စျာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူး စကားကို ပြောကြပါကုန်သည်၊ ထိုဝဂ္ဂုမုဒါ မြစ်ကမ်းနားဌာ နေကုန်သော ရဟန်းတို့၏ စျာန်မဂ်ဖိုလ်တရားကို ဝါကြွားပလွှားလျှက် ပြောကြားသော အဲကြောင်းဝတ္ထုကြောင့် စတုတ္ထပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ အာဝုသော တတ္ထ ပညတ္တိ အနုပညတ္တိ အနုပ္ပန္နပညတ္တိ။

ဝိဿဇ္ဇနာ။ ။ကော ဘန္တေ ပညတ္တိ ကော အနုပညတ္တိ အနုပ္ပန္နပညတ္တိ တသ္မိံ နတ္ထိ။

အမေး။ ။ထို စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ ၁ ရှေးဦးစွာ ပညတ်ချက်မူလပညတ်၊ ၂ နောက်ထပ်ပညတ်ချက် အနုပညတ်၊ ၃ အကြောင်းဝတ္ထုမပေါ်မီကပင် ကြိုတင်၍ ပညတ်ချက် အနုပ္ပန္နပညတ် ဟူ၍ ဤပညတ်သုံးမျိုးလုံးပင် အစုံအလင် ရှိပါသလော ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ ၁ ရှေးဦးစွာ ပညတ်ချက်မူလပညတ်တပါး၊ ၂ တဖန် နောက်ထပ် ပညတ်ချက် အနုပညတ်တပါး၊ ၃ ဤသို့အားဖြင့် နှစ်မျိုးနှစ်စားသာ ရှိပါသည်။ အကြောင်းဝတ္ထုမပေါ်မီက ကြိုတင်ပညတ်ချက် အနုပ္ပန္နပညတ်ကား ထိုစတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ မရှိဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမာ အာဝုသော တတ္ထ မူလပညတ္တိ။

ဝိဿဇ္ဇနာ။ ။ယော ပန ဘိက္ခု အနဘိဇာနံ ဥတ္တရိမနုဿဓမ္မံ အတ္တုပနာယိကံ အလမရိယဉာဏဒဿနံ သမုဒါစရေယျ၊ ဣတိဇာနာမိ ဣတိပဿာမီတိ၊ တတော အပရေန သမယေန သမနုဂ္ဂါဟီယမာနော၀ါ အသမနုဂ္ဂါဟီယ မာနော၀ါ အာပန္နော ဝိသုဒ္ဓါပေက္ခော ဧဝံ ဝဒေယျ အဇာနမေဝံ အာဝုသော အဝစံ ဇာနာမိ အပဿံ ပဿာမိ တုစ္ဆံ မုသာဝိလပိန္တိ အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသောတိ အယံ ဘန္တေ တတ္ထ မူလပညတ္တိ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ ရှေးဦးစွာ ပညတ်အပ်သော မူလပညတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ အကြင်ရဟန်းသည် မြတ်သော အရိယာဉာဏ်အမြင်ကို ဖြစ်စေတတ်သော မြတ်သော စျာနလာဘီ အရိယာသဓင် တို့၏ ဥစ္စာဖြစ်သော စျာန်မဂ်ဖိုလ်တရားကို မိမိ မသိဘဲ မရဘဲ မိမိကိုယ်သို့ ဆောင်၍ ဝါကြွား ပလ္ပားရှ ပြောကြားငြားအံ့၊ “ဤမည် ဤမည်သော အကြောင်းကြောင့် သိပါသည်၊ ဤမည် ဤမည်သော အကြောင်းကြောင့် မြင်ပါသည်” ဟု ဤသို့ ဝါကြွားပလ္ပား ပြောကြားသည်မှ နောက်ကာလ၌ ဝိနည်းဓိုရ် အရှင်သူမြတ်တို့ မေးစိစစ်အပ်၍ ဖြစ်စေ၊ ဝိနည်းဓိုရ် အရှင်သူမြတ်တို့ မမေးစိစစ်အပ်ဘဲ ဖြစ်စေ၊ အာပတ်သင့်ပြီးသော ထို အာပတ်မှ စင်ကြယ်ခြင်းကို အလိုရှိသော ရဟန်းသည် ဤသို့ ပြောဆိုပြန်ရာ၏။ “ငါ့ရှင်တို့....ငါသည် မသိမမြင်ပါဘဲလျက် ဤသို့သော အကြောင်းကြောင့် သိပါသည်၊ ဤသို့သော အကြောင်းကြောင့် မြင်ပါသည် ဟု အချည်းနှီးသော ချွတ်ယွင်းသော စကားကို ပြောကြားမိပြီ” ဟူ၍ ပြောဆိုပြန်ရာ၏၊ ဤရဟန်းသည်လည်း ရှေးဆိုအပ်ပြီးသော ရဟန်းတို့နည်းတူ သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်သည် ဟူ၍ ဟောဖော်ပညတ်ချက်သည် မူလပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမာ အာဝုသော တတ္ထ အနုပညတ္တိ။

ဝိဿဇ္ဇနာ။ ။အညတြ အဓိမာနာတိ အယံ ဘန္တေ တတ္ထ အနုပညတ္တိ။

အမေး။ ။ထို စတုတ္ထပါရာဇိကသိက္ခာပုဒ်၌ နောက်ထပ်ဆင့်၍ ပညတ်သော အနုပညတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ ဝေသာလီပြည်ဝယ် များစွာသော ရဟန်းတို့သည် မမြင်အပ် မရအပ် မျက်မှောက်မပြုအပ် မသိအပ်သော စျာန်မဂ်ဖိုလ်တရားတို့ကို မြင်သည် ရသည် မျက်မှောက်ပြုအပ်သည် သိသည် ဟု အမှတ်ရှိကြကုန်သည်ဖြစ်၍ စျာန်မဂ်ဖိုလ်တရားကို ပြောကြားမိပြီးသည်မှ နောက်ကာလဝယ် ဝိပဿီသာရ နှလုံး မသာမယာ ဖြစ်ကြလေသဖြင့် အရှင်အာနန္ဒာမှ တဆင့် မြတ်စွာဘုရားသို့ လျှောက်ထားသော အကြောင်းဝတ္ထုဝယ်—

ဟောန္တိ ယေ တေ အာနန္ဒ ဘိက္ခူ။ အဒိဋ္ဌေ ဒိဋ္ဌသညိနော အပတ္တေ ပတ္တ-သညိနော အနဓိဂတေ အဓိဂတသညိနော အဿစ္ဆိကတေ သစ္ဆိကတသညိ-နော အဓိမာနေန အညံ ဗျာကရောန္တိ၊ တဉ္စ ခေါ ဧတံ အဗ္ဘောဟာရိကံ။

ချစ်သား အာနန္ဒာ....ဤသာသနာတော်ဝယ် မိမိတို့ မမြင်အပ် မသိအပ် မျက်မှောက်မပြုအပ် မရောက်အပ်သေးသော စျာန်မဂ်ဖိုလ်တရား၌ မြင်သည် သိသည် မျက်မှောက်ပြုအပ်သည် ရောက်အပ်သည် ဟု အမှတ်ရှိကြသည်ဖြစ်၍ ရပြီဟူသော အမှတ် အဓိမာနဖြင့် စျာန်မဂ်ဖိုလ်တရားကို စိတ်ကောင်း သမာဆန္ဒဖြင့်

ပြောကြားသော အမျိုးကောင်းသား ရဟန်းတော်တို့သည် ရှိကြပါပေသည်၊ သို့သော် ထိုသို့ ရပြီ သိပြီဟူ၍ အမှတ်ရှိပြီးလျှင် ကောင်းမြတ်သော စိတ်ဖြင့် စျာန်မဂ်ဖိုလ်တရားကို ပြောကြားခြင်းကား အာပတ်သင့်ခြင်း၏ အကြောင်းအင်္ဂါဟူ၍၊ မခေါ်ဝေါ်လောက် ဖြစ်သည်ဟု ဤသို့ မိန့်တော်မူပြီးလျှင် 'အညတြအဓိမာနာ' စျာန်မဂ်ဖိုလ်တရားကို ရသည် သိသည် မျက်မှောက်ပြုသည် ဟူ၍ ထင်မှတ်ပြောဆိုသော ရဟန်းတို့ကို ချန်ထား၍ မရဘဲ မသိဘဲ မရမှန်း မသိမှန်း သိလျက်နှင့် သက်သက်မဲ့ အလိုဆိုးဖြင့် ပြောဆိုသော ရဟန်းတို့အား အာပတ် သင့်စေဟု တဖန် နောက်ထပ်ပညတ်ချက်သည် အနုပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမာ အာဝုသော တတ္ထ ပရိပုဏ္ဏာပညတ္တိ။

ဝိဿဇ္ဇနာ။ ။ယောပန ဘိက္ခု အနဘိဇာနံ ဥတ္တရိမနုဿဓမ္မံ အတ္တူပနာယိကံ အလမရိယဉာဏဒဿနံ သမုဒါစရေယျ၊ ဣတိ ဇာနာမိ ဣတိ ပဿာမီတိ၊ တတော အပရေန သမယေန သမနုဂ္ဂါဟီယမာနော၀ါ အသမနုဂ္ဂါဟီယမာနော၀ါ အာပန္နော ဝိသုဒ္ဓါပေက္ခော ဧဝံ ဝဒေယျ အဇာနမေဝံ အာဝုသော အ၀စံဇာနာမိ အပဿံ ပဿာမိ တုစ္ဆံ မုသာ ဝိလပိန္တိ၊ အညတြ အဓိမာနာ အယမ္ပိ ပါရာဇိကော ဟောတိ အသံ၀ါသော၀တိ အယံ ဘန္တေ တတ္ထ ပရိပုဏ္ဏာပညတ္တိ။

အမေး။ ။ထို စတုတ္ထပါရာဇိကသိက္ခာပုဒ်၌ ဖြည့်စွက်ရန် ပယ်ဖျက်ရန် မရှိသော အပြည့်အစုံပညတ်ချက် ပရိပုဏ္ဏ ပညတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိကသိက္ခာပုဒ်၌ အသစ်တဖန် ဖြည့်စွက်ရန် သော်၎င်း ပယ်ဖျက်ရန်သော်၎င်း မရှိ၊ အပြည့်အစုံ ပညတ်အပ်သော ပရိပုဏ္ဏပညတ်ဟူသည်မှာ....စျာန် မဂ် ဖိုလ်တရားကို ရသည် သိသည် ရောက်သည်ဟု အမှတ်ရှိသဖြင့် ရိုးသားစွာ ပြောဆိုသည်ကို ချန်ထား၍ အကြင်ရဟန်းသည် မိမိမရဘဲ မသိဘဲ စျာနလာဘီ အရိယာသခင်တို့၏ ဥစ္စာဖြစ်သော စျာန်မဂ်ဖိုလ်တရားကို မိမိသို့ ကပ်၍ ဆောင်သည်ကို ပြုပြီးလျှင် ဤမည် ဤမည်သော အကြောင်းဖြင့် စျာန် မဂ် ဖိုလ်တရားကို ငါသိ၏၊ ဤမည် ဤမည်သောအကြောင်း ဤပုံ ဤအခြင်းအရာဖြင့် စျာန် မဂ် ဖိုလ်တရားကို ငါမြင်၏ဟု ပြောဆိုခြင်းအံ့၊ ထိုသို့ ပြောဆိုပြီးသည်မှ နောက်ကာလ၌ ဝိနည်းဓိရပုဂ္ဂိုလ် အရှင်သူမြတ်တို့က မေးစိစစ်အပ်သော်၎င်း မမေးစိစစ်အပ်ဘဲသော်၎င်း အာပတ်သင့်ပြီး၍ ထိုအာပတ်မှ လွတ်လိုသော ရဟန်းသည် ငါ့ရှင်တို့....ငါသည် မရဘဲ မသိဘဲ ဤပုံ ဤပန်း ဤနည်းဖြင့် ရသည် သိသည် မြင်သည် ဟူ၍ ချုတ်ယွင်းသော အကျိုးမရှိသော အချည်းနှီးသော စကားကို ပြောဆို မိပြီဟု ပြောဆိုလေပြန်ရာ၏၊ ထိုရဟန်းသည်လည်း ထိုသို့ ဥတ္တရိမနုဿဓမ္မ အမည်

ရသည့် စျာန် မင် ဖိုလ်တရားကို မရဘဲ မသိဘဲ ဝါကြွား ပ လှဘား ပြောကြားသော ရဟန်းသည်လည်း ရှေးရဟန်းတို့ နည်းတူ သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်သည်ဟူ၍ အပြည့်အစုံ ပညတ်ခြင်းသည် ပရိပုဏ္ဏပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သဗ္ဗတ္ထပညတ္တိ နုခေါ အာဝုသော ပဒေသပညတ္တိ နုခေါ။
ဝိဿဇ္ဇနာ။ ။သဗ္ဗတ္ထပညတ္တိ ဘန္တေ။

အမေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည် အရပ်ဒေသတိုင်း၌ လိုက်နာကျင့်သုံးရသည့် သဗ္ဗတ္ထပညတ် ဖြစ်ပါသလော၊ သို့တည်းမဟုတ် အရပ်တစိတ်တဒေသ၌သာ လိုက်နာ ကျင့်သုံးရသည့် ပဒေသ ပညတ် ဖြစ်ပါသလော ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည် ပစ္စန္တရစ် အရပ်၌ဌင်း မဇ္ဈိမ တိုက်၌ဌင်း အလုံးစုံသော အရပ်ဒေသတို့၌ လိုက်နာကျင့်သုံးရသည့် သဗ္ဗတ္ထ ပညတ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သာဓာရဏာပညတ္တိ နုခေါ အာဝုသော အသာဓာရဏာပညတ္တိ-
နုခေါ။
ဝိဿဇ္ဇနာ။ ။သာဓာရဏာပညတ္တိ ဘန္တေ။

အမေး။ ။ထို စတုတ္ထပါရာဇိကသိက္ခာပုဒ်သည် ရဟန်းမိန်းမတို့နှင့်လည်း သက်ဆိုင်သော သာဓာရဏ ပညတ်ဖြစ်ပါသလော၊ သို့တည်းမဟုတ် ရဟန်းမိန်းမတို့နှင့် မသက်ဆိုင်သော အသာဓာရဏ ပညတ် ဖြစ်ပါသလော ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည် ရဟန်းမိန်းမတို့နှင့်လည်း သက်ဆိုင်သည့် သာဓာရဏာပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေတောပညတ္တိ နုခေါ အာဝုသော ဥဘတော ပညတ္တိ နုခေါ။
ဝိဿဇ္ဇနာ။ ။ဥဘတောပညတ္တိ ဘန္တေ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည် ရဟန်းယောကျ်ားတဖက်တည်း အတွက်သာ ပညတ်အပ်သော ကေတော ပညတ်ဖြစ်ပါသလော၊ သို့တည်းမဟုတ် ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ဘက်စလုံးအတွက် ပညတ်အပ်သော ဥဘတောပညတ် ဖြစ်ပါသလော ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည် ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ဖက်စလုံး လိုက်နာကျင့်ကြံဘို့ရန် ပညတ်အပ်သော ဥဘတော ပညတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တသ္မိံ အာဝုသော စတုတ္ထ ပါရာဇိကေ အသန္တံ အဘူတံ ဥတ္တရိ-မနုဿဓမ္မံ ဥလ္လပန္တော ကတိ အာပတ္တိယော အာပဇ္ဇတိ၊ ဝိဘင်္ဂတ္ဝာ ဝိဿဇ္ဇေဟိ။

ဝိဿဇ္ဇနာ။ ။တသ္မိံ ဘန္တေ စတုတ္ထပါရာဇိကေ အသန္တံ အဘူတံ ဥတ္တရိ-မနုဿဓမ္မံ ဥလ္လပန္တော တိသော အာပတ္တိယော အာပဇ္ဇတိ၊ အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ အာပတ္တိပါရာဇိကဿ၊ ယော တေ ဝိဟာရေ ဝသတိ သော ဘိက္ခု အရဟာတိ ဘဏ္ဍတိ ပဋိဝိဇာနန္တဿ အာပတ္တိ ထုလ္လစ္စယဿ၊ အပ္ပဋိဝိဇာနန္တဿ အာပတ္တိ ဒုက္ကဋဿ၊ ဥတ္တရိမနုဿဓမ္မံ ဘန္တေ ဥလ္လပန္တော ဣမာ တိသော အာပတ္တိယော အာပဇ္ဇတိ။

အမေး။ ။ထိုစတုတ္ထ ပါရာဇိက သိက္ခာပုဒ်အရာ၌ မိမိသန္တာန်၌ ထင်ရှား မရှိသော မိမိသန္တာန်၌ ဘယ်သော အခါကမျှ မဖြစ်ဘူး၍ မဟုတ်မမှန်သော စျာန်ရပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့နှင့်သာ သက်ဆိုင်သော စျာန် မဂ် ဖိုလ် တရားထူး ကို မရပါဘဲ မသိပါဘဲလျက် ရသည် သိသည် ဟု ငါကြွား ပလ္ပား၍ ပြောဆိုသော ရဟန်းသည် အဘယ်မျှသော အာပတ်တို့သို့ ရောက်ပါသနည်း သင့်ပါသနည်း ခဲခြား၍ ဖြေကြားပါလော့ ငါရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိကအရာ၌ မိမိသန္တာန်ဝယ် ယခုပစ္စုပ္ပန် ဝတ္တမာန်အားဖြင့် ထင်ရှားလည်း မရှိသော အတိတ်ကာလဝယ် တရံတခါမျှ မိမိ သန္တာန်၌မဖြစ်ဘူး၍ ဟုတ်လည်း မဟုတ်သော မြတ်သော စျာနလာဘီ အရိယာ သခင်တို့၏သာ ဥစ္စာဖြစ်သော စျာန်မဂ်ဖိုလ်တရားကို မိမိမရဘဲ မသိဘဲ မရောက်ဘဲ မျက်မှောက်မပြုရဘဲ၊ ရလေယောင် သိလေယောင် ရောက်လေယောင် မျက်မှောက်ပြုလေယောင် ဟန်ဆောင် ငါကြွားပလ္ပားပြောကြားသော ရဟန်းသည် သုံးမျိုးသော အာပတ်တို့သို့ ရောက်နိုင်ပါသည်၊ သင့်နိုင်ပါသည်။

ရောက်နိုင်ပုံ သင့်နိုင်ပုံကား၊ မိမိသန္တာန်ဝယ် ပစ္စုပ္ပန်အားဖြင့် ထင်ရှားလည်း မရှိပါသော အတိတ်ကာလဝယ် တရံတခါမျှ မဖြစ်ဘူးသဖြင့် ဟုတ်လည်း မဟုတ်သော မြတ်သော စျာန်ရပုဂ္ဂိုလ် မြတ်သော အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော စျာန်မဂ်ဖိုလ်တရားကို တိုက်ရိုက် တည့်တိုး (ဒဲ့ဒိုး) ငါရ၏ ငါသိ၏ဟု ဝါကြွား ပလ္ပား ပြောကြားသော ရဟန်းအား ပါရာဇိကအာပတ်သင့်ပါသည်။

ထို ကဲ့သို့ တိုက်ရိုက် တည့်တိုး (ဒဲ့ဒိုး) ပြောကြားခြင်း မဟုတ်ဘဲ၊ ကျောင်း ဒကာ ကျောင်းအမတို့၏ထံ၌ အကြင်ရဟန်းသည် သင်တို့၏ ကျောင်း၌ နေ၏၊ ထို သင်တို့၏ ကျောင်း၌နေသော ရဟန်းသည် ရဟန္တာပါပေတည်း၊ အနာဂါမ် ပုဂ္ဂိုလ်ပါပေတည်း၊ သကဒါဂါမ် ပုဂ္ဂိုလ်ပါပေတည်း၊ သောတာပန် ပုဂ္ဂိုလ်ပါပေ

တည်း၊ စတုတ္ထစျာန်ရ ပုဂ္ဂိုလ်ပါပေတည်း၊ တတိယစျာန်ရ ပုဂ္ဂိုလ်ပါဖေတည်း၊ ဒုတိယစျာန်ရ ပုဂ္ဂိုလ်ပါပေတည်း၊ ပဌမစျာန်ရ ပုဂ္ဂိုလ်ပါပေတည်း စသည်ဖြင့် သူတပါးအား ပြောကြားလေယောင် အညပဒေသ နည်းအားဖြင့် ဝါကြွား ပလ္ပား ပြောကြားခဲ့သည်ရှိသော် ထိုစကားကို နာယူသော ကျောင်းဒကာ ကျောင်းအမတို့က ငါတို့ဆရာတော်သည် မိမိကိုယ်ကို ပြောကြားတာဘဲ ဟူ၍ ထင်ရှားစွာ သိရှိပါမူကား ထုလ္လစ္စည်းအာပတ် သင့်ပါသည်၊ ထိုကဲ့သို့ မသိပါမူကား ဒုက္ကဋ်အာပတ် သင့်ပါသည်။

ဤသို့လျှင် မိမိသန္တာန်၌ ပစ္စုပ္ပန်အားဖြင့် ထင်ရှားမရှိသော အတိတ်အခါက တရုံတခါမျှ မဖြစ်ဘူးသဖြင့် ဟုတ်လည်း မဟုတ်သော မြတ်သော စျာနလာဘီ အရိယာသဒ္ဓါ အရှင်တို့၏ ဥစ္စာဖြစ်သော စျာန်မဂ်ဖိုလ်တရားကို မရဘဲ မသိဘဲ မရောက်ဘဲ မျှတ်မှောက်မပြုရဘဲ ရုယောင် သိယောင် ရောက်ယောင် မျက်မှောက်ပြုရယောင် ဟန်ဆောင်ဝါကြွား ပလ္ပားရ၍ ပြောကြားသော ရဟန်းသည် ဆိုအပ်ခဲ့ပြီးသော ပါရာဇိကအာပတ် ထုလ္လစ္စယအာပတ် ဒုက္ကဋ်အာပတ် ဤသုံးမျိုးသော အာပတ်တို့သို့ ရောက်နိုင် သင့်နိုင်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေသံ အာဝုသော အနာပတ္တိ။

ဝိဿဇ္ဇနာ။ ။ဆန္နံ ဘဒ္ဒန္တ ပုဂ္ဂလာနံ အနာပတ္တိ အဓိမာနေန ဘဏန္တဿ အနုလ္လပနာဓိပ္ပါယဿ ဥမ္မတ္တကဿ ခိတ္တစိတ္တဿ ဝေဒနာဋ္ဋဿ အာဒိကမ္မိကဿ။

အမေး။ ။စျာန် မဂ်ဖိုလ် တရားကို မရပါဘဲလျက် ရ၏ဟု ပြောမိ ဆိုမိသော်လည်း အဘယ်သို့သော ပုဂ္ဂိုလ်တို့အား ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်အရ အာပတ်မသင့်ဘဲ အာပတ်မှ လွတ်ကင်းခြင်း ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။စျာန် မဂ်ဖိုလ်တရားကို မရဘဲ မသိဘဲ ရ၏ သိ၏ ဟု ပြောကြားမိ၍ အာပတ်မသင့်နိုင်သော ပုဂ္ဂိုလ်မျိုးကား ခြောက်ပါးရှိပါသည်၊ ထို ခြောက်ပါးတို့ကား မိမိမရဘဲ မသိဘဲ ရသည် သိသည်ဟု တကယ်ကောန်ပင် ထင်မှတ်သဖြင့် ပြောဆိုသော ရဟန်း၊ ဝါကြွားပလ္ပားလိုသော အလိုမရှိဘဲ တကယ် ထင်ရှားရှိသော တကယ်ရှေးကာလက ဖြစ်ခဲ့ဘူးသော စျာန် မဂ်ဖိုလ်တရားကို ပြောကြားသော ရဟန်း၊ ရူးသွပ်၍ ရောက်မိ ရောက်ရာ ပြောဆိုမိသော ဥမ္မတ္တကရဟန်း၊ စိတ်ပျံလွှင့်သဖြင့် ရောက်မိရောက်ရာ ပြောဆိုသော ခိတ္တစိတ္တရဟန်း၊ ဝေဒနာ အပြင်းအထန် နှိပ်စက် ငန်းဖမ်းချက်ကြောင့် ရောက်မိရောက်ရာ ပြောကြားသောရဟန်း၊ ငဂ္ဂုမုဒါ မြစ်ကမ်းနားဌ နေကုန်သော ရဟန်းတို့ တည်းဟူသော အာဒိကမ္မိက ရဟန်း၊ ဤခြောက်မျိုးသော ပုဂ္ဂိုလ်တို့အား ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်အရ ပါရာဇိက-အာပတ်မသင့်ခြင်း အာပတ်မှ လွတ်မြောက်ခြင်း ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ပဥ္စန္နံ အာဝုသော ပါတိမောက္ခုဒ္ဒေသာနံ ကတ္ထောဂဓံ ကတ္ထ ပရိယာပန္နံ။

ဝိဿဇ္ဇနာ။ ။နိဒါနောဂဓံ ဘဂ္ဂေ နိဒါနပရိယာပန္နံ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည် ၁ နိဒါနုဒ္ဒေသ၊ ၂ ပါရာဇိကုဒ္ဒေသ၊ ၃ သဃာဒိသေသုဒ္ဒေသ၊ ၄ အနိယတုဒ္ဒေသ၊ ၅ ဝတ္ထာရုဒ္ဒေသတည်းဟူသော ဤပါတိမောက္ခုဒ္ဒေသ ငါးပါးတို့တွင်၊ အဘယ်ဥဒ္ဒေသ၌ သင်္ဂြိုဟ်၍ အဘယ်ဥဒ္ဒေသ၌ အကျုံး ဝင်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည် ပါတိမောက် ပြခြင်း ငါးမျိုးတို့တွင် "ယဿ သိယာ အာပတ္တိ သော အာဝိကရေယျ" အစရှိသည်ဖြင့် နိဒါန်း ပါဠိတော်ဝယ် ဟောကြားအပ်သည် ဖြစ်ပါသောကြောင့်၊ ပါတိမောက် ပြခြင်း ငါးမျိုးတို့တွင် နိဒါန်း ပြီးဆုံးရုံ သရုပ်ထုတ်ပြခြင်းတည်းဟူသော နိဒါန်း၌ သင်္ဂြိုဟ်ဝင် နိဒါန်း၌ အကျုံးဝင်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမေန အာဝုသော ဥဒ္ဒေသေန ဥဒ္ဒေသံ အာဂစ္ဆတိ။

ဝိဿဇ္ဇနာ။ ။ဒုတိယေန ဘဂ္ဂေ ဥဒ္ဒေသေန ဥဒ္ဒေသံ အာဂစ္ဆတိ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည် ဆိုခဲ့ ပြီးသော ပါတိမောက္ခုဒ္ဒေသ ငါးမျိုးတို့တွင် အဘယ်ဥဒ္ဒေသဖြင့် အကျဉ်းပြခြင်း အကျဉ်း ရှုတ်ဆိုခြင်းသို့ ရောက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည် ဆိုအပ်ပြီးသော ပါတိ မောက်ပြခြင်း ပါတိမောက်ရှုတ်ခြင်း ငါးမျိုးတို့တွင် နှစ်ခုမြောက်ဖြစ်သော ပါရာ ဇိက သိက္ခာပုဒ်ဆုံးအောင် ပါတိမောက်ရှုတ်ခြင်း ပါတိမောက်ပြခြင်းတည်းဟူသော ဒုတိယဥဒ္ဒေသဖြင့် အကျဉ်းပြခြင်း အကျဉ်းရှုတ်ဆိုခြင်းသို့ ရောက်ပါသည် အရှင် ဘုရား။

ပုစ္ဆာ။ ။စတုန္နံ အာဝုသော ဝိပတ္တိနံ ကတမာ ဝိပတ္တိ။

ဝိဿဇ္ဇနာ။ ။သလဝိပတ္တိ ဘဂ္ဂေ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက အာပတ်သည် ၁ သီလပျက်ခြင်း သီလ ဝိပတ္တိ၊ ၂ အကျင့်ပျက်ခြင်း အာစာရဝိပတ္တိ၊ ၃ အယူပျက်ခြင်း ဒိဋ္ဌိဝိပတ္တိ၊ ၄ အသက် မွေးမှုပျက်ခြင်း အာဇီဝဝိပတ္တိ ဟူသော ဤလေးပါးသောပျက်ခြင်း ဤလေးပါး သော ဝိပတ္တိတို့တွင် အဘယ်ပျက်ခြင်း အဘယ်ဝိပတ္တိ မည်ပါသနည်း ငါ့ရှင်။

အဖြေ။ ။"စတ္တာရော ပါရာဇိကာ တေရသ သံဃာဒိသေသာ အယံ သီလ ဝိပတ္တိ" ပါရာဇိကလေးပါး သံဃာဒိသိသ်တဆဲ့သုံးပါး ဤအာပတ်မျာ့းသည် သီလ

ပျက်ခြင်း သီလဝိပတ္တိဟူ၍ မြတ်စွာဘုရား ဟောကြားအပ်ပါသောကြောင့်၊ ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်အရ သင့်ရောက်သော အာပတ်သည် ပျက်ခြင်းလေးပါး "ဝိပတ္တိလေးပါးတို့တွင်" သီလဝိပတ္တိဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သတ္တန္နံ အာဝုသော အာပတ္တိကုန္နဉာနံ ကတမော အာပတ္တိကုန္နော။
ဝိဿဇ္ဇနာ။ ။ပါရာဇိကာပတ္တိကုန္နော ဘဒန္တေ။

အမေး။ ။ထို စတုတ္ထပါရာဇိကအာပတ်သည် ၁ ပါရာဇိကအာပတ်အစု၊ ၂ သံဃာဒိသိသ်အာပတ်အစု၊ ၃ ထုလ္လစ္စည်းအာပတ်အစု၊ ၄ ပါစိတ်အာပတ်အစု၊ ၅ ပါဋိဒေသနီအာပတ်အစု၊ ၆ ဒုက္ကဋ်အာပတ်အစု၊ ၇ ဒုဗ္ဘာသိအာပတ်အစုတည်း ဟူသော ဤခုနစ်ပါးသော အာပတ်အစု အာပတ်အပုံတို့တွင် အဘယ်အာပတ်အစု အဘယ်အာပတ်အပုံ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက အာပတ်သည် ခုနစ်ပါးသော အာပတ်အစု ခုနစ်ပါးသော အာပတ်အပုံတို့တွင် ရှေးဦးစွာ ဖော်ပြအပ်သော ပါရာဇိက အာပတ်အစု ပါရာဇိက အာပတ်အပုံ ဖြစ်ပါသည် အရှင် ဘုရား။

ပုစ္ဆာ။ ။ဆန္နံ အာဝုသော အာပတ္တိသမုဋ္ဌာနာနံ ကတိဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ။

ဝိဿဇ္ဇနာ။ ။ဆန္နံ ဘဒန္တေ အာပတ္တိသမုဋ္ဌာနာနံ တီဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ၊ သိယာ ကာယတောစ စိတ္တတောစ သမုဋ္ဌာတိ၊ နု ဝါစတော၊ သိယာ ဝါစတောစ စိတ္တတောစ သမုဋ္ဌာတိ၊ နု ကာယတော၊ သိယာ ကာယတောစ ဝါစတောစ စိတ္တတောစ သမုဋ္ဌာတိ။

အမေး။ ။ထို စတုတ္ထပါရာဇိက အာပတ်သည် ၁ ကာယသမုဋ္ဌာန်၊ ၂ ဝါစာသမုဋ္ဌာန်၊ ၃ ကာယဝါစာသမုဋ္ဌာန်၊ ၄ ကာယစိတ္တသမုဋ္ဌာန်၊ ၅ ဝါစာစိတ္တသမုဋ္ဌာန်၊ ၆ ကာယဝါစာစိတ္တသမုဋ္ဌာန် တည်းဟူသော ဤအာပတ် သင့်ရောက်ကြောင်း သမုဋ္ဌာန်ခြောက်ပါးတို့တွင် အဘယ်မျှသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ပါသနည်း သင့်ရောက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထပါရာဇိက အာပတ်သည် အာပတ် သင့်ရောက်ကြောင်း အာပတ်ကို ဖြစ်စေတတ်သော ခြောက်ပါးသော အာပတ္တိသမုဋ္ဌာန်တို့တွင် ရုံခါ ကာယစိတ္တသမုဋ္ဌာန်ကြောင့် သင့်ပါသည်၊ ထိုအခါ ဝါစာသမုဋ္ဌာန်ကြောင့် မသင့်ပါ၊ ရုံခါ ဝါစာစိတ္တသမုဋ္ဌာန်ကြောင့် သင့်ပါသည်၊ ထိုအခါ ကာယသမုဋ္ဌာန်ကြောင့် မသင့်ပါ၊ ရုံခါ ကာယဝါစာစိတ္တသမုဋ္ဌာန်ကြောင့် သင့်ပါသည်။

ဤသို့လျှင် ကာယစိတ္တသမုဋ္ဌာန် ဝါစာစိတ္တသမုဋ္ဌာန် ကာယဝါစာ စိတ္တသမုဋ္ဌာန် ဤ သုံးပါး အတိုင်းအရှည်ရှိသော သမုဋ္ဌာန်တို့ကြောင့် သင့်နိုင်ပါသည် ရောက်နိုင်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စတုန္နံ အာဝုသော အဓိကရဏာနံ ကတမံ အဓိကရဏံ။

ဝိဿဇ္ဇနာ။ ။အာပတ္တာဓိကရဏံ ဘန္တေ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက အာပတ်သည် ၁ ငြင်းခုံမှု ဝိဝါဒါဓိကရဏ်း၊ ၂ စွပ်စွဲမှု အနုဝါဒါဓိကရဏ်း၊ ၃ အာပတ်သင့်မှု အာပတ္တာဓိကရဏ်း၊ ၄ ပြုလုပ် ဆောင်ရွက်ဖွယ်ကိစ္စဟူသော ကိစ္စာဓိကရဏ်း ဤလေးပါးသော အဓိကရဏ်း တို့တွင် အဘယ်အဓိကရဏ်း ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက အာပတ်သည် အဓိကရဏ်းလေးပါးတို့တွင် အာပတ္တာဓိကရဏ်း ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သတ္တန္နံ အာဝုသော သမထာနံ ကတိဟိ သမထေဟိ သမ္မတိ။

ဝိဿဇ္ဇနာ။ ။သတ္တန္နံ ဘန္တေ သမထာနံ ဒွီဟိ သမထေဟိ သမ္မတိ၊ သမ္မုခါဝိနယေန စ ပဋိညာတကရဏေန စ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက အာပတ်သည် ၁ သမ္မုခါဝိနယ၊ ၂ သတိဝိနယ၊ ၃ အမူဠှဝိနယ၊ ၄ ပဋိညာတကရဏဝိနယ၊ ၅ ယေဘုယ္ယသိကာဝိနယ ၆ တဿပါပိယျသိကာဝိနယ၊ ၇ တိဏဝတ္ထာရကဝိနယ ဤခုနစ်ပါးသော အဓိကရဏ်း ငြိမ်းကြောင်း သမထတို့တွင် အဘယ်မျှသော သမထတို့ဖြင့် ငြိမ်းပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက အာပတ်သည် အဓိကရဏ်း ငြိမ်းကြောင်း အဓိကရဏသမထ ခုနစ်ပါးတို့တွင် အာပတ် လွန်ကျူးသော ပုဂ္ဂိုလ်၊လွန်ကျူးသော အမှုတို့၏ မျက်မှောက်၌ ပြုခြင်း တည်းဟူသော သမ္မုခါ ဝိနည်း၊ အာပတ်သင့်သော ပုဂ္ဂိုလ်က သင့် ၏သည်ဟု ဟုတ်တိုင်းမှန်ရာ ဝန်ခံတိုင်း ပြုလုပ်ခြင်း ဝန်ခံတိုင်း ဆုံးဖြတ်ခြင်း တည်းဟူသော ပဋိညာတကရဏ ဤခုစ်ပါးသော အဓိကရဏ်း ငြိမ်းကြောင်း အဓိကရဏ သမထ တို့ဖြင့် ငြိမ်းပါသည် အေးပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကော တတ္ထ အာဝုသော ဝိနယော၊ ကော တတ္ထ အဘိဝိနယော။

ဝိဿဇ္ဇနာ။ ။ပညတ္တိ ဘန္တေ ဝိနယော၊ ဝိဘတ္တိ အဘိဝိနယော။

အမေး။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌၊ အကျဉ်းဝိနယကား အဘယ်ပါနည်း၊ အကျယ် အဘိဝိနယကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ “ယောပနဘိက္ခု ။ပ။ အသံဝါသော” တိုင်အောင်သော မာတိကာ ပုဒ်အစုသည် အကျဉ်း ဝိနယဖြစ်ပါသည်၊ “ယောပနာတိ ယောယာဒိသော” အစရှိသော ပဒဘာဇနီ ဝိဘင်းစကားရပ် အစုသည်ကား အကျယ် အဘိဝိနယ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကိံ အာဝုသော တတ္ထ ပါတိမောက္ခံ၊ ကိံ အဓိပါတိမောက္ခံ။

ဝိဿဇ္ဇနာ။ ။ပညတ္တိ ဘန္တေ ပါတိမောက္ခံ၊ ဝိဘတ္တိ အဓိပါတိမောက္ခံ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ အကျဉ်း ပါတိမောက်ကား အဘယ်ပါနည်း၊ အကျယ် အဓိပါတိမောက်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ “ယောပန ဘိက္ခု” အစရှိသော မာတိကာ ပါဠိရပ်စကားသည် အကျဉ်း ပါတိမောက် မည်ပါသည်၊ “ယောပနာတိ ယောယာဒိသော” အစရှိသော အကျယ်ဝိဘင်း ပါဠိရပ်အစုသည် အကျယ် အဓိပါတိမောက် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော ဝိပတ္တိ။

ဝိဿဇ္ဇနာ။ ။အသံဝရော ဘန္တေ ဝိပတ္တိ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ ပျက်စီးခြင်းကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ ကာယဒ္ဒါရ ဝစီဒ္ဒါရဝယ် မစောင့်စည်းခြင်း၊ ကာရဒ္ဒါရ ဝစီဒ္ဒါရ တည်းဟူသော တံခါးကြီး နှစ်ပေါက်မှ အလို ဆိုး ရမ္မက်တည်းဟူသော အကုသိုလ် ခိုးသားတို့ မဝင်ရောက်နိုင်အောင် သတိနှင့် မပိတ်ဆို့ မစောင့်ရှောက် မဟန့်တားခြင်းသည် ဝိပတ္တိဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော သမ္ပတ္တိ။

ဝိဿဇ္ဇနာ။ ။သံဝရော ဘန္တေ သမ္ပတ္တိ။

အမေး။ ။ထို စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ ပြည့်စုံခြင်းကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ ကာယဒ္ဒါရ ဝစီဒ္ဒါရ နှစ်ဌာနဌ်ဌ စောင့်စည်းခြင်း၊ ကာယဒ္ဒါရ ဝစီဒ္ဒါရ တည်းဟူသော တံခါးကြီးနှစ်ပေါက်မှ အလို ဆိုး ရမ္မက် ပါပိစ္ဆာ တရားတို့ ဝင်ရောက်၍ မနှိပ်စက် မဖျက်ဆီးနိုင်အောင် သတိနှင့် စောင့်ရှောက် ပိတ်ဆို့ တားမြစ်ခြင်းသည် ပြည့်စုံခြင်း သမ္ပတ္တိ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော တတ္ထ ပဋိပတ္တိ။

ဝိဿဇ္ဇနာ။ ။နေ ဝေရျပံ ကရိဿာမီတိ ယာဝဇီဝံ အာပါဏကောဋိကံ သမာဒါယ သိက္ခတိ သိက္ခာပဒေသု အယံ ဘန္တေ တတ္ထ ပဋိပတ္တိ။

အမေး။ ။ထိုု စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ အကျင့် ပဋိပတ်ကား အဘယ် ပါနည်း ငါ့ရှင်။

အဖြေ။ ။ထိုု စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ ဤသို့သဘောရှိသော စျာန်မင်္ဂ ဖိုလ် တရားကို မရဘဲ မသိဘဲ-ရ၏ သိ၏ ဟု ဝါကြွား ပလ္ပား ပြောကြားခြင်း အမှုကို မပြုအံ့ ဟု နှလုံးသွင်း၍ သိက္ခာပုဒ်တော် တည်းဟူသော အသက်ဇီဝ ထင်ရှားရှိသမျှ ကာလပတ်လုံး သိက္ခာပဒ သိလတည်းဟူသော အသက်၏ အဆုံး ကာလတိုင်အောင် ကောင်းစွာ သဒ္ဓါတရားနှင့် စောင့်ရှောက်၍ မြတ်စွာဘုရား ပညတ်အပ်သော သိက္ခာပုဒ်တို့၌ ကျင့်ခြင်းသည် ဤအရာ၌ အကျင့်ပဋိပတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတိ အာဝုသော အတ္ထဝသေ ပဋိစ္စ ဘဂဝတာ စတုတ္ထံ ပါရာဇိကံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဒသ ဘန္တေ အတ္ထဝသေ ပဋိစ္စ ဘဂဝတာ စတုတ္ထံ ပါရာဇိကံ ပညတ္တံ၊ သံဃသုဋ္ဌုတာယ သံဃဖာသုတာယ ။ပ။ ဝိနယာနုဂ္ဂဟာယ။

အမေး။ ။အဘယ်မျှသော အကျိုးထူးတို့ကို ရည်ရွယ်မြော်လင့်၍ မြတ်စွာဘုရားသည် ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။(၁) ဤကဲ့သို့သော နိယျာနိက သာသနာမျိုး၌ ဤသို့သဘောရှိသော သိက္ခာပုဒ်တော်သည် ကောင်းပါပေစွ သင့်လျော် ပါပေစွ ဟု သံဃာက ချီးမွမ်း၍ လက်ခံခြင်း တည်းဟူသော သံဃ သုဋ္ဌုအကျိုးတပါး။

(၂) ထိုသို့ သိက္ခာပုဒ်တော်ကို ပညတ်ခြင်းဖြင့် သံဃာတော်တို့ ချမ်းသာစွာ နေရခြင်း တည်းဟူသော သံဃဖာသု အကျိုးတပါး။

(၃) သီလပျက်ပါလျက် ရှက်ရမှန်း မသိတတ် အတင်း မိုက်တတ်သော အလဇ္ဇီ ဒုဿီလ ပါပ ရဟန်းတို့အား သိက္ခာပုဒ်ကို ပြကာ ပြကာ နှိပ်နင်းနိုင်ခြင်း တည်းဟူသော ဒုမ္မင်္ကုံနံ ပုဂ္ဂလာနံ နိဂ္ဂဟ အကျိုးတပါး။

(၄) စာမရိသားသည် အသက်ကိုပင်သော်လည်း စွန့်လွှတ်၍ မိမိ၏ မြီးဆံပင်ကို ချစ်ခင်သကဲ့သို့ အသက်ကိုပင်သော်လည်း စွန့်လွှတ်၍ သီလသိက္ခာကို ချစ်ခင်တော်မူကြကုန်သော လဇ္ဇီပေသလ ရဟန်းတို့ ချမ်းသာစွာ နေရခြင်း တည်းဟူသော ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရ အကျိုးတံပါး။

(၅) မျက်မှောက် ပစ္စုပ္ပန် ဘေးရန်တို့ကို ပယ်ဖျောက်ခြင်း တည်းဟူသော ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရ အကျိုး တပါး။

(၆) တမလွန် လောကဝယ် ဖြစ်ပေါ်လတ္တံ့သော ဘေးတို့ကို ပယ်ရှားခြင်း တည်းဟူသော သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတ အကျိုးတပါး။

(၇) သာသနာတော်ဝယ် မကြည်ညိုသေး သဒ္ဓါတရား မဖြစ်ပွါးသေးသော သူတို့အား "ဤသာသနာတော်ဝယ် ဤသို့ သဘောရှိသော သိက္ခာပဒ သီလတွေ ထင်ရှားရှိပါတကား" ဟူ၍ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရား သက်ဝင်လာခြင်း တည်းဟူသော အပ္ပသန္နာနံ ပသာဒါယ အကျိုးတပါး။

(၈) သာသနာတော်ဝယ် သဒ္ဓါတရားသက်ဝင်ပြီး ယုံကြည်ပြီးသား ပုဂ္ဂိုလ်တို့အား အတိုင်းထက်အလွန် သဒ္ဓါတရားကို တိုးပွါးစေနိုင်ခြင်း တည်းဟူသော ပသန္နာနံ ဘိယျောဘာဝါယ အကျိုးတပါး။

(၉) ပရိယတ္တိ သဒ္ဓမ္မ ပဋိပတ္တိ သဒ္ဓမ္မ ပဋိဝေဓ သဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်တို့ မတ်မတ်ခိုင်ကျည် တည်စေခြင်း တည်းဟူသော သဒ္ဓမ္မဋ္ဌိတိ အကျိုးတပါး။

(၁၀) ဝိနည်း တရားတော်ကို ချီးမြှောက်အားပေးခြင်း တည်းဟူသော ဝိနယာနုဂ္ဂဟ အကျိုးတပါး။

ဤဆယ်ပါးသော အကျိုးတရားတို့ကို ရည်ရွယ်မြော်ကိုးတော်မူ၍ သဗ္ဗညုမြတ်စွာဘုရားသည် ဤစတုတ္ထ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခန္တိ။

ဝိဿဇ္ဇနာ။ ။သေက္ခာစ ဘန္တေ ပုထုဇ္ဇနကလျာဏကာစ သိက္ခန္တိ။

အမေး။ ။အဘယ်ပုဂ္ဂိုလ်တို့သည် ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ ကျင့်ဆဲ ပုဂ္ဂိုလ်များ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။မင်္ဂ် တည်သောပုဂ္ဂိုလ်လေးပါး အောက်ဖိုလ်သုံးပါး၌ တည်သော အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးပါး ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်၊ ဤ ရှစ်ပါးသော ပုဂ္ဂိုလ်သူမြတ်တို့သည် ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ ဆိုင်ရာသိက္ခာပြည့်စုံဘို့ရန် ကြိုးစားအားထုတ် ကျင့်ကြံနေဆဲ ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခိတသိက္ခာ။

ဝိဿဇ္ဇနာ။ ။အရဟန္တော ဘန္တေ သိက္ခိတသိက္ခာ။

အမေး။ ။အဘယ်ပုဂ္ဂိုလ်တို့သည် ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ အပြည့်အစုံကျင့်ပြီးသော သိက္ခာရှိသည့် ပုဂ္ဂိုလ်များ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရဟန္တာသခင် အရှင် သူမြတ်တို့သည် အထွတ်အထိပ်ရောက် သိက္ခာပြည့်စုံပြီး ဖြစ်ပါသဖြင့် ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်အရ၊ အကြင်းမဲ့အပြည့်အစုံ ကျင့်အပ်ပြီးသော သိက္ခာရှိသော ပုဂ္ဂိုလ်အရှင်မြတ်တို့ ဖြစ်ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတ္ထ အာဝုသော ဌိတံ။

ဝိဿဇ္ဇနာ။ ။သိက္ခာကာမေသု ဘန္တေ ဌိတံ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်ဆိုင်ရာ အကျင့်သီလ သိက္ခာသည် အဘယ်ပုဂ္ဂိုလ်တို့၌ တည်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်ဆိုင်ရာ အကျင့်သီလ သိက္ခာတရားတော် မြတ်သည်၊ မြတ်စွာဘုရား၏ ရင်သွေးသည်းချာ ရာဟုလာမထေရ်သူမြတ်ကဲ့သို့ သိက္ခာသုံးပါးကို လိုလား တောင့်တတော် မူကြသော သိက္ခာကာမသီလဝန္တ ဖြစ်ကြသည့် အရှင်သူမြတ်တို့၏ အဇ္ဈတ္တသန္တာန်၌ အဖန်ဖန် ကိန်းတည်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော ဓာရေန္တိ။

ဝိဿဇ္ဇနာ။ ။ယေသံ ဘန္တေ ဝတ္တတိ တေ ဓာရေန္တိ။

အမေး။ ။အဘယ် ပုဂ္ဂိုလ်တို့သည် ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်ကို ဆောင်ထားပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ယခုအခါ ညီညာတပြေး စည်ဝေးနေတော်မူကြသော သံဂီတိကာရက မထေရ်သူမြတ်တို့ကဲ့သို့ နှုတ်ဝယ်ရအောင် ဆောင်၍ လာခဲ့သော ပုဂ္ဂိုလ်တို့သည် ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်ကို ဆောင်ခဲ့သော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟာတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည် အဘယ်သူ၏ စကား ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည်၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျာဉ်တရား ခပ်သိမ်းတို့ကို ဖိုင်းခြားကုန်စင် သိမြင်တော်မူသော မြတ်စွာဘုရား၏ စကားတော် စင်စစ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခာယ ဘန္တေ အာဘတံ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်ကို အဘယ်သူသည် ဆောင်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်ကို ပဌမသံဂါယနာ တင်ရာကာလ အရှင်မဟာကဿပမထေရ် အရှင်ဥပါလိမထေရ် အရှင်အာနန္ဒာမထေရ် အရှင်ဥပါလိမထေရ်၏တပည့် အရှင်ဒါသကမထေရ် ထိုမထေရ်၏တပည့် အရှင်သောဏကမထေရ် ထိုမထေရ်၏တပည့် အရှင်သိဂ္ဂဝမထေရ်တို့မှ အစပြု၍ မဇ္ဈိမသာသနာ သီဟိုဠ်သာသနာ မြန်မာပြည်သာသနာ အစဉ်အဆက် ဤ ယနေ့ခုခါဝယ် ဆဋ္ဌသံဂါယနာ တင်ရာကာလ သံဂီတိကာရကဆရာတော် မထေရ်မြတ်တို့ တိုင်အောင်ထေရဝါဒီ အပြည်ပြည်ဆိုင်ရာ သာသနာတော် ဝန်ထမ်းဆရာတော် အစဉ်အဆက်ဆက်တို့ မပျောက်မပျက်ရအောင် စောင့်ရှောက်တော်မူခဲ့ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ နုခေါ အာဝုသော တတ္ထ ကိဉ္စိ ဥပနေတဗ္ဗံ ဝါ အပနေတဗ္ဗံ ဝါ အကရဏီယံ ဝါ ဝိရဒ္ဓပဒဗျဉ္ဇနံ ဝါ။

ဝိဿဇ္ဇနာ။ ။နတ္ထိ ဘန္တေ။

အမေး။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ ၁ ဖြည့်စွက်သင့်သောအရာ၊ ၂ ပယ်နှုတ်သင့်သောအရာ၊ ၃ အက္ခရာပုဒ်တို့ ရွှေနောက်ပြန်လျက် ရွှေလျောနေသောအရာ၊ ၄ မှားယွင်းနေသော ပုဒ်ဗျည်း ဟူသော ဤသို့သော ခွဲခြံယွင်းချက် တစုံတရာ ရှိပါသေးသလော ငါ့ရှင်။

အဖြေ။ ။ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ ပဌမသံဂါယနာ တင်ရာကာလ ဝယ် အရှင်မဟာကဿပ အရှင်ဥပါလိ အရှင်အာနန္ဒာ အရှင်အနုရုဒ္ဓါ အစရှိသော ရဟန္တာ အရှင်သူမြတ်တို့ ဖြည့်အပ် ဖြည့်သင့်သောအရာ ပယ်အပ် ပယ်သင့်သော အရာတို့ကို ဖြည့်သွင်းပြီး ပယ်ဖျက်ပြီး ဖြစ်ပါသောကြောင့်၎င်း၊ ယခုအခါတိုင် အောင် ဆရာတော် အစဉ်အဆက်တို့သည် အက္ခရာပုဒ်တို့ ရွှေနောက်ပြန်ခြင်း တည်းဟူသော အက္ခရပဒ ပစ္စာဘဋ္ဌ ဒေါသ၊ အက္ခရာမှားယွင်းခြင်း တည်းဟူသော အက္ခရဝိရဒ္ဓ ဒေါသ မရှိရလေအောင် မူလဝိသောဓက ပိဋကဆေက ဆရာတော် အရှင်သူမြတ်တို့သည်၎င်း၊ ပဋိဝိသောဓက ပိဋကဆေက ဂန္ဆန္တရ ဝိဒူ ဖြစ်တော်မူကြ သော ဆရာတော် မထေရ်သူမြတ်တို့သည်၎င်း၊ သြသာနသောမေယျ ပတ္တပါဋိက ပိဋကဝိဒူ ဆရာတော် အရှင်သူမြတ်တို့သည်၎င်း၊ အထပ်ထပ်အဖန်ဖန် ဆိုင်ရာဆိုင် ရာ အဖွင့် သံဝဏ္ဏနာ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ အစရှိသည်တို့ဖြင့် ရွှေနောက် ညှိနှိုင်း ကာ သုခ်သင်ပြင်ဆင်အပ်ပြီး ဖြစ်ပါသဖြင့် အက္ခရာပုဒ် ရွှေရောက် နောက်ရောက် ကမောက်ကမ အပြစ်ဒေါသသည်၎င်း၊ အက္ခရာပုဒ်ဗျည်းတို့ ချွတ်လွဲခြင်း တည်းဟူ သော အက္ခရပဒဝိရဒ္ဓအပြစ်သည်၎င်း၊ ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ မရှိဖြစ်ပါ သည် အရှင်ဘုရား။

"သံဂါယနတ္ထာယ သံဃသ ဉာပနံ ပုရိမသဒိသံ"

ဤ စတုတ္ထ ပါရာဇိက သိက္ခာပုဒ်ဆိုင်ရာ၌ သိသင့် သိထိုက်ရာ မျှားစ့ဉာတို့ကို မေးမြန်းပြီး၍ အလွန်စင်ကြယ်နေပြီ ဖြစ်ရာ သံဂါယနာ တင်တော်မူကြပါရန် ပုစ္ဆက ဆရာတော် ဘုရားက အဆုံးသတ် တိုက်တွန်းသိစေသော ဥာတ်သည် ရှေး သိက္ခာပုဒ်များနှင့် အတူတူပင် ဖြစ်ပါသည်။

စတုတ္ထ ပါရာဇိက သိက္ခာပုဒ် အမေးအဖြေ ပြီး၏။

သံဃာဒိသိသ် သိက္ခာပုဒ် အဖေး အဖြေ

၁-သုက္ကဝိဿဋ္ဌိသံဃာဒိသိသ် သိက္ခာပုဒ်

ပုစ္ဆာ။ ။ယဉ် တေန အာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဥပက္ကမိတ္ဝာ အသုစိ မောစေန္တဿ သံဃာဒိသေသော ကတ္ထ ပညတ္တော။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တော။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျဉ်တရား ငါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ထိုမြတ်စွာဘုရားသည် လုံလုပ်၍ သုက်ကို လွတ်စေသော ရဟန်းအား အကြင် သံဃာဒိသိသ် မည်သော အာပတ်ကို ပညတ်တော် မူခဲ့ပေ၏၊ ထို သံဃာဒိသိသ်မည်သော အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ပညတ္တော။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘန္တေ သေယျသကံ အာရဗ္ဘ ပညတ္တော။

အမေး။ ။အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထို ပဌမ သံဃာဒိသိသ် အာပတ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်သေယျသက မထေရ်ကို အကြောင်းပြု၍ ထို ပဌမ သံဃာဒိသိသ် အာပတ်ကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကသ္မ အာဝုသော ဝတ္ထုသ္မ ပညတ္တော။

ဝိဿဇ္ဇနာ။ ။အာယသ္မာ ဘန္တေ သေယျသကော ဟတ္ထေန ဥပက္ကမိတ္ဝာ အသုစိ မောစေသိ၊ တသ္မိ ဘန္တေ ဝတ္ထု သ္မိ ပညတ္တော။

အမေး။ ။ဘယ်အကြောင်းဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို ပဌမသံဃာဒိသိသ် အာပတ်ကို ပညတ်တော်မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်သေယျသက ရဟန်းသည် သာသနာတော်ဝယ် မမွေ့မလျော်ခြင်း၊ ဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ လက်ဖြင့် လုံလုပ်ပြီး အသုစိခေါ်မှတ်

သုက္ကခေတ်ကို လွတ်စေခဲ့ပါပြီ၊ ထိုသို့ အရှင်သေယျသက၏ လက်ဖြင့် လုံလပြု၍ အသုစိခေါ်မှတ် သုက္ကခေတ်ကို လွတ်စေခြင်း တည်းဟူသော အကြောင်း ဝတ္ထု ကြောင့် ထိုပဌမ သံဃာဒိသိသ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူ အပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ အာဝုသော တတ္ထ ပညတ္တိ အနုပညတ္တိ အနုပ္ပန္နပညတ္တိ။

ဝိဿဇ္ဇနာ။ ။ကော ဘန္တေ ပညတ္တိ၊ ကော အနုပညတ္တိ၊ အနုပ္ပန္နပညတ္တိ တသ္မိံ နတ္ထိ။

အမေး။ ။ထို ပဌမ သံဃာဒိသိသ် သိက္ခာပုဒ်၌ ရှေးဦးပညတ်ချက် မူလ ပညတ်၊ နောက်ထပ်ပညတ်ချက် အနုပညတ်၊ အကြောင်းဝတ္ထု အမှုမပေါ်မီက ပညတ်ချက် အနုပ္ပန္နပညတ် ဟူသော ပညတ်သုံးမျိုးလုံးပင် အစုံအလင် ရှိပါသ လော ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသိသ် သိက္ခာပုဒ်၌ ရှေးဦးပညတ်ချက် မူလ ပညတ်တပါး၊ တဖန် နောက်ထပ် ပညတ်တော်မူချက် အနုပညတ်တပါး၊ ဤသို့ အားဖြင့် နှစ်မျိုးနှစ်စားသာ ရှိပါသည်၊ အကြောင်းဝတ္ထု အမှုမပေါ်မီ ကြိုတင် ပညတ်ချက် တည်းဟူသော အနုပ္ပန္နပညတ်ကား ထို ပဌမသံဃာဒိသေသ သိက္ခာပုဒ် ၌ မရှိပါ အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမာ အာဝုသော တတ္ထ မူလပညတ္တိ။

ဝိဿဇ္ဇနာ။ ။သဉ္စေတနိကာ သုက္ကဝိဿဋ္ဌိ သံဃာဒိသေသောတိ အယံ ဘန္တေ တတ္ထ မူလပညတ္တိ။

အမေး။ ။ထို ပဌမသံဃာဒိသေသ သိက္ခာပုဒ်၌ ရှေးဦး ပညတ်ချက် မူလ ပညတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမသံဃာဒိသေသ သိက္ခာပုဒ်၌ ရှေးဦး ပညတ်သော မူလ ပညတ်ကား “သဉ္စေတနိကာ သုက္ကဝိဿဋ္ဌိ သံဃာဒိသေသော” လွတ်စေလိုသော မောစနသာဒ စေတနာထင်ရှားရှိသော အကြောင် သုက်ခတ် လွတ်ခြင်းသည်ရှိ၏၊ ထို သုက်ခတ် လွတ်ခြင်းသည် သံဃာဒိသေသ အမည်ရှိသော အာပတ်အပေါင်း တည်း ဟူ၍ ရှေးဦးပညတ်ချက် စကားတော်သည် မူလပညတ်ဖြစ်ပါသည် အရှင် ဘုရား။

ပုစ္ဆာ။ ။ကတမာ ပနာဝုသော တတ္ထ အနုပညတ္တိ။

ဝိဿဇ္ဇနာ။ ။အညတြ သုပိနန္တာတိ အယံ ဘန္တေ တတ္ထ အနုပညတ္တိ။

အမေး။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ နောက်ထပ်ပညတ်ချက် အနုပညတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ အိပ်မက်၌ သုက်လွှတ်ခြင်းကို ဖယ်ရှားချ ဟူသော ချင်းချက် အနက် အဓိပ္ပါယ်ကို ဖော်ပြသည့် "အညတြသုပိနန္တာ" ဟူသော စကားရပ်သည် တဖန် နောက်ထပ် ပညတ်ချက် အနုပညတ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမာ ပနာဝုသော တတ္ထ ပရိပုဏ္ဏပညတ္တိ။
ဝိဿဇ္ဇနာ။ ။သဉ္ဉေတနိကာ သုက္ကဝိဿဋ္ဌိ အညတြသုပိနန္တာ သံဃာဒိသောတိ အယံ ဘန္တေ တတ္ထ ပရိပုဏ္ဏပညတ္တိ။

အမေး။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ ဖြည့်စွက်ရန် ပယ်နှုတ်ရန် မရှိသော အပြည့်အစုံ အကြွင်းမဲ့ ပညတ်ချက် ပရိပုဏ္ဏပညတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ ဖြည့်စွက်ရန် ပယ်နှုတ်ရန် မရှိ၊ အပြည့်အစုံ ပညတ်ချက် ပရိပုဏ္ဏပညတ် ဟူသည်မှာ အိပ်မက်၌ ဖြစ်သော သုက်လွှတ်ခြင်းကို ကြဉ်ထား၍ လွှတ်စေလိုသော မောစနဿာဒ စေတနာ ထင်ရှားရှိသော သုက္ကဓာတ်ကို လွှတ်စေခြင်းသည် သံဃာဒိသေသ အမည်ရှိသော အာပတ် အပေါင်းတည်းဟု အနက်ကို ထင်စွာပြသည့် "သဉ္ဉေတနိကာ သုက္ကဝိဿဋ္ဌိ အညတြသုပိနန္တာ သံဃာဒိသေသော" ဟူသော စကားတော်ရပ်သည် ပရိပုဏ္ဏ ပညတ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ သာဓာရဏာ ပညတ္တိနုခေါ အာဝုသော အသာဓာရဏာ ပညတ္တိနုခေါ။
ဝိဿဇ္ဇနာ။ ။အသာဓာရဏာပညတ္တိ ဘန္တေ။

အမေး။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်သည် ရဟန်းမိန်းမများနှင့် သက်ဆိုင်သော သာဓာရဏာ ပညတ်ဖြစ်ပါသလော၊ သို့တည်းမဟုတ် ရဟန်းမိန်းမများနှင့် မသက်ဆိုင်သော အသာဓာရဏာ ပညတ်ဖြစ်ပါသလော ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်သည် ရဟန်း မိန်းမ တို့နှင့် မသက်ဆိုင်ဘဲ ရဟန်းယောကျ်ားတို့နှင့်သာ သက်ဆိုင်သော အသာဓာရဏာ ပညတ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တတ္ထ အာဝုသော ဥပက္ကမိတ္ဝာ အသုစိ မောစေန္တော ကတိ အာပတ္တိယော အာပဇ္ဇတိ။
ဝိဿဇ္ဇနာ။ ။ဥပက္ကမိတ္ဝာ ဘန္တေ အသုစိ မောစေန္တော တိယော အာပတ္တိယော အာပဇ္ဇတိ၊ စေတေတိ ဥပက္ကမတိ မုစ္စတိ အာပတ္တိ

သံဃာဒိသေသဿ၊ စေတေတိ ဥပက္ကမတိ နှ မုစ္စတိ အာပတ္တိ ထုလ္လစ္စယဿ၊ ပယောဂေ ဒုက္ကဋ်။

အမေး။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ လုံလပြု၍ အသုစိခေါ်သော သုက်ကို လွတ်စေသော ရဟန်းသည် အဘယ်မျှသော အာပတ်များသို့ သင့်ရောက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ လုံလပြု၍ အသုစိခေါ်မှတ် သုက္ကဓာတ်ကို လွတ်စေသော ရဟန်းသည် သုံးပါး အတိုင်းအရှည်ရှိသော အာပတ်တို့သို့ ရောက်နိုင် သင့်နိုင် ပါသည်၊ ရောက်နိုင် သင့်နိုင်ပုံမှာ—

(၁) လွတ်စေလိုသော လွတ်ခြင်း၌ သာယာသော မောစနဿာဒစေတနာ ထင်ရှားရှိခြင်း၊ လုံလပြုခြင်း၊ လွတ်ခြင်း ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံပါက သံဃာဒိသိသ် အာပတ်သင့်ပါသည်။

(၂) မောစနဿာဒ စေတနာ ထင်ရှားရှိခြင်း လုံလပြုခြင်း ဤအင်္ဂါနှစ်ပါးသာရှိ၍ လွတ်ခြင်းတည်းဟူသောအင်္ဂါမရှိပါမူ ထုလ္လစ္စည်း အာပတ်သင့်ပါသည်။

(၃) ထိုသို့ မောစနဿာဒ စေတနာဖြင့် ဥပက္ကမ လုံလပြုခြင်း၌ ပဗ္ဗဘာဂပယောဂ ရှေးအဘို၌ ဖြစ်သော လုံလပယောဂဝယ် ဒုက္ကဋ် အာပတ် သင့်ပါသည်။

ဤသို့လျှင် လုံလပြု၍ အသုစိခေါ်မှတ် သုက္ကဓာတ်ကို လွတ်စေသော ရဟန်းသည် သံဃာဒိသိသ် အာပတ် ထုလ္လစ္စည်းအာပတ် ဒုက္ကဋ်အာပတ် တည်းဟူသော အာပတ်သုံးပါးတို့သို့ ရောက်နိုင် သင့်နိုင်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေသံ အာဝုသော အနာပတ္တိ။

ဝိဿဇ္ဇနာ။ ။ဆန္နံ ဘန္တေ အနာပတ္တိ သုပိနန္တေန မောစေန္တဿ နမောစနာဓိပ္ပါယဿ ဥမ္မတ္တကဿ ခိတ္တစိတ္တဿ ဝေဒနာဋ္ဋဿအာဒိကမ္မိကဿ ဣမေသံ ခေါ ဘန္တေ ဆန္နံ အနာပတ္တိ။

အမေး။ ။အဘယ်သို့သော ပုဂ္ဂိုလ်တို့အား ထို ပဌမ သံဃာဒိသေသသိက္ခာပုဒ်အရ အာပတ်မသင့်ဘဲ အာပတ်မှ လွတ်ခြင်း ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ခြောက်ပါးသော ပုဂ္ဂိုလ်တို့အား ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်အရ အာပတ်မသင့်ခြင်း အာပတ်မှ လွတ်ခြင်း ဖြစ်နိုင်ပါသည်၊ ခြောက်ပါးတို့ဟူသည်မှာ အိပ်မက်၌ သုက်ဓာတ်လွတ်သောရဟန်း၊ လွတ်လိုသော စေတနာမရှိဘဲ ရောဂါဥပါဒ် နှိပ်စက်ခြင်း စသော အကြောင်းကြောင့် လွတ်သောရဟန်း၊ ရူးသော

ဥမ္မတ္တက ရဟန်း၊ စိတ်ပျံ့လွင့်သော ခိတ္တစိတ္တရဟန်း၊ ဝေဒနာ အပြင်းအထန်နှိပ်စက်သော ဝေဒနာဋ္ဌ ရဟန်း၊ သေယျသက မထေရ်တည်းဟူသော အစအမှဋ္ဌ ယှဉ်သော အာဒိကမ္မိကရဟန်း၊ ဤခြောက်ပါးသော ပုဂ္ဂိုလ်တို့အား ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်အရ အာပတ်မသင့်ခြင်း အာပတ်မှ လွတ်မြောက်ခြင်း ဖြစ်နိုင်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ပဉ္စန္နံ အာဝုသော ပါတိမောက္ခုဒ္ဒေသာနံ ကတမေန ဥဒ္ဒေသေန ဥဒ္ဒေသံ အာဂစ္ဆတိ။

ဝိဿဇ္ဇနာ။ ။ပဉ္စန္နံ ဘန္တေ ပါတိမောက္ခုဒ္ဒေသာနံ တတိယေန ဥဒ္ဒေသေန ဥဒ္ဒေသံ အာဂစ္ဆတိ။

အမေး။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်သည် ငါးပါးသော ပါတိမောက္ခုဒ္ဒေသ ပါတိမောက်ပြခြင်းတို့တွင် အဘယ်ဥဒ္ဒေသ အဘယ် ပါတိမောက်ပြခြင်းဖြင့် အကျဉ်းရွတ်ဆိုခြင်း အကျဉ်းပြခြင်းသို့ ရောက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်သည် ငါးပါးသော ပါတိမောက္ခုဒ္ဒေသ ငါးပါးသော ပါတိမောက်ပြခြင်း ရွတ်ဆိုခြင်းတို့တွင် သုံးခုမြောက်ဖြစ်သော သံဃာဒိသေသ သိက္ခာပုဒ် ကုန်ဆုံးသည်တိုင်အောင် သရုပ်ထုတ်၍ပြခြင်း ရွတ်ဆိုခြင်း တည်းဟူသော သံဃာဒိသေသုဒ္ဒေသ ပါတိမောက် ပြခြင်းဖြင့်အကျဉ်း ရွတ်ဆိုခြင်း အကျဉ်းပြခြင်းသို့ ရောက်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စတုန္နံ အာဝုသော ဝိပတ္တိနံ ကတမာ ဝိပတ္တိ။

ဝိဿဇ္ဇနာ။ ။စတုန္နံ ဘန္တေ ဝိပတ္တိနံ သီလဝိပတ္တိ။

အမေး။ ။ထို ပဌမ သံဃာဒိသိသ် အာပတ်သည် သီလပျက်ခြင်း သီလဝိပတ္တိ၊ အကျင့်ပျက်ခြင်း အာစာရဝိပတ္တိ၊ အယူပျက်ခြင်း ဒိဋ္ဌိဝိပတ္တိ၊ အသက်မွေးမှုပျက်ခြင်း အာဇီဝဝိပတ္တိ ဟူသော ဤလေးပါးသော ဝိပတ္တိတို့တွင် အဘယ် ဝိပတ္တိ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသိသ် အာပတ်သည် လေးပါးသော ပျက်စီးခြင်း ဝိပတ္တိတို့တွင် ကြီးလေးသော ဂရုက အာပတ်ဖြစ်၍ သီလပျက်ခြင်း တည်းဟူသော သီလဝိပတ္တိ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော ဝိပတ္တိ။

ဝိဿဇ္ဇနာ။ ။အသံဝရော ဘန္တေ ဝိပတ္တိ။

အမေး။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ ပျက်စီးခြင်းကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ ကာယဒ္ဌရှ မနောဒ္ဌရှတို့ဝယ် မောစနဿာဒ စေတနာ တည်းဟူသော အကုသိုလ်တရားတို့ မဝင်ရောက် မဖျက်ဆီးအောင် သတိနှင့် မစောင့်မရှောက် မပိတ်မဆို့ မတားဆီးခြင်းသည် ပျက်စီးခြင်း ဝိပတ္တိဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော သမ္မတ္တိ။

ဝိဿဇ္ဇနာ။ ။သံဝရော ဘန္တေ သမ္မတ္တိ။

အမေး။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ ပြည့်စုံခြင်းကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ ပြည့်စုံခြင်း သမ္မတ္တိကား ကာယဒ္ဌရှ မနောဒ္ဌရှတို့ဝယ် မောစနဿာဒ စေတနာ အမှုးပြုသော အကုသိုလ်တရားတို့ မဝင်ရောက် မဖျက်ဆီးနိုင်အောင် ကြိုးစ်သော သဒ္ဓါ ဝိရိယတို့နှင့် ကြိုးစ်သော သဒ္ဓါ သတိတို့နှင့် စောင့်ရှောက် ပိတ်ဆီးခြင်းသည် ပြည့်စုံခြင်း သမ္မတ္တိ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော ပဋိပတ္တိ။

ဝိဿဇ္ဇနာ။ ။န ဧဝ ရူပံ ကရိဿာမီတိ ယာဝဇီဝံ အာပါဏကောဋိကံ သမာဒါယ သိက္ခတိ သိက္ခာပဒေသု အယံ ဘန္တေ ပဋိပတ္တိ။

အမေး။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ အကျင့် ပဋိပတ်ကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌ ဘုရားအလိုတော်ကျ လိုက်နာကျင့်ကြံခြင်း တည်းဟူသော အကျင့် ပဋိပတ် ဟူသည်မှာ ဘုရားမြတ်စွာ တားမြစ်တော် မူအပ်သည့် ဤသို့ သဘောရှိသော လုနကျူးမှုမျိုးကို ငါကဲ့သို့သော အမျိုးကောင်းသားသည် မပြုမကျင့်အံ့ဟု သိက္ခာပုဒ်တော်တည်းဟူသော အသက်ဇီဝ ထင်ရှားရှိသမျှ ကာလပတ်လုံး သိက္ခာပုဒ်တော် တည်းဟူသော အသက်ဆုံးရှုံးသည့် ကာလတိုင်အောင် ဘုရားပညတ်တော် မူအပ်သော သိက္ခာပုဒ်တို့၌ သဒ္ဓါတရား ကောင်းစွာ ရှေထားဆောက်တည်၍ ကျင့်ကြံ လိုက်နာခြင်းသည် ဘုရားအလိုတော်ကျ လိုက်နာကျင့်ကြံခြင်း အကျင့် ပဋိပတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတိ အာဝုသော အတ္ထဝသေ ပဋိစ္စ ဘဂဝတာ ဥပက္ကမိတ္ဝာ အသုစိ မောစေန္တဿ သံဃာဒိသေသော ပညတ္တော။

ဝိဿဇ္ဇနာ။ ။ဒသ ဘန္တေ အတ္ထဝသေ ပဋိစ္စ ဘဂဝတာ ဥပက္ကမိတ္ဝာ အသုစိ• မောစေန္တသ္သ သံဃာဒိသေသော ပညတ္တော သံဃသုဋ္ဌုတာယ ။ပ။ ဝိနယာနုဂ္ဂဟာယ။

အမေး။ ။အဘယ်မျှသော အကျိုးထူးများကို ရည်ရွယ် မြွေလင့်၍ မြတ်စွာဘုရားသည် လုံလပြု၍ အသုစိ ခေါ်သော သုက်ခတ်ကို လွတ်စေသော ရဟန်းအား သံဃာဒိသိသ် အာပတ်ကို ပညတ်တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆယ်ပါးသော အကျိုးထူးတရားတို့ကို ရည်ရွယ်မြွေကိုးတော်မူ၍ မြတ်စွာဘုရားသည် လုံလပြု၍ အသုစိခေါ်မှတ် သုက္ကခတ်ကို လွတ်စေသော ရဟန်း၏ သံဃာဒိသေသ အာပတ်ကို ပညတ်တော်မူပါသည်၊ ဆယ်ပါးသော အကျိုးတို့ ဟူသည်မှာ—

၁။ ဤကဲ့သို့သော နိယျာနိက သာသနာ၌ ဤ ကဲ့သို့သော တားမြစ်ချက် သိက္ခာပုဒ် ထင်ရှားရှိခြင်းသည် ကောင်းပါပေစွ ဟု နှစ်လိုအားရ သံဃာတော်၏ လက်ခံတော်မူခြင်း သံဃသုဋ္ဌု အကျိုးတပါး။ပ။ ဝိနယာနုဂ္ဂဟ အကျိုးတပါး။

ဤ ဆယ်ပါးသော အကျိုးထူးတို့ကို မြွေကိုး ရည်ရွယ်တော်မူ၍ သဗ္ဗညု မြတ်စွာဘုရားသည် ဤ ပဌမ သံဃာဒိသေသ အာပတ်ကို ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတ္ထ အာဝုသော ဌိတံ။

ဝိဿဇ္ဇနာ။ ။သိက္ခာကာမေသု ဘန္တေ ဌိတံ။

အမေး။ ။ထို ပဌမ သံဃာဒသေသ သိက္ခာပုဒ်ဆိုင်ရာ အကျင့်သီလ သိက္ခာသည် အဘယ်ပုဂ္ဂိုလ်တို့ သန္တာန်၌ တည်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်ဆိုင်ရာ အကျင့်သီလသိက္ခာတရားတော်မြတ်သည် ရှင်ရာဟုလာ မထေရ်ကဲ့သို့သော သိက္ခာကာမ ရှင်ရာဟုလာ မထေရ်မြတ်၏ အစဉ်အဆက်ဖြစ်၍ ညီထွေးသဖွယ် ဖြစ်တော်မူကြသော သိက္ခာသုံးပါးကို လိုလားတောင့်တတော်မူကြသည့် မထေရ်မြတ်တို့၏ အဇ္ဈတ္တ သန္တာန်ဝယ် ကိန်းတည်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော ဓာရေန္တိ။

ဝိဿဇ္ဇနာ။ ။ယေသံ ဘန္တေ ဝတ္တတိ တေ ဓာရေန္တိ။

အမေး။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်ကို အဘယ်ပုဂ္ဂိုလ်တို့ ဆောင်ထားပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်ကို အရှင်ဥပါလိ မထေရ် အရှင် ဒါသက မထေရ်တို့မှအစ နှယ်တော်စဉ်ဆက် ဆင်းသက်ခဲ့ကြသော နှုတ်တက် အာဂုမ် ဆောင်တော်မူကြသည့် မထေရ်မြတ်တို့သည် ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်ကို ဆောင်ပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစန။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်သည် အဘယ်ပုဂ္ဂိုလ်၏ စကား ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျဉ်ခံ တရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား၏ စကားတော် စင်စစ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခယ ဘန္တေ အာဘတံ။

အမေး။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်ကို အဘယ်သူသည် ဆောင် လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်ကို နိဒါန်း ဝတ္ထု အရပ်ရပ် နှင့်တကွ ပဌမ သံဂါယနာ တင်ရာကာလ အရှင်ဥပါလိ အရှင်ဒါသက မထေရ်တို့မှ အစပြု၍ ထေရဝါဒီ အပြည်ပြည်ဆိုင်ရာ သာသနာတော်စဉ်ဆက် ဆရာတော် အစဉ်အဆက်တို့ မပျောက်မပျက်ရအောင် စောင့်ရှောက် ဆောင်လာတော်မူခဲ့ ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ နု ခေါ အာဝုသော တတ္ထ သနိဒါနေ သပဒဘာဇနီယေ သဝိနိတဝတ္ထုကေ ဥပနေတဗ္ဗံ ဝါ အပနေတဗ္ဗံ ဝါ အက္ခရပဒဗျဉ်ဇနံ ဝါ ဘဋ္ဌံ ဝါ ဝိရဒ္ဓပဒဗျဉ်ဇနံ ဝါ။

ဝိဿဇ္ဇနာ။ ။နတ္ထိ ဘန္တေ။

အမေး။ ။နိဒါန်းနှင့် တကွ အကျယ်ဝေဘန်သော ပဒဘာဇနီနှင့် တကွ ဘုရားကိုယ်တော်တိုင် ဆုံးဖြတ်တော်မူသော ဝိနိတဝတ္ထု စကားရပ်နှင့်တကွ ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၌....

(၁) ပယ်နှုတ်သင့်သော အရာဖြစ်စေ၊
(၂) ထည့်သွင်းသင့်သော အရာဖြစ်စေ၊
(၃) အက္ခရာပုဒ်တို့ ရှေ့နောက်ပြန်လျက် ရွှေလျှောနေသော အရာဖြစ်စေ၊

(၄) မှားယွင်းနေသော အကွရာပုဒ်ဗျည်းဖြစ်စေ ဤသို့သော ချွတ်ယွင်း ချက်များ တစုံတရာ ရှိပါသေးသလော ငါ့ရှင်။

အဖြေ။ ။ထို ပဌမ သံဃာဒိသေသသိက္ခာပုဒ်ဝယ် နိဒါန်း၌ဌင်း၊ အကြောင်း ဝတ္ထု၌ဌင်း၊ ပဌမ ပညတ်အပ်သော ပညတ်၌ဌင်း၊ ပဒဘာဇနီပါဠိတော်၌ဌင်း၊ အသီးထုတ်နှုတ် ပညတ်အပ်သော ဝိနီတဝတ္ထု အရပ်ရပ်၌ဌင်း၊ ပဌမ သံဂါယနာ ဇာင်ရာကာလကပင် အရှင်မဟာကဿပ မထေရ် အရှင်ဥပါလိမထေရ် အမှူးပြုသော ခီဏာသဝ မထေရ်မြတ်တို့သည် ထည့်သွင်းသင့်သော အနုသန္ဓေ စကားရပ်တို့ကို ထည့်သွင်းပြီး ဖြစ်ပါသောကြောင့်ဌင်း၊ ပယ်ရှားသင့်သော အရာတို့ကို ပယ်ရှား တော်မူကြပြီး ဖြစ်ပါသောကြောင့်ဌင်း၊ ထို့နောက် ကာလဝယ် နှုတ်ခေတ်မှသည် ပေထက်အက္ခရာ၊ ထိုမှသည် ကျောက်ထက်အက္ခရာ၊ ထိုမှသည် စက်ထက်အက္ခရာ ဤသို့အဆင့်ဆင့် ကူးပြောင်းလာသဖြင့် အက္ခရာပုဒ်တို့ ရွေ့နောက်ချွတ်ယွင်းသော အရာ၊ အက္ခရာပုဒ်တို့ ချွတ်တိမ်းသောအရာ ဟူသမျှကိုလည်း မူလဝိသောဓက မထေရ်များ ပဋိဝိသောဓက မထေရ်များ သြသာနသောဓေယျ ပတ္တပါဋ္ဌက မထေရ်များ ဤမထေရ် သူမြတ်တို့ သည် အရပ်ရပ်သော အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာဋီကာ ဂဏ္ဌိ အစရှိသည်တို့ဖြင့် ရွေ့နောက် ညှိနှိုင်းခါ အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အထပ်ထပ် သုံ့သင် ပြင်ဆင်တော် မူအပ်ပြီးရကား ထို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်ဆိုင်ရာ နိဒါန်း ဝတ္ထု မာတိကာ ပဒဘာဇနီ ဝိနီတဝတ္ထု စကားရပ်တို့၌ တဖန်နောက်ထပ် ဖြည့်စွက်သင့်သော ဥပနေတဗ္ဗအရာ၊ ပိုလွန်၍ ပယ်ဖြုတ်သင့်သော အပနေတဗ္ဗအရာ၊ အက္ခရာပုဒ်တို့ ရွေ့နောက်ရောက်နေခြင်း ကမောက္ကမ အပြစ်ဒေါသ၊ အက္ခရာပုဒ်ဗျည်းတို့ ချွတ်လွဲတိမ်းချော်ခြင်း တည်းဟူသော ဝိရဒ္ဓဒေါသ ဤ အပြစ်ဒေါသများ မရှိဖြစ်ပါသည် အရှင်ဘုရား။

သံဂါယနတ္ထာယ သံဃသ ဉာပနံ

သုဏာတု မေ ဘန္တေ သံဃော အာယသ္မန္တံ ဝိစိတ္တသာရာဘိဝံသံ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကံ ပဌမဿ သံဃာဒိသေသ သိက္ခာပဒဿ နိဒါနမ္ပိ ပုစ္ဆိ ံ၊ ပဂ္ဂလမ္ပိ ပုစ္ဆိ ံ၊ ဝတ္ထုမ္ပိ ပုစ္ဆိ ံ၊ ပညတ္တိမ္ပိ ပုစ္ဆိ ံ၊ အနုပညတ္တိမ္ပိ ပုစ္ဆိ ံ၊ အာပတ္တိမ္ပိ ပုစ္ဆိ ံ၊ အနာပတ္တိမ္ပိ ပုစ္ဆိ ံ၊ အညာနိပိ ဧဝရူပါနိ အနေကာနိ ပုစ္ဆိတဗ္ဗဋ္ဌာနာနိ ပုစ္ဆိ ံ၊ ပုဋ္ဌော ပုဋ္ဌော စ သော အာယသ္မာ ဝိစိတ္တ-သာရာဘိဝံသော ဝိဿဇ္ဇေသိ၊ ဣတိဟိဒံ ဘန္တေ ပဌမ သံဃာဒိသေသ သိက္ခာ-ပဒံ သပရိဝါရံ နိမ္မလံ သုပရိသုဒ္ဓံ တသ္သေဝ ဘဂဝတော ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ တသ္မာ ယထာပုရေ မဟာကဿပါဒယော မဟာထေရ-ဝရာ ပေါရာဏသံဂီတိကာရာ ဗြဟ္မစရိယဿ စိရဋ္ဌိတိယာ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝ-

မနုဿာနံ ဓမ္မဝိနယံ သံဂါယိံသုစေဝ အနုသံဂါယိံသုစ၊ ဧဝမေဝ မယမ္ပိ သဗ္ဗေဝ ဆဒ္ဒသံဂီတိမဟာဓမ္မသဘာ ပရိယာပန္နာ ဣဒံ ပဌမ သံဃာဒိသေသ-သိက္ခာပဒံ နိဒါနတော ပဋ္ဌာယ ဧကစ္စာနံ ဝစသာ သဗ္ဗာယဝသေန ဧကစ္စာနံ မနသာ မနသိကရဏဝသေနစ ဧကတော ဂဏသဗ္ဗာယံ ကတ္ဝာ သံဂါယေယျာမ။

သံဂါယနာ တင်ရန် သံဃာအား သိစေခြင်း သံဂါယနာဥာတ်

အရှင်မြတ်တို့ဘုရား....၊သံဃာတော်သည် ဘုရားတပည့်တော် လျှောက်ထားသော စကားကို နားဆင်တော် မူစေလိုပါသည်၊ ဘုရားတပည့်တော်သည် တိပိဋကဓရ မမ္မာဇ္ဈာဂါရိက အရှင်ဝိစိတ္တာသာရာဘိဝံသကို ပဌမ သံဃာဒိသေသ သိက္ခာပုဒ်၏ နိဒါန်းကိုလည်း မေးခဲ့ပါပြီ၊ ပုဂ္ဂိုလ်ကိုလည်း မေးခဲ့ပါပြီ၊ ဝတ္ထုကိုလည်း မေးခဲ့ပါပြီ၊ မူလပညတ်ကိုလည်း မေးခဲ့ပါပြီ၊ အနုပညတ်ကိုလည်း မေးခဲ့ပါပြီ၊ အာပတ်သင့်ခြင်းကိုလည်း မေးခဲ့ပါပြီ၊ အာပတ်မသင့်ခြင်းကိုလည်း မေးခဲ့ပါပြီ၊ ထိုမှတပါး အလားတူ ဖြစ်သော မေးသင့် မေးထိုက်သည့် အချက်ပေါင်း ဌာနပေါင်း များစွာကိုလည်း မေးခဲ့ပါပြီ။

ထို အရှင် ဝိစိတ္တာသာရာဘိဝံသသည် မေးတိုင်း မေးတိုင်းပင် ဆုတ်ဆိုင်းခြင်းမရှိ ရှင်းလင်း ဖြေဆိုခဲ့ပါပြီ၊ သို့ဖြစ်ပါ၍ နိဒါန်း ပဒဘာဇနီ အခြံအရံနှင့်တကွ ဤ ပဌမ သံဃာဒိသေသ သိက္ခာပုဒ်သည် အညစ်အကြေးကင်း၍ ကောင်းကောင်းကြီး သန့်ရှင်းစင်ကြယ်နေပါပြီ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျမံ တရားငါးပါးတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော ထို မြတ်စွာဘုရားသခင်၏ ပညတ်တော်မူခဲ့ရင်း ဟောတော်မူခဲ့ရင်း စကားတော်အစစ်ပင် ဖြစ်ပါသည် အရှင်ဘုရားတို့....။

သို့ဖြစ်ပါ၍ ရှေးအခါ ကာလက အရှင်မဟာကဿပ အစရှိသော ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် ဗြဟ္မစရိယ ဟု ခေါ်ဝေါ်သော သာသနာတော်၏ အရှည်တည်တန့်ခြင်း အကျိုးငှါ လူများအပေါင်း၏ အကျိုးစီးပွါး ဖြစ်ထွန်းခြင်း အကျိုးငှါ လောကကို စောင့်ရှောက်ခြင်း အကျိုးငှါ လူ နတ် များစွာတို့၏ အကျိုးစီးပွါး ချမ်းသာ ဖြစ်ထွန်းရန် အလို့ငှါ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ဓမ္မဝိနယ ခေါ်သော သုတ်ဝိနည်း အဘိဓမ္မာ တရားတော်တို့ကို ပဌမစ၍လည်း သံဂါယနာ တင်တော်မူခဲ့ကြပါကုန်ပြီ၊ ဒုတိယ တတိယ စတုတ္ထ ပဉ္စမတိုင်အောင်လည်း ထပ်ဆင့်၍ အနုသံဂါယနာ တင်ခဲ့ကြပါကုန်ပြီ။

ဤ နည်းအတူပင် ယခုအခါကာလ၌လည်း ဤ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ ပါဝင်လျက်ရှိကြသည့် ထေရ နဝ မဇ္ဈိမ ဖြစ်ကြသော အားလုံးသော ဘုရားတပည့်တော်တို့သည် အချို့သော ပုဂ္ဂိုလ်များက နှုတ်ဖြင့် ရွက်ဆိုတော်

မူကြွေလျက် အခြို့သော မထေရ်များက စိတ်နှလုံးဖြင့် နှလုံးသွင်းခါ ရွတ်ဆိုတော် မူကြွေလျက် ဂဏသဇ္ဈာယကို ပြုခါ သံဂါယနာ တင်ကြပါစို့....သက်တော်ရှည် အရှင် ဘုရားတို့....။

သုက္ကဝိဿဇ္ဇီ သံဃာဒိသိသ် သိက္ခာပုဒ် ပြီး၏။

ကာယသံသဂ္ဂ*စသော သံဃာဒိသိသ် သိက္ခာပုဒ်(၄)ပါး

(၂) ကာယသံသဂ္ဂသိက္ခာပုဒ်
(၃) ဒုဋ္ဌုလ္လ ဝါစာ သိက္ခာပုဒ်
(၄) အတ္တကာမ ပါရိစရိယာ သိက္ခာပုဒ်
(၅) သဉ္စရိတ္တ သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ ။ပ။ သမ္မာသမ္ဗုဒ္ဓေန မာတုကာ-မေန သဒ္ဓိံ ကာယသံသဂ္ဂံ သမာပဇ္ဇန္တဿ စ၊ မာတုဂါမံ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသန္တဿ စ၊ မာတုဂါမဿ သန္တိကေ အတ္တကာမ ပါရိစရိယာယ ဝဏ္ဏံ ဘာသန္တဿ စ၊ သဉ္စရိတ္တံ သမာပဇ္ဇန္တဿ စ သံဃာဒိသေသော ကတ္ထ ပညတ္တော။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တော။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ။ပ။ ထို မြတ်စွာဘုရားသည် မာတုဂါမနှင့် ကိုယ်လက် နှိုးနှောခြင်းသို့ ရောက်သော ရဟန်းအားငင်း၊ မာတုဂါမကို ရုန့်ရင်းကြမ်းထမ်းသော စကားတို့ဖြင့် ပြက်

---

* **ကာယသံသဂ္ဂစသည်၌ မှတ်ချက်။** ။ ၂။ မာတုဂါမ၏ ကိုယ်ကာယ၌ သာယာတပ်မက်သော ရာဂစိတ်ဖြင့် ထိပါး သုံးသပ်သော ရဟန်းအား သံဃာဒိသိသ် အာပတ် သင့်၏။

၃။ မာတုဂါမအား ဝစ္စမဂ် ပဿာဝမဂ် မေထုန်မှုတို့နှင့် စပ်၍ ရုန့်ရင်း ကြမ်းထမ်း ညစ်ညမ်းသောစကားကို သာယာတပ်မက်သော ရာဂစိတ်ဖြင့် ပြက်ရယ်ပြောဆိုသော ရဟန်း အား သံဃာဒိသိသ် အာပတ် သင့်၏။

၄။ မာတုဂါမထံ၌ မေထုန်ဖြင့် လုပ်ကျွေးပြုစုခြင်း၏ အကျိုးကျေးဇူးကို ပြောပြ လျက် မေထုန်ကာမဖြင့် ပြုစုလုပ်ကျွေးရန် တောင်းခံသော ရဟန်းအား သံဃာဒိသိသ် အာပတ် သင့်၏။

၅။ ယောကျ်ား မိန်းမ နှစ်ဦးတို့အား လင်မယားအဖြစ်သို့ ရောက်စေရန် စေ့စပ် ဆောင်ရွက်ပေးသော ရဟန်းအား သံဃာဒိသိသ် အာပတ် သင့်၏။

ဤအာပတ် လေးမျိုးကို အကြောင်းပြု၍ မေးသည်။

ရယ် ပြောဆိုသော ရဟန်းအားလုံး၊ မာတုဂါမ၏ အထံ၌ မိမိလိုလားအပ်သော မေထုန်ကာမဖြင့် ပြုစု လုပ်ကျွေးခြင်း၏ အကျိုးကျေးဇူးကို ပြောဟောသော ရဟန်းအားလုံး၊ အောင်တမန်သည်၏ အဖြစ်သို့ ရောက်သော ရဟန်းအားလုံး အကြင် သံဃာဒိသိသ် မည်သော အာပတ်အပေါင်းကို ပညတ်တော်မူခဲ့ပေ၏။ ထို သံဃဒိသိသ် မည်သော အာပတ်အပေါင်းကို ဘယ်မြို့ ဒေသ ဘယ်ဌာန၌ ပညတ် တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ပညတ္တော။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘဒ္ဒေ ဥဒါယိတ္ထေရံ အာရဗ္ဘ ပညတ္တော။

အမေး။ ။ထို လေးပါးသော သံဃာဒိသိသ် အာပတ်အပေါင်းကို အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို လေးပါးသော သံဃာဒိသိသ် အာပတ်အပေါင်းကို အရှင် ဥဒါယီ မထေရ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကိသ္မိံ အာဝုသော ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။အာယသ္မာ ဘဒ္ဒေ ဥဒါယိတ္ထေရော မာတုဂါမေန သဒ္ဓိံ ကာယသံသဂ္ဂံ သမာပဇ္ဇီ၊ အာယသ္မာ ယေဝ ဘဒ္ဒေ ဥဒါယိတ္ထေရော မာတုဂါမံ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသိ၊ အာယသ္မာယေဝ ဘဒ္ဒေ ဥဒါယိတ္ထေရော မာတုဂါမဿ သန္တိကေ အတ္တကာမ ပါရိ-စရိယာယ ဝဏ္ဏံ အဘာသိ၊ အာယသ္မာယေဝ ဘဒ္ဒေ ဥဒါယိတ္ထေရော သဉ္စရိတ္တံ သမာပဇ္ဇီ ံ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တော။

အမေး။ ။အဘယ်အကြောင်းဝတ္ထု အဘယ်သို့သော လွန်ကျူးမှုကြောင့် ထို လေးမျိုးသော သံဃာဒိသိသ်အာပတ် အပေါင်းကို ပညတ်တော် မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုရားမြတ်စွာ လက်ထက်တော် အခါ၌ အရှင်ဥဒါယီ မထေရ် သည် မာတုဂါမနှင့် တကွ ကိုယ်လက် နှိုးနှောခြင်းသို့ ရောက်ပါပြီ၊ ထို အရှင်ဥဒါယီ မထေရ်သည် ပင်လျှင် မာတုဂါမကို ရုန့်ရင်းကြမ်းတမ်းသော ဝစ္စမဂ် ပဿာဝမဂ် တို့နှင့် စပ်သော စကားတို့ဖြင့် ပြက်ရယ်ပြောဆိုခဲ့ပါပြီ၊ ထို အရှင်ဥဒါယီ မထေရ် သည် ပင်လျှင် မာတုဂါမ၏ အထံ၌ မိမိသည် အလိုရှိအပ်သော ကာမဂုဏ်ဖြင့်

လုပ်ကျွေးခြင်း၏ ကျေးဇူးစကားကို ပြောကြားခဲ့ပါပြီ၊ ထို အရှင်ဥဒါယီ မထေရ်သည်ပင်လျှင် အောင်တမန်သွားလာခြင်း အမှုသို့ ရောက်ခဲ့ပါပြီ၊ ဤလေးပါးသော အကြောင်းဝတ္ထု လွန်ကျူးမှုတို့ကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ဤလေးပါးသော သံဃာဒိသိသ် အာပတ်အပေါင်းကို ပညတ်တော်မူခဲ့ပါသည် အရှင်ဘုရား။

ကာယသံသဂ္ဂစသော သံဃာဒိသိသ် သိက္ခာပုဒ် ၄ ပါး ပြီး၏။

၆-ကုဋိကာရ* သံဃာဒိသိသ် သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော။ပ။ သမ္မာသမ္ဗုဒ္ဓေန သညာစိကာယ ကုဋိံ ကာရာပေန္တဿ သံဃာဒိသေသော ကတ္ထ ပညတ္တော။

ဝိဿဇ္ဇနာ။ ။အာဠဝိယံ ဘန္တေ ပညတ္တော။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထို မြတ်စွာဘုရားသည် အလုပ်အကိုင်ပြုရန် ယောကျ်ား အကူအညီကို ပေးပါလော့၊ ယောကျ်းပြုအပ်သော အမှုကိစ္စကို ပြုလုပ်၍ ပေးပါလော့၊ နွားကို ပေးပါလော့၊ လှည်းကို ပေးပါလော့၊ ကျွှဲသို့ စသည်ဖြင့် အလှူခံတောင်းဆို၍ ရသော သစ် ဝါး စသော အဆောက်အဦဖြင့် နေထိုင်ရန် အတွင်းအပလိမ်းကျံသော ကုဋီကျောင်းကို ဆောက်လုပ်စေသော ရဟန်းအား အကြင်သံဃာဒိသိသ် အာပတ်အပေါင်းကို ပညတ်တော်မူခဲ့ပေ၏။ ထို သံဃာဒိသိသ် အာပတ်အပေါင်းကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အာဠဝီပြည် အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ပညတ္တော။

ဝိဿဇ္ဇနာ။ ။အာဠဝိကေ ဘန္တေ ဘိက္ခူ အာရဗ္ဘ ပညတ္တော။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထို ကုဋီကာရ သံဃာဒိသိသ် သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

---

* ကုဋီကာရ၌ မှတ်ချက်။ ။ကုန္တီယ ကုလားအိမ်များကဲ့သို့မြေညက်ဖြင့် အတွင်း အပလိမ်းကျံသော ကုဋီကျောင်းကို ကျောင်းဒါယကာမရှိဘဲ ကိုယ်တိုင်တောင်းရမ်း အလှူခံ၍ ဆောက်လုပ်စေလျှင် သံဃာကညွှန်ကြားသော နေရာ၌သာလျှင် အလျားအားဖြင့် ဘုရားအုတ္ထာတော်ဖြင့် ၁၂-ထွာ၊ အနံ ၇-ထွာမျှသာ ဆောက်လုပ်စေရ၏၊ ထို့ထက်ပို့လွန်၍ ဖြစ်စေ၊ သံဃာကမညွှန်ကြားအပ်သော နေရာ၌ဖြစ်စေ၊ ဆောက်လုပ်စေလျှင် သံဃာဒိသိသ် အာပတ် သင့်၏။

အဖြေ။ ။အာဌဝီပြည်သား ရဟန်းများကို အကြောင်းပြု၍ ထို ကုဋိကာရ သံဃာဒိသိသ် သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကိသ္မိံ အာဝုသော ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။အာဌဝိကာ ဘန္တေ ဘိက္ခူ။ သညာစိကာယော ကုဋိယော ကာရာပေသု၊ တသ္မိ ဘန္တေ ဝတ္ထုသ္မိ ပညတ္တော။

အမေး။ ။ဘယ်အကြောင်းဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို ကုဋိကာရ သံဃာဒိသိသ် သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အာဌဝီပြည်သား ရဟန်းတို့သည် မြက်ကိုပေးပါ၊ မြေညက်ကို ပေးပါ၊ လှည်းကို ပေးပါ၊ နွားကိုပေးပါ၊ ဓားကို ပေးပါ၊ ပဲကွပ်ကို ပေးပါ ဤသို့ စသည်ဖြင့် ကိုယ်တိုင် ကိုယ်ကျ တောင်းအပ်သော အဆောက်အဦရှိသော အတွင်း အပလိမ်းကျံသော နေရာကုဋီတို့ကို ပြုလုပ်ကြစေပါကုန်ပြီ။ ထိုသို့ အာဌဝီပြည်သား ရဟန်းတို့ကိုယ်တိုင် တောင်းအပ်သော အဆောက်အဦဖြင့် နေရာကုဋီကို ပြုလုပ်စေသော အကြောင်းဝတ္ထု လွန်ကျူးမှု၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ကုဋိကာရ သံဃာဒိသိသ် သိက္ခာပုဒ် ပြီး၏။

၇-ဝိဟာရကာရ သံဃာဒိသိသ် သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော။ပ။ သမ္မာသမ္ဗုဒ္ဓေန မဟလ္လကံ ဝိဟာရံ ကာရာပေန္တဿ သံဃာဒိသေသော ကတ္ထ ပညတ္တော။

ဝိဿဇ္ဇနာ။ ။ကောသမ္မိယံ ဘန္တေ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထို မြတ်စွာဘုရားသည် ဆောက်လုပ်သူ ဒါယကာ ရှိသဖြင့် ကြီးစွာသော ကျောင်း ဟု ဆိုအပ်သော အတွင်း အပလိမ်းကျံသော မဟလ္လကဝိဟာရ ကျောင်းမျိုးကို ဆောက်လုပ်စေသော ရဟန်းအား အကြင် သံဃာဒိသိသ် မည်သော အာပတ်အပေါင်းကို ပညတ်တော် မူခဲ့ပေ၏၊ ထို သံဃာဒိသိသ် အာပတ်အပေါင်းကို အဘယ်မြို့ဒေသ အဘယ်ဌာန၌ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

---

*မဟလ္လကဝိဟာရ၌ မှတ်ချက်။ ။ကျောင်းဒါယကာရှိလျှင် အလိုရှိသလောက် ကြီးကျယ်စွာ ဆောက်လုပ်စေနိုင်၏၊ သို့သော် အတွင်း အပ လိမ်းကျံသော ကျောင်းဖြစ်လျှင် သံဃာကညွှန်ကြားသော နေရာ၌သာလျှင် ဆောက်လုပ်စေရ၏၊ သံဃာက မညွှန်ကြားသောနေရာ၌ ဆောက်လုပ်စေလျှင် သံဃာဒိသိသ် အာပတ် သင့်၏။

အဖြေ။ ။ကောသမ္ဗိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဇ္ဈ ပညတ္တော။
ဝိဿဇ္ဇနာ။ ။အာယသ္မန်တံ ဘန္တေ ဆန္နတ္ထေရံ အာရဇ္ဈ ပညတ္တော။

အမေး။ ။အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထို မဟာလွက ဝိဟာရ သံဃာဒိသိသ် သိက္ခာပုဒ်ကို ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်ဆန္နမထေရ်ကို အကြောင်းပြု၍ ထို မဟာလွက ဝိဟာရ သံဃာဒိသိသ် သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကိသ္မိံ အာဝုသော ဝတ္ထုသ္မိံ ပညတ္တော။
ဝိဿဇ္ဇနာ။ ။အာယသ္မာ ဘန္တေ ဆန္နော ဝိဟာရဝတ္ထုံ သောဓေန္တော အညတရံ စေတိယရုက္ခံ ဆေဒါပေသိ ဂါမပ္ပဒေါတံ နိဂမပ္ပဒေါတံ နဂရပ္ပဒေါတံ ဇနပဒပ္ပဒေါတံ ရဋ္ဌပ္ပဒေါတံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တော။

အမေး။ ။အဘယ်အကြောင်းဝတ္ထု အဘယ်သို့သော လွန်ကျူးမှုကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင် ဆန္န မထေရ် မြတ်သည် ကျောင်းနေရာကို သုဓ်သင်စေသော အခါ တရွာလုံးသည် လေးစားကော်ရော် ပူဇော်အပ်သော တမြို့လုံးသည် လေးစားကော်ရော် ပူဇော် အပ်သော ဇနပုဒ် တခုလုံးသည် လေးစားကော်ရော် ပူဇော်အပ်သော တတိုင်းလုံးသည် လေးစားကော်ရော် ပူဇော်အပ်သော စေတိယရုက္ခ အမည်ရသည့် တခုသော နတ်ကွန်းသစ်ပင်ကို ဖြတ်တောက်စေပါပြီ။ ထိုသို့ အရှင်ဆန္န မထေရ်၏ စေတိယရုက္ခ အမည်ရသော နတ်ကွန်းသစ်ပင်ကို ဖြတ်စေသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို ဝိဟာရကာရသိက္ခာပုဒ်ကို သဗ္ဗညူ မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ဝိဟာရကာရ သံဃာဒိသိသ် သိက္ခာပုဒ် ပြီး၏။

၈-၉-ဒုဋ္ဌဒေါသ သံဃာဒိသိသ် သိက္ခာပုဒ် နှစ်ပါး

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဘိက္ခုံ အမူလကေန ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေန္တဿ စ၊ ဘိက္ခုံ အညဘာဂိယဿ အဓိကရဏဿ ကိဉ္စိဒေသံ လေသမတ္တံ ဥပါဒါယ ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေန္တဿ စ သံဃာဒိသေသော ကတ္ထ ပညတ္တော။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ပညတ္တော။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထို မြတ်စွာဘုရားသည် အကြောင်းအရင်း အခြေအမြစ် မရှိပါဘဲ၊ ရဟန်းကို ပါရာဇိက အာပတ်ဖြင့် စွပ်စွဲသော ရဟန်းအားငင်း၊ အခြားတပါးသော ပုဂ္ဂိုလ် စသည်နှင့် သက်ဆိုင်သော မှုပြစ်တစုံတရာကို အစွဲပြု၍ ထိုမှုပြစ်နှင့် မဆိုင်သော ရဟန်းကို ပါရာဇိက အာပတ်ဖြင့် စွပ်စွဲသော ရဟန်းအားငင်း အကြင်သံဃာဒိသိသ် အမည်ရှိသော အာပတ်အပေါင်းကို ပညတ်တော် မူခဲ့ပေ၏။ ထိုသံဃာဒိသိသ် မည်သော အာပတ်အပေါင်းကို ဘယ်မြို့ဒေသ ဘယ်ဌာနဌာ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်မည်မှတ် ပြည်အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။မေတ္တိယဘူမကာ ဘန္တေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တော၊
မေတ္တိယဘူမကာ ဘန္တေ ဘိက္ခူ။ အာယသ္မန္တံ ဒဗ္ဗံ မလ္လပုတ္တံ အမူလကေန ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေသုံ၊ တေ ယေဝ ဘန္တေ မေတ္တိယဘူမကာ ဘိက္ခူ။ အာယသ္မန္တံ ဒဗ္ဗံ မလ္လပုတ္တံ အညဘာဂိယဿ အဓိကရဏဿ ကိဉ္စိဒေသံ လေသမတ္တံ ဥပါဒါယ ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ၊ ပညတ္တော။

အမေး။ ။ထို နှစ်မျိုးသော သံဃာဒိသိသ် အာပတ် အပေါင်းကို ဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှု ဘယ်သို့သော အကြောင်း ဝတ္ထုမျှားဖြင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို နှစ်မျိုးသော သံဃာဒိသိသ် အာပတ်အပေါင်းကို မေတ္တိယ ရဟန်း ဘူမဇကရဟန်း တည်းဟူသော ဆဗ္ဗဂ္ဂိုဂိုဏ်းဝင် ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ထို မေတ္တိယ ဘူမဇက ရဟန်းတို့သည် ရဟန္တာစင်စစ် ဖြစ်တော်မူ၍ တစုံတခု အပြစ်မရှိသော မလ္လာမင်း၏သား ဖြစ်တော်မူသော သံဃာတော်တို့၏ နေရာခင်း ခြင်း သံဃာတော်တို့အား ဆွမ်းညှန်းခြင်း တည်းဟူသော သံဃကိစ္စ ဝေယျာဝစ္စကို ဆောင်ရွက်လေ့ရှိသော အရှင်ဒဗ္ဗကို အခြေအမြစ် အလျဉ်းမရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲကြပါကုန်သည်၊ ထိုသို့ မေတ္တိယဘူမဇက ရဟန်းတို့သည် အရှင်ဒဗ္ဗ မထေရ်ကို မြင်ခြင်း ကြားခြင်း ရှဲရှာခြင်း တည်းဟူသော အခြေအမြစ်အလျဉ်းမရှိ

သည့် ပါရာဇိကအာပတ်ဖြင့် စုပ်စဲ့သော အကြောင်း၌ ပဌမဒုဋ္ဌဒေါသ သံဃာဒိသိသ် အာပတ်ကို ပညတ်တော်မူအပ်ပါသည်။

ထို မေတ္တိယ ဘူမဇကရဟန်းတို့သည် ဤမျှဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိကြ စိတ်မကျေမချမ်း ရှိကြသဖြင့် ဂိဇ္ဈကဋ္ဌတောင်မှ ဆင်းလာသော အခါ ဆိတ်မ၌ ဖောက်ပြန်မှားယွင်းစွာ ကျင့်ကြံသော ဆိတ်ဖို့ကို မြင်ရ၍၊ ငါရှင်တို့.... ငါတို့သည် ဤ ဆိတ်ဖို့ကို ဒဗ္ဗဟူသော အမည်ကို မှည့်ကြကုန်အံ့၊ ဤ ဆိတ်မကို မေတ္တိယာဘိက္ခုနီ ဟူသော အမည်ကို မှည့်ကြကုန်အံ့ ဟု တိုင်ပင်ညှိညှိတ်ကြပြီးလျှင် ဆိတ်ဖို့ကို ဒဗ္ဗ ဟု အမည်မှည့် ဆိတ်မကို မေတ္တိယာ ဟု အမည်မှည့်ကြပြီးလျှင် ရဟန်းတော်အရှင်တို့၏ ထံမှောက်သို့ ရောက်လတ်သောအခါ ရှေးအခါဝယ် ငါတို့သည် အရှင်ဒဗ္ဗကို သတင်းကြားမျှဖြင့် စုပ်စဲ့ကြပါကုန်သည်၊ ယခုသော်မူ ငါတို့သည် ဒဗ္ဗ၏ မေတ္တိယဒ္ဌ ဖောက်ပြန်မှားယွင်းစွာ ကျင့်သည်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရပါသည်ဟု သူတပါးကို ရည်ညွှန်းခြင်းရှိ၍ အမည်နာမ ပညတ်လောက်သာ ငြိကပ်ခြင်းရှိသော အဓိကရဏ်းကို အစဲ့ပြုပြီးလျှင် အရှင်ဒဗ္ဗ ရဟန္တာမထေရ်မြတ်ကို မြင်ခြင်း ကြားခြင်း ရှဲရှာခြင်း အခြေအမြစ် အလျဉ်းမရှိသော ပါရာဇိက အာပတ်ဖြင့် တဖန် ထပ်၍ စုပ်စဲ့ကြပြန်ပါသည်၊ ထိုသို့ စုပ်စဲ့သော အကြောင်းဝတ္ထု၌ နှစ်ခုမြောက် ဖြစ်သော ဒုဋ္ဌဒေါသ သံဃာဒိသေသ သိက္ခာပုဒ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ဒုဋ္ဌဒေါသ သံဃာဒိသိသ် သိက္ခာပုဒ် နှစ်ပါး ပြီး၏။

၁၀-သံဃဘေဒက သံဃာဒိသိသ် သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန သံဃ-ဘေဒကဿ ဘိက္ခုနော ယာဝတတိယံ သမနုဘာသနာယ အပ္ပဋိ-နိဿဇ္ဇနဿ သံဃာဒိသေသော ကတ္ထ ပညတ္တော။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ပညတ္တော။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထို မြတ်စွာဘုရားသည် သံဃာကဲ့ပြားအောင် လုံ့လပြုသဖြင့် သံဃာတော်က ဥာတ်နှင့်တကွ သုံးကြိမ်တိုင်တိုင်သော သမနုဘာသန ကမ္မဝါဖြင့် ဆိုဆုံးမပါသော်လည်း မိမိ၏ လုပ်ငန်းစဉ်ကို မစွန့်မူ၍ သံဃာကဲ့ပြားအောင် အားထုတ်မြဲ အားထုတ်နေသော ရဟန်းအား အကြင် သံဃာဒိသိသ် မည်သော အာပတ်အပေါင်းကို ပညတ်ထားတော်မူခဲ့ပေ၏။ ထို သံဃာဒိသိသ် မည်သော အာပတ်အပေါင်းကို အဘယ်မြို့ဒေသ အဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါရှင်။

အဖြေ။ ။သံဃာသင်းကဲ့အောင် လုံ့လကြိုးကုတ် အားထုတ်သဖြင့် သံဃာတော် အရှင်မြတ်တို့က ဤတ်နှင့်တက္ခ သုံးကြိမ်တိုင်တိုင် ဆုံးမသော သမနုဘာသနကမ္မဝါဘတ်၍ အထပ်ထပ် ဆုံးမသော်လည်း မိမိ၏ လုပ်ငန်းစဉ်ကို မစွန့်သဖြင့် ရောက်စေ သင့်စေ ဟု ပညတ်တော်မူအပ်သော သံဃာဒိသိသ် မည်သော ထို အာပတ်အပေါင်းကို သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။ဒေဝဒတ္တံ ဘန္တေ အာရဗ္ဘ ပညတ္တော။

ဒေဝဒတ္တော ဘန္တေ သမဂ္ဂဿ သံဃဿ ဘေဒါယ ပရက္ကမိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တော။

အမေး။ ။အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း ဝတ္ထု အဘယ်သို့သော လွန်ကျူးမှုကြောင့် ထို သံဃာဘေဒက သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အကြောင်းဝတ္ထု လွန်ကျူးမှုကို သိသာအောင် လျှောက်ထားပါဦးအံ့၊ သဗ္ဗညု မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေလျော် နေတော်မူသောအခါ ရှင်ဒေဝဒတ်သည် ကောကာလိက အစရှိသော သူ၏ နောက်ပါ ရဟန်းများနှင့် တိုင်ပင်၍ သဗ္ဗညုမြတ်စွာဘုရားထံမှောက် ရောက်ရှိပြီးလျှင် ဤသို့ လျှောက်ထားတောင်းပန်ပါသည်၊ ရှင်တော်ဘုရား....ရဟန်းတို့သည်—

(၁) အသက်ထက်ဆုံး တောကျောင်းမှာ နေကြပါစေ၊ ရွာကျောင်းသို့ ကပ်သော ရဟန်းအား အာပတ်သင့်ပါစေ။

(၂) ရဟန်းတော်မှန်သမျှ 'ပိဏ္ဍပါတိက' ပိဏ္ဍပါတ်ဆွမ်းကို သုံးဆောင်တော်မူကြပါစေ၊ ဒါယကာတို့ ပင့်ဖိတ်လှူဒါန်းသော ဆွမ်းကို သုံးဆောင်က အာပတ်သင့်ပါစေ။

(၃) ရဟန်းတော်မှန်က ပံသုကူ သင်္ကန်းကို ဝတ်ရုံသုံးဆောင် ကြပါစေ၊ ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ဝတ်ရုံဆင်မြန်းသော ရဟန်းအား အပြစ်အာပတ် သင့်ပါစေ။

(၄) ရဟန်းတော် မှန်သမျှ သစ်ပင်ရင်း ကျောင်း၌ နေကြ ပါစေ၊ တဘက်ရပ် နှစ်ဘက်ရပ် အစရှိသော အမိုးရှိသော ကျောင်း၌ နေသော ရဟန်းအား အပြစ်အာပတ် သင့်ပါစေ။

(၅) ရဟန်းတော် မှန်သမျှ အမဲ သားငါး မစားဘဲ သက်သတ်လွတ်သာစားကြပါစေ၊ အမဲ သားငါးကို စားသော ရဟန်းအား အာပတ် သင့်ပါစေ ဟု ဤသို့ လျှောက်ထား တောင်းပန်ပါသည်။

ဤအကြောင်း ဝတ္ထုငါးပါးကို ဘုရားထံမှောက် တောင်းယူသောအခါ မြတ်စွာဘုရား လက်မခံသဖြင့် ရာဇဂြိုဟ်ပြည်တွင်းသို့ လှည့်လည်ပြီးလျှင် ဒါယကာ ဒါယိကာမတို့အား ဤသို့ ဝါဒဖြန့် ပြောကြားကြပါသည်၊ ငါတို့သည်—

(၁) အမြဲတစေ တောကျောင်း၌ နေကြပါသည်။

(၂) အမြဲတစေ ဆွမ်းခံ၍သာ မျှတကြစေပါသည်။

(၃) အမြဲတစေ ပံသုကူသက်န်းကိုသာ ဆင်မြန်း ဝတ်ရုံကြပါသည်။

(၄) အမြဲတစေ ရုက္ခမူသစ်ပင်ရင်း ကျောင်း၌သာ ကိန်းအောင်းကြပါသည်။

(၅) အမြဲတစေ အမဲ သားငါး မစားဘဲသက်သတ်လွတ် စားကြပါသည်။

ရဟန်းကြီး ဂေါတမမူကား ဤ ဆိုအပ်ပြီးသော အကြောင်းဝတ္ထု ငါးပါးကို လက်မခံပါ ဟု ဒါယကာ ဒါယိကာမတို့အား ပြောကြားကြသောအခါ သဒ္ဓါတရား နည်းပါး၍ ပညာခေါင်းပါးသော ဒကာ ဒကာမတို့သည် ဒေဝဒတ်အမှူးရှိသော သံဃာတို့သာလျှင် အလိုနည်းကြပေကုန်၏၊ ရောင့်ရဲလွယ်ကြပေကုန်၏၊ ကိလေသာ ခေါင်းပါးသော အကျင့်ကို ကျင့်ကြပေကုန်၏၊ ရဟန်းကြီး ဂေါတမသည်ကား ကိလေသာ များဘို့ရန် လေ့လာအားထုတ်၏ ဟူ၍ ကဲ့ရဲ့ကြပါကုန်သည်။

အကြင် ဒါယကာ ဒါယိကာမတို့သည် သဒ္ဓါတရား ပညာတရား ထင်ရှားရှိကြပါကုန်၏၊ ထို့သို့ သဒ္ဓါ ပညာတရားနှစ်ပါး ထင်ရှားရှိကြသဖြင့် ယထာဘူတ နေရာတကျ သိမြင်ကုန်သော သူတော်စင် ဒကာ ဒကာမတို့သည် ဒေဝဒတ်သည် မြတ်စွာဘုရားရှင်၏ သံဃာ သင်းကဲ့ရန်အလို့ငှါ လုံ့လကြိုးကုတ် အားထုတ်ဘိ၏ဟူ၍ ကဲ့ရဲ့ကြပါကုန်သည်၊ ဤသို့လျှင် သံဃာတော် အသင်းအပင်း ကဲ့ပြားခြင်းငှါ ဒေဝဒတ်သည် လုံ့လကြိုးကုတ် အားထုတ် ပြုလုပ်ခဲ့ပါသည်။ထို့သို့ အရှင်ဒေဝဒတ်၏ သံဃာတော် ကဲ့ပြားရန်အလို့ငှါ လုံ့လကြိုးကုတ် အားထုတ်သော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် “သံဃဘေဒက သံဃာဒိသေသ ”အာပတ် အပေါင်းကို သဗ္ဗညူမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

သံဃဘေဒက သံဃာဒိသိသ် သိက္ခာပုဒ် ပြီး၏။

၁၁-ဘေဒါနုဝတ္ထုက သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဘေဒါနုဝတ္ထုကာနံ ဘိက္ခူနံ ယာဝတတိယံ သမနုဘာသနာယ အပ္ပဋိနိဿဇ္ဇန္တာနံ သံဃာဒိသေသော ကတ္ထ ပညတ္တော။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ပညတ္တော။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထို မြတ်စွာဘုရားသည် သံဃာကဲ့ပြားအောင် လုံ့လပြုသော ရဟန်းသို့ အတုလိုက်၍ ပြောဟော ကျင့်သုံးနေကြသဖြင့် သံဃာတော်က ဉာတ်နှင့်တကွ သုံးကြိမ်သော သမနုဘာသန ကမ္မဝါဖြင့် ဆို ဆုံးမပါသော်လည်း မိမိတို့ ဟောပြောပြသမှု လုပ်ငန်းစဉ်ကို မစွန့်လွှတ်ဘဲ သံဃာကဲ့ပြားအောင် လုံ့လပြုသော ရဟန်းသို့ အတုလိုက်၍ ပြုမူဟောပြောမြဲပင် ဟောပြော၍နေသော ရဟန်းတို့အား အကြင် သံဃာဒိသိသ် မည်သော အာပတ် အပေါင်းကို ပညတ်ထားတော် မူခဲ့ပေ၏။ ထိုသံဃာဒိသိသ် မည်သော အာပတ် အပေါင်းကို အဘယ်မြို့ဒေသ အဘယ်ဌာန၌ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သံဃာ သင်းကဲ့အောင် လုံ့လကြိုးကုတ် အားထုတ်သော ရဟန်း၏ အတုလိုက်၍ ကျင့်ကြံသော ရဟန်းတို့အား ဘုရားသဗ္ဗညူ ပညတ်တော် မူအပ်သော သံဃာဒိသိသ် မည်သော အာပတ် အပေါင်းကို ရာဇဂြိုဟ်ခေါ်မှတ် ပြည် အရပ်၌ပင် ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။သမ္ဗဟုလေ ဘန္တေ ဘိက္ခူ အာရဗ္ဘ ပညတ္တော၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဒေဝဒတ္တဿ သံဃာဘေဒါယ ပရက္ကမန္တဿ အနုဝတ္တကာ အဟေသုံ ဝဂ္ဂဝါဒကာ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တော။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်အကြောင်း ဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို “ဘေဒါနုဝတ္ထုက” သိက္ခာပုဒ်ကို မြတ်စွာဘုရား သခင် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောကာလိက အစရှိသော ဒေဝဒတ်၏ နောက်လိုက် ရဟန်းများစွာတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ကောကာလိက အစရှိသော ဒေဝဒတ်၏ နောက်လိုက် ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူပုံ အကြောင်း ဝတ္ထုကို အနည်းငယ်မျှ လျှောက်ထား လိုပါသည်။

ရာဇဂြိုဟ်ပြည်အရပ်၌ ဘုရားမြတ်စွာ သီတင်းသုံးနေတော်မူစဉ် သိက္ခာကာမ လဇ္ဇီပေသလ ရဟန်းတော်တို့သည် ကောကာလိက အစရှိသော ဒေဝဒတ်၏ နောက်

လိုက် ရဟန်းတို့ မျက်မှောက်၌ ဒေဝဒတ်သည် အဓမ္မကို ပြောကြားသည်၊ ဒေဝဒတ်သည် ဝိနည်း မဟုတ်သည်ကို ပြောကြားသည် ဟု သိက္ခာကာမ လဇ္ဇီပေသလ ရဟန်းတော်တို့က ပြောဆိုသောအခါ....

ကောကာလိက အစရှိသော ဒေဝဒတ်၏ နောက်လိုက် ရဟန်းတော်တို့က "မာအာယသ္မန္တော ဧဝံ အဝစုတ္ထ" အရှင်ဘုရားတို့....ဤသို့ မပြောကြပါကုန်လင့်....။ ဒေဝဒတ်သည် တရားကိုသာ ဆိုလေ့ရှိပါသည်၊ ဒေဝဒတ်သည် ဝိနည်းကိုသာ ဆိုလေ့ ရှိပါသည်၊ တပည့်တော်တို့သည် ရှင်ဒေဝဒတ်၏ အလိုဆန္ဒကိုငဲ့၊ အကြိုက် ရုစိကိုငဲ့ သိပါသည်၊ တပည့်တော်တို့၏ အလိုဆန္ဒ သဘောတူညီချက်ကို ရယူ၍ ရှင်ဒေဝဒတ် ပြောကြားခြင်း ဖြစ်ပါသည် ဟု သံဃာသင်းကဲ့အောင် အားထုတ်သော ဒေဝဒတ်၏ အယူကို အတုယူ လိုက်ပါကျင့်ကြံကြပါသည်။

ဤသို့လျှင် ကောကာလိက အစရှိသော ဒေဝဒတ်၏ နောက်လိုက်နောက်ပါ ရဟန်းအပေါင်းတို့ သံဃာသင်းကဲ့အောင် အားထုတ်နေသော ဒေဝဒတ်၏ အယူကို အတုလိုက်ကာ အားပေးအားမြှောက် ကျင့်ကြံပြောဆိုသော အကြောင်းဝတ္ထုလွန်ကျူးမှုကြောင့် ထို "ဘေဒါနုဝတ္တက သံဃာဒိသေသ" သိက္ခာပုဒ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဘေဒါနုဝတ္တက သံဃာဒိသိသ် သိက္ခာပုဒ် ပြီး၏။

၁၂-ဒုဗ္ဘစ, သံဃာဒိသိသ် သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဒုဗ္ဘစသဲ ဘိက္ခုနော ယာဝတတိယံ သမနုဘာသနာယ. အပ္ပဋိနိဿဇ္ဇန္တသဲ သံဃာဒိသေသော ကတ္ထ ပညတ္တော။

ဝိဿဇ္ဇနာ။ ။ကောသမ္မိယံ ဘန္တေ ပညတ္တော။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထို မြတ်စွာဘုရားသခင်သည် သီတင်းသုံးဖော်အချင်းချင်း အကြောင်းဖြင့် တရားဝိနည်းဖြင့် ဆိုဆုံးမသည်ကို လက်မခံဘဲ ငြင်းဆန်ကာ ဆိုဆုံးမခက်သော သဘောသို့ ရောက်နေသဖြင့် သံဃာတော်က ဉာတ်နှင့်တကွ သုံးကြိမ်သော သမနုဘာသန ကမ္မဝါဖြင့် ဆိုဆုံးမပါသော်လည်း မိမိ၏ စွဲလမ်းချက်ကို မစွန့်လွှတ်ဘဲ အပြောအဆို ခက်မြဲပင် ဖြစ်နေသော ရဟန်းအား အကြင် သံဃာဒိသိသ် မည်သော အာပတ်အပေါင်းကို ပညတ်ထားတော်မူခဲ့ပေ၏။ ထိုသံဃာဒိသိသ် မည်သော အာပတ်အပေါင်းကို အဘယ်မြို့ဒေသ အဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောသမ္ဗီပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင် ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘဒ္ဒေ့ ဝ ဆန္နံ အာရဗ္ဘ ပညတ္တော၊ အာယသ္မာ ဘဒ္ဒေ့ ဆန္နော ဘက္ခူဟိ သဟဓမ္မိက ဝုစ္စမာနော အတ္တာန အဝစနီယံ အကာသိ၊ တသ္မိံ ဘဒ္ဒေ့ ဝတ္ထုသ္မိံ ပညတ္တော။

အမေး။ ။အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း ဝတ္ထု လွန်ကျူးမှုကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုရားအလောင်းတော် တောထွက်တော်မူသောအခါ မကွာ တကွ နောက်တော်မှ လိုက်ပါခဲ့သည့် ဆန္နအမတ်မှ ရဟန်းအဖြစ်သို့ ရောက်ရှိလာသော ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ ထို့သို့ ပညတ်တော်မူပုံကို အနည်းငယ် လျှောက်ထားလိုပါသည်။

သဗ္ဗညုမြတ်စွာဘုရား ကောသမ္ဗီပြည်အရပ်၌ သီတင်းသုံးနေတော်မူသော အခါ အရှင်ဆန္နမထေရ်သည် မလျောက်ပတ်သော သာသနာတော်၌ မအပ်မစပ်သော အကျင့်ကို ကျင့်ဆိုသဖြင့် ရဟန်းတော်အရှင်မြတ်တို့က ငါ့ရှင်.... ဤသို့ သဘောရှိသော အမှုကို မပြုပါလင့်၊ ဤသို့သဘောရှိသော အပြောအဆိုမျိုးကို မပြောပါလင့်၊ ဤသို့သော အပြု ဤသို့သော အပြောသည် သာသနာတော်၌ မအပ်မစပ်ပါ ဟု ဆိုင်ရာ ဆိုင်ရာ သိက္ခာပုဒ်ကို ပြ၍ ပြောဆိုဆုံးမအပ်သည်ရှိသော် အရှင်ဆန္နမထေရ်က--

"ကိံ နုခေါ နာမ တုမ္ဟေ အာဝုသော မံ ဝတ္တုံ မညထ" ငါ့ရှင်တို့....ငါ့ရှင်တို့က ငါ့ကိုမျှား အဆုံးအမ စကားပြောရမည့် ပုဂ္ဂိုလ်ဟူ၍ မှတ်ကြပါသလား၊ တကယ် စင်စစ် ဆိုတော့ ငါကသာလျှင် ငါ့ရှင်တို့ကို အဆုံးအမစကား ပြောရမည့် ပုဂ္ဂိုလ် ဖြစ်ပါသည်၊ ယခုဘုရားကား ငါတို့၏ ဘုရားဖြစ်သည်၊ ငါတို့၏ အရှင့်သား ပိုင်းခြား ကုန်စင် သိမြင်သော တရားဖြစ်သဖြင့် ငါ့ရှင်တို့ ကျင့်ကြံ အားထုတ်သော တရား မျှားသည်လည်း ငါတို့၏ တရားမျှားသာ ဖြစ်ကုန်သည်၊ လောကဥပမာ ပုံတူရာရှာ၍ ညွှန်ပြရပါမူကား ပြင်းစွာ တိုက်ခတ်အပ်သော လေပြင်းမုန်တိုင်းသည် အရပ် လေးမျက်နှာမှ မြက် သစ်ခက် သစ်ရွက် အမှိုက်သရိုက် အစရှိသော အစုစုအရပ်ရပ်ကို တပေါင်းတည်း စုဝေးဘိသကဲ့သို့ဂင်း၊ ဥပမာ တနည်းသော်ကား တောင်မှ စီးဆင်းလာသော မြစ်သည် မျော်ဆွေး မျော်ကြီး မျော်သေး အစရှိသော အစုစု အရပ်ရပ်ကို တပေါင်းတည်း စုဘိသကဲ့သို့ဂင်း၊ ထို့အတူ ငါ့ရှင်တို့သည်လည်း အမည် အမျိုးမျိုး အနွယ်အမျိုးမျိုး ဇာတ်အမျိုးမျိုး ကုလဓေါ်သောအမျိုး-အမျိုးမျိုး တို့မှ ရဟန်းပြုကြသဖြင့် ငါ့ရှင်တို့ကို ငါတို့၏ ဘုရားကသာလျှင် တပေါင်းတစုထည်း စု၍ ထားအပ်ပါကုန်သည်၊ သို့ရကား ငါ့ရှင်တို့သည် ငါ့အား ဆိုဆုံးမစကား ပြော

ကြားအပ်၏ ဟူ၍ မမှတ်သင့် မမှတ်ထိုက်ပါကုန်၊ ငါကသာလျှင် ငါ့ရှင်တို့ကို ငါတို့၏ ဘုရား ငါတို့၏တရားဖြစ်သောကြောင့် ဆိုဆုံးမစကား ပြောကြားထိုက်ပါသည် ဟု မိမိကို ရဟန်းတော်တို့က အဆုံးအမသြဝါဒ မပေးနိုင်အောင် အပြောခက် အဆိုခက် အဆုံးအမခက်၍ ဒုဗ္ဘစ အမှုကို ပြုမှုးခဲ့ပါပြီ။

ထိုသို့ အရှင်ဆန္နမထေရ်၏ ပြုမှုးသော အဆိုဆုံးမခက်ခြင်း ဆိုဆုံးမမခံခြင်း ဟူသော လွန်ကျူးမှုကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ထိုသို့ ရဟန်းတော်တို့က သိက္ခာပုဒ်ဖြင့် ပြ၍ ဆုံးမသည်ရှိသော် မိမိကိုယ်ကို မပြောမဆိုရအောင် ဟန့်တား ပိတ်ပင်သော ရဟန်းအား သုံးကြိမ်တိုင်အောင် ဥာတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရမည်၊

သုံးကြိမ်တိုင်တိုင် ဥာတ်ကမ္မဝါစာဖြင့် ဆိုဆုံးမ၍မှ မိမိပြုမြဲ ပြောမြဲဖြစ်သော ဒုဗ္ဘစ အမှုကို မစွန့်သော ရဟန်းအား သံဃာဒိသိသ် မည်သော အာပတ်အပေါင်း သင့်စေ ရောက်စေ ဟူ၍ အရှင်ဆန္နမထေရ်၏ လွန်ကျူးမှု အကြောင်းဝတ္ထုကြောင့် ဤဒုဗ္ဘစ သံဃာဒိသိသ် အာပတ်အပေါင်းကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ဒုဗ္ဘစ သံဃာဒိသိသ် သိက္ခာပုဒ် ပြီး၏။

၁၃-ကုလဒူသက သံဃာဒိသိသ် သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ကုလ-ဒူသကဿ *ဘိက္ခုနော ယာဝတတိယံ သမနုဘာသနာယ အပ္ပဋိ-နိဿဇ္ဇန္တဿ သံဃာဒိသေသော ကတ္ထ ပညတ္တော။

---

*ကုလဒူသက သိက္ခာပုဒ် မှတ်ချက်။ ။ရဟန်းတော်တို့သည် သီလ အစရှိသော ကောင်းသောအကျင့်နှင့် ပြည့်စုံကြပါပေသည်၊ ထိုရဟန်းသံဃာတော်တို့အား ရှိသေခြင်း ပေးလှူခြင်းသည် ကောင်းကျိုးချမ်းသာ များစွာတို့ကို ဖြစ်ပွါးစေနိုင်သော ကောင်းမှု ဖြစ်ပေသည်ဟု ယုံကြည်၍၊ ရဟန်းသံဃာတော်တို့အား ရှိသေခြင်း ပေးလှူခြင်းများသည် သဒ္ဓါအစစ်ဖြင့် ကြည်ညိုခြင်းဖြစ်ပေသည်။

ဤရဟန်းကား ငါတို့အား ပန်းကိုပေးဘူးပါပေသည်၊ သစ်သီးကို ပေးဘူးပါပေသည်၊ ငါတို့၏အကျိုးကို ဆောင်ရွက်ဘူးပါပေသည်၊ ငါတို့အား ဗေဒင်ဟောဘူးပါပေသည်၊ ဆေးကုပေးဘူးပါသည် စသည်ဖြင့် ချစ်ခင်ကြည်ညိုခြင်းသည်ကား သဒ္ဓါစစ်မဟုတ် တဏှာပေမသာဖြစ်၏။

ထိုသို့ တဏှာပေမဖြင့် ကြည်ညိုပေးလှူခြင်း ရှိသေခြင်းများသည်လည်း၊ အကျိုးများစေသော ကုသိုလ်စစ် မဖြစ်နိုင်။

သို့ဖြစ်၍ ပန်းပေးခြင်း အမှုကိစ္စဆောင်ရွက်ခြင်း စသည်ဖြင့် ဒါယကာ ဒါယိကာမတို့ကို ဖြားယောင်း သွေးဆောင်သော ရဟန်းသည်၊ ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါစစ် သဒ္ဓါမှန်ကို ဖျက်ဆီးရာ ရောက်သောကြောင့် "ကုလဒူသက" ရဟန်းမည်၏။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တော။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထို သဗ္ဗညုမြတ်စွာဘုရား သခင်သည် ဒကာ ဒကာမ တည်းဟူသော အမျိုးတို့၏ ဘုရား တရား သံဃာ ကံ ကံ၏ အကျိုး တည်းဟူသော ယုံကြည်သင့်သော အရာဌာနတို့၌ တကယ်စင်စစ် ယုံကြည်၍ နေသော သဒ္ဓါတရား အစစ်အမှန် ပျက်ပြားအောင် ပန်းပင်ငယ်စိုက်ပျိုးခြင်း သစ်သီးပေးခြင်း ပန်းပေးခြင်း စသည်ဖြင့် ဒကာ ဒကာမတို့၏ သဒ္ဓါတရားကို ပျက်စီးအောင် ပြုလုပ်သဖြင့် သံဃာတော်က သူနေမြဲဖြစ်သော ကျောင်းမှ နှင်ထုတ်ခြင်း ပဗ္ဗာဇနီယ ကမ္မဝါဖြင့် ပဗ္ဗာဇနီယကံ အပြုခံရလတ်သော် ထိုကံပြုသော ရဟန်းတို့ကို အဂတိလေးပါး လိုက်စား၍ မတရားသဖြင့် ပြုသည်ဟု စွပ်စွဲ ပြောဆို၍ နေသော ကာလ၌ သံဃာတော်က ဉာတ်နှင့်တကွ သုံးကြိမ်သော သမနုဘာသန ကမ္မဝါစာဖြင့် ဆိုဆုံးမပါသော်လည်း ထိုပြောဆိုမှုကို မစွန့်လွှတ်ဘဲ ပြောဆိုမြဲ ပြောဆိုနေသော ရဟန်းအား အကြင်သံဃာဒိသိသ် မည်သော အာပတ်အပေါင်းကို ပညတ်တော်မူခဲ့ပေ၏။ ထိုသံဃာဒိသိသ် မည်သော အာပတ်အပေါင်းကို အဘယ်မြို့ဒေသ အဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာရဗ္ဘ အာဝုသော ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။ အဿဇိ ပုနဗ္ဗသုကေ ဘန္တေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တော၊
အဿဇိပုနဗ္ဗသုကာ ဘန္တေ ဘိက္ခူ။ သံဃေန ပဗ္ဗာဇနီယကမ္မကတာ
ဆန္ဒဂါမိတာ ဒေါသဂါမိတာ မောဟဂါမိတာ ဘယဂါမိတာ
ပါပေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တော။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်အကြောင်းဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ထိုကုလဒူသက သံဃာဒိသေသ သိက္ခာပုဒ်ကို မြတ်စွာဘုရားသခင် ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အဿဇိ မည်သော ရဟန်း ပုနဗ္ဗသုက မည်သော ရဟန်း ဆဗ္ဗဂ္ဂိ ဂိုဏ်းဝင် ဤ ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည်။

ပညတ်တော်မူခြင်း၏ အကြောင်း ဝတ္ထုကို အနည်းငယ်မျှ လျှောက်ထားလိုပါသည်၊

သဗ္ဗညု မြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်း မွေလျော် နေတော်မူသောအခါ အဿဇိ ပုနဗ္ဗသုက အမည်ရကြသော

ဆဗ္ဗဂို ဂိုဏ်းဝင် ရဟန်းတို့သည် ကီဋ္ဌာဂိရိ အရပ်၌ ကျောင်းထိုင် ကျောင်းပိုင် "အာဝါသိက" ရဟန်းတော်တို့ ဖြစ်ကြပါသည်။

ထို အဿဇိ ပုနဗ္ဗသုက အာဝါသိက ရဟန်းတို့သည် ဤ ဆိုလတံ့သော မအပ်မစပ်သော အကျင့်မျိုးကို ကျင့်ကြံကြပါသည်၊ ပန်းပင်ကို ကိုယ်တိုင်လည်း စိုက်ပျိုးကြပါကုန်သည်၊ သူ့ ကိုလည်း စိုက်ပျိုးစေကြပါကုန်သည်၊ ပန်းပင်ကို ကိုယ်တိုင်လည်း ရေလောင်း သူ့ ကိုလည်း ရေလောင်းစေကြပါကုန်သည်၊ ကိုယ်တိုင်လည်း ပန်းဆွတ်ခူး သူ့ ကိုလည်း ပန်းဆွတ်ခူး စေကြပါကုန်သည်၊ ပန်းခိုင် ပန်းဖူးဥသျှောင် ပန်း လည်ဆဲပန်း နားသွယ်ပန်း တဘက်အညှာဆိုင်သောပန်း နှစ်ဘက် အညှာဆိုင်သောပန်း လက်ကောက်ပန်း အစရှိသည်ဖြင့် ပန်းအမျိုးမျိုးကို ပြုလုပ် သီကုံးကြပါသည်၊ ထို ဆိုအပ်ခဲ့ပြီးသော ပန်းအမျိုးမျိုးတို့ကို အမျိုးသမီးတို့ထံ မိမိတို့ကိုယ်တိုင်လည်း ပေးပို့ကြပါကုန်သည်၊ သူတပါးကိုလည်း ပေးပို့ စေကြပါကုန်သည်။

ထို အဿဇိ ပုနဗ္ဗသုက ရဟန်းတို့သည် အရပ်ထဲဝယ် အမျိုးကောင်းသမီးတို့နှင့် တခင်္ဂက်ထည်းဝယ် စားကြပါကုန်သည်၊ တခင်္ဂက်ထည်း၌လည်း ရေအတူ သောက်ကြပါကုန်သည်၊ သေကိုလည်း သောက်ကြ ပါကုန်သည်၊ ကိုယ်တိုင်လည်း ကကြသီဆိုကြ တီးမှုတ်ကြပါကုန်သည်၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း၌ လေ့လာသော ကချေသည်တို့ကို အတုလိုက်၍ ကကြ သီကြ တီးမှုတ်ကြပါသည်။

ထိုမှတပါး သာသနာတော်ဝယ် မလျောက်ပတ်သော များပြားစွာသော အကျင့်အမျိုးမျိုးကို ကျင့်ကြံ အားထုတ်ကြပါသည်။

ထိုအခါဝယ် ကာသိတိုင်း၌ ဝါကျွတ်ပြီးသော ရဟန်း တပါးသည် ဘုရားထံမှောက် အဖူးမျှော် ကြွရောက်သောအခါ လမ်းခရီးဝယ် ကီဋ္ဌာဂိရိအရပ်သို့ ရောက်၍ နံနက်အခါ ကီဋ္ဌာဂိရိ ဇနပုဒ်၌ ဆွမ်းခံ လှည့်လည်သောအခါ အဿဇိ ပုနဗ္ဗသုက ရဟန်းတို့ ဖျက်ဆီးထားသဖြင့် သဒ္ဓါတရား ပျက်ပြားနေသော အမျိုးကောင်းသမီးတို့သည် ထို သီလဝန္တ ရဟန်းကို မြင်သောအခါ....

"ဘုရဲ့ ယ အဗိလဗိလော ဝယ် မန္ဒမန္ဒော ဝယ် ဘာကုဋ္ဌက ဘာကုဋ္ဌကောဝိယ ကော ဣမဿ ဥပဂတဿ ပိဏ္ဍကံ ဒဿတိ၊ စသည်ဖြင့်....

ဘယ့်နှယ်လဲ ဤ ကိုယ်တော်ကား နုန့်နုန့်နုန့်နုန့်ပါတကား၊ မျက်မှောင်တကြုတ်ကြုတ် ရှိလှပါတကား၊ ဤကဲ့သို့ မျက်နှာမသာ မယာ မျက်မှောင် တကြုတ်ကြုတ်ရှိသော ပုဂ္ဂိုလ်ကို အဘယ်သူသည် ဆွမ်းလှူပိမ့်မည်နည်း။

ငါတို့၏ အရှင်ဖြစ်သော အဿဇိရဟန်း ပုနဗ္ဗသုက ရဟန်းတို့ကား အလွန်တရာ လောကဝတ် ကျေပြန်လှပါကုန်သည်၊ အလွန်တရာ ပြေပြစ် နူးညံ့ လှပါကုန်သည်၊ မျက်မှောင်လည်း မကြုတ်ဘဲ ပြုံးရွှင် သော မျက်နှာဖြင့် ငါတို့ကို ရှေး

ဦးစွာ နှုတ်ဆက်စကား ပြောကြား ကြပါကုန်သည်၊ ထိုသို့နှုတ်ချို့ နှုတ်ရှင်သဖြင့် မျက်နှာကြည်လင်သော ငါတို့၏ အဿဇီ ပုနဗ္ဗသုက ရဟန်းများ ကိုသာလျှင် ဆွမ်းလှူသင့်ပေသည်ဟု အချင်းချင်း ပြောဆိုကြပါသည်။

ထိုအခါဝယ် သာသနာတော်၌ သဒ္ဓါတရား ထက်သန်ကြီးမားသော ဥပါသကာ တယောက် ထို ရဟန်းတော်ကို မြင်သဖြင့်၊ အချင်ဘုရား.....ဆွမ်းများ ရပါ၏ လားဟု လျှောက်ထားသောအခါ ဆွမ်းမရရှိကြောင်း အမိန့်ရှိသဖြင့် တပည့်တော် များအိမ်သို့ ကြွတော်မူပါဟု မိမိအိမ်သို့ ပင့်သွားပြီး မွန်မြတ်သော ဆွမ်းခဲဘွယ် တို့ကို ကပ်လှူပြီးလျှင် အရှင်ဘုရား မည်သည့်အရပ်သို့ ကြွတော်မူပါမည်နည်းဟု လျှောက်ထားသောအခါ သာဝတ္ထိပြည်သို့ ဘုရားရှင်ကို ဖူးမျှော်အံ့သောငှါ ကြွမည် ဟု မိန့်ကြားသဖြင့်—

အရှင်ဘုရား....ဘုရားရှင်ထံမှောက် ရောက်သောအခါ ဘုရားတပည့်တော်၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့ကို ရှိခိုးတော်မူပါ၊ ဤသို့ လည်း ကြားလျှောက်တော်မူပါ။

ရှင်တော်ဘုရား ကိဋ္ဌာဂိရိ ဇနပုဒ်၌ ကျောင်းတွေကား ပျက်စီးကုန်ပါပြီ၊ ကိဋ္ဌာဂိရိ ဇနပုဒ်အရပ်ဝယ် အဿဇီပုနဗ္ဗသုက ခေါ်သော အလွန်ဇီရဟန်းတို့သည် သာသနာတော်ဝယ် မအပ်မလျော်သော ပန်းပင်ငယ်စိုက်ပျိုးခြင်း စိုက်ပျိုးစေခြင်း ရေလောင်းခြင်း ရေလောင်းစေခြင်း ပန်းခူးခြင်း ပန်းခူးစေခြင်း ပန်းသီခြင်း ပန်း ကုံးခြင်း ပန်းသီ ပန်းကုံးတို့ကို အမျိုးသမီးတို့ထံ ပေးခြင်း ကိုယ်တိုင်ပေးခြင်း သူ့ကို ပေးစေခြင်း အစရှိသည်ဖြင့် သာသနာတော်ဝယ် မလျော်သော အကျင့်တို့ကို ကျင့်၍ နေပါသည်၊ ရှင်တော်ဘုရားသည် သနားသဖြင့် ကိဋ္ဌာဂိရိ ဇနပုဒ်၌ ကျောင်းအာရာမ်တို့ကို ပြုပြင်တော်မူပါဘုရား ဟု မှာထားလိုက်ရာ—

ထို ရဟန်းသည် သာဝတ္ထိပြည် ဘုရားထံမှောက် ရောက်ရှိသောအခါ ထို ဒါယကာ လျှောက်ထားလိုက်သမျှ အလုံးစုံကို ကြားလျှောက်သဖြင့် သဗ္ဗညူ မြတ်စွာဘုရားသည် ကိဋ္ဌာဂိရိအရပ်ဝယ် နေကြသော အဿဇီ ပုနဗ္ဗသုက ရဟန်း တို့၏ အမှုကို အမျိုးမျိုးကဲ့ရဲ့တော်မူပြီးလျှင်—

သာရပုတ္တရာ မောဂ္ဂလ္လာနတို့.... သင်တို့သည် ကိဋ္ဌာဂိရိဇနပုဒအရပ်သို့ သွား၍ အဿဇီ ပုနဗ္ဗသုက ရဟန်းတို့ကို နှင်ထုတ်ကြကုန်၊ ထို အဿဇီ-ပုနဗ္ဗသုက ရဟန်းတို့သည် သင်တို့၏ တပည့်များ ဖြစ်ကြကုန်သည် ဟု သဗ္ဗညူမြတ်စွာဘုရားက မိန့်ကြားတော်မူသောအခါ—-

တပည့်တော်တို့သည် အဿဇီပုနဗ္ဗသုက ရဟန်းတို့ကို အဘယ်သို့လျှင် နှင်ထုတ်ခြင်း ပဗ္ဗာဇနီယ ကံပြုရပါမည်နည်း၊ ရှင်တော်ဘုရား....ထို အဿဇီ-ပုနဗ္ဗသုက ရဟန်းတို့သည် အလွန်ကြမ်းတမ်းသော ရဟန်းတို့ ဖြစ်ကြပါသည်

ဟု ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန်တို့က မြတ်စွာဘုရားကို တဖန် ပြန်လျှောက်သောအခါဝယ်....

သို့တပြီးကား....ချစ်သားတို့ မျှားစွာသော ရဟန်းတို့ကို ခေါ်ဆောင်၍ သွားကြကုန်၊ သွားရောက်ပြီးလျှင် အဿဇိ ပုနဗ္ဗသုက ရဟန်းတို့ကို နှုတ်ထုတ်ကြကုန် ဟု သဗ္ဗညုမြတ်စွာဘုရား မိန့်ကြားတော်မူသည်ကို နာယူပြီးလျှင် ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန် အစရှိသော သံဃာတော် အရှင်မြတ်တို့ အပေါ်မှာပင်လျှင် အဂတိလေးပါး လိုက်စားသည့် အဖြစ်သို့ရောက်အောင် အပြစ်ပို့ဆောင် ပြောကြား ကြပါကုန်သည်။

ထို့သို့ အဿဇိ ပုနဗ္ဗသုက ရဟန်းကြမ်း အလဇ္ဇီဒုဿီလ ပုဂ္ဂိုလ်သွမ်းတို့၏ကံပြုတော် မူကြသော သာရိပုတ္တ မောဂ္ဂလ္လာနထေရ် အစရှိတော်မူသော သံဃာတော် အရှင်တို့အား အဂတိလေးပါး လိုက်စားသည့် အရာရောက်အောင် အပြစ်စကား ပြောကြားခြင်း တည်းဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ထိုကုလဒူသက သံဃာဒိသိသ် အာပတ် ထိုကုလဒူသက သံဃာဒိသိသ် သိက္ခာပုဒ်ကို ပညတ်ချက် ထုတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ကုလဒူသက သံဃာဒိသိသ် သိက္ခာပုဒ် ပြီး၏။

သံဃာဒိသိသ် သိက္ခာပုဒ် အမေးအဖြေ ပြီး၏။

အနိယတ သိက္ခာပုဒ် နှစ်ပါးအမေးအဖြေ

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ပဌမော စ အနိယတော ဒုတိယော စ အနိယတော ကတ္ထ ပညတ္တော။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တော။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထို မြတ်စွာဘုရားသည် ပဌမ အနိယတသိက္ခာပုဒ်ကိုငင်း၊ ဒုတိယ အနိယတ သိက္ခာပုဒ်ကိုငင်း ပညတ်ထားတော်မူခဲ့ပေ၏၊ ထို ပဌမ ဒုတိယ အနိယတ သိက္ခာပုဒ် နှစ်ခု အပေါင်းကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို အနိယတ သိက္ခာပုဒ် နှစ်ခုအပေါင်းကို သာဝတ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဇ္ဇ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘန္တေ ဥဒါယိံ အာရဇ္ဇ ပညတ္တော၊ အာယသ္မာ ဘန္တေ ဥဒါယီ မာတုဂါမေန သဒ္ဓိံ ဧကော‌ဧကာယ ရဟောပဋိစ္ဆန္နေ အာသနေ အလံကမ္မနိယေ နိသဇ္ဇံ ကပ္ပေသိ၊ တသ္မိံ စ ဝတ္ထုသ္မိံ၊ အာယသ္မာယေဝ ဘန္တေ ဥဒါယီ မာတုဂါမေန သဒ္ဓိံ ရဟော နိသဇ္ဇံ အကာသိ၊ တသ္မိံ စ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တော။

အမေး။ ။အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ် အကြောင်းဝတ္ထု ဘယ်သို့သော လွန်ကျူးမှုမျှားကြောင့် ထို ပဌမ ဒုတိယ အနိယတ သိက္ခာပုဒ်နှစ်ခု အပေါင်းကို သဗ္ဗညုဘုရားရှင် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အနည်းငယ် အကြောင်းဝတ္ထု စကားကို လျှောက်ထားလိုပါသည်။

အရှင်ဥဒါယီသည် တဦးသော အမျိုးသမီး မာတုဂါမနှင့် အတူတကွ နံရံစသည်တို့ဖြင့် ဖုံးကွယ်၍ “လောကဿာဒမိတ္တသန္ထဝ” အမှုကို ပြုခြင်းငှါ လုံလောက်သော ဆိတ်ကွယ်ရာအရပ်၌ တယောက်အချင်းချင်း နေထိုင်ခဲ့ပါပြီ၊ ထိုသို့ နေထိုင်သော အကြောင်းဝတ္ထု၌ ပဌမ အနိယတ သိက္ခာပုဒ်ကို ပညတ်တော် မူအပ်ပါသည်။

ထို အရှင်ဥဒါယီမထေရ် သည်ပင်လျှင် ပဌမ အနိယတ သိက္ခာပုဒ်ကို ပညတ်တော်မူပြီးသောအခါ ထို သိက္ခာပုဒ်၌ ပါရှိသော အမျိုးသမီး မာတုဂါမနှင့်ပင် ပြော

ဆိုသော စကားသံကို သူတပါး မကြားနိုင်လောက်သော ဆိတ်ကွယ်ရာ အရပ်၌ တယောက်ချင်းချင်း နေထိုင်ခဲ့ပါပြီ၊ ထိုသို့နေထိုင်သော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ဒုတိယ အနိယတ သိက္ခာပုဒ်ကို သဗ္ဗညူ မြတ်စွာဘုရား ဟောကြားပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစန။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ယခုမေးဖြေခဲ့သော ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်မှစ၍ ဒုတိယ အနိယတ သိက္ခာပုဒ်တိုင်အောင် ဤသိက္ခာပုဒ် အပေါင်းသည် အဘယ် ပုဂ္ဂိုလ်၏ စကားဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ယခုမေးပြီး ဖြေလျှောက်ပြီးသော ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်မှ ဒုတိယ အနိယတ သိက္ခာပုဒ်တိုင် ဤသိက္ခာပုဒ် အပေါင်းသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျဉ်ငါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော သဗ္ဗညုရှင်တော်ဘုရား၏ စကားတော် စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခယ ဘန္တေ အာဘတံ။

အမေး။ ။ဤသိက္ခာပုဒ်အပေါင်းကို အဘယ်ပုဂ္ဂိုလ်သည် ဆောင်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤဆိုအပ်ခဲ့ပြီးသော သိက္ခာပုဒ်အပေါင်းကို ပဌမ သံဂါယနာတင်တော်မူရာကာလ အရှင်ဥပါလိ အရှင်မဟာကဿပ အရှင်အာနန္ဒာ မထေရ်တို့မှအစ ယခုအခါ ဆဋ္ဌသံဂါယနာ တင်တော်မူရာကာလ သံဂီတိကာရက မထေရ်မြတ်တို့တိုင်အောင် ထေရဝါဒီ အပြည်ပြည်ဆိုင်ရာ သာသနာဝင် အစဉ်အဆက် ဆရာတော် အဆက်ဆက်တို့သည် မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒ ဝိနည်း ဒေသနာတော် တည်းဟူသော ဆိုအပ်ပြီးသော တရားရတနာတို့ကို မပျောက် မပျက်ရအောင် စောင့်ရှောက် ထိန်းသိမ်းတော် မူခဲ့ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ နုခေါ အာဝုသော ဇတ္ထု ကောစိပိ ဝိရဒ္ဓဒေါသော။

ဝိဿဇ္ဇနာ။ ။နတ္ထိ ဘန္တေ။

အမေး။ ။ဤ မေးဖြေခဲ့ပြီးသော သိက္ခာပုဒ် အပေါင်း၌ တစုံတရာ ချွတ်ယွင်းမှုများ ရှိပါသေးသလော ငါ့ရှင်။

အဖြေ။ ။ဤမေးဖြေခဲ့ပြီးသော သိက္ခာပုဒ် အပေါင်း၌ ပဌမ သံဂါယနာမှ ယခုဆဋ္ဌသံဂါယနာတင်ရာ ကာလတိုင် အရှင်မဟာကဿပ အရှင်ဥပါလိ အစရှိသော ရဟန္တာမထေရ် အဆက်ဆက်တို့သည်၎င်း၊ ယခုဆဋ္ဌသံဂါယနာ တင်ရာကာလ ပုဗ္ဗဘာဂ ပရိကံကိစ္စ အဝင်ကို ရှက်ဆောင်တော် မူကြသောအခါ မူလဝိသောဓက ပဋိဝိသောဓက ဩသာနသောဓေယျ ပတ္တပါဋ္ဌက ဆရာတော်မထေရ် မြတ်တို့သည်၎င်း၊ အထပ်ထပ် အခါခါ ဆိုင်ရာဆိုင်ရာ အဖွင့် သံဝဏ္ဏနာ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ အစရှိသည်တို့ဖြင့် ရွေးနောက် နှိုင်းညှိကာ အဖန်ဖန် အထပ်ထပ်သုံ့သင်အပ်ပြီးဖြစ်ရကား တစုံတခုသော ချွတ်ယွင်းချက် အပြစ်ဒေါသ မရှိဖြစ်ပါသည် အရှင်ဘုရား။

သံဂါယနတ္ထာယ သံဃသဉ္ဉာပနံ

သုဏာတု မေ ဘန္တေ သံဃော၊ အဟံ ဘန္တေ အာယသ္မန္တံ ဝိစိတ္တသာရာဘိဝံသံ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကံ ပဌမ ဒုဋ္ဌဒေါသ သိက္ခာပဒတော ပဋ္ဌာယ ပုစ္ဆိတဗ္ဗာနိ အနေကာနိ ဌာနာနိ ပုစ္ဆိံ ၊ သော စ အာယသ္မာ ပုဋ္ဌော ပုဋ္ဌော ဝိဿဇ္ဇေတိ၊ ဣတိဟိဒံ ဘန္တေ သဗ္ဗံ သိက္ခာပဒံ နိမူလံ သုပရိသုဒ္ဓံ တဿဝ ဘဂဝတော ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ တသ္မာ ယထာပုရေ မဟာ-ကဿပါဒယော မဟာထေရဝရာ ပေါရာဏသံဂီတိကာရာ ဇြဟ္မစရိယဿ စိရဋ္ဌိတိယာ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ သံဂါယိံသုစေဝ အနုသံဂါယိံသုစ၊ ဧဝမေဝ မယမ္ပိ ဒါနိ သဗ္ဗေဝ ဆဋ္ဌသံဂီတိ မဟာဓမ္မသဘာဝရိယာဝန္နာ ဣမာနိ သိက္ခာပဒါနိ ဧကတော ဂဏသဇ္ဈာယံ ကတ္ဝာ သံဂါယေယျာမ။

သံဂါယနာတင်ရန် သံဃာအားသိစေခြင်း သံဂါယနာဥာတ်

အရှင်ဘုရားတို့....သံဃာတော်သည် ဘုရားတပည့်တော် လျှောက်ထားသော စကားကို နားဆင်တော်မူစေလိုပါသည်၊ တပည့်တော်သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသကို ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်မှစ၍ မေးသင့် မေးထိုက်သော အရာဌာနများစွာတို့ကို မေးခဲ့ပါပြီ၊ ထိုအရှင် ဝိစိတ္တသာရာဘိဝံသသည် လည်း မေးတိုင်းမေးတိုင်းပင် ဖြေရှင်းခဲ့ပါပြီ၊ သို့ဖြစ်ပါ၍ ဤမေးဖြေခဲ့သော သိက္ခာပုဒ်အားလုံးသည် အညစ်အကြေးကင်းလျက် ကောင်းကောင်းကြီး သန့်ရှင်းစင်ကြယ်နေပါပြီ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော ဥယျဓံတရားငါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားထင်ထင် ကိုယ်ပိုင်ဉာဏ်ဖြင့် အကုန်အစင် သိမြင်တော်မူသော ထို မြတ်စွာဘုရား၏ စကားတော် အစစ်အမှန်ပင် ဖြစ်ပါသည် အရှင်ဘုရားတို့၊ သို့ဖြစ်ပါ၍ ရှေးအခါကာလက အရှင်မဟာကဿပ အစရှိသော ရှေးသံဂါယနာ

တင် မဟာထေရ်မြတ်တို့သည် မြတ်စွာဘုရား၏ တရားတော် ဝိနည်းတော်ကို သာသနာ အရှည်တည်ရန် သတ္တဝါအများတို့ စီးပွါး ချမ်းသာဖြစ်ထွန်းစေရန် သံဂါယနာတင်တော်မူကြသကဲ့သို့ ယခုအခါ၌လည်း ဤ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ ပါဝင်ကုန်သော သံဃတိကာရက ဖြစ်တော်မူကြကုန်သော ယခုရောက်ရှိ စည်းဝေးလျက် နေတော်မူကြသော အရှင်ကောင်း အရှင်မြတ် အားလုံးတို့သည် ဤဆိုအပ်ခဲ့သော သိက္ခာပုဒ်တို့ကို ပဌမ ဒုတိယဒေါသ သိက္ခာပုဒ်မှစ၍ တပေါင်းတည်း ရွတ်ဆိုကာ ဂဏသဇ္ဈာယကို ပြုတော်မူကြ၍ သံဂါယနာတင်ကြပါစို့....သက်တော်ရှည် အရှင်ဘုရားတို့။

အနိယတ သိက္ခာပုဒ် နှစ်ပါး အမေးအဖြေ ပြီး၏။

နိဿဂ္ဂိယ၀ါဒီတ် အမေးအဖြေ

၁-စီ၀ရ၀ဂ် ၁-ပဌမကထိန သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာ၀ုသော ဘဂ၀တာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အတိရေကစီ၀ရံ ဒသာဟံ အတိက္ကာမေန္တသ္သ နိဿဂ္ဂိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။၀ေသာလိယံ ဘန္တေ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသည် တိစီ၀ရိတ် အဓိဋ္ဌာန်တင်လျက် အမြဲတမ်း သုံးဆောင်နေသော သင်းပိုင် ကိုယ်၀တ်ဧကစီ သက်နှံးကြီး တည်းဟူသော တိစီ၀ရိတ် သက်နှံးမှ အပိုအလွန်ဖြစ်၍ အတိရေကစီ၀ရ ဟူ၍ ခေါ်ဆိုအပ်သော အပိုအလျှံဖြစ်သော သက်နှံးကို အဓိဋ္ဌာန်ဝိကပ္ပနာ မပြုမူ၍ ဆယ်ရက်ကို လွန်စေသောရဟန်းအား စွန့်ခြင်း ဝိနည်းကံရှိသော အကြောင် နိဿဂ္ဂိယပါစိတ်အာပတ်ကို မြတ်စွာဘုရားသခင်သည် ပညတ်ထားတော်မူခဲ့ပေ၏၊ ထို နိဿဂ္ဂိယပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။၀ေသာလီပြည်အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာ၀ုသော အာရဗ္ဘ ကိသ္မိံ ၀တ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဆဗ္ဗဂ္ဂိယေ ဘန္တေ ဘိက္ခူ၊ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ၊ အတိရေကစီ၀ရံ မာရေသုံ၊ တသ္မိံ ဘန္တေ ၀တ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အကြောင်း၀တ္ထုလွန်ကျူးမှုကြောင့် ထို နိဿဂ္ဂိယပါစိတ်အာပတ်ကို ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည် မြတ်စွာဘုရားရှင်က တိစီ၀ရိတ် သက်နှံးကို ခွင့်ပြုတော်မူပြီးသောအခါ အခြားတပါးသော တိစီ၀ရိတ်သက်နှံးဖြင့် ကျောင်းတိုက်ထည်း၌နေ၍ တခြားတပါးသော တိစီ၀ရိတ် သက်နှံးဖြင့် ရွာထည်းသို့ သွားကြပါကုန်သည်၊ တခြားတပါးသော တိစီ၀ရိတ်သက်နှံးဖြင့် ရေချိုးဆိပ်သို့ သွားကြပါကုန်သည်၊ ဤသို့လျှင် ဆဗ္ဗဂ္ဂိရဟန်းတို့၏ အတိရေက သက်နှံးကို ဆင်မြန်း၀တ်ရုံသော အကြောင်း၀တ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ္ဂိယပါစိတ် သိက္ခာပုဒ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပဌမ ကထိန သိက္ခာပုဒ် ပြီး၏။

၁-စီဝရဝဂ် ၂-ဥဒေါသိတ သိက္ခာပုဒ်

ပုစ္ဆာ။ ။ကေရတ္တံ အာဝုသော တိစီဝရေန ဝိပ္ပဝသန္တသ္သ နိသ္သဂ္ဂိယံ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။တိစီဝရိတ် အဓိဋ္ဌာန်တင်၍ အမြဲတမ်း သုံးဆောင် နေသော သင်္ကန်း သုံးထည်နှင့် တည်ဉ့်မျက်ငင်းနေသော ရဟန်းအား စွန့်ခြင်းဝိနည်းကံရှိသော အကြောင် နိသဂ္ဂိပါစိတ်အာပတ်ကိုမြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို နိသဂ္ဂိ ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သမ္ဗဟုလေ ဘန္တေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ။ ဘိက္ခူနံ ဟတ္ထေ စီဝရံ နိက္ခိပိတ္ဝာ သန္တရုတ္တရေန ဇနပဒစာရိကံ ပက္ကမိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်အကြောင်းဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို တိစီဝရိတ်သင်္ကန်းနှင့် တည်ဉ့်မျည်ဉ့်ကင်းလျက်နေသော ရဟန်းအား ထို နိသဂ္ဂိပါစိတ် အာပတ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မျှားစ္ဆာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ မျှားစ္ဆာသော ရဟန်းတို့သည် မိမိတို့နှင့် အကျမ်းဝင်ရာ အသီးသီးသော ရဟန်းတို့၏ အထံ၌ သင်္ကန်းတို့ကို ထားပြီးလျှင် သင်းပိုင် ဧကစ္ဆိမျှဖြင့် အရပ်လေး မျက်နှာ ဒေသစာရီ လှည့်လည်ကြပါကုန်သည်။

ထိုရဟန်းတို့ ထားခဲ့သော သင်္ကန်းတို့သည် မှိုတက်ကြသဖြင့် သင်္ကန်းသိမ်းသော ရဟန်းတို့ထိုသင်္ကန်းတို့ကို နေလှန်းသည်ကို ရှင်အာနန္ဒာမြင်တော်မူရပါသည်၊ မြင်တော်မူပြီးလျှင် မျှားစ္ဆာသောအကြောင်းဝတ္ထုဖြင့် ကဲ့ရဲ့တော်မူခဲ့ပါသည်၊ ဤသို့လျှင် မျှားစ္ဆာသော ရဟန်းတို့၏ ချစ်ကျမ်းဝင်ရာ ရဟန်းတော်တို့၏ အထံ၌ သင်္ကန်းတို့ကို ထားပြီးလျှင် သင်းပိုင် ကေစ္ဆိမျှဖြင့် ဒေသစာရီ လှည့်လည် ကြသွားသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိသဂ္ဂိပါစိတ် အာပတ်ကို ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၂-ဥဒေါသိတ သိက္ခာပုဒ် ပြီး၏။

၁-စီဝရဝဂ်၊ ၃-တတိယကထိန သိက္ခာပုဒ်

ပုစ္ဆာ။ ။အကာလစီဝရံ အာဝုသော ပဋိဂ္ဂဟေတ္ဝာ မာသံ အတိက္ကာ-
မေန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။သင်္ဃန်းလှူမြဲ သင်္ဃန်းချုပ်ဆိုးမြဲ ကာလမဟုတ်သော အကာလ အခါ၌ လှူဒါန်းသောသင်္ဃန်းကို လက်ခံယူပြီးလျှင် ချုပ်ဆိုးခြင်း အဓိဋ္ဌာန်ဝိကပ္ပနာ ပြုခြင်းတို့ကို မပြုလုပ်မူ၍ တလအချိန်ကာလကို လွန်စေသော ရဟန်းအား စွန့်ခြင်း ဝိနည်းကံရှိသော အကြောင် နိဿဂ္ဂိယပါစိတ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏။ ထို နိဿဂ္ဂိယပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကထိန်ခင်းသောအခါ သီတင်းကျွတ်လပြည့်ကျော် တရက်နှစ်မှ စ၍ တပေါင်းလပြည့်တိုင် ငါးလကာလ၊ ကထိန်မခင်းသောအခါ သီတင်းကျွတ် လပြည့်ကျော်တရက်နှစ်မှ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင် တလသော ကာလ၊ ဤအချိန် ကာလတို့မှ ပြင်ပ၌ လှူဒါန်းအပ်သော သင်္ဃန်းကို ချုပ်ဆိုး ခြင်း ဘဒ္ဓါဝန် ဝိကပ္ပနာပြုခြင်း အလျဉ်းမပြုဘဲ တလကာလကို လွန်စေသောရဟန်း အား နိဿဂ္ဂိယပါစိတ် အာပတ်ကို သာဝတ္ထိပြည်အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကုံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သမ္ဗဟုလေ ဘန္တေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ အကာလစီဝရံ ပဋိဂ္ဂဟေတ္ဝာ မာသံ အတိက္ကာမေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို အကာလ စီဝရနိဿဂ္ဂိယပါစိတ် အာပတ်ကို ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ထို အကာလစီဝရ နိဿဂ္ဂိယ ပါစိတ်အာပတ်ကို ပညတ်တော်မူအပ်ပါသည်၊ မျှားစွာသော ရဟန်း တို့သည် အကာလသင်္ဃန်းကို ခံယူပြီးလျှင် တလကြာသော အခါကာလကို လွန် စေ၍ မချုပ်ဘဲ မဆိုးဘဲ အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ ထားမြဲတိုင်း ဖြစ်သော သင်္ဃန်းတန်းတို့ဋ္ဌ အထုပ်အပိုးပြု၍ ကာလရှည်လျှားစွာ ထားကြပါကုန်သည်။

ထိုသို့ များစွာသော ရဟန်းတို့၏ အကာလသင်္ကန်းကို ခံယူကြပြီးလျှင် တလအတိုင်းအရှည် ရှိသော အခါိန် ကာလကို လွန်၍ ထားခြင်း တည်းဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို အကာလ စီဝရနိဿဂ်ိယပါစိတ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

တတိယ ကထိန သိက္ခာပုဒ် ပြီး၏။

၁-စီဝရဝဂ်၊ ၄-ပုရာဏစီဝရ သိက္ခာပုဒ်

ပုစ္ဆာ။ ။အညာတိကာယ အာဝုသော ဘိက္ခုနိယာ ပုရာဏစီဝရံ ဓောဝါပေန္တိဿ နိဿဂ်ိယံ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။မိမိဝတ်ရုံ သုံးဆောင်ပြီးသော သင်္ကန်းဟောင်းကို ဆေးမျိုးမတော်စပ်သော ရဟန်းမိန်းမအား အဖွတ်အလျော် ခိုင်းသော ရဟန်းအား အကြင် နိဿဂ်ိပါစိတ်အာပတ်ကို ပညတ်ထားတော်မူခဲ့ပေ၏။ ထိုနိဿဂ်ိပါစိတ်အာပတ်ကို မြတ်စွာဘုရားသခင်သည် ဘယ်မြို့ဒေသ ဘယ်ဥာနဌာ ပညတ်တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘန္တေ ဥဒါယိံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဥဒါယိ အညာတိကာယ ဘိက္ခုနိယာ ပုရာဏစီဝရံ ဓောဝါပေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်အကြောင်းဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို သင်္ကန်းဟောင်းကို ဖွတ်လျော်စေသော ရဟန်းအား နိဿဂ်ိပါစိတ်အာပတ်ကို ပညတ်တော် မူပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်ဥဒါယိကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ အရှင်ဥဒါယိသည် မိမိနှင့် အဆွေမတော်သော ရွေးလူဖြစ်စဉ်ကာလက ဇနီးဟောင်း ဖြစ်ခဲ့ဘူးသော ဘိက္ခုနီမအား မိမိဝတ်ရုံဆင်မြန်း ငြစ်နွမ်းသော သင်္ကန်းကို ဖွတ်လျော်စေခဲ့ပါပြီ၊ ထိုသို့ အရှင်ဥဒါယိမထေရ်၏ အဆွေမတော်သော ဘိက္ခုနီမအား သင်္ကန်းဟောင်းကို ဖွတ်လျော်စေသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ထို နိဿဂ်ိပါစိတ်အာပတ်ကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုရာဏစီဝရ သိက္ခာပုဒ် ပြီး၏။

၁-စီဝရဝဂ်၊ ၅-စီဝရပဋိဂုဟဏ သိက္ခာပုဒ်

ပုစ္ဆာ။ ။အညာတိကာယ အာဝုသော ဘိက္ခုနိယာ ဟတ္ထတော စီဝရံ ပဋိဂ္ဂဏ္ဟန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ပညတ္တံ။

အမေး။ ။ဆွမျိုးမတော်သော ရဟန်းမိန်းမထံမှ သင်္ကန်းကို အလှူခံသော ရဟန်းအား အကြင်နိဿဂ်ိပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထိုနိဿဂ်ိပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့သနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိဟ်ပြည် အရပ်၌ ပညတ်တော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘန္တေ ဥဒါယိံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဥဒါယိ အညာတိကာယ ဘိက္ခုနိယာ ဟတ္ထတော စီဝရံ ပဋိဂ္ဂဟေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ဘိက္ခုနီမထံမှ သင်္ကန်းကို အလှူခံသော ရဟန်း၏ ထို နိဿဂ်ိပါစိတ်အာပတ်ကို ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်ဥဒါယိမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အကြောင်းဝတ္ထု လွန်ကျူးမှုကို အနည်းငယ် လျှောက်ထားလိုပါသည်။

မြတ်စွာဘုရားသခင် ရာဇဂြိဟ်ပြည်မှန် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ ဥပ္ပလဝဏ်ထေရီမသည် သာဝတ္ထိပြည်၌ နေပါသည်၊ ဥပ္ပလဝဏ်ထေရီမသည် နံနက်အခါ သာဝတ္ထိပြည်အတွင်း ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းကိစ္စပြီးသောအခါ မှန်းလွဲကာလ၌ သာဝတ္ထိပြည်မှ ပြင်ပရှိ အနှဝန်တောအုပ်သို့ ကြွရောက်ပြီးလျှင် တခုသော သစ်ပင်ရင်း၌ နေ့သန့်၍ နေပါသည်။

ထိုအခါ ပြုလုပ်ပြီးသော ခိုးမှုရှိသော ခိုးသားတသင်းတို့သည် နွားမတကောင်ကို သတ်ဖြတ်၍ အသားကိုယူပြီး ထို အနှဝန်တောအုပ်သို့ လာရောက်ကြပါသည်၊ ထိုသို့ လာရောက်သောအခါ ခိုးသားတို့၏ အကြီးအကဲဖြစ်သော ခိုးမှူးကြီးသည် ဥပ္ပလဝဏ် ဘိက္ခုနီမ သစ်ပင်ရင်း၌ စျာန်ဝင်စားပြီး နေ့သန့်၍ နေသည်ကို မြင်လတ်သော်၊ အကယ်၍ ငါ၏သားများ ညီများ

ဤ ဘိက္ခုနီမကို မြင်ခဲ့လျှင် ညှဉ်းပန်းနှိပ်စက်ကြကုန်လိမ့်မည် ဟု ဆင်ခြင်တွေးတောမိ၍ တပါးသော ခရီးဖြင့် ဖဲသွားပါသည်။

ထို ခိုးသားတို့ တောထည်း၌ နွားသဲ့းကို ချက်ပြုတ်၍ ပြီးစီးသောအခါ ခိုးမှူးကြီးသည် ဖက်သစ်ရွက်တို့ဖြင့် နွားသားကို ထုပ်ပြီး ဥပုလဝဏ်ထေရိမ၏ မနီးမဝေး တခုသော သစ်ပင်၌ ချိပ်ထားပြီးလျှင်၊ အကြင် ရဟန်းပုဏ္ဏားသည် မြင်၏၊ ထို မြင်သော ရဟန်းပုဏ္ဏားသည် ခံယူပါစေသတည်း၊ လှူပြီး ဖြစ်ပါသည် ဟု ကြွေးကြော်ပါသည်။

ထို အသံကို ဥပုလဝဏ်ထေရိမ စျာန်သမာပတ်မှထ၍ ကြားသောအခါ ထို အမဲသားဟင်းထုပ်ကို ယူပြီး မိမိ၏နေရာ ဘိက္ခုနီမကျောင်းသို့ ပြန်လာခဲ့ပြီးလျှင် နောက်တနေ့၌ ထို အမဲသား ဟင်းကို နွေး၍ ကောင်းကင်ခရီးဖြင့် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ သက်ရောက်ခဲ့ပါသည်။

ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်ခိုက်နှင့် ကြုံကြိုက်လျက် ရှိပါသည်၊ ဝေဠုဝန် ကျောင်းအတွင်းဝယ် အရှင်ဥဒါယီ မထေရ် တပါးသည်သာလျှင် ကျောင်းစောင့် အဖြစ်ဖြင့် ကျန်ရစ်ခဲ့ပါသည်၊ ဥပုလဝဏ်ထေရိမသည် အရှင်ဥဒါယီထံသွားရောက်၍ အရှင်ဘုရား....မြတ်စွာဘုရား အဘယ်အရပ်၌ပါနည်း ဟု မေးလျှောက်သောအခါ မြတ်စွာဘုရား ဆွမ်းခံဝင်နေကြောင်းကို ပြန်၍ မိန့်ကြားသဖြင့် ဤ အမဲသား ဟင်းလျှာကို မြတ်စွာဘုရားအား လှူဒါန်းပါ ဟု အရှင်ဥဒါယီအား လျှောက်ပါသည်။

ထိုအခါ အရှင်ဥဒါယီက ချစ်လှစွာသော သီတင်းသုံးဘော် နှစ်မငယ်.... အသင်သည် မြတ်စွာဘုရားကို အသားဟင်းဖြင့် ရောင့်ရဲ နှစ်သိမ့်စေခဲ့ပါပြီ၊ ငါ့အားလည်း အသင်ဝတ်သော သင်းပိုင် သင်္ကန်းကို လှူဒါန်းသော အားဖြင့် ရောင့်ရဲ နှစ်သိမ့်စေပါမူ ကောင်းလေစ့ ဟု ဥပုလဝဏ်ထေရိမ၏ အထံမှ ဝတ်လာသောသင်းပိုင်ကို တောင်းယူပါသည်။

ထိုအခါ ဥပုလဝဏ်ထေရိမက တပည့်တော်တို့ မာတုဂါမတို့ မည်သည်မှာ ပင်ပန်းရိရှား နည်းပါးသော လာဘ်ရှိပါသည်၊ ယခု အရှင်ဘုရား အလှူခံသော ဤသင်္ကန်းမှာလည်း တပည့်တော်မ အဘို့မှာ မရှိလျှင် မဖြစ်သော သင်္ကန်းငါးထည် အတွင်းဝယ် အတွင်းအကျဆုံး သင်္ကန်း ဖြစ်ပါသည်ဟု မလှူနိုင်သည့် အကြောင်းကို လျှောက်ထား သော်လည်း သုံးကြိမ်တိုင်တိုင် အဖန်ဖန် အထပ်ထပ် အတင်းအကြပ် တောင်းအပ်ရကား ဥပုလဝဏ်ထေရိမသည် မိမိဝတ်သော သင်းပိုင်သင်္ကန်းကို ဥဒါယီမထေရ်အား လှူဒါန်း၍ ကောင်းကင်ခရီးဖြင့်ပင် သာဝတ္ထိပြည် ဘိက္ခုနီမ ကျောင်းသို့ ပြန်ရောက်ခဲ့ပါသည်။

ထိုအခါဥပ္ပလဝဏ်ထေရိမ၏တပည့်မဖြစ်ကြသောဘိက္ခုနီမများက သပိတ်သင်္ကန်း သိမ်းဆည်းသောအခါ သင်းပိုင် သင်္ကန်း မပါသည်ကို အကြောင်းပြု၍ အကြောင်းကို မေးမြန်းကြသောအခါ ဥပ္ပလဝဏ်ထေရိမက ဖြစ်သမျှ အကြောင်းကို ပြန်ပြောင်းပြောဆိုသဖြင့် ဘိက္ခုနီမတို့ ကဲ့ရဲ့ခြင်း၊ ဘိက္ခုနီမတို့မှတဆင့် ရဟန်းတော်တို့ ကဲ့ရဲ့ခြင်း၊ ရဟန်းတော်တို့မှတဆင့် ဘုရားကိုယ်တော်မြတ် ကဲ့ရဲ့ခြင်း တည်းဟူသော အကြောင်းဝတ္ထုဖြစ်ခဲ့ပါသည်။

ဤသို့လျှင် အရှင်ဥဒါယီမထေရ်၏ ဆွမျိုးမတော်သော ဥပ္ပလဝဏ် ထေရိမ၏ အထံမှ သင်းပိုင်သင်္ကန်းကို ခံယူခဲ့ခြင်း တည်းဟူသော အကြောင်းဝတ္ထုလွန်ကျူးမှုကြောင့် ထို နိဿဂ်ိယ သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

၅-စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ် ပြီး၏။

၁-စီဝရဝဂ်၊ ၆-အညာတကဝိညတ္တိ သိက္ခာပုဒ်

ပုစ္ဆာ။ ။အညာတကံ အာဝုသော ဂဟပတိံဝါ ဂဟပတာနိံဝါ စီဝရံ ဝိညာပေန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။ဆွမျိုးမတော်သော ဒါယကာကိုဖြစ်စေ ဒါယကာမကိုဖြစ်စေ သင်္ကန်းတောင်းရမ်း အလှူခံသော ရဟန်းအား အကြင်နိဿဂ်ို ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထိုနိဿဂ်ို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ပညတ်တော် မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘန္တေ ဥပနန္ဒံ သက္ယပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဥပနန္ဒော သက္ယပုတ္တော အညာတကံ သေဋ္ဌပုတ္တံ စီဝရံ ဝိညာပေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အဓိမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို အညာတကဝိညတ္တိ နိဿဂ်ို သိက္ခာပုဒ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာကီဝင်မင်းသား ဖြစ်သော အရှင်ဥပနန္ဒ မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်ဥပနန္ဒမထေရ်သည် အဆွေအမျိုးမတော်စပ်သော သူငယ်သား တယောက်ကို အပေါ်ရုံအဖြစ်ဖြင့် ဆင်မြန်းသော အဝတ်အထည် သက်နှံးလျာကို တောင်းယူခဲ့ပါပြီ၊ ထိုသို့ အပေါ်ရုံစုလျား သက်နှံးလျာကို အရှင်ဥပနန္ဒမထေရ်က တောင်းယူခြင်း တည်းဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ်ိယ ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပါသည်အရှင်ဘုရား။

အညာတကဝိညတ္တိ သိက္ခာပုဒ် ပြီး၏။

၁-စီဝရဝဂ်၊ ၇-တတုတ္တရိ သိက္ခာပုဒ်

ပုစ္ဆာ။ ။အညာတကံ အာဝုသော ဂဟပတိံ ဝါ ဂဟပတာနိံ ဝါ တတုတ္တရိ စီဝရံ ဝိညာပေန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ပညတ္တံ။

အမေး။ ။ဆွမျိုးမတော်သော ဒါယကာကိုဖြစ်စေ ဒါယကာမကို ဖြစ်စေ သက်နှံးခိုးယူ အလုခံရသော ရဟန်းသည်၎င်း၊ သက်နှံးဆုံးပါး ပျက်စီးသော ရဟန်းသည်၎င်း သင်းပိုင်နှင့် ကေစို ဤနှစ်ထည် တောင်းယူနိုင်ခွင့် ရှိပေ၏၊ ထိုတောင်းယူနိုင်ခွင့်ရှိသော သက်နှံးထက်ပိုလွန်၍ ဆွမျိုးမတော်သော ဒါယကာကိုဖြစ်စေ ဒါယကာမကိုဖြစ်စေ သက်နှံးတောင်းရမ်း အလှူခံသော ရဟန်းအား အကြင် နိဿဂ်ိပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်ထားတော် မူခဲ့ပေ၏၊ ထိုနိဿဂ်ိ ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဆဗ္ဗဂ္ဂိယော ဘဂ္ဂေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခူ နှ မတ္တံ ဇာနိတ္ဝာ ဗဟုမိံ စီဝရံ ဝိညာပေသုံ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို တတုတ္တရိ ဝိညတ္တိ နိဿဂ်ိပါစိတ်အာပတ်ကို ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ ထို ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခိုးသူလုယက်သော သက်နှံရှိသောရဟန်း၊ ပျောက်သော သက်နှံရှိသော ရဟန်းတို့၏အစား ဒါယကာ ဒါယိကာမတို့၏ အထံ၌ တောင်းသင့်တောင်းထိုက်သော သင်းပိုင် ကေစီထက် အပိုအလှန်၊ များစွာသော အိမ်တို့သို့ကပ်၍ များစွာသော သက်နှံတို့ကို တောင်းယူမှု ပြုခဲ့ပါပြီ၊ ထိုသို့ ဆဗ္ဗဂ္ဂီရဟန်းတို့အတိုင်းအရှည်မသိ များစွာသော သက်နှံတို့ကို တောင်းယူခြင်း ဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို တတုတ္တရိ နိဿဂ္ဂိယပါစိတ် အာပတ်ကို သဗ္ဗညူ ရှင်တော်ဘုရား ပညတ်တော်မူခဲ့ပါသည် အရှင်ဘုရား။

တတုတ္တရိ သိက္ခာပုဒ် ပြီး၏။

၁-စီဝရဝဂ်၊ ဂ-ဧ- ဥပက္ခဋ္ဌ သိက္ခာပုဒ် နှစ်ပါး

ပုစ္ဆာ။ ။ပုဗ္ဗေ အပ္ပဝါရိတဿ အာဝုသော အညာတကံ ဂဟပတိံ ဝါ ဂဟပတာနိံ ဝါ ဥပသက်မိတ္ဝာ စီဝရေ ဝိကပ္ပံ အာပဇ္ဇန္တဿ စ အညာတကေ ဂဟပတိကေ ဥပသက်မိတ္ဝာ စီဝရေ ဝိကပ္ပံ အာပဇ္ဇန္တဿ စ နိဿဂ္ဂိယံ ပါစိတ္တိယံ ဘဂဝတော ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ပညတ္တံ။

အမေး။ ။မည်သို့သော သက်နှံကို လှူဒါန်းရပါမည်နည်း၊ မည်သို့သော သက်နှံကို အလိုရှိပါသနည်းဟု ရှေးအခါကာလက ဘိတ်မန်လျှောက်ထားခြင်း မရှိပါဘဲ ဆွေမျိုးမတော်သော သက်နှံလှူရှုန် ကြံစည်၍ နေသော ဒါယကာတဦး ထံသို့ ဖြစ်စေ ဒါယကာ အများထံသို့ ကပ်၍ ဖြစ်စေ၊ ဤသို့သော ဤသို့သော သက်နှံကို လှူဒါန်းပါဟု မိမိအလိုရှိသော သက်နှံကိုရအောင် စီမံခန့်ခွဲသော ရဟန်းအား အကြင်နိဿဂ္ဂိယပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို နိဿဂ္ဂိယပါစိတ်အာပတ်နှစ်မျိုးကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသိမံ ဝတ္ထုသိမံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘဂ္ဂေ ဥပနန္ဒံ သက္ယပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဂ္ဂေ ဥပနန္ဒော သက္ယပုတ္တော ပုဗ္ဗေ အပ္ပဝါရိတော အညာတကံ ဂဟပတိကံ ဥပသက်မိတ္ဝာ စီဝရေ ဝိကပ္ပံ အာပဇ္ဇီ။ သော်ယော ဘဂ္ဂေ အာယသ္မာ ဥပနန္ဒော သက္ယပုတ္တော ပုဗ္ဗေ

အပ္ပဝါရိတော အညာတကေ ဂဟပတိကေ ဥပသက်မိတ္ဌာ စီဝရေ ဝိကပ္ပံ အာပဇ္ဇီ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို သက်နှံး စီမံခန့်ခွဲခြင်းကြောင့် သင့်သော နိဿဂ္ဂိယပါစိတ် အာပတ်နှစ်မျိုးကို ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာကီဝင်မင်းသား ဖြစ်သော အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်ဥပနန္ဒမထေရ်သည် ဆွမျိုးမတော်သော ဒါယကာ တယောက်၏ အထံသို့ကပ်၍ဝင်း၊ ဒုတိယ ဝတ္ထုဌ္ဌ ဒါယကာနှစ်ယောက်၏ အထံသို့ ကပ်၍ဝင်း၊ ရှေးအခါဝယ် ဒါယကာတို့က....အရှင်ဘုရား အလိုရှိသော သက်နှံး အခြင်းအရာ အလိုရှိသော အလျှား အနံ အထူ အပါး စသည်ကို မိန့်ကြား တော်မူပါဘုရား ဟု ဘိတ်မန်ခြင်း လျှောက်ထားခြင်း အလျဉ်းမရှိဘဲ သက်နှံးလှူဘို့ ရန် စီမံသော ဒါယကာ တဦးအိမ်သို့ဝင်း၊ သက်နှံးလှူဘို့ရန် စီမံသော ဒါယကာ နှစ်ယောက်တို့ အထံသို့ဝင်း ကြွရောက်တော်မူပြီးလျှင် ဤသို့ သဘောရှိသော အလျှားရှည်သော အနံကြီးသော ပြန့်ကျယ်သော ထူထဲသော သက်နှံးကို ပြုလုပ်၍ လှူဒါန်းပါလေ ဟု သက်နှံးအပေါ်ဝယ် အလွန်အကျူးစီရင်ခြင်းသို့ ရောက်ခဲ့ပါပြီ၊ ထိုသို့သက်နှံးပေါ်ဝယ် လွန်လွန်ကျူးကျူး စီရင်ခြင်း တည်းဟူသော အကြောင်း ဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ္ဂိယ ပါစိတ်အာပတ် နှစ်ပါးအပေါင်းကို သဗ္ဗညူ မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

၈-၉-ဥပက္ခဋ္ဌ သိက္ခာပုဒ် ၂-ပါး ပြီး၏။

၁-စီဝရဝဂ်၊ ၁၀-ရာဇ သိက္ခာပုဒ်

ပုစ္ဆာ။ ။အတိရေကတိက္ခတ္တုံ အာဝုသော စောဒနာယ အတိရေက ဆက္ခတ္တုံ ဌာနေန စီဝရံ အဘိနိပ္ဖါဒေန္တသ္သ နိဿဂ္ဂိယံ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။သင်္ကန်းဝယ်၍ လှူရန် တဦးဦးသော ကပ္ပိယကာရကထံ၌ ဝတ္ထု ငွေကို အပ်နှံ၍ ထားရာ ထို ကပ္ပိယကာရကကို သုံးကြိမ်ထက် အလွန်တောင်းခြင်း ထို့ ကပ္ပိယကာရကမြင်လောက်သော အရပ်၌ ခြောက်ကြိမ်ထက် ပို့လွန်၍ ရပ်ခြင်း ဖြင့် သင်္ကန်းကို ရအောင် အားထုတ်၍ သင်္ကန်းကို ဖြစ်ပေါ်စေသော ရဟန်းအား

နိဿဂ်ိပါစိတ်အာပတ်ကို မြတ်စွာဘုရားသည် ပညတ်တော်မူခဲ့ပေ၏။ ထို နိဿဂ်ိ ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာနဌ် ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဇ္ဇ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘဒ္ဒေ ဥပနန္ဒံ သက္ယပုတ္တံ အာရဇ္ဇ ပညတ္တံ၊ အာယသ္မာ ဘဒ္ဒေ ဥပနန္ဒေါ သက္ယပုတ္တော ဥပါသကေန အဇ္ဇကော်ာ ဘဒ္ဒေ အာဂမေဟိတိ ဝုစ္စမာနော နာဂမေသိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်အကြောင်းဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ်ိပါစိတ် အာပတ်ကို ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာကီဝင်မင်းသား ဖြစ်သော အရှင် ဥပနန္ဒ မထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ အရှင်ဥပနန္ဒမထေရ်သည် သင်္ကန်းဘိုးကို လက်ခံ၍ ထားသော ဥပါသကာ ဒါယကာက အရှင်ဘုရား.... ယနေ့မှာမူ အစည်းအဝေးရှိ၍ ယနေ့တရက် ဆိုင်းငံ့တော်မူပါ ဟု လျှောက်ထားပါလျက် ဆိုင်းတုံ့လင့်ခြင်း မရှိဘဲ အတင်း အကြပ် ထို သင်္ကန်းကို ဖြစ်ပေါ် စေသော အကြောင်းဝတ္ထု ထို သင်္ကန်းကို ဝယ်ချမ်းစေသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

၁၀-ရာဇ သိက္ခာပုဒ် ပြီး၏။

၂-ကောသိယဝဂ်၊ ၁-ကောသိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။ကောသိယမိဿကံ အာဝုသော သန္ဓတံ ကာရာပေန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာဠဝိယံ ဘဒ္ဒေ ပညတ္တံ။

အမေး။ ။ပိုးချည်နှင့် ရောသော မရက်ဘဲ ဖြန့်ခင်း၍သာ ပြုအပ်သော ကြောင့် သန္ဓတမည်သော အခင်းကို ပြုလုပ်စေသော ရဟန်းအား အကြောင်း နိဿဂ်ိ ပါစိတ်အာပတ်ကို ပညတ်တော်မူခဲ့ပေ၏။ ထို နိဿဂ်ိ ပါစိတ်အာပတ်ကို မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ ဘယ်ဌာနဌ် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အာဠဝိပြည် အရပ်၌ ပညတ်တော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဆဗ္ဘဂ္ဂိယေ ဘန္တေ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဘဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ကောသိယကာရကေ ဥပသင်္ကမိတ္ဝာ ဧဝမဟံသု ဗဟူ အာဝုသော ကောသကာရကေ ပစထ အမ္ဟာကမ္ပိ ဒဿထ မယမ္ပိ ဣစ္ဆာမ ကောသိယမိဿကံ သန္ထတံ ကာတုန္တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အကြောင်း ဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ်ို ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆဗ္ဘဂ်ိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဘဂ်ိရဟန်းတို့သည် ပို့ချည်ပြုလုပ်သော ပိုးသမားတို့အထံသို့ ကပ်ရောက်ပြီးလျှင်--

"ဒါယကာတို့....ပိုးချည်မျှင်ကို ပြုတတ်သော များစွာသော ပိုးကောင်တို့ကို ကြိုကြလေ ချက်ကြလေကုန်၊ ငါတို့အားလည်း ပိုးချည်ကို လှူဒါန်းကြပါကုန်၊ ငါတို့သည်လည်း ပိုးချည်နှင့် ရောနှောသော အခင်းကို ပြုခြင်းငှါ အလိုရှိကြပါကုန်သည်" ဟု ပြောဆိုခဲ့ကြပါကုန်ပြီ။

ထို့သို့ ဆဗ္ဘဂ်ိရဟန်းတို့၏ လွန်လွန်ကျူးကျူး ပါဏာတိပါတ သိက္ခာပုဒ်ကိုမျှ မထောက်မထား ပြောကြားခြင်း. တည်းဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို ကောသိယမိဿက သန္ထတ နိဿဂ်ိယ ပါစိတ်အာပတ်ကို သဗ္ဗညူ မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ကောသိယ သိက္ခာပုဒ် ပြီး၏။

၂-ကောသိယဝဂ်၊ ၂-သုဒ္ဓကာဠက သိက္ခာပုဒ်

ပုစ္ဆာ။ ။သုဒ္ဓကာဠကာနံ အာဝုသော ဧဠကလောမာနံ သန္ထတံ ကာရာပေန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ. ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ ပညတ္တံ။

အမေး။ ။သိုးမွေး အမည်းအနက် သက်သက်တို့ဖြင့် သန္ထတမည်သော အခင်းကို ပြုလုပ်စေသော ရဟန်းအား အကြင် နိဿဂ်ို ပါစိတ်အာပတ်ကို ပညတ်

တော် မူခဲ့ပေ၏။ ထို နိဿဂ်ို ပါစိတ်အာပတ်ကို မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ ဘယ်ဌာနဌ် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည် အရပ်ဌ် ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဆဗ္ဗဂ္ဂိယေ ဘန္တေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ သုဒ္ဓကာဠကာနံ ဠေကလောမာနံ သန္ထတံ ကာရာပေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အကြောင်း ဝတ္ထု လှန်ကျူးမှုကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည် အမည်း (အမဲ) သက်သက်ဖြစ်သော သိုးမွေးတို့ဖြင့်ပြီးသော အံခင်းကို လူတို့ကဲ့သို့ ပြုလုပ်ခဲ့ကြပါကုန်ပြီ၊ ထို့သို့ ဆဗ္ဗဂ္ဂိ ရဟန်းတို့၏ လူတို့ပမာ အမည်း (အမဲ) သက်သက်ဖြစ်သော အခင်းတို့ကို ပြုလုပ်စေခြင်း ဟူသော အကြောင်းဝတ္ထု လှန်ကျူးမှုကြောင့် ထို နိဿဂ်ိပါစိတ်အာပတ်ကို သဗ္ဗညူ မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

သုဒ္ဓကာဠက သိက္ခာပုဒ် ပြီး၏။

၂-ကောသိယဝဂ်၊ ၃-ဒွေဘာဝက သိက္ခာပုဒ်

ပုစ္ဆာ။ ။အနာဒိယိတ္ထာ အာဝုသော တုလံ ဩဒါတာနံ တုလံ ဂေါစရိယာနံ နဝံ သန္ထတံ ကာရာပေန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ ဘဂဝတာ ဂတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယ ဘန္တေ ပညတ္တ။

အမေး။ ။သိုးမွေးအဖြူတို့၏ အဖို့အစု တချိန် (တပုံ) ကိုထင်း သိုးမွေး အကြောင်တို့၏ အဖို့အစု တချိန် (တပုံ) ကိုထင်း မယူမထည့်မူ၍ အသစ်ဖြစ်သော သိုးမွေးအခင်းကို ပြုလုပ်စေသော ရဟန်းအား အကြောင် နိဿဂ်ို ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပေ၏၊ ထို နိဿဂ်ို ပါစိတ်အာပတ်ကို မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ ဘယ်ဌာနဌ် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဌ် ပညတ်တော် မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဇ္ဇ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဆဗ္ဗဂ္ဂိယေ ဘန္တေ ဘိက္ခူ။ အာရဇ္ဇ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ထောကံယေဝ ဩဒါတံ အန္တေ အာဒိယိတ္ဝာ တထေဝ သုဒ္ဓကာဠကာနံ ဧဠကလောမာနံ သန္ထတံ ကာရာပေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အကြောင်း ဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ်ို ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆဗ္ဗဂ်ို ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

ဆဗ္ဗဂ်ိရဟန်းတို့သည် မြတ်စွာဘုရားက အမည်း (အမဲ) သက်သက်ဖြစ်သော သိုးမွေးအခင်းကို မပြုမလုပ် မဆောင်ရ မသုံးစွဲရ ဟူ၍ သိက္ခာပုဒ် ပညတ်တော်မူသောအခါ အမြဲက်ထောင်၍ နောက်ထပ်တဖန် သိုးမွေးအခင်း ပြုလုပ်သောအခါ အနည်းငယ်မျှ မပြောပလောက်သော သိုးမွေးအဖြူကို အစွန်အနား အဖျားဥ္ဇ ပါသည်ဟု ပြောဆိုရရုံမျှသာ ထည့်၍ ရှေးနည်းအတူ အမည်း (အမဲ) သက်သက် ဖြစ်သော သိုးမွေးအခင်း တို့ကို ပြုလုပ်စေကြပါပြီ၊ ထိုသို့ ဆဗ္ဗဂ်ိရဟန်းတို့ သိုးမွေး အဖြူပါသည် ဟု ပြောရရုံမျှ အစွန် အဖျား အနားဥ္ဇသာလျှင် ထည့်၍ ရှေးနည်း အတူ အမည်း (အမဲ) သက်သက်ဖြစ်သော သိုးမွေးတို့ကို ပြုလုပ်ခြင်း တည်း ဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ်ိယပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၃-ဒွေဘာဂ သိက္ခာပုဒ် ပြီး၏။

၂-ကောသိယဝဂ၊ ၄-ဆဗ္ဗဿ သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ ဘေန အာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အနုဝဿံ သန္ထတံ ကာရာပေန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထို မြတ်စွာဘုရားသည် နှစ်စဉ် နှစ်တိုင်း သိုးမွေးအခင်းကိုပြုလုပ်သော ရဟန်းအား အကြင် နိဿဂ်ိပါစိတ် အာပတ်

ကို ပညတ်တော်မူခဲ့ပေ၏။ ထို နိဿဂ်ို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သမ္မဟုလေ ဘန္တေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘန္တေ ဘိက္ခူ အနုဝဿံ သန္ထတံ ကာရာပေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်အကြောင်းဝတ္ထု ဘယ်သို့သော လွန်ကျူးမှုကြောင့် ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

များစွာသော ရဟန်းတို့သည် သူ ထက်ငါ အားကျမခံ နှစ်စဉ် နှစ်တိုင်း အခင်းကို ပြုလုပ်ကြပါသည်၊ ထို့သို့ များစွာသော ရဟန်းတို့ နှစ်စဉ် နှစ်တိုင်း အခင်း အသစ်အသစ်ကို ပြုလုပ်ခြင်း တည်းဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ်ိပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ယခု မေးဖြေပြီးခဲ့သော နိဿဂ်ိယပါစိတ်အာပတ် သိက္ခာပုဒ် အပေါင်းသည် အဘယ်ပုဂ္ဂိုလ်၏ စကား ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ယခု မေးအပ်ပြီး ဖြေဆိုအပ်ပြီးသော နိဿဂ်ိယပါစိတ် သိက္ခာပုဒ် အပေါင်းသည် နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ စကား မဟုတ်ပါ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျဉ်တရား သိသင့်သမျှသော တရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခာယ ဘန္တေ အာဘတံ။

အမေး။ ။ဤ နိဿဂ်ိယပါစိတ် သိက္ခာပုဒ်အပေါင်းကို အဘယ်သူသည် ဆောင်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤဆိုအပ်ခဲ့ပြီးသော နိဿဂ်ိယပါစိတ် သိက္ခာပုဒ်အပေါင်းကို ပဌမသံဂါယနာတင်ရာကာလ အရှင်မဟာကဿပ အရှင်ဥပါလိတို့မှအစ ယခုအခါ ဆဋ္ဌသံဂါယနာတင်ရာကာလ သံဂီတိ ကာရက မထေရ်မြတ်တို့တိုင်အောင် ထေရဝါဒီ အပြည်ပြည်ဆိုင်ရာ သာသနာဝင်ဆင်းသက် ဆရာတော် မထေရ်ကျော် အစဉ် အဆက်တို့သည် မြတ်စွာဘုရား၏ အဆုံးအမသြဝါဒ ဝိနည်းတရားတော်တည်းဟူသော နဝင်္ဂတ် ဓမ္မရတနာကို မပျောက်မပျက်ရအောင် ကြိုးစွာသော လုံ့လ ကြိုးစွာသော သတိနှင့် ထိန်းသိမ်းစောင့်ရှောက် ဆောင်တော်မူခဲ့ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ နုခေါ အာဝုသော ဇတ္ထ ကောစိ ဝိရဒ္ဓဒေါသော။

ဝိဿဇ္ဇနာ။ ။နတ္ထိ ဘန္တေ။

အမေး။ ။ဤဆိုခဲ့ပြီးသော နိဿဂ်ိ ပါစိတ်တိယ သိက္ခာပုဒ်အပေါင်း၌ တနုံတရာ ချွတ်ယွင်းချက်များ ရှိပါသေးသလော ငါ့ရှင်။

အဖြေ။ ။ဤမေးအပ်ပြီး ဖြေအပ်ပြီးသော နိဿဂ်ိယပါစိတ် သိက္ခာပုဒ် အပေါင်း၌ ပဌမသံဂါယနာ တင်တော်မူရာ ကာလ သံဂီတိကာရက ရဟန္တာမထေရ်မြတ်တို့ မှအစ၊ ယခု ဆဋ္ဌသံဂါယနာတင်ရာကာလ မူလဝိသောခက ပဋိဝိသောခက သြသာန သောယျော ပတ်တပါဋိက သံဂီတိကာရက ဆရာတော် မထေရ်သူမြတ်တို့သည် အကြိမ်ကြိမ် အထပ်ထပ် သုတ်သင်ပြီး ဖြစ်ပါသောကြောင့် တစုံတခု ချွတ်ယွင်းချက် အပြစ်ဒေါသ မရှိဖြစ်ပါသည် အရှင်ဘုရား။

သံဂါယနတ္ထာယ သံဃသ ဥပနံ

သုဏာတု မေ ဘန္တေ သံဃော၊ အဟံ အာယသ္မန္တံ ဝိစိတ္တာသာရာဘိဝံသံ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကံ ဣမေသံ နိဿဂ်ိယပါစိတ္တိယသိက္ခာပဒါနံ ယာဝ ဆဗ္ဗဿသိက္ခာပဒံ နိဒါနာဒိနိ ပုစ္ဆိတဗ္ဗာနိ အနေကာနိ ဌာနာနိ ပုစ္ဆိံ၊ ပုဋ္ဌေါပုဋ္ဌော စ သော အာယသ္မာ ဝိစိတ္တာသာရာဘိဝံသော ဝိဿဇ္ဇေသိ၊ ဣတိဟိဒံ ဘန္တေ ဣမာနိ သိက္ခာပဒါနိ နိမ္မလာနိ သုပရိသုဒ္ဓါနိ တသ္သေဝ ဘဂဝတော ဝစနာနိ အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ တသ္မာ ယထာပုရေ မဟာကဿပါဒယော မဟာထေရေရာ ပေါရာဏသံဂီတိကာရာ ဗြဟ္မစရိ-ယဿ စိရဋ္ဌိတိယာ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဓမ္မဝိနယံ သံဂါယိံသု ဧဝေ အနုသံဂါယိံသု စ၊ ဧဝမေဝ မယမ္ပိ ဒါနိ သဗ္ဗေ ဆဋ္ဌသံဂီတိ မဟာဓမ္မ-သဘာ ပရိယာပန္နာ ဆဗ္ဗဿ နိဿဂ်ိယ သိက္ခာပဒတော ပဋ္ဌာယ ဣမာနိ နိဿဂ်ိယသိက္ခာပဒါနိ ဧကေတော ဂဏသဇ္ဈာယံ ကတ္ဝာ သံဂါယေယျာမ။

သံဂါယနာတင်ရန် သံဃာအား သိစေခြင်း သံဂါယနာဥာတ်

အရှင်ဘုရားတို့.... သံဃာတော်သည် ဘုရားတပည့်တော် လျှောက်ထားသော စကားကို နားဆင်တော်မူစေလိုပါသည်၊ တပည့်တော်သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသကို ဆဗ္ဗဿနိဿဂ်ိယ သိက္ခာပုဒ်တိုင်အောင် ဤ နိဿဂ်ိယပါစိတ် သိက္ခာပုဒ်တို့၏ နိဒါန်းအစရှိသော မျှားစွာသော အချက်အလက်တို့ကို မေးခဲ့ပါပြီ၊ မေးအပ်သော အရှင်ဝိစိတ္တသာရာဘိဝံသသည်လည်း မေးတိုင်း မေးတိုင်း ရှင်းလင်းဖြေကြားခဲ့ပါပြီ၊ သို့ဖြစ်ပါ၍ ဤသိက္ခာပုဒ် အပေါင်းသည် အညစ်အကြေးကင်းလျက် ကောင်းကောင်းကြီး သန့်ရှင်း စင်ကြယ်နေပါပြီ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော ဥယျံတရား ငါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားထင်ထင် ကိုယ်ပိုင်ဉာဏ်ဖြင့် အကုန်အစင် သိမြင်တော်မူသော ထို မြတ်စွာဘုရား၏ စကားတော်အစစ် အမှန်ပင် ဖြစ်ပါသည် အရှင်ဘုရားတို့။

သို့ဖြစ်ပါ၍ ရှေးအခါကာလက အရှင်မဟာကဿပ အစရှိသော ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် မြတ်စွာဘုရား၏ သာသနာတော်ငယ် အရှည်တည်တံ့စေခြင်းငှါ မျှားစွာသော လူအပေါင်း၏ အကျိုးစီးပွါး ထွန်းကားစေခြင်းငှါ လောကကို စောင့်ရှောက်ခြင်းငှါ နတ်လူအပေါင်းတို့၏ အကျိုးစီးပွါး ချမ်းသာဖြစ်ထွန်းစေခြင်းငှါ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သုတ် အဘိဓမ္မာ ဝိနည်း တည်းဟူသော ဓမ္မဝိနယတရားတော်မြတ်ကို ပဌမသံဂါယနာလည်း စ၍ တင်ခဲ့ကြပါကုန်ပြီ၊ ဒုတိယ တတိယ စတုတ္ထ ပဉ္စမ အကြိမ်တိုင်အောင် နောက်ထပ် ဆင့်၍လည်း လေးကြိမ်တိုင်တိုင် အနုသံဂါယနာ တင်ခဲ့ကြပါကုန်ပြီ။

ထို့ အတူပင် ယခုအခါကာလ၌လည်း ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ ပါဝင်လျက် ရှိကြသော ဆဋ္ဌသံဂီတိကာရက ဖြစ်တော်မူကြသည့် အရှင်ကောင်း အရှင်မြတ်တို့သည် ယခုအခါ ဆဗ္ဗဿ နိဿဂ်ိယ ပါစိတ် သိက္ခာပုဒ်မှ စ၍ နိဿဂ်ိယပါစိတ် သိက္ခာပုဒ်တို့ကို တပေါင်းတည်း ရွတ်ဆိုခြင်း ဂဏသဇ္ဈာယ ကို ပြုကြ၍ သံဂါယနာတင်ကြပါကုန်စို့....သက်တော်ရှည် အရှင်ဘုရားတို့။

ဆဗ္ဗဿ သိက္ခာပုဒ် ပြီး၏။

၂-ကောသိယဝဂ်၊ ၅-နိသီဒနသန္ထတ သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အနာဒိယိတ္ဝာ ပုရာဏသန္ထတသ သာမန္တာ သုဂတဝိဒတ္တိ နှဝံ နိသီဒနသန္ထတံ ကာရာပေန္တသ နိဿဂ်ိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။ ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေန္တ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထို မြတ်စွာဘုရားသည် အခင်းဟောင်း၏ ပတ်ဝန်းကျင် အနားမှ မြတ်စွာဘုရား၏ လက်သန်းထွာဖြင့် ,တထွာ အတိုင်းအရှည်ရှိသော အစိတ်အပိုင်းကို ဆုတ်ယူကာ ထည့်သွင်းခြင်းကို မပြုဘဲ နိသီဒိုင် ခေါ်သော ထိုင်နေစရာအခင်းကို ပြုလုပ်စေသော ရဟန်းအား အကြင် နိဿဂ်ိပါစိတ် အာပတ်ကို ပညတ်ထားတော်မူခဲ့ပေ၏။ ထို နိဿဂ်ိပါစိတ် အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သမ္မဟုလေ ဘန္တေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘန္တေ ဘိက္ခူ။ သန္ထတာနိ ဥဇ္ဈိတ္ဝာ အာရညိကံ ပိဏ္ဍပါတိကင်္ဂံ ပံသုကူလကင်္ဂံ သမာဒိယိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ်ိပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ထို နိသီဒနသန္ထတ နိဿဂ်ိယ ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသည်။

မျှားစွာသော ရဟန်းတို့သည် အခင်းတို့ကို စွန့်ပစ်၍ အာရညကင်မုတင် ပိဏ္ဍပါတိကမုတင် ပံသုကူမုတင်ကို ဆောင်ယူ ဆောက်တည်ကြပါကုန်သည်၊ ထို့သို့ မျှားစွာသော ရဟန်းတို့ အခင်းဟောင်းတို့ကို စွန့်ပြီးလျှင် အာရညကင်မုတင် ပိဏ္ဍပါတ်မုတင် ပံသုကူမုတင်ကို ဆောင်ယူသဖြင့် အခင်းဟောင်းတို့ အကျိုးမဲ့ ပျက်စီးသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ်ိပါစိတ်အာပတ်ကို သမ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၅-နိသီဒန သန္ထတ သိက္ခာပုဒ် ပြီး၏။

၂-ကောသိယဝဂ်၊ ၆-ဠေကလောမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဠေကလောမာနိ အာဝုသော ပဋိဂ္ဂဟေတ္ဝာ တိယောဇနံ အတိက္ကာမေန္တသ္သ နိဿဂ်ိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။သိုးမွေးတို့ကို ခံယူပြီးလျှင် သုံးယူဇနာခရီး လွန်သည်တိုင်အောင် ဆောင်ယူသော ရဟန်းအား အကြင် နိဿဂ်ိပါစိတ် အာပတ်ကို မြတ်စွာဘုရား

ပညတ်တော် မူခဲ့ပေ၏၊ ထို နိဿဂ္ဂိ ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။က အာဝုသော အာရဇ္ဘ ကသ္မ ဝတ္ထုသ္မ ပညတ္တာ။

ဝိဿဇ္ဇနာ။ ။အညတရံ ဘန္တေ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု ဌေကလောမာနိ ပဋိဂ္ဂဟေတ္ဝာ တိယောဇနံ အတိက္ကာမေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ္ဂိ ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မထင်မရှားသော အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ထို မထင်မရှားသော ရဟန်းသည် မြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ ကောသလတိုင်း ဇနပုဒ်တို့၌ ဒေသစာရီ လှည့်လည်၍ သာဝတ္ထိပြည်သို့ လာသောအခါ လမ်းခရီးအကြား၌ များစွာသော သိုးမွေးတို့ကို ရရှိပါသည်။

ထို များစွာသော သိုးမွေးတို့ကို သက်နှံးဖြင့်ထုပ်၍ ခရီးရှည်လျားစွာ ဆောင်ယူခဲ့ရာ လမ်းခရီးအကြား၌ မြင်ကြသော လူတို့က——

အရှင်ဘုရား....မည်မျှသော အဘိုးဖြင့် အရှင်ဘုရား ဝယ်ယူခဲ့၍ နောက်ထပ်တဖန် ရောင်းပြန်သောအခါ မည်မျှသော အဘိုးကို အရှင်ဘုရား ရမှာပါလဲ ဟု ပြက်ရယ်ပြောင်လှောင်မှု ပြုခဲ့ကြပါပြီ။

ထို ရဟန်းသည် သာဝတ္ထိပြည်သို့ ရောက်သောအခါ မိမိဆောင်ယူခဲ့သော သိုးမွေးထုပ်ကို မတ်ရပ်-ရပ်လျက်ကပင် ပစ်လွှတ်၍ ချလိုက်ပါပြီ။

ထိုအခါ ရဟန်းတို့က "အဘယ့်ကြောင့် ငါ့ရှင်သည် ဤသို့ မတ်ရပ်,ရပ်လျက်ကပင် ဤသိုးမွေးထုပ်ကြီးကို စိတ်ဆိုး ပန်းဆိုးဖြင့် လွှတ်၍ ချလိုက်ပါသနည်း" ဟု မေးမြန်းသောအခါ "ပစ်လွှတ်၍ မချဘဲနေပါ့မလား၊ ဤသိုးမွေးတို့ကြောင့် လမ်းခရီးအကြားဝယ် များစွာသောလူတို့ ပြက်ရယ်ပြောင်မှု ပြုသည်ကို ခံယူခဲ့ရပါသည်" ဟု မကျေမချမ်း ပြောကြားပါသည်။

ဤသို့လျှင် ထို ရဟန်း၏ သိုးမွေးတို့ကို ယူဆောင်ပြီးလျှင် သုံးယူဇနာခရီးကို လွန်စေသော အကြောင်း ဝတ္ထု လွန်ကျူးမှုကြောင့် ထို ဌေကလောမ နိဿဂ်ိယ ပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ဌေကလောမ သိက္ခာပုဒ် ပြီး၏။

၂-ကောသိယဝဂ်၊ ၇-ဌေကလောမစောဝါပန သိက္ခာပုဒ်

ပုစ္ဆာ။ ။အညာတိကာယ အာဝုသော ဘိက္ခုနိယာ ဌေကလောမာနိ စောဝါပေန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘန္တေ ပညတ္တံ။

အမေး။ ။ဆေးမျိုးမတော်သော ရဟန်းမိန်းမအား သိုးမွေးတို့ကို ဖွတ်လျော်စေသော ရဟန်းအား အကြင် နိဿဂ်ိ ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်ထားတော် မူခဲ့ပေ၏။ ထို နိဿဂ်ိ ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာနဌ် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သက္ကတိုင်း ကပိလဝတ်ပြည် အရပ်ဌ် ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဆဗ္ဗဂ္ဂိယေ ဘန္တေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ အညာတိကာဟိ ဘိက္ခုနိဟိ ဌေကလောမာနိ စောဝါပေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပဋိလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ်ိ ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆဗ္ဗဂ်ိ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ မြတ်စွာဘုရား ကိန်းအောင်း မွေ့လျော် နေတော်မူသောအခါ ဆဗ္ဗဂ်ိရဟန်းတို့သည် အဆွေမတော်သော ဘိက္ခုနိမတို့ကို သိုးမွေးတို့ကို ဖွတ်စေ လျော်စေ ဆိုးစေ ဖြရှင်းစေ ကျပါကုန်ပြီ၊ ထို့ဆို့ ဖွတ်စေ လျော်စေ ဆိုးစေ ဖြရှင်းစေကြသဖြင့် ဘိက္ခုနိမတို့၏ ပါဋိဿင်ခြင်း အဋ္ဌကထာသင်ခြင်း သီလ သမာဓိ ပညာ တည်းဟူသော သိက္ခာသုံးပါးကို ဖြည့်ကျင့်ခြင်း အကျိုးကျေးဇူးများ ယုတ်လျော့မှု ဖြစ်ခဲ့ပါသည်၊ ဤသို့လျှင် ဆဗ္ဗဂ်ိ

ရဟန်းတို့၏ အဆွေမတော်သော ဘိက္ခုနီမတို့ကို သိုးမွေးတို့ကို ဖွတ်စေ လျှော်စေ ဆိုးစေ ဖြေရှင်းစေသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ်ပါစိတ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ဌေကလောမ မောဝါပန သိက္ခာပုဒ် ပြီး၏။

၂-ကောသိယဝဂ်၊ ဂ-ရူပိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။ရူပိယံ အာဝုသော ပဋိဂ္ဂဏ္ဟန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဂ္ဂေ ပညတ္တံ။

အမေး။ ။ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံကို အလှူခံခြင်း ကိုင်ဆောင်ခြင်းကို ပြုသော ရဟန်းအား အကြင်နိဿဂ်ိယပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ် ထားတော်မူခဲ့ပေ၏။ ထို နိဿဂ်ိယ ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာနဌ် ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသို့ ဝတ္ထုသို့ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘဂ္ဂေ ဥပနန္ဒံ သက္ယပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဂ္ဂေ ဥပနန္ဒော သက္ယပုတ္တော ရူပိယံ ပဋိဂ္ဂဟေသိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှု ကြောင့် ထို နိဿဂ်ိပါစိတ်အာပတ်ကို ပညတ်တော်မူအပ် ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာကီဝင် မင်းမျိုးဖြစ်သော အရှင်ဥပနန္ဒမထေရ်ကို အကြောင်း ပြု၍ ပညတ်တော်မူအပ်ပါသည်။

ရာဇဂြိုဟ်ပြည်အရပ်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူသောအခါ အရှင် ဥပနန္ဒမထေရ်သည် ရာဇဂြိုဟ်ပြည်ဝယ် တဦးသော ဒါယကာ၏ အိမ်၌ ဆွမ်းခံ အရှင်မြတ်ဖြစ်၍ နေပါသည်၊ ထို ဒါယကာ၏အိမ်၌ အကြင် အကြင်သို့သော ခဲဘွယ် ဘောဇဉ်တို့ ဖြစ်ပေါ်၏၊ ထိုထိုသို့သော ခဲဘွယ် ဘောဇဉ်တို့မှ အရှင်ဥပနန္ဒ၏ အဘို့ကို သီးသန့်ထားလေ့ရှိပါသည်။

တနေ့သောအခါ ထို ဒါယကာ၏ အိမ်၌ ညနေချမ်းအခါဝယ် အသားဟင်း ဖြစ်ပေါ်ခဲ့ပါသည်၊ ထို အသားဟင်းမှ အရှင်ဥပနန္ဒအတွက် သီးသန့်ချန်၍ ထားခဲ့ပါ

သည်၊ နံနက်မိုးသောက် နောက်တနေ့သို့ ရောက်သော အခါ၊ ထို အိမ်မှ ခလေး သူငယ်သည် အိပ်ရာမှထ၍ "မံသံ မေ ဒေထ" အသားကို ငါ့အား ပေးကြပါလော့ ဟု ငိုယိုတောင်းသဖြင့် ဥပါသကာ ဒါယကာက အရှင်ဥပနန္ဒအတွက် ထားသော အသားကို ခလေးအား ပေးပါ၊ အရှင်ဥပနန္ဒအတွက် နောက်ထပ်တဖန် ဝယ်ချက်၍ လှူဒါန်းတာပ ဟု ပြောကြားပါသည်။

နံနက် မိုးလင်း၍ အရှင်ဥပနန္ဒ ရောက်ရှိသောအခါ ထို အကြောင်းအရာကို လျှောက်ထားလေသော် ဒါယကာ သင် ယခုအသားကို လှူဒါန်းမည် ရည်ရွယ်သော ဝတ္ထုကို စိတ်ထည်းက စွန့်ပြီး လှူပြီး ဖြစ်ပါပြီလား ဟု မေးသောအခါ စွန့်ပြီး လှူပြီး ဖြစ်ကြောင်း ပြန်ပြောင်းလျှောက်ထားသဖြင့် သို့တပြီးကား ငါ့အား အသားကို မလှူပါလေနှင့်၊ ဤ အသားဘိုး ဝတ္ထုငွေကိုသာ လှူပါလေ ဟု တောင်းခံခဲ့ပါသည်။

ဤသို့လျှင် အရှင်ဥပနန္ဒမထေရ်၏ အသပြာ ဒင်္ဂါး ပိုက်ဆံကို ခံယူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ္ဂိယပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထံ အာဝုသော တတ္ထ ပဋိပဇ္ဇန္တော ရူပိယံ ပဋိဂ္ဂဏှာတိ နာမ။

ဝိဿဇ္ဇနာ။ ။သယံ ဘန္တေ ဂဏှာတိ၊ အညံ ဝါ ဂဏှာပေသိ၊ ဣဒံ အယျဿ ဟောတူတိ ဥပနိက္ခိတ္တံ သာဒိယတိ၊ ဧဝံ ခေါ ဘန္တေ ပဋိပဇ္ဇန္တော ဘိက္ခု ရူပိယံ ပဋိဂ္ဂဏှာတိ နာမ။

အမေး။ ။ထို ရူပိယနိဿဂ်ိယ သိက္ခာပုဒ်အရာ၌ အဘယ်သို့ ပြုကျင့်သော ရဟန်းသည် ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံ ငွေစက္ကူတို့ကို ကိုင်ခံသည်အလှူခံသည် မည်ပါသနည်းငါ့ဘုရင်။

အဖြေ။ ။ထို ရူပိယ နိဿဂ်ိယ သိက္ခာပုဒ်အရာ၌ ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံ အသပြာ စက္ကူတို့ကို ကိုယ်တိုင်ခံယူခဲ့သော်ငင်း၊ သူတပါးကို ကိုယ်စား ခံယူစေခဲ့သော်ငင်း၊ မိမိအနီးအပါးဌာ ဤ ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံ အသပြာသည် အရှင်ဘုရား အား ဖြစ်ပါစေ ဟု ပြောဆိုချထားသည်ကို စိတ်မှသာယာသော်ငင်း၊ ဤသို့းမျိုးသော အခြင်းအရာဖြင့် ကျင့်သော ရဟန်းသည် ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံ အသပြာကို ခံယူသည် မည်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထံ အာဝုသော တတ္ထ ပဋိပဇ္ဇန္တော ဘိက္ခု ရူပိယံ န ပဋိဂ္ဂဏှာတိ နာမ။

ဝိဿဇ္ဇနာ။ ။ယထာ ဘန္တေ ရာဇသိက္ခာပဒေ ယထာ စ ဘန္တေ မေဇ္ဈက-သိက္ခာပဒေ အာဂစ္ဆတိ၊ တထာ ဘန္တေ ပဋိပဇ္ဇန္တော ဘိက္ခု ရူပိယံ န ပဋိဂ္ဂဏှာတိနာမ။

အမေး။ ။ထို ရူပိယ ပဋိဂ္ဂဟဏ သိက္ခာပုဒ်အရာ၌ အဘယ်သို့ ပြုကျင့်သော ရဟန်းသည် ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံ ငွေစက္ကူကို ခံယူသည် မမည်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇသိက္ခာပုဒ် မေဇ္ဈကသိက္ခာပုဒ် တို့၌ လာသည့်အတိုင်း ကျင့်ကြံသော ရဟန်းသည် ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံ အသပြာ စက္ကူလွှာတို့ကို မခံယူသည် မည်ပါသည်၊ အနည်းငယ် လျှောက်ထားလိုပါသည်....

ရာဇသိက္ခာပုဒ်၌ လာရှိသော အတိုင်း သင်္ဃန်းဘိုးကို ယူဆောင်လာသော တမန် ပုဂ္ဂိုလ်က အရှင်ဘုရားအား ကပ္ပိယကာရကရှိပါသလား ဟု လျှောက်ထားသောအခါ ဥပါသကာ ဒါယကာကို ဖြစ်စေ၊ အရာမ်စောင့်ကိုဖြစ်စေ၊ ဤသူကား ရဟန်းတို့၏ ကပ္ပိယကာရက ပုဂ္ဂိုလ်ဖြစ်သည်ဟု ပြောကြားရပါမည်၊ ဤသူ့ထံ၌ အပ်ခဲ့ပါသည်ဟု မပြောမကြားရပါ။

ထိုသို့ အရာမ်စောင့် ဥပါသကာတို့ကို ကပ္ပိယကာရက အဖြစ် ပြောကြားသဖြင့် သင်္ဃန်းဘိုး ပိုက်ဆံ ယူဆောင်လာသော တမန်က ထို ကပ္ပိယကာရကတို့ အထံအပ်နှံပြီးလျှင် အရှင်သူမြတ်အား သင်္ဃန်းကိုဝယ်၍ လှူဒါန်းပါဟု မှာကြားပြောဆိုပြီး ရဟန်း၏အထံ၌ အရှင်ဘုရား၏ ကပ္ပိယကာရကထံ ထို အကြောင်းအရာ ပြောကြားပြီးပါပြီ၊ အရှင်မြတ်သည် ကပ္ပိယကာရကတို့အထံမှ သင်္ဃန်းကို ခံယူပါဟု လျှောက်ထားသော အခါဝယ် မိမိအလိုရှိသော သင်္ဃန်းကို သုံးကြိမ်တိုင်တိုင် တောင်းခြင်း ခြောက်ကြိမ်တိုင်တိုင် ဒါယကာ ကပ္ပိယကာရကတို့မြင်လောက်သော အရပ်၌ သင်္ဃန်းလှူဘို့ရန်ရည်သန်၍ ရပ်ခြင်းဖြင့် ထို သင်္ဃန်းကို အလှူခံရပါသည်၊ ဤကားရာဇသိက္ခာပုဒ်၌ လာသော အတိုင်း ကျင့်ခြင်း ဖြစ်ပါသည်။

မေဇ္ဈကသိက္ခာပုဒ်၌ လာသောအတိုင်းကျင့်ရန်မှာ....

ဤ သာသနာတော်ဝယ် သဒ္ဓါတရားထင်ရှားရှိကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် များစွာရှိကြပါကုန်သည်၊ ထို အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် တစုံတခုသော ကပ္ပိယကာရက်တို့၏လက်၌ ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံ တို့ကို အပ်နှံပြီးလျှင် ဤ ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံများမှ ရဟန်းတော်တို့နှင့် အပ်စပ်သော ကပ္ပိယဖြစ်သော ပစ္စည်းလေးပါးတို့ကို အရှင်မြတ်အား လှူဒါန်းပါလေ ဟု မှာကြားပြောဆို၍ သွားကြပါသည်။

ထိုသို့ မှာကြားပြောဆို၍ သွားရာ၌ ထို ဒါယကာတို့ လှူခဲ့သော ကပ္ပိယကာရကတို့အထံမှ ရဟန်းတော်တို့နှင့် အပ်စပ်သော ပစ္စည်းလေးပါးတို့ကို ခံယူနိုင်ခွင့်ရှိပါသည်။

ဤသို့လိုက်နာကျင့်ကြံကြပါမူ မေထုန်သိက္ခာပုဒ်အရ အပြစ်မရှိအောင်ကျင့်ကြံခြင်း ဖြစ်ပါသည်။

ဤသို့လျှင် ရာဇသိက္ခာပုဒ် မေထုန သိက္ခာပုဒ်တို့၌ လာရှိသောအတိုင်း လိုက်နာ ကျင့်ကြံသော ရဟန်းသည် ရှေ ၎င် ဒဂ်ါးပိုက်ဆံ အသပြာ စက္ကူလွှာတို့ကို မခံယူသော ရဟန်း မည်ပါသည် အရှင်ဘုရား။

ရူပိယ သိက္ခာပုဒ် ပြီး၏။

၂-ကောသိယဝဂ်၊ ၉-ရူပိယသံဝေါဟာရ သိက္ခာပုဒ်

ပုစ္ဆာ။ ။ရူပိယသံဝေါဟာရံ အာဝုသော သမာပဇ္ဇန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။ရှေထည် ၎ငထည် ဝတ္ထုပစ္စည်းနှင့် ရှေ ၎င ဒဂ်ါးပိုက်ဆံတို့ကို လဲလှယ်ဖလှယ် ရောင်းဝယ်ခြင်းကို ပြုသော ရဟန်းအား အကြင် နိဿဂ်ိပါစိတ် အာပတ်ကို ပညတ်သားတော်မူခဲ့ပေ၏။ ထို နိဿဂ်ိ ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာနဌ် မြတ်စွာဘုရား ပညတ်တော်မူခဲ့ပါသနည်း ၎င်ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသို့ ဝတ္ထုသို့ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဆဗ္ဗဂ်ိယေ ဘန္တေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ်ိယာ ဘန္တေ ဘိက္ခူ နာနပ္ပကာရကံ ရူပိယသံဝေါဟာရံ သမာပဇ္ဇိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ်ိ ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသနည်း ၎င်ရှင်။

အဖြေ။ ။ဆဗ္ဗဂ်ိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂ်ိရဟန်းတို့သည် ခုတ်လုပ်ပြီး မခုတ်လုပ်သေးသော အစိုင်အခဲ အစရှိသည်ဖြင့် အမျိုးမျိုး အစားစား များသောအပြားရှိသော ရွှေကုန် ငွေကုန်ကူးခြင်း ရှေ ၎င ရောင်းဝယ် ဖလှယ်ခြင်းသို့ ရောက်ခဲ့ပါပြီ၊ ဤသို့ ဆဗ္ဗဂ်ိရဟန်းတို့၏ ရွှေငွေ အကပ်ပယ ဝတ္ထုဖြင့် ရောင်းဝယ် ဖလှယ်မှု တည်းဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ်ိ ပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ရူပိယသံဝေါဟာရ သိက္ခာပုဒ် ပြီး၏။

၂-ကောသိယဝဂ်၊ ၁၀-ကယဝိက္ကယ သိက္ခာပုဒ်

ပုစ္ဆာ။ ။နာနုပ္ပကာရကံ အာဝုသော ကယဝိက္ကယံ အာပဇ္ဇန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ပညတ္တံ။

အမေး။ ။သင်္ကန်း သပိတ် အစရှိသော အပ်စပ်သော အဆုံးအဆောင် ပစ္စည်းတို့ကို ရောင်းခြင်း ဝယ်ခြင်းကို ပြုသောရဟန်းအား အကြင် နိဿဂ္ဂိ ပါစိတ် အာပတ်ကို ပညတ်ထားတော် မူခဲ့ပေ၏။ ထို နိဿဂ္ဂိ ပါစိတ်အာပတ်ကို မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘဒ္ဒေ ဥပနန္ဒံ သက္ယပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဒ္ဒေ ဥပနန္ဒော သက္ယပုတ္တော ပရိပ္ပာဇကေန သဒ္ဓိံ ကယဝိက္ကယံ သမာပဇ္ဇိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ္ဂိ ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာကီဝင်မင်းသား ဖြစ်သော အရှင်ဥပနန္ဒ မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာကီဝင်မင်းသား ဖြစ်သော အရှင်ဥပနန္ဒ မထေရ်သည် တယောက်သော ပရိဗိုဇ်နှင့် မိမိ၏သင်္ကန်း ထို ပရိဗိုဇ်၏အပေါ်ရုံ စုလျားချင်း လဲလှယ်ဖလယ် ရောင်းဝယ်ခြင်းသို့ ရောက်ခဲ့ပါပြီ၊ ထိုသို့ အရှင်ဥပနန္ဒ မထေရ်၏ သင်္ကန်း ရောင်းဝယ်မှုတည်းဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ္ဂိပါစိတ် အာပတ်ကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထံ အာဝုသော တတ္ထ ပဋိပဇ္ဇန္တော ဘိက္ခု ကယဝိက္ကယံ သမာပဇ္ဇတီနာမ။

ဝိဿဇ္ဇနာ။ ။ဣမိနာ ဣမံ ဒေဟိ ဣမိနာ ဣမံ အာဟရ ဣမိနာ ဣမံ ပရိဝတ္တေဟိ ဣမိနာ ဣမံ စေတာပေဟီတိ အဇ္ဈာစရတိ၊ ဧဝံ ခေါ ဘဒ္ဒေ ပဋိပဇ္ဇန္တော ကယဝိက္ကယံ သမာပဇ္ဇတီနာမ။

အမေး။ ။ထို ကယဝိက္ကယသိက္ခာပုဒ် အရာ၌ အဘယ်သို့ ပြုကျင့်သော ရဟန်းသည် အရောင်းအဝယ်ပြုသည် မည်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ကယဝိက္ကယ သိက္ခာပုဒ်အရာ၌ ငါ၏ ဤ သင်္ကန်း ပစ္စည်းဖြင့် ထို သင်၏ ထီးစသောပစ္စည်းကို ဆောင်ခဲ့လော့၊ ငါ၏ ဤ သင်္ကန်းစသော ဝတ္ထုဖြင့်

ထို သင်၏ ထီးဘိနပ်စသော ပစ္စည်းကိုပေးလော့၊ ငါ၏ ဤ သင်္ကန်းစသော ဝတ္ထုဖြင့် ထို သင်၏ ထီးဘိနပ်စသော ဝတ္ထုကို လဲလှယ်လော့၊ ငါ၏ ဤ သင်္ကန်းစသော ဝတ္ထုဖြင့် ထို သင်၏ ထီးဘိနပ်စသော ဝတ္ထုကို ဝယ်ပါလော့၊ ဤသို့ ပြောဆိုပြုမူသော ရဟန်းသည် ထို ကယဝိက္ကယ သိက္ခာပုဒ်အရ ရောင်းခြင်း ဝယ်ခြင်းကို ပြုသည်မည်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထံ အာဝုသော တတ္ထ ပဋိပဇ္ဇန္တော ဘိက္ခု နု ကယဝိက္ကယံ သမာပဇ္ဇတီနာမ။

ဝိဿဇ္ဇနာ။ ။ယော ဘန္တေ အဉ်္ဇံ ပုစ္ဆတိ၊ ယော စ ဘန္တေ ကပ်ိယကာရကဿ အာစိက္ခတိ၊ယော စ ဘန္တေ အမှာကဉ္စ ဤဒံ အတ္ထိ အမှာကဉ္စ ဤမိနာ စ ဤမိနာ စ အတ္ထော တိ ဘဏတိ၊ ဧဝံ ဧဓါ ဘန္တေ ပဋိပဇ္ဇန္တော ဘိက္ခု နု ကယဝိက္ကယံ သမာပဇ္ဇတီနာမ။

အမေး။ ။ထို ကယဝိက္ကယ သိက္ခာပုဒ်အရာ၌ အဘယ်သို့ ပြုကျင့်သော ရဟန်းသည် အရောင်းအဝယ် မပြုသည် မည်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ကယဝိက္ကယသိက္ခာပုဒ်အရာ၌ အကြင်ရဟန်းသည် ဤပစ္စည်းကား မည်မျှအဘိုးထိုက်သနည်းဟု ဤမျှသာလျှင် မေးမြန်းပါ၏၊ အကြင်ရဟန်းသည် ကပ်ိယကာရက တို့အား ငါသည် ဤမည်ဤမည်သော ရဟန်းတို့အား အပ်စပ်သည့်ဝတ္ထုကို အလိုရှိ၏ဟု ပြောကြား၏၊ ဝယ်ချေဟူ၍ကား မပြောကြားပါ၊ အကြင်ရဟန်းသည် ငါတို့အား ဤမည်သော သင်္ကန်းပစ္စည်းကား ရှိပါ၏၊ ငါတို့မှာ ကား ဤမည်သော ထီးဘိနပ်စသည်ကို အလိုရှိပါ၏၊ဤမည်သော သင်္ကန်း၏အစား ဤမည်သော ထီးဘိနပ်ကို ရပါမူ ကောင်း လေစွဟူ၍ပြောကြား၏။

ထိုကဲ့သို့ တိုက်ရိုက်အားဖြင့် ဤပစ္စည်းဖြင့် ဤပစ္စည်းကို ရောင်းချ ဝယ်ချ လဲချေဟု မပြောကြားဘဲ ယခင်ဆိုခဲ့ပြီးသောအတိုင်း ပရိယာယ အားဖြင့် ပြောကြားသော ရဟန်းသည် ရောင်းခြင်း ဝယ်ခြင်းကို မပြုသည် မည်ပါသည် အရှင်ဘုရား။

၁၀–ကယဝိက္ကယ သိက္ခာပုဒ် ပြီး၏။

၃-ပတ္တဝဂ်၊ ၁-ပတ္တ သိက္ခာပုဒ်

ပုစ္ဆာ။ ။အတိရေကပတ္တံ အာဝုသော ဒသာဟံ အတိက္ကာမေန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။အဓိဋ္ဌာန် ဝိကပ္ပနာ မတင်မပြုသဖြင့် အပိုအလွန် မည်သော သပိတ်ကို ဆယ်ရက်လွန်စေသော ရဟန်းအား အကြင် နိဿဂ်ိပါစိတ် အာပတ်ကို

မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို နိဿဂ်ိပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာ၀တ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာ၀ုသော အာရဗ္ဘ ကိသ္မိံ ၀တ္ထုသ္မိံ ပညတ္တံ။

၀ိဿဇ္ဇနာ။ ။ဆဗ္ဗဂ္ဂိယေ ဘန္တေ ဘိက္ခူ၊ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ၊ အတိရေကပတ္တံ ဓာရေသုံ၊ တသ္မိံ ဘန္တေ ၀တ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ်ိပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် အဓိဋ္ဌာန်တင် ၀ိကပ္ပနာပြုသော သပိတ်မှ အပို့အလျှံ ဖြစ်သော အဓိဋ္ဌာန် မတင် ၀ိကပ္ပနာမပြုသော သပိတ်ကို ဆောင်ယူကြပါကုန်ပြီ၊ ထို့သို့ ဆဗ္ဗဂ္ဂိရဟန်းတို့၏ အဓိဋ္ဌာန်မတင် ၀ိကပ္ပနာမပြုသော သပိတ်ကို ဆောင်ယူသုံးစွဲခြင်း တည်းဟူသော အကြောင်းဝတ္ထု၊ လွန်ကျူးမှုကြောင့် ထို နိဿဂ်ိပါစိတ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၁-ပတ္တ သိက္ခာပုဒ် ပြီး၏။

၃-ပတ္တ၀ဂ်၊ ၂-ဥိနပဥ္စဗန္ဓန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဥိနပဥ္စဗန္ဓနေန ပတ္တေန အညံ နဝံ ပတ္တံ စေတာပေန္တသ္သ နိဿဂ်ိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

၀ိဿဇ္ဇနာ။ ။သက္ကေသု ဘန္တေ ပညတ္တံ။

အမေး။ ။ငါးဌာနခ္ဍ ငါးချက်ဖွဲ့တွယ်၍ ထားလောက်အောင် ကဲ့ခြင်း အက်ခြင်း နာခြင်း မရှိသေးဘဲ ကောင်းသော သပိတ်ရှိသည် ဖြစ်ပါလျက်၊ အခြားတပါးသော သပိတ်အသစ်ကို တောင်းခံသော ရဟန်းအား အကြင် နိဿဂ်ိပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်ထားတော် မူခဲ့ပေ၏၊ ထို နိဿဂ်ိပါစိတ် အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သက္ကတိုင်း ကပိလ၀တ်ပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝဇ္ဇသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဆဗ္ဘဂ္ဂိယေ ဘန္တေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဘဂ္ဂိယာ ဘန္တေ ဘိက္ခူ။ အပ္ပမတ္တကေနပိ ဘိန္နေန အပ္ပမတ္တကေနပိ ခဏ္ဍေန ဝိလိခိတမတ္တေနပိ ဗဟူ ပတ္တေ ဝိညာပေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ္ဂိယပါစိတ် အာပတ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် တယောက်သော သဒ္ဓါတရားကောင်းလှသော အိုးထိန်းသည်သားသည် သပိတ်အလိုရှိသော အရှင်မြတ်တို့အား ဘုရားတပည့်တော် သပိတ်လှူပါမည်ဟု ဘိတ်ကြားသောအခါ များစွာသော ရဟန်းတို့သည် အတိုင်းအရှည်ကို မသိကြဘဲ သပိတ်ကို တောင်းကြပါကုန်သည်၊ သပိတ်အငယ်ရှိသော ရဟန်းတို့ကလည်း သပိတ်အကြီးကို တောင်းကြပါသည်၊ သပိတ်အကြီးလက်ရှိဖြစ်သော ရဟန်းတို့ကလည်း သပိတ်အငယ်ကို တောင်းကြပါသည်။

အိုးထိန်းသည်သားသည် များစွာသော ရဟန်းတို့၏ များစွာသော သပိတ်တို့ကို ပြုလုပ်ရသဖြင့် အခြား ရောင်းချဘို့ရန် အိုးထည် မြေထည် ပစ္စည်းများ မပြုမလုပ်ရသဖြင့် စားဘို့ ဝတ်ဘို့ မမျှ မတ ဖြစ်ခဲ့ပါသည်၊ ထို အကြောင်းဝတ္ထုဖြင့် မြတ်စွာဘုရားသည်—

နာ ဘိက္ခဝေ ပတ္တော ဝိညာပေတဗ္ဗော၊ ယော ဝိညာပေယျ အာပတ္တိ ဒုက္ကဋဿာတိ။

ချစ်သားတို့.... အဆွေမတော်သော ဒါယကာတို့အထံ သပိတ်ကို မတောင်းမယူစကောင်း၊ အကြင်ရဟန်းသည် တောင်းယူငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ ဟု ပညတ်တော်မူပါသည်။

တဖန် နောက်အခါဝယ် ရဟန်းတပါး၏ သပိတ်ကဲ့သောအခါ ထို ရဟန်းသည် မြတ်စွာဘုရားက သပိတ်တောင်းခြင်းကို တားမြစ်သည်ဟု နှလုံးပိုက်၍ သပိတ် တောင်းဘို့ရန် အလို့လို့ ကုက္ကုစ္စရှိသဖြင့် သပိတ်မတောင်းဘဲ လက်အချည်းနှီး ဆွမ်းခံသွားသောအခါ လူတို့ကဲ့ရဲ့ကြပါသည်၊ ဤအကြောင်း ဝတ္ထုကြောင့် မြတ်စွာဘုရားက သပိတ်ပျောက်သော ရဟန်း သပိတ်ကဲ့သော ရဟန်းသည် အဆွေမတော်သော ဒါယကာတို့ထံ သပိတ်တောင်းခံနိုင်သည်ဟု တဖန် ခွင့်ပြုတော်မူပြန်ပါသည်။

ထို့ဖို့ မြတ်စွာဘုရားက သပိတ်ခံယူရန် တဖန် ခွင့်ပြုပြန်သောအခါ ဆဗ္ဘဂ္ဂိ ရဟန်းတို့သည် မပြောမပလောက်သော အနည်းငယ်မျှ သပိတ်ကဲ့ခြင်းဖြင့်ရင်း

မဇ္ဈပြာစလောက် အနည်းငယ်မျှ သပိတ်ပဲ့ခြင်းဖြင့်ငင်း မပြောစလောက် အနည်းငယ်မျှ သပိတ်ဝယ် အရေးအခြစ် ဖြင့်ငင်း အတိုင်းအရှည်ကို မသိကြဘဲ မျှားစ့ဳာသော သပိတ်တို့ကို တောင်းကြပါကုန်ပြီ။

ထိုသို့ ဆဗ္ဗဂ္ဂိရဟန်းတို့ မပြောပလောက်သော အကဲ့၊ မပြောပလောက်သော အပဲ့၊ မပြောပလောက်သော အရေးအခြစ်ကို အကြောင်းတခုပြုကာ မျှားစ့ဳာသော သပိတ်တို့ကို တောင်းယူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် သဗ္ဗညူမြတ်စ့ဳာဘုရားသည် ထို နိဿဂ္ဂိယပါစိတ် အာပတ်ကို ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၂-ဥနပဉ္စဗန္ဓန သိက္ခာပုဒ် ပြီး၏။

၃-ပတ္တဝဂ်၊ ၃-ဘေသဇ္ဇ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘေသဇ္ဇာနိ အာဝုသော ပဋိဂ္ဂဟေတ္ဝာ သတ္တာဟံ အတိက္ကာ-မေန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။ထောပတ် ဆီဥ ဆီ ပျားရည် တင်လဲ တည်းဟူသော ဤသတ္တာဟ ကာလိက ဆေးမျိုးတို့ကို အကပ်ခံပြီးလျှင် ခုနစ်ရက်ထက်အလွန် သိုမှီးသိမ်းဆည်း၍ ထားသော ရဟန်းအား အကြင် နိဿဂ္ဂိ ပါစိတ်အာပတ်ကို ပညတ်ထားတော်မူခဲ့ပေ၏၊ ထို နိဿဂ္ဂိပါစိတ် အာပတ်ကို မြတ်စ့ဳာဘုရားသည် ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သမ္ဗဟုလေ ဘန္တေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဘေသဇ္ဇာနိ ပဋိဂ္ဂဟေတ္ဝာ သတ္တာဟံ အတိက္ကာ-မေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ္ဂိပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်ပိလိန္ဒဝစ္ဆ မထေရ်၏ တပည့်ပရိသတ်ဖြစ်သော မျှားစ့ဳာသော ဗာဟုလ္လိက ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ တပည့်ဖြစ်သော ပစ္စည်းလေးပါး များဘို့ရန် လေ့လာ အားထုတ်လေ့ရှိကြသည့် များစွာသော ရဟန်းတို့သည် အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ ဗိမ္မိသာရမင်း နန်းတော်ကို ရှေပြာသာဒ်ဖြစ်အောင် ဖန်ဆင်းသော ဝတ္ထုဝယ် များစွာသော လူတို့ ကြည်ညိုသဖြင့် အရှင်ပိလိန္ဒဝစ္ဆမထေရ်အား များစွာသော ဆေးပစ္စည်းတို့ကို လှူဒါန်းကြပါသည်။

အရှင်ပိလိန္ဒဝစ္ဆမထေရ်သူမြတ်ကား အလိုနည်းသော အပိစ္ဆပုဂ္ဂိုလ်ပီပီ ရတိုင်းရတိုင်းသော ဆေးပစ္စည်းတို့ကို မိမိ၏ တပည့်ပရိသတ်အား စွန့်လှူလေ့ရှိပါသည်၊ အရှင်ပိလိန္ဒဝစ္ဆ၏ ပရိသတ် ရဟန်းတို့ကား ပစ္စည်းလေးပါး များဘို့ရန် အားထုတ်သော ဗာဟုလ္လိက သမားများပီပီ ထို ဆေးပစ္စည်းတို့ကို ရေစစ်တို့ဥဒ္ဒင်း သပိတ်တို့ဥဒ္ဒင်း ထည့်၍ နံရံ ဆင်စွယ်ကောက် စသည်တို့ဥ ချိပ်ဆဲ့၍ သိုမှီး သိမ်းဆည်း၍ ထားကြပါကုန်သည်။

ဤသို့လျှင် အရှင်ပိလိန္ဒဝစ္ဆ၏ မထေရ်မြတ် တပည့်ပရိသတ်ဖြစ်သော များစွာသော ဗာဟုလ္လိက ရဟန်းတို့၏ ဆေးပစ္စည်းတို့ကို ခံယူပြီးလျှင် ခုနစ်ရက်သော ကာလကို လွန်စေမူ တည်းဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ်ပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ဒုဘေသဇ္ဇ သိက္ခာပုဒ် ပြီး၏။

၃-ပတ္တဝဂ်၊ ၄-ဝဿိကသာဋိက သိက္ခာပုဒ်

ပုစ္ဆာ။ ။အတိရေကမာသေ သေသေ ဂိမ္ဟာနေ အာဝုသော ဝဿိကသာဋိကစီဝရံ ပရိယေသန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ပညတ္တံ။

အမေး။ ။နွေဥတု လေးလတို့တွင် နောက်ဆုံးလသို့ မရောက်သေးမီ စောစော ပင် ကြိုတင်၍ ဝဿိကသာဋိက ဟု ခေါ်သော မိုးဝင်းရေခံ သင်္ကန်း မိုးဝင်းရှာသောအခါကာလ၌ ရေသနုပ်အဖြစ်ဖြင့် ဝတ်၍ ရေချိုးသုံးဆောင်ရသော သင်္ကန်းကို ရှာမှီးသော ရဟန်းအား အကြင် နိဿဂ်ပါစိတ်အာပတ်ကို ပညတ်ထားတော် မူခဲ့ပေ၏၊ ထို နိဿဂ်ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ မြတ်စွာဘုရား ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဆဗ္ဗဂ္ဂိယေ ဘန္တေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ အတိရေကမာသေ သေသေ ဂိမ္ဟာနေ ဝဿိကသာဋိကစီဝရံ ပရိယေသိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ်ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် ဝိသာခါ ဆုရွက်ပါးကို တောင်းသောဝတ္ထု၌ သဗ္ဗညူမြတ်စွာဘုရားက မိုဃ်းရေခံ သင်္ကန်းကို ခွင့်ပြုသောအခါ မိုဃ်းရေခံသင်္ကန်းကို နေ့ဥတုလေးလရှိသည့်အနက် နောက်ဆုံး တလမတိုင်ခင် စောစောစီးစီး ကြိုတင်၍ မိုဃ်းရေခံသင်္ကန်းကို ရှာမှီးကြပါကုန်သည်၊ နေ့ဥတု၏ နောက်ဆုံး တဆဲ့ငါးရက် မရောက်ခင် စောစောစီးစီး ကြိုတင်၍ မိုဃ်းရေခံသင်္ကန်းကို ဝတ်ရုံကြပါကုန်ပြီ။

ထိုသို့ စောစောစီးစီး မိုဃ်းရေခံသင်္ကန်းကို ချုပ်ခြင်း စောစောစီးစီး မိုဃ်းရေခံသင်္ကန်းကို ဝတ်ရုံခြင်းကြောင့် မိုဃ်းတွင်းကာလဝယ် မိုဃ်းရေခံသင်္ကန်းတို့ ပျက်စီး ယိုယွင်းသဖြင့် အဝတ်မစည်း အချည်းနှီး ရေချိုးမှု ပြုကြပါသည်။

ဤသို့ ဆဗ္ဗဂ္ဂိရဟန်းတို့၏ နေ့ဥတုအဆုံး တလမတိုင်မီ စောစောစီးစီးကြိုတင်၍ မိုဃ်းရေခံသင်္ကန်းကို ရှာမှီးခြင်း အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ္ဂိ ပါစိတ်အာပတ်ကို သဗ္ဗညူမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၄-ဝဿိကသာဋိက သိက္ခာပုဒ် ပြီး၏။

၃-ပတ္ထဝဂ်၊ ၅-စီဝရအစ္ဆိန္နန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုဿ အာဝုသော သာမံ စီဝရံ ဒတ္ဝာ ကုပိတေန အနတ္တမနေန အစ္ဆိန္ဒန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။ရဟန်းတပါးအား သင်္ကန်းကို ပေးပြီးနောက် ထို ရဟန်းနှင့် အဆင်မပြေ မသင့်တင့် မသင့်မြတ်၍ စိတ်ဆိုး၍ နှလုံးမသာယာ၍ မိမိပေးပြီးသော သင်္ကန်းကို ထို ရဟန်းထံမှ အတင်းလုယူသော ရဟန်းအား အကြင် နိဿဂ္ဂိ ပါစိတ်

အာပတ်ကို မြတ်စွာဘုရား ပညတ်ထားတော် မူခဲ့ပေ၏၊ ထို နိဿဂ္ဂိ ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘဒ္ဒေ ဥပနန္ဒံ သက္ယပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဒ္ဒေ ဥပနန္ဒော သက္ယပုတ္တော ဘိက္ခုဃ သာမံ စီဝရံ ဒတ္ဝာ ကုပိတော အနတ္တမနော အစ္ဆိန္ဒိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လှန်ကျူးမှုကြောင့် ထို နိဿဂ္ဂိ ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာကီဝင်မင်းမျိုးဖြစ်သော အရှင်ဥပနန္ဒ မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာကီဝင်မင်းမျိုး ဖြစ်သော အရှင်ဥပနန္ဒမထေရ်သည် ရဟန်းတပါးကို.... "ငါ့ရှင် ဇနပုဒ်သို့ ဒေသစာရီ လှည့်လည်ဘို့ရန် ငါနှင့်အတူ လိုက်ခဲ့ပါ" ဟု ပြောသောအခါ၊ ထိုရဟန်းက "တပည့်တော်မှာ သင်္ကန်း ခေါင်းပါးသဖြင့် မလိုက်ပါနိုင်ကြောင်း" ပြန်၍ လျှောက်ထားသောအခါ "သို့တပြိုးကား ငါက-သင်္ကန်း ပေးပါမည်၊ ငါနှင့်အတူ ဒေသစာရီ လှည့်လည်ဘို့ လိုက်ခဲ့ပါ" ဟု ပြောဆို၍ ထို ရဟန်းအား သင်္ကန်းပေးပါသည်။

ထို ရဟန်းသည် နောက်ကာလမကြာမီ မြတ်စွာဘုရား ဒေသစာရီ လှည့်လည်၍ ကြွတော်မူမည့်အကြောင်း ကြားသိသောအခါ "ငါသည် အရှင်ဥပနန္ဒနောက်သို့ မလိုက်ဘဲ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူရာ နောက်သို့ လိုက်မည်" ဟု အောက်မေ့ ဆင်ခြင်ပါသည်။

အချိန်ကျ၍ အရှင်ဥပနန္ဒမထေရ်က ငါ့ရှင် လာလော့ ငါနှင့်အတူတကွ ဒေသစာရီ လှည့်လည်ကုန်အံ့ဟု ခေါ်ဝေါ်ပြောဆိုသောအခါ တပည့်တော်သည် အရှင်ဘုရားနှင့်အတူတကွ ဒေသစာရီ လှည့်လည်ရာသို့ မလိုက်လိုပါ၊ မြတ်စွာဘုရား နောက်တော်ကသာလျှင် လိုက်လိုပါသည်ဟု ပြန်ကြား လျှောက်ထားသောအခါ....

ငါသည် သင့်အား ငါ့နောက်သို့ လိုက်ဘို့ရန်အတွက် သင်္ကန်းပေးခြင်း ဖြစ်သည် သင်ကား ငါ့နောက်သို့ မလိုက်ပါတကားဟု ပြောဆိုပြီးလျှင် ပြင်းစွာ အမျက်ထွက်သဖြင့် ထို ရဟန်းအား ကိုယ်တိုင်ပေးပြီးသော သင်္ကန်းကို လုယူခဲ့ပါသည်။

ထိုသို့ ရဟန်းအား ကိုယ်တိုင် သင်္ဃန်းကို ပေးပြီးလျှင် နောက်ထပ်တဖန် အချင်ဥပနန္ဒ၏ လုယူမှု တည်းဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် သင့်ညှူမြတ်စွာဘုရားသည် ထို နိဿဂ်ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသည် အချင်ဘုရား။

၅-စီဝရအစ္ဆိန္နန သိက္ခာပုဒ် ပြီး၏။

၃-ပတ္ထဝဂ်၊ ၆-သုတ္တဝိညတ္တိ သိက္ခာပုဒ်

ပုစ္ဆာ။ ။သာမံ အာဝုသော် သုတ္တံ ဝိညာပေတ္ဝာ တန္တဝါယေဟိ စီဝရံ ဝါယာပေန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ပညတ္တံ။

အမေး။ ။သင်္ဃန်းလျာ အဝတ်ပုဆိုး ရက်ရန်အတွက် ချည်ထုပ် ချည်ခင် ချည်ထွေးများကို တောင်းယူပြီးလျှင် ထိုချည်ထုပ် ချည်ခင် ချည်ထွေးတို့ကို ရက်ကန်းသည်များ ထံသို့ အပ်နှင်း၍ သင်္ဃန်းလျာကို ကိုယ်တိုင်ရက်စေသော ရဟန်းအား အကြင်နိဿဂ်ိပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်ထားတော်မူခဲ့ပေ၏၊ ထို နိဿဂ်ိပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာနဌ် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိဟ်ပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသို့ ဝတ္ထုသို့ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဆဗ္ဗဂ်ိယေ ဘန္တေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ်ိယာ ဘန္တေ ဘိက္ခူ သာမံ သုတ္တံ ဝိညာပေတ္ဝာ တန္တဝါယေဟိ စီဝရံ ဝါယာပေသုံ၊ တသို့ ဘန္တေ ဝတ္ထုသို့ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ်ိ ပါစိတ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆဗ္ဗဂ်ိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ မြတ်စွာဘုရားသည် ရာဇဂြိဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ဆဗ္ဗဂ်ိ ရဟန်းတို့သည် သင်္ဃန်းချုပ်လုပ်ရန် အခါတန်သောအခါ ချည်ကို တောင်း၍ သင်္ဃန်းကို ပြုလုပ်ကြပါသည်၊ သင်္ဃန်းပြုလုပ်၍ ပြီးသောအခါ များစွာသော ချည်တို့သည် ပို၍ နေပါသည်။

ထိုအခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ငါ့ရှင်တို့ တဖန် ချည်ကို တောင်းပြန်၍ သင်္ကန်းကို ရက်စေကုန်အံ့ဟု အချင်းချင်းတိုင်ပင်ပြီးလျှင် များစွာသော ချည်တို့ကို ဒါယကာတို့ထံမှ တောင်း၍ သင်္ကန်းရက်သော သင်္ကန်းသည်တို့ကို ရက်စေပါကုန်သည် ရက်ပြီးလျှင် တဖန် များစွာသော ချည်တို့ ကြွင်းကျန်၍ နေပြန်ပါသည်၊ နောက်တကြိမ်လည်း တဖန်ထပ်၍ များစွာသော ချည်တို့ကို တောင်းပြီးလျှင် ရက်ကန်းသည်တို့ကို သင်္ကန်းရက်စေပြန်ပါသည်။

ဤနည်းဖြင့် သုံးကြိမ်တိုင်တိုင် ဒါယကာတို့ထံ ချည်ကို အဖန်ဖန်တောင်း၍ ရက်ကန်းသည်တို့ကို အဖန်ဖန် သင်္ကန်းရက်စေသော အကြောင်းဝတ္ထုကို လွန်ကျူးခဲ့ကြပါသည်။

ဤသို့ ဆဗ္ဗဂ္ဂိရဟန်းတို့၏ ကိုယ်တိုင် ချည်မျှင် ချည်ခင် ချည်ထုပ် ကို တောင်းရမ်း၍ ရက်ကန်းသည်တို့ကို သင်္ကန်းရက်စေသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ္ဂိယပါစိတ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူခဲ့ပါသည် အရှင်ဘုရား။

၆–သုတ္တဝိဘင်္ဂတို့ သိက္ခာပုဒ် ပြီး၏။

၃-ပတ္တဝဂ်၊ ၇-မဟာပေသကာရ သိက္ခာပုဒ်

ပုစ္ဆာ။ ။ပုံပြော အပ္ပဝါရိတာသ အာဝုသော အညာတကာသ ဂဟပတိကာသ တန္တဝါယေ ဥပသင်္ကမိတ္ဝာ စီဝရေ ဝိကပ္ပံ အာပဇ္ဇန္တာသ နိဿဂ္ဂိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိ ယံ ဘဂ္ဂေ ပညတ္တံ။

အမေး။ ။သင်္ကန်းလှူလိုသည် ဖြစ်၍ ရက်ကန်းသည်များထံ အပ်နှင်းလျက် သင်္ကန်းရက်စေသော ဒါယကာက "အရှင်ဘုရား....အရှင်ဘုရား အလိုရှိသော သင်္ကန်းများရက်ရန် ညွှန်ကြားတော်မူပါ" စသည်ဖြင့် လျှောက်ထားခြင်း ဘိတ်မန်ခြင်း မရှိပါဘဲလျက် ဒါယကာ၏ ရက်ကန်းသည်များထံသို့ ကပ်ပြီးလျှင် ဤသို့သော အလှူးရှည်ရှည် ရက်ပါလော့၊ ဤသို့ အနုံကြီးကြီး ရက်ပါလော့၊ ထူထူထဲထဲ ရက်ပါလော့၊ စသည်ဖြင့် သင်္ကန်း၌ စီမံခန့်ခဲ့သော ရဟန်းအား အကြင် နိဿဂ္ဂိယပါစိတ် အာပတ်ကို များစွာဘုရား ပညတ်ထားတော် မူခဲ့ပေ၏၊ ထို နိဿဂ္ဂိယပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာယသ္မန္တံ ဘဒ္ဒေ ဥပနန္ဒံ သက္ယပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဒ္ဒေ ဥပနန္ဒော သက္ယပုတ္တော ပုဗ္ဗေ အပဂါရိတော အညာတကဿ ဂဟပတိကဿ တန္တဝါယေ ဥပသင်္ကမိတ္ဝာ စီဝရေ ဝိကပ္ပံ အာပဇ္ဇိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ်ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာကီဝင်မင်းမျိုးဖြစ်သော အရှင်ဥပနန္ဒမထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာကီဝင်မင်းမျိုးဖြစ်သော အရှင်ဥပနန္ဒမထေရ်သည် ရှေးအခါက အရှင်ဘုရား အလိုရှိသော သင်္ကန်း၏ အလျား အနံ အထူ အပါး စသည်ကို မိန့်ကြားတော်မူပါဟု ဘိတ်ကြားခြင်း အလျဉ်းမရှိပါဘဲလျက် အဆွေမတော်သော ဒါယကာ၏ ရက်ကန်းသည်တို့ထံ ကပ်ရောက်ပြီးလျှင် သင်္ကန်းပေါ်ဝယ် ကျိသို့ အလျားရှည်သော သင်္ကန်းကို ရက်ပါ၊ ကျိသို့ အနံပြန့်သော သင်္ကန်းကိုရက်ပါ၊ ကျိသို့ ထူထဲသော သင်္ကန်းကို ရက်ပါ စသည်ဖြင့် လွန်လွန်ကျူးကျူး ထူးထူးခြွန်ခြွန် စီမံခြင်းကို ပြုပါသည်။

ထိုသို့ အရှင်ဥပနန္ဒမထေရ်၏ ရှေးကဘိတ်ကြားခြင်း အလျဉ်းမရှိပါဘဲ အဆွေမတော်သော ဒါယကာ၏ ရက်ကန်းသည်တို့ထံကပ်၍ လွန်လွန်ကျူးကျူး ထူးထူးခြွန်ခြွန် စီမံသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ်ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၃-မဟာပေသကာရ သိက္ခာပုဒ် ပြီး၏။

၃-ပတ္ထဝဂ်၊ ဂ-အစ္ဆေကစီဝရ သိက္ခာပုဒ်

ပုစ္ဆာ။ ။အစ္ဆေက စီဝရံ အာဝုသော ပဋိဂ္ဂဟေတ္ဝာ စီဝရကာလသမယံ အတိက္ကာမေန္တသ္မာ နိဿဂ်ိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ပညတ္တံ။

အမေး။ ။မကျန်းမာခြင်း စသော အကြောင်းထူးမျှားကြောင့် အရေးတကြီး အဆောတလျင် လှူသော သင်္ကန်းကို ခံယူပြီးလျှင် သင်္ကန်းကာလကို ကျော်လွန်စေသော ရဟန်းအား အကြင် နိဿဂ်ပါစိတ်အာပတ်ကို မြတ်စွာဘုရား

ပညတ်တော် မူခဲ့ပေ၏၊ ထို နီဿဂ်ိပါစိတ် အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာနဌ် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသွိံ ဝတ္ထုသွိံ ပညတ္တံ။
ဝိဿဇ္ဇနာ။ ။သမ္ဗဟုလေ ဘဒ္ဒန္တေ ဘဂ္ဂဝါ အာရဗ္ဘ ပညတ္တာ၊ သမ္ဗဟုလာ ဘဒ္ဒန္တေ ဘဂ္ဂဝါ အစ္စေကစီဝရံ ပဋိဂ္ဂဟေတ္ဝာ စီဝရကာလသမယံ အတိက္ကာမေသုံ၊ တသွိံ ဘဒ္ဒန္တေ ဝတ္ထုသွိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ထို နိဿဂ်ိ ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ရဟန်းတို့သည် အဆောတလျင် အရေးတကြီး လှူအပ်သော အစ္စေက သင်္ကန်းကို ခံယူကြပြီးလျှင် သင်္ကန်းကာလကို လွန်စေကြပါကုန်သည်၊ ထို့သို့ များစွာသော ရဟန်းတို့၏ အဆောတလျင် အရေးတကြီး လှူအပ်သော သင်္ကန်းကို ခံယူပြီးလျှင် သင်္ကန်းကာလကို လွန်စေခြင်း တည်းဟူသော အကြောင်း ဝတ္ထု လွန်ကျူးမှုကြောင့် သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၈-အစ္စေကစီဝရ သိက္ခာပုဒ် ပြီး၏။

၃-ပတ္တဝဂ်၊ ၉-သာသင်္ကသိက္ခာပုဒ်

ပုစ္ဆာ။ ။တိဏ္ဏံ အာဝုသော စီဝရာနံ အညတရံ စီဝရံ အန္တရဃရေ နိက္ခိပိတ္ဝာ အတိရေကဆာရတ္တံ ဝိပ္ပဝသန္တဿ နိဿဂ်ိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။
ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒန္တေ ပညတ္တံ။

အမေး။ ။ဘေးရန် အန္တရာယ်ရှိ၍ စိတ်မချရသော တောကျောင်း၌ သီတင်းသုံးနေသော ရဟန်းသည် သင်္ကန်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို လုံခြုံအောင် ရွာတွင်း၌ ထားကြရန် မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏၊ ထို ခွင့်ပြုချက်အရ ထို သုံးထည်သော သင်္ကန်းတို့တွင် တထည်ထည်သော သင်္ကန်းကို ရွာတွင်း၌ ထားပြီးလျှင် ခြောက်ညဉ့်ထက်အလွန် အရပ်တပါးသို့ သွားလျက် ကင်းကွာနေသော ရဟန်းအား အကြင် နိဿဂ်ိ ပါစိတ်အာပတ်ကို ပညတ်

တော်မူခဲ့ပေ၏။ ထို နိဿဂ်ို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ် တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဇ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သမ္မဟုလေ ဘန္တေ ဘိက္ခူ။ အာရဇ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘန္တေ ဘိက္ခူ။ တိဏ္ဏံ စီဝရာနံ အညတရံ စီဝရံ အန္တရဃရေ နိက္ခိပိတ္ဝာ အတိရေကဆာရတ္တံ ဝိပ္ပဝသိ ံသု၊ တသ္မိ ံ ဘန္တေ ဝတ္ထုသ္မိ ံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှု ကြောင့် ထို နိဿဂ်ို ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။များစွာသော တောကျောင်းနေ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ရဟန်းတို့သည် သင်္ကန်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို လုံခြုံရာမြို့တွင်း ရှာတွင်း၌ ထားပြီးလျှင် ခြောက်ည၌အလွန် ထို သင်္ကန်း နှင့် ကင်းလျက် နေကြပါသည်။

ထို့သို့ သင်္ကန်း၏ ခြောက်ည၌ထက်အလွန် သင်္ကန်းရှင် ရဟန်းနှင့် ကင်းလျက် နေသဖြင့် တခ္ခုိသင်္ကန်း ပျောက်ရှ တခ္ခုိသင်္ကန်း ပျက်စီး တခ္ခုိသင်္ကန်း မီးလောင် တခ္ခုိသင်္ကန်း ကြွက် ခြ စသည်တို့ ခဲကြပါသည်။

ဤသို့လျှင် များစွာသော ရဟန်းတို့၏ သင်္ကန်း သုံးထည်တို့တွင် တထည် ထည်သော သင်္ကန်းကို မြို့တွင်း ရှာတွင်း၌ထားပြီးလျှင် ခြောက်ည၌ထက်အလွန် ည၌ကင်းခြင်း တည်းဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို နိဿဂ်ို ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၉-သာသင် သိက္ခာပုဒ် ပြီး၏။

၃၀-ပရိဏာတ သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ ဘေန အာဝုသော ဘဂဝတာ ပဿတာ အရဟတာ သမ္မာ-သမ္ဗုဒ္ဓေန ဇာနံ သံယိကံ လာဘံ အတ္တနော ပရိဏာမေန္တသ္သ နိဿဂ်ိယံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော တရားအလုံးစုံကို မှန်ကန်စွာ ကိုယ်တော်တိုင် သိမြင်တော်မူသော ထို မြတ်စွာဘုရား

သည် သံဃာတော်သို့ လှူဒါန်းရန် ရည်ရွယ်ပြီးသော သင်္ကန်း လာဘ်လာဘကို သိပါလျက် မိမိသို့ လှူဒါန်းအောင် တိုက်တွန်းဟောပြော၍ ညှတ်စေသော ရဟန်း အား အကြောင် နိဿဂ်ပါစိတ်အာပတ်ကို ပညတ်ထားတော် မူခဲ့ပေ၏။ ထို နိဿဂ် ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာနဌ် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဆဗ္ဗဂ္ဂိယေ ဘန္တေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ဇာနံ သံဃိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာ-မေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လှုန်ကျူးမှု ကြောင့် ထို နိဿဂ်ပါစိတ် အာပတ်ကို ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည် အနည်းငယ်မျှ သိသာရုံ လျှောက်ထားလိုပါသည်—

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူသောအခါ တခုသော အမျိုးကောင်းသား အသင်းအဖွဲ့သည် သံဃာတော်အား ဆွမ်းနှင့်တကွသော သင်္ကန်းကို လှူဒါန်းရန် စီမံ၍ ထားပါသည်။

ထို အကြောင်းကို သိကြသော ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဆွမ်းမကြွေးမီ သင်္ကန်း မလှူမီ ရှေးဦးစွာ သွားရောက်ပြီးလျှင် ထိုအသင်းဝင် အဖွဲ့ဝင် ဒါယကာတို့အား ဤ သင်္ကန်းများကို ငါတို့အား လှူဒါန်းကြပါကုန် ဟု ပြောဆိုကြပါကုန်သည်။

ထိုအခါ အသင်းအဖွဲ့ဝင် ဒါယကာတို့က တပည့်တော်တို့သည် နှစ်စဉ်နှစ်တိုင်း သံဃာတော်အား သင်္ကန်းနှင့်တကွ ဆွမ်းလှူနေကျ နိဗန္ဓဝတ်တည်၍ထားခြင်း ဖြစ်ပါသည်၊ အရှင်ဘုရားတို့အား မလှူဒါန်းနိုင်ပါဘုရားဟု လျှောက်ထားသော အခါ၊ “ဒါယကာတို့ ငါတို့သည် သင်တို့ကိုမှီ၍ နေရပါသည်၊ ငါတို့သည် သင်တို့ကို အမြဲတစေ ကြည့်၍ နေရပါသည်၊ သံဃာတော်တို့ အတွက်မှာမူ လှူမည့်သူ ဒါန်းမည့်သူ များလှပါသည်၊ သင်တို့ကမှ ငါတို့အား မလှူပါမူ အဘယ်သူသည် ငါတို့အား လှူပါမည်နည်း” ဟူ၍ ပြောဆိုကြပါသည်။

ဤသို့ ဆဗ္ဗဂ္ဂိရဟန်းတို့က မလှူဘဲ မနေနိုင်အောင် အတင်းအကြပ် ပြောဆို သဖြင့် ထို အသင်းအဖွဲ့ဝင် ဒါယကာတို့သည် သံဃာအား လှူဘို့ရန် ရည်သန်စီမံ၍ ထားပြီးသော သင်္ကန်းများကို ဆဗ္ဗဂ္ဂိရဟန်းတို့အား လှူဒါန်းလိုက်ရပါသည်။

· ဤအကြောင်းကို မသိကြသော သံဃာ စာရင်းဝင် ရဟန်းတော်တို့ ဆုမ်းကြေးပြီးသောအခါ ဒါယကာတို့ မူလစီမံရင်းအတိုင်း သံဃာတော်အား သင်္ကန်း လှူကြကုန်ဟု ပြောဆိုသောအခါ—

အရှင်ဘုရားတို့ ဆဗ္ဗဂ္ဂိရဟန်းတို့ မလှူလျှင် မနေနိုင်အောင် အတင်းအကြပ် ပြောဆိုအပ်သဖြင့် သင်္ကန်းကိုကား ဆဗ္ဗဂ္ဂိရဟန်းတို့အား လှူပြီးဖြစ်ကြောင်း ပြန်ပြောင်း လျှောက်ထားကြပါကုန်သည်။

ထိုအခါ များစွာသော ရဟန်းတို့က အဘယ့်ကြောင့် ဆဗ္ဗဂ္ဂိရဟန်းတို့သည် သံဃာအား ညှတ်ပြီးသော သင်္ကန်းတည်းဟူသော လာဘ်လာဘကို မိမိတို့သို့ ညှတ်စေကြသနည်း ဟု ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြပါသည်။

ဤသို့လျှင် ဆဗ္ဗဂ္ဂိရဟန်းတို့၏ သံဃာအား လှူဘို့ရန် ရည်သန် ညှတ်ပြီးသည်ကို သိပါလျက် သင်္ကန်းဝတ္ထုကို မိမိတို့အား ညှတ်စေခြင်း တည်းဟူသော အကြောင်းဝတ္ထု လွန်ကျူးမှုကြောင့် ထို ပရိဏာတ နိဿဂ္ဂိ ပါစိတ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဇာနံ အာဝုသော သံဃိကံ လာဘံ ပရိဏာတံ အတ္တာနော ပရိဏာ-
မေန္တော၊ ကတိ အာပတ္တိယော အာပဇ္ဇတိ။

ဝိဿဇ္ဇနာ။ ။ဇာနံ ဘန္တေ သံဃိကံ လာဘံ ပရိဏာတံ အတ္တာနော ပရိဏာ-
မေန္တော ဒ္ဝေ အာပတ္တိယော အာပဇ္ဇတိ၊ ပရိဏာမေတိ ပယောဂေ
ဒုက္ကဋံ၊ ပရိဏာမိတေ နိဿဂ္ဂိယံ ပါစိတ္တိယံ၊ ဇာနံ ဘန္တေ သံဃိကံ
လာဘံ ပရိဏာတံ အတ္တာနော ပရိဏာမေန္တော ဣမာ ဒ္ဝေ
အာပတ္တိယော အာပဇ္ဇတိ။

အမေး။ ။သံဃာသို့ လှူဒါန်းရန် ညှတ်လေပြီးသော လာဘ်လာဘကို သံဃာသို့ ညှတ်ပြီးမှန်း သိပါလျက် မိမိသို့ လှူဒါန်းရန် ဟောပြော၍ ညှတ်စေသော ရဟန်းသည် အဘယ်မျှသော အာပတ်များသို့ သင့်ရောက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သံဃာသို့ လှူဒါန်းရန် ညှတ်ပြီးသော သင်္ကန်းစသော လာဘ်လာဘကို သိပါလျက် မိမိအား လှူဒါန်းရန် ညှတ်စေသော ရဟန်းသည် နှစ်ပါးသော အာပတ်သို့ ရောက်ပါ သင့်ပါသည်၊ ရောက်ပုံ သင့်ပုံမှာ—

မိမိသို့ ညှတ်စေငြားအံ့ ညှတ်စေဘို့ရန် လုံ့လတည်းဟူသော ရွေအာဘို့ဝယ် သွားခြင်း သင်္ကန်းဝတ်ရုံခြင်း အစရှိသော လုံ့လပယောဂတို့၌ ဒုက္ကဋ်အာပတ် သင့်ပါသည်။

ဒါယကာတို့ထံရောက်၍ ဤသင်္ကန်းမျှားကို ငါတို့အား လှူလေဟု တိုက်တွန်း ပြောဆိုခြင်း မိမိသို့ ညှတ်စေခြင်းကိစ္စ ပြီးပြီးသောအခါ သင်္ကန်း ရရှိပြီးသောအခါ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်ပါသည်။

ဤသို့လျှင် သံဃာအား ရည်မှန်းပြီး စိတ်ညွှတ်ပြီး လာဘ်ဖြစ်မှုန်း သိပါလျက် မိမိသို့ ညွှတ်စေသော ရဟန်းသည် ဒုက္ကဋ်အာပတ် နိဿဂ္ဂိ ပါစိတ်အာပတ် တည်းဟူသော နှစ်ပါးသော အာပတ်တို့သို့ ရောက်နိုင် သင့်နိုင်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ယခုမေးဖြေခဲ့ပြီးသော နိသီဒနသန္ထတ သိက္ခာပုဒ်မှစ၍ ပရိဏာမသိက္ခာပုဒ်တိုင်အောင် အလုံးစုံသော ဤ နိဿဂ္ဂိ ပါစိတ် သိက္ခာပုဒ်အပေါင်းသည် ဘယ်ပုဂ္ဂိုလ်၏ စကား ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ယခုမေးအပ်ပြီး ဖြေအပ်ပြီးသော နိဿဂ္ဂိယ ပါစိတ်သိက္ခာပုဒ် အပေါင်းသည် နတ်လူဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျံငါးပါး ဧပ်သိမ်းသော တရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုရှင်တော်ဘုရား၏ စကားတော် စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘာတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခယ ဘန္တေ အာဘာတံ။

အမေး။ ။ထို သိက္ခာပုဒ် အပေါင်းကို အဘယ်ပုဂ္ဂိုလ်သည် ဆောင်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို သိက္ခာပုဒ် အပေါင်းကို ပဌမ သံဂါယနာတင်ရာကာလ အရှင်မဟာကဿပ အရှင်ဥပါလိ အရှင်အာနန္ဒာ မထေရ်တို့မှစ၍ ယခုအခါ ဆဋ္ဌသံဂါယနာတင်ရာကာလတိုင်အောင် အဆက်ဆက်သော မထေရ် သူမြတ်တို့သည် ဆောင်ယူခဲ့ ပါသည်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ နုခေါ အာဝုသော တတ္ထ ကောစိ ပိ ဝိရဒ္ဓဒေါသော။

ဝိဿဇ္ဇနာ။ ။နတ္ထိ ဘန္တေ။

အမေး။ ။ထို သိက္ခာပုဒ် အပေါင်းတို့၌ တစုံတရာ ချွတ်ယွင်းချက်များ ရှိပါသေးသလော ငါ့ရှင်။

အဖြေ။ ။ထို သိက္ခာပုဒ် အပေါင်းတို့၌ ပဌမ ဒုတိယ တတိယ စတုတ္ထ ပဉ္စမ ဆဋ္ဌတိုင်အောင် အဆက်ဆက်သော သံဂါယနာတင်ရာကာလ သံဂီတိကာရက မထေရ်မြတ်တို့သည် ချွတ်ယွင်းချက် ပျက်စီးချက် လိုအပ်ချက်တို့ကို ပြင်ဆင်

ဆည့်စ့က် ပယ်ဖျက်အပ်ပြီး ဖြစ်ပါသဖြင့် တစုံတရာချတ်ယွင်းချက် အပြစ်ဒေါသ မရှိ ဖြစ်ပါသည် အရှင်ဘုရား။

သံဂါယနတ္ထာယ ဥာပနံ

သုဏာတု မေ ဘန္တေ သင်္ဃော၊ အဟ ဘန္တေ ဣမေသ သောဋ္ဌသန္နံ နိဿဂ်ိယပါစိတ္တိယသိက္ခာပဒါနံ နိဒါနာဒိနိ အနေကာနိ ပုစ္ဆိတဗ္ဗာနိ အာယသ္မန္တံ ဝိစိတ္တာသာရာဘိဝံသံ တိပိဋကဓရ မမ္မဘဏ္ဍာဂါရိကံ ပုစ္ဆိံ၊ သော စ ပုဋ္ဌော ပုဋ္ဌော ဝိဿဇ္ဇေတိ၊ ဣတိဟိဒံ ဘန္တေ သိက္ခာပဒဿဥ္စာတံ နိမ္မလံ သု ပရိသုဒ္ဓံ တဿေ ဝ ဘဂဝတော ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ တသ္မာ ယထာ ပုရေ မဟာကဿပါဒယော မဟာထေရ ဝရာ ပေါရာဏာသံဂီ-တိကာရာ ဗြဟ္မစရိယသခ်ါတဿ ဗုဒ္ဓသာသနဿ စိရဋ္ဌိတိယာ ဗဟုဇန-ဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဓမ္မဝိနယံ သံဂါယိံသု၊ ဧဝမေဝ မယမ္ပိ ဒါနိ ဆဋ္ဌသံဂီတိ မဟာဓမ္မသဘာဝရိယာဝန္နာ ဣမာနိ သိက္ခာပဒါနိ ယထာ-နုပုဗ္ဗတ္ထဋ္ဌာနတော ပဋ္ဌာယ ဧကေတော ဂဏသဇ္ဈာယံ ကတ္ဝာ သံဂါယေယျာမ။

သံဂါယနာတင် ဥာတ်

အရှင်ဘုရားတို့.... သံဃာတော်သည် ဘုရားတပည့်တော် လျှောက်ထားသော စကားကို နားဆင်တော် မူစေလိုပါသည်၊ ဘုရားတပည့်တော်သည် တိပိဋကဓရ မမ္မဘဏ္ဍာဂါရိကဖြစ်တဲ့ အရှင်ဝိစိတ္တာသာရကို နိဿဒနသန္ဆိတသိက္ခာပုဒ်မှစ၍တဆယ့် ခြောက်ခုကုန်သော ဤနိဿဂ်ိယပါစိတ်သိက္ခာပုဒ်တို့၏ နိဒါန်းအစရှိသော မေးမြန်း စရာ အချက်အလက် များစွာကို မေးမြန်းခဲ့ပါပြီ၊ အရှင်ဝိစိတ္တာသာရ သည်လည်း မေးတိုင်းမေးတိုင်း ဖြေကြားခဲ့ပါပြီ၊ သို့ဖြစ်ပါ၍ ဤသိက္ခာပုဒ် အပေါင်းသည် အညစ်အကြေး ကင်းလျက် ကောင်းကောင်းကြီး သန့်ရှင်း စင်ကြယ်နေပါပြီ၊ ပူဇော်အထူးကို ခံတော် မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျဉ် ငါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော ထို မြတ်စွာဘုရားသခင်၏ ဟောကြားတော်မူခဲ့ရင်း ပညတ်တော် မူခဲ့ရင်းစကားတော် အစစ်အမှန်ပင် ဖြစ်ပါသည် အရှင်ဘုရားတို့....။

သို့ဖြစ်ပါ၍ ရှေးအခါကာလ ရှင်မဟာကဿပ အစရှိသော ရှေးရှေးသံဂါယနာ တင် မထေရ်မြတ်တို့သည် ဗြဟ္မစရိယ မြတ်သောအကျင့် ဟု ခေါ်ဆိုအပ်သော ဘုရားအဆုံးအမ သာသနာတော်ကြီး ရှည်မြင့်စွာ တည်တန့်စေရန် အလို့ငှါ များ စွာသော လူအပေါင်းတို့၏ စီးပွါးချမ်းသာ ဖြစ်ထွန်းရန် အလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူ အပေါင်းတို့၏ အကျိုးစီးပွါး ချမ်းသာတွေ

ဖြစ်ပါးစေရန် အလို့ငှါ **ဓမ္မဝိနယ** ဟု ဆိုအပ်သော မြတ်စွာဘုရား၏ အဆုံးအမ တရားဝိနည်းတော်မျှားကို ပဌမစ၍လည်း သံဂါယနာ တင်ခဲ့ကြပါကုန်ပြီ၊ နောက် ထပ်မံ၍ ဒုတိယ တတိယ စတုတ္ထ ပဉ္စမတိုင်အောင် အနုသံဂါယနာလည်း တင်ခဲ့ကြပါကုန်ပြီ။

ထိုနည်းအတူပင် ယခုအခါကာလ ၌ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ ပါဝင်လျက် သံဂီတိကာရက ဖြစ်တော်မူကြသော အားလုံးသော တပည့်တော်တို့သည် ၌ သိက္ခာပုဒ်တို့ကို ယခုရောက်ရာ အစဉ်မှစ၍ တပေါင်းတည်းရွတ်ဆိုကာ ဂဏသဇ္ဈာယ ကို ပြုကြလျက် သံဂါယနာတင်ကြပါစို့....သင်္ဃာတော်ရှည် အရှင်ဘုရားတို့.... ။

၁၀–ပရိဏာမ သိက္ခာပုဒ် ပြီး၏။

ဝိနယပိဋကတ်
ပါရာဇိက ပါဠိတော် အမေးအဖြေ ပြီး၏။

ဝိနယပိဋက

ပါစိတ် ပါဠိတော် အဖေးအဖြေ

၁-မုသာဝါဒဝဂ်၊ ၁-မုသာဝါဒ သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန သမ္ပဇာနမုသာဝါဒေ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ပညတ္တံ၊ ဟတ္ထကံ သက္ကပုတ္တံ အာရဗ္ဘ ပညတ္တံ၊ ဟတ္ထကော ဘဒ္ဒေ သက္ကပုတ္တော တိတ္ထိယေဟိ သဒ္ဓိံ သလ္လပန္တော အဝဇာနိတ္ဝာ ပဋိဇာနာတိ ပဋိဇာနိတ္ဝာ အဝဇာနာတိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အဖေး။ ။သိတေဝ်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ပိုင်းခြားထင်ထင် အကုန်အစင် သိမြင်တော်မူသော ထို မြတ်စွာဘုရားသည် သိလျက် ချွတ်ယွင်းသော စကားကို ဆိုခြင်း တမင်သက်သက် လိမ်လည်၍ ပြောဆိုခြင်းတည်းဟူသော အကြောင်းကြောင့် အကြင်ပါစိတ်အာပတ်ကို ပညတ်တော်မူခဲ့ပေ၏၊ ထို ပါစိတ် အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း ကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ သာဝကီင်မင်းမျိုးဖြစ်သော အရှင်ဟတ္ထက ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်ဟတ္ထကသည် တိတ္ထိတို့နှင့် အတူတက္ခ စကားနှီးနှော ပြောဆိုသောအခါ ဝန်ခံပြီးမှ တဖန် ပယ်မြစ်ပြန်ပါသည်၊ ပယ်မြစ်ပြီးမှ တဖန် ဝန်ခံပြန်ပါသည်၊ ထိုသို့သော လှည့်ကျွေးမှု ထိုသို့သော အကြောင်းဝတ္ထုကြောင့် ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၁-မုသာဝါဒ သိက္ခာပုဒ် ပြီး၏။

၁-မုသာဝါဒဝဂ်၊ ၂-၃-ဩမသဝါဒ, ပေသုည သိက္ခာပုဒ် နှစ်ပါး

ပုစ္ဆာ။ ။ဩမသဝါဒေ ပါစိတ္တိယဉ္စ အာဝုသော ဘိက္ခုပေသုညေ ပါစိတ္တိယဉ္စ ဘဂဝတာ ကတ္ထပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ဘိက္ခူဟိ သဒ္ဓိံ ဘဏ္ဍန္တာ ဩမသိံ သု တသ္မိံ စ ဝတ္ထုသ္မိံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ဘိက္ခူနံ ဘဏ္ဍနဇာတာနံ ကလဟဇာတာနံ ဝိဝါဒါပန္နာနံ ပေသုညံ ဥပသံဟရိံ သု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။နှုတ်လှန်ထိုးခြင်း ဆဲရေးစကားကို ဆိုခြင်းကြောင့်၎င်း၊ ရဟန်းတို့ အချင်းချင်း ကုန်းတိုက်ခြင်းကြောင့်၎င်း၊ အကြင် ပါစိတ်အာပတ်နှစ်မျိုးကို မြတ်စွာဘုရားသည် ပညတ်တော်မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်နှစ်မျိုးကို ဘယ်မြို့ ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ဘယ်သို့သော အမှုအခင်းကိစ္စကြောင့် ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ထို ပါစိတ် အာပတ်နှစ်မျိုးကို ပညတ်တော်မူအပ်ပါသည်။

(၁) ဆဗ္ဗဂ္ဂိရဟန်းတို့သည် ချစ်ခင်အပ်သော သီလရှိသော လဇ္ဇီပေသလ ရဟန်းတို့နှင့် ငြင်းခုံမှု ဖြစ်ပွါးသော အခါ အမျိုးအမည် အနွယ် အစရှိသောဆဲရေးကြောင်း ဝတ္ထုဆယ်ပါး တို့ဖြင့် ဆဲရေးလျက် နှုတ်လှန်ထိုးခဲ့ကြပါကုန်ပြီ။

(၂) ထို ဆဗ္ဗဂ္ဂိရဟန်းတို့သည် ပင်လျှင် ခိုက်ရန်ငြင်းခုံမှု ဖြစ်ပွါးသော ရဟန်းတို့အား ဤ မည်သော ရဟန်းအထံမှ ကြား၍ ထို မည်သော ရဟန်းအထံသို့၎င်း ထို မည်သော ရဟန်းအထံမှ ကြား၍ ဤ မည်သော ရဟန်းအထံသို့၎င်း ကုန်းချောစကား ပြောကြားခဲ့ကြပါကုန်ပြီ။

ထိုသို့သော ဝတ္ထု ထိုသို့သော လှုန်ကျူးမှုကြောင့် ထို နှစ်ပါးသော ပါစိတ် အာပတ်တို့ကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

၂-၃-သြမသဝါဒ, ပေသုည သိက္ခာပုဒ် နှစ်ပါး ပြီး၏။

၁-မုသာဝါဒဝဂ်၊ ၄-ပဒသောဓမ္မ သိက္ခာပုဒ်

ပုစ္ဆာ။ ။အနုပသမ္မန်ံ အာဝုသော ပဒသော ဝါစေန္တသ္သ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ဥပါသကေ ပဒသော ဓမ္မံ ဝါစေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရဟန်းမဟုတ်သူ လူသာမဏေတို့အား ပြုံငြင်တူ ရွတ်ဆိုလျက် တရားတော်တို့ကို သင်ကြား ပို့ချပေးသော ရဟန်းအား အကြင်ပါစိတ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ပါစိတ် အာပတ်ကို ဘယ်မြို့ဒေသ ဘယ် ဌာနဌ် ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း ကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဥပါသကာ ဒါယကာတို့ကို အသံပြိုင်ပြု၍ တရားဓမ္မ ပို့ချခဲ့ပါကုန်ပြီ၊ ထို့သို့ပို့ချသဖြင့် ဒါယကာတို့သည် ရဟန်းတို့အပေါ်၌ ရိုသေခြင်း နည်းပါးခဲ့ကြပါကုန်သည်၊ ထို့သို့သော ဝတ္ထု ထို့သို့သော လွန်ကျူးမှုကြောင့် ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၄-ပဒသောဓမ္မ သိက္ခာပုဒ် ပြီး၏။

၁-မုသာဝါဒဝဂ်၊ ၅-သဟသေယျ သိက္ခာပုဒ်

ပုစ္ဆာ။ ။အနုပသမ္မန္နေန အာဝုသော ဥတ္တရိဒိရတ္တတိရတ္တံ သဟသေယ္ယံ ကပ္ပေန္တသ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံအာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာဠဝိယံ ဘန္တေ ပညတ္တံ၊ သမ္ဗဟုလေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ။ အနုပသမ္မန္နေန သဟသေယ္ယံ ကပ္ပေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရဟန်းမဟုတ်သူ လူသာမဏေနှင့်တကွ အမိုးအကာ တူမျှသော တကျောင်းတည်း တအိမ်တည်း တဇရပ်တည်း တခုတည်းသော အဆောက်အဦ အတွင်း၌ နှစ်ညဉ့် သုံးညဉ့်ထက် အလွန် ညဉ့်ဆက် ရက်ဆက် လျောင်းစက် အိပ်နေသော ရဟန်းအား အကြင်ပါစိတ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ် အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော မှုခင်းကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အာဠဝီပြည် အရပ်၌ များစွာသော ရဟန်းငယ်တို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ရဟန်းငယ်တို့သည် အာဠဝီပြည်အရပ်၌ ညီမူစည်းဝေးရာ ဇရပ်ဝယ် ဒါယကာတို့နှင့် အတူတကွ တရားနာကြပြီးသောအခါ မထေရ်ကြီးတို့သည် မိမိတို့၏ ကျောင်းသို့ ပြန်ကြွကြပါကုန်သည်၊ သီတင်းငယ်တို့သည် ညီမူစည်းဝေးရာ ဓမ္မာရုံဇရပ်၌ပင်လျှင် တရားနာသော ဥပါသကာတို့နှင့် အတူတကွ သတိ

သမ့မဇ္ဈ လုတ်ကင်း၍ မြင်မတော် ကြားမကောင်းအောင် အိပ်စက်ကြပါကုန်သည်၊ ထိုသို့သောငတ္ထု ထိုသို့သော လွန်ကျူးမှုကြောင့် ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေသံ အာဝုသော ဧတ္ထ အနုပသမ္မန္နေန သဟသေယျံ ကပ္ပေန္တာနမ္မ အနာပတ္တိ ဟောတိ။

ဝိဿဇ္ဇနာ။ ။ကောဒဿနံ ဘန္တေ ပဂ္ဂလာနံ အနုပသမ္မန္နေန သဟသေယျံ ကပ္ပေန္တာနံ အနာပတ္တိ၊ ဒ္ဝေတိသော ရတ္တိယော ဝသတိ၊ ဥနကဒ္ဝေတိသော ရတ္တိယော ဝသတိ၊ ဒ္ဝေရတ္တိယော ဝသိတ္ဝာ တတိယာယရတ္တိယာ ပုရာရုဏာ နိက္ခမိတ္ဝာ ပုန ဝသတိ၊ သဗ္ဗန္တိမေန သဗ္ဗအပရိန္တေန၊ သဗ္ဗပရိန္တေန သဗ္ဗအန္တေန၊ ယောဘုယျေန အန္တေန ယောဘုယျေန အပရိန္တေန၊ အနုပသမ္မန္နေ နိပန္နေ ဘိက္ခု နိသီဒတိ၊ ဘိက္ခုနိပန္နေ အနုပသမ္မန္နော နိသီဒတိ၊ ဥဘောပါ နိသီဒန္တိ၊ ဥမ္မတ္တကဿ၊ အာဒိကမ္မိကဿ၊ ဣမေသံခေါ ဘန္တေ ကောဒဿနံ ပဂ္ဂလာနံ အနုပသမ္မန္နေန သဟသေယျံ ကပ္ပေန္တာနံ အနာပတ္တိ။

အမေး။ ။ဤ ဥတ္တရိဒိရတ္တ တိရတ္တ သဟသေယျ သိက္ခာပုဒ် အရာဠ်ရဟန်းမဟုတ်သူ လူသာမဏေတို့နှင့် အတူတက္ခ တမိုးတရံတည်းသော ကျောင်းအိမ် အဆောက်အဦ အတွင်း၌ လျောင်းအိပ်၍ နေငြားသော်လည်း အဘယ်သို့သော ပုဂ္ဂိုလ်တို့အား အာပတ် မသင့်ဘဲ အာပတ်လွတ်ခြင်း ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤ သဟသေယျ သိက္ခာပုဒ်အရ ရဟန်းမဟုတ်သူ လူသာမဏေတို့နှင့် တမိုးတရံတည်းသော ကျောင်းဝယ် လျောင်းရကုန်သော တကျိပ်တပါးသော ရဟန်းတို့အား အာပတ်မသင့်ခြင်း အာပတ်မှ လွတ်မြောက်ခြင်း ဖြစ်နိုင်ပါသည်၊ ၎င်းတကျိပ်တပါးတို့ ဟူသည်မှာ....

(၁) နှစ်ည၌ သုံးည၌သာ အိပ်သော ရဟန်း။

(၂) နှစ်ည၌ သုံးည၌ အောက်အယုတ်သာလျှင် အိပ်သောရဟန်း။

(၃) နှစ်ည၌သာလျှင် လူသာမဏေတို့နှင့် အတူတက္ခ တမိုးတရံတည်းသော ကျောင်း၌ လျောင်းပြီး၍ သုံးခုမြောက်သောည၌ အရုဏ်မတက်မီ အပြင်သို့ထွက်ပြီးမှ တဖန်ပြန်၍ နေသောရဟန်း။

(၄) အလုံးစုံ အမိုးရှိ၍ အလုံးစုံ အကာမရှိသော ကျောင်း၌ လျောင်းသော ရဟန်း။

(၅) အလုံးစုံ အကာသာရှိ၍ အလုံးစုံ အမိုးမရှိသော ကျောင်း၌ လျောင်းသော ရဟန်း။

(၆) များသောအားဖြင့် အမိုးမရှိ၍ များသောအားဖြင့် အကာမရှိသော ကျောင်း၌ လျောင်းသော ရဟန်း။

(၇) လူသာမဏေ လျောင်းနေစဉ် ထိုင်၍နေသော ရဟန်း။

(၈) လူသာမဏေ ထိုင်၍နေစဉ် လျောင်း၍ နေသော ရဟန်း။

(၉) လူသာမဏေရော ရဟန်းပါ နှစ်ဦးလုံး ထိုင်၍နေသော ရဟန်း။

(၁၀) အစအမှု၌ ယှဉ်သောရဟန်း။

(၁၁) ရှုးသွပ်သောရဟန်း။

ဤ တကျိပ်တပါးသော ပုဂ္ဂိုလ်တို့အား ရဟန်းမဟုတ်သူ လူသာမဏေတို့နှင့် တမိုးတရံတည်းသော ကျောင်း၌ လျောင်း၍ နေသော်လည်း အာပတ်မသင့်ခြင်း အာပတ်မှ လွတ်မြောက်ခြင်း ဖြစ်နိုင်ပါသည် အရှင်ဘုရား။

၅-သဟသေယျ သိက္ခာပုဒ် ပြီး၏။

၁-မုသာဝါဒဝဂ်၊ ၆-ဒုတိယ သဟသေယျ သိက္ခာပုဒ်

ပုစ္ဆာ။ ။မာတုဂါမေန အာဝုသော သဟသေယ္ယံ ကပ္ပေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ အာယသ္မန္တံ အနုရုဒ္ဓံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဂ္ဂေ အနုရုဒ္ဓေါ မာတုဂါမေန သဟသေယ္ယံ ကပ္ပေသိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မာတုဂါမ အိပ်လျက်ရှိသော အမိုးအကာတူသော တမိုးတရံတည်းသော အိမ်၌ဖြစ်စေ ကျောင်း၌ ဖြစ်စေ ဇရပ်၌ဖြစ်စေ တမိုးတရံ တည်းသော အဆောက်အဦ အတွင်း၌ ညဉ့်အချိန်ကာလဝယ် လျောင်းအိပ်ခြင်းကို ပြုသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏။ ထို ပါစိတ် အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင်အနုရုဒ္ဓါမထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အရှင်အနုရုဒ္ဓါ မထေရ်သည် သာဝတ္ထိပြည် မြတ်စွာဘုရား ရှိတော်မူရာ အရပ်သို့ ကောသလတိုင်း ဇနပုဒ်တို့မှ လာရောက်သောအခါ လမ်းခရီးအကြား တခုသော

ရှာဝယ် တယောက်သော ဥပါသိကာ ဒါယိကာမ တည်ထား ဆောက်လုပ်သော ဧည့်သည်တို့ တည်းခိုရာ ဇရပ်၌ ညဉ့်သီတင်းသုံး၍ နေပါသည်။

အခြားဧည့်သည်တို့ ရောက်ရှိလာသောအခါ ထို ဇရပ်ပိုင်ရှင် ဒါယိကာမအထံသို့ အခွင့်တောင်းကြသဖြင့် ရှေးဦးရောက်နှင့်သော ရဟန်းက ခွင့်ပြုလျှင် နေကြပါကုန်ဟု ပြန်ကြား ပြောဆိုသောအခါ အရှင် အနုရုဒ္ဓါထံ ခွင့်ပန်သဖြင့် နေဘို့ရန် ခွင့်ပြုပြီးသောကာလ ထို ဇရပ်အရှင် ဥပါသိကာ ဒါယိကာမသည် အရှင်အနုရုဒ္ဓါအား အရှင်ဘုရား ဤ ပြင်ပအရပ်၌ လူတို့နှင့် ရောပြွမ်းသဖြင့် အရှင်ဘုရား ချမ်းသာစွာ အိပ်ရမည်မဟုတ်ပါ ဓာတ္တင်းအခန်း၌ အရှင်ဘုရား အလို့ငှါ နေရာခင်းပါမည်ဟု လျှောက်ထားသောအခါ ဆိတ်ဆိတ်သာလျှင် အရှင်အနုရုဒ္ဓါ နေတော်မူသဖြင့် အတွင်းအခန်း၌ အရှင်အနုရုဒ္ဓါ၏ အတွက် နေရာခင်းပါသည်။

ထို နေရာ၌ အရှင်အနုရုဒ္ဓါ ညဉ့်သန့်သောအခါ ထို ဇရပ်ရှင် ဒါယိကာမသည် ပန်းနံ့သာတို့ဖြင့် လိမ်းကျံ၍ အရှင်အနုရုဒ္ဓါ အထံ၌ ချစ်တင်းစကား ပြောကြားလျှောပါသည်။

ထိုသို့သော ဝတ္ထု ထိုသို့သော အကြောင်းအမှုကြောင့် ထို ဒုတိယ သဟသေယျ ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၆–ဒုတိယ သဟသေယျ သိက္ခာပုဒ် ပြီး၏။

၁-မုသာဝါဒဝဂ်၊ ၇-ဓမ္မဒေသနာ သိက္ခာပုဒ်

ပဒဘာ။ ။မာတုဂါမဿ အာဝုသော ဉတ္တရိ ဆပ္ပဉ္စဝါစာဟိ ဓမ္မံ ဒေသေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ အာယသ္မန္တံ ဥဒါယိံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဒ္ဒေ ဥဒါယိ မာတုဂါမဿ ဓမ္မံဒေသေတိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အဓေး။ ။မာတုဂါမအား ငါးပုဒ် ခြောက်ပုဒ်ထက် ပိုလွန်၍ တရား စကားကို ပြောကြားသော ရဟန်းအား အကြင်ပါစိတ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ် အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်းကိစ္စကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ အရှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အရှင်ဥဒါယီသည် တခုသော အမျိုးအိမ်ဝယ် ဆွမ်းခံ ကိုယ်တော် ဖြစ်ပါသည်၊ ထို အရှင်ဥဒါယီသည် နံနက်အခါ ထို အိမ်သို့ ကြွရောက်၍ ခင်းအပ်သော နေရာ၌ နေပြီးလျှင် ရှေးဦးစွာ အိမ်ရှင် ဒါယကာမကြီးထံသို့ သွားရောက်၍ နားရင်း၌ကပ်၍ တရားဟောပါသည်၊ ထိုအခါ ချွေးမဖြစ်သော ဒါယိကာမက အထင်လွဲမှု ဖြစ်ပါသည်၊ အိမ်ရှင် ယောကျ်ားမဖြစ်သော ဥပါသိကာမအား တရားဟောပြီးလျှင် ချွေးမဖြစ်သော ဒါယိကာမအထံ၌ နားရင်းသို့ အပ်၍ တိုးတိုးသာလျှင် တရားဓမ္မဟောပြပါသည်၊ ထိုအခါ ယောကျ်ားမဖြစ်သော ဥပါသိကာမက အထင်မှားမှု ဖြစ်ပါသည်၊ ထိုသို့သော ဝတ္ထု ထိုသို့သော အကြောင်း အမှုကြောင့် ထို ပါစိတ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၂-ဓမ္မဒေသနာ သိက္ခာပုဒ် ပြီး၏။

၁-မုသာဝါဒဝဂ်၊ ဂ-ဘူတာရောစန သိက္ခာပုဒ်

ပုစ္ဆာ။ ။အနုပသမ္မန္နဿ အာဝုသော ဥတ္တရိမနုဿဓမ္မံ ဘူတံ အာရော-စေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ ဝဂ္ဂုမုဒါတီရိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဝဂ္ဂုမုဒါတီရိယာ ဘန္တေ ဘိက္ခူ။ ဂိဟီနံ အညမညဿ ဥတ္တရိ-မနုဿဓမ္မဿ ဝဏ္ဏံ ဘာသိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရဟန်း မဟုတ်သူ လူသာမဏေ ဖြစ်သော ပုဂ္ဂိုလ်အား မိမိ သန္တာန်၌ ဖြစ်ဘူး၍ တကယ်ဟုတ်မှန်သော စျာန်မဂ်ဖိုလ်တရားကို ပြောကြားသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ် သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော်မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်အရပ်၌ ဝဂ္ဂုမုဒါမြစ်ကမ်းဝယ် နေကြကုန်သော မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

ဝဂ္ဂုမုဒါ မြစ်ကမ်းနား၌ နေကြကုန်သော မျှားစွာသော ရဟန်းတို့သည် ဆွမ်းကိစ္စကျပ်တည်းသောအခါ လူတို့၏ အထံ၌ ဟုတ်မှန်သော ဥတ္တရိမနုဿဓမ္မ ခေါ်သော စျာန် မဂ်ဖိုလ်တရား၏ ကျေးဇူးစကားကို ကျိမည် ကျိမည်သော ရဟန်း

သည် ပဌမစျာန် ရသော ပုဂ္ဂိုလ်ပါတည်း၊ ဒုတိယစျာန် ရသော ပုဂ္ဂိုလ်ပါတည်း၊ တတိယစျာန်ရသော ပုဂ္ဂိုလ်ပါတည်း၊ စတုတ္ထစျာန်ရသော ပုဂ္ဂိုလ်ပါတည်း၊ ဤမည်သော ရဟန်းသည် သောတာပန်တည်း၊ သကဒါဂါမ်တည်း၊ အနာဂါမ်တည်း၊ ရဟန္တာတည်း၊ ဤမည်သော· ရဟန်းသည် ဝိဇ္ဇာသုံးပါးရှိသော ပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် အဘိညာဏ်ခြောက်ပါးရသော ရဟန်းတည်းဟု ဟုတ်သည့် မှန်သည့်အတိုင်း ဥတ္တရိမနုဿဓမ္မ အမည်ရသော စျာန်မဂ်ဖိုလ်တရား၏ ကျေးဇူး စကားကို ပြောကြားကြပါကုန်သည်၊ ထိုသို့သော ဝတ္ထု ထိုသို့သော အကြောင်း အမှုကြောင့် ထို ပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၈–ဘူတာရောစန သိက္ခာပုဒ် ပြီး၏။

၁–မုသာဝါဒဝဂ်၊ ၉–ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုဿ အာဝုသော ဒုဋ္ဌုလ္လာပတ္တိ ံ အနုပသမ္မန္နဿ အာရောစေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိ ံ ဝတ္ထုသ္မိ ံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခူ။ ဘိက္ခုဿ ဒုဋ္ဌုလ္လာပတ္တိ ံ အနုပသမ္မန္နဿ အာရောစေသုံ၊ တသ္မိ ံ ဘဒ္ဒေ ဝတ္ထုသ္မိ ံ ပညတ္တံ။

အမေး။ ။အခြားတပါးသော ရဟန်းအား သင့်ရောက်လျက် နေသော ရုန့်ရင်းကြမ်းတမ်းသော ဂရုကအာပတ်ကို ရဟန်းမဟုတ်သူ လူသာမဏေအား ပြောကြားသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် အရှင်ဥပနန္ဒမထေရ်နှင့် ခိုက်ရန် ဖြစ်ခဲ့ကြပါသည်၊ တဲ့ပါးသောအခါ၌ အရှင်ဥပနန္ဒမထေရ်သည် သံဃာဒိသိသ် အာပတ်သင့်သဖြင့် ပရိဝါသ် ဆောက်တည်ခဲ့ပါသည်။

ဆွမ်းစားကျောင်း၌ ထိုင်ရသောအခါ အရှင်ဥပနန္ဒမထေရ်သည် ပရိဝါသ် ဆောက်တည်၍ နေသော (ဒဏ်သား) ရဟန်းဖြစ်သဖြင့် သံဃာ၏ အစွန်းအနား၌ နေထိုင်လျက် ရှိပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဆွမ်းကျွေးသော ဒါယကာတို့အား အရှင်ဥပနန္ဒ၏ သံဃာဒိသိသ် အာပတ် သင့်ပုံ အကြောင်းအရာကို ပြောကြားကြပါကုန်ပြီ၊ ထိုသို့သော ဝတ္ထု ထိုသို့သော လွန်ကျူးမှုကြောင့် ထို ပါစိတ်အာပတ်ကို မြတ်စွာ ဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၉-ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ် ပြီး၏။

၁-မုသာဝါဒဝဂ်၊ ၁၀-ပထဝီခဏန သိက္ခာပုဒ်

ပုစ္ဆာ။ ။ပထဝိံ ခဏန္တဿ အာဝုသော ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာဠဝိယံ ဘန္တေ အာဠဝိကေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ အာဠဝိကာ ဘန္တေ ဘိက္ခူ။ ပထဝိံ ခဏိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မြေကြီးတူးဆွသော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူခဲ့ ပါသနည်း ငါ့ရှင်။

အဖြေ။ ။အာဠဝီပြည် အရပ်၌ အာဠဝီပြည်သား ရဟန်းတို့ကို အကြောင်း ပြု၍ ပညတ်တော် မူအပ်ပါသည်။

အာဠဝီပြည်သား ရဟန်းတို့သည် နဝကမ္မ အမှုသစ်ကို ပြုလုပ်သောအခါ မြေကြီးကို ကိုယ်တိုင်လည်း တူးဖြိုကြပါသည်၊ သူတပါးကိုလည်း မအပ်သော ဝေါဟာရဖြင့် အတူးခိုင်းကြပါကုန်ပြီ၊ ထိုသို့ အာဠဝီပြည်သား ရဟန်းတို့၏ မြေကြီးကို ကိုယ်တိုင်တူးဖြိုခြင်း မအပ်သော ကပ္ပိယ ဝေါဟာရ စကားဖြင့် သူတပါးကို အတူး ခိုင်းခြင်း ဟူသော ဝတ္ထု လွန်ကျူးမှုကြောင့် ထို ပထဝီ ခဏန ပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၁၀-ပထဝီခဏန သိက္ခာပုဒ် ပြီး၏။

မုသာဝါဒဝဂ် အမေးအဖြေ ပြီး၏။

၂-ဘူတဂါမဝဂ်၊ ၁-ဘူတဂါမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘူတဂါမပါတဗျတာယ ပါစိတ္တိယံ အာဝုသော ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။
ဝိဿဇ္ဇနာ။ ။အာဠဝိယံ ဘဒ္ဒန္တေ အာဠဝိကေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ အာဠဝိကော ဘဒ္ဒန္တေ ဘက္ခူ။ ရုက္ခ ဆေဒ္ဒ သု၊ တသ္မ ဘဒ္ဒန္တေ ဝတ္ထုသ္မိ ပညတ္တံ။

အမေး။ ။ကြီးပွါးပြီး ကြီးပွါးဆဲဖြစ်သော စိမ်းရှင်လျက်ရှိသော မြက်ပင်သစ်ပင် အပေါင်းကို ဖျက်ဆီးခြင်းကြောင့် အကြင် ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း ကိစ္စကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အာဠဝီပြည် အရပ်၌ အာဠဝီပြည်သား ရဟန်းများကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အာဠဝီပြည်သား ရဟန်းများတို့သည် နဝကမ္မ အမှုကိစ္စ ပြုကြသောအခါ သစ်ပင်ကို ဖြတ်တောက်ကြပါကုန်သည်၊ အာဠဝီပြည်သား ရဟန်းတပါးသည်လည်း **ရုက္ခစိုး** အုပ်စိုးလျက်ရှိသော သစ်ပင်ကို ဖြတ်ပါသည်၊ ထိုအခါ ရုက္ခစိုးနတ်သည် ကိုယ်ထင်ပြ၍ "အရှင်ဘုရား.... မိမိ၏ အရိပ်အာဝါသ ဘုံဗိမာန်ကို ပြုအံ့ ဟု ကြံစိ၍ တပည့်တော်၏ အရိပ်အာဝါသ ဘုံဗိမာန်ကို ဖျက်ဆီးတော် မမူပါနှင့်" ဟု တောင်းပန်ပါသည်။

ထိုသို့ တောင်းပန်သော်လည်း ထို ရဟန်းသည် မနာယူဘဲ ထိုသစ်ပင်ကို ဖြတ်လှဲခဲ့ပါသည်၊ ထိုသို့ ဖြတ်လှဲသဖြင့် ထို ရုက္ခစိုးနတ်၏ သားငယ်၏ လက်ကို ဝေးခိုက်မိခြင်း ဖြစ်ပါသည်။ ထိုသို့သော ဝတ္ထု ထိုသို့သော လုန်ကျူးမှုကြောင့် ဘူတဂါမပါစိတ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဘူတဂါမ သိက္ခာပုဒ် ပြီး၏။

၂-ဘူတဂါမဝဂ်၊ ၂-အညဝါဒက သိက္ခာပုဒ်

ပုစ္ဆာ။ ။အညဝါဒကေ ဝိဟေသကေ ပါစိတ္တိယံ အာဝုသော ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ကောသမ္မိယံ ဘန္တေ အာယသ္မန္တံ ဆန္နံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဆန္နော သံဃမဇ္ဈေ အာပတ္တိယာ အနုယုဉ္ဇိယ-မာနော အညေနညံ ပဋိစရိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မှုပြစ်တစုံတခုဌ် ယုံမှားဘွယ်ရှိသဖြင့် သံဃာတော်က မေးစစ် သောအခါ ထိုမေးစစ်သော အကြောင်းအရာကို မပြောဘဲ အခြားတပါးကို ပြော၍ နေခြင်းကြောင့်ၵုင်း သို့မဟုတ် လုံးလုံးမပြောမူ၍ တိတ်တိတ်နေလျက် သံဃာကို ညှဉ်းဆဲခြင်းကြောင့်ၵုင်း အကြင် ပါစိတ်အာပတ်ကို မြတ်စ္စာဘုရား ပညတ်တော် မူခဲ့ပေ၏။ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသဌ် ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော မှုခင်းကိစ္စကြောင့် ပညတ်တော်မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောသမ္မိပြည်အရပ်ဌ ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ် တော်မူအပ်ပါသည်။

မြတ်စ္စာဘုရား တောထွက်တော်မူသောအခါ နောက်တော်ပါဖြစ်ခဲ့၍ နောက် အခါဝယ် ရဟန်းပြုသော ဆန္နမထေရ်သည် ရဟန်းသံဃာတို့က သံဃအလယ်ဝယ် ဆိုင်ရာအာပတ်ဖြင့် မေးစီစစ်အပ်သည် ရှိသော် မေးအပ်သည့်အတိုင်း ဖြောင့်ဖြောင့် တန်းတန်း မပြောဘဲ—

ကော အာပန္နော=ဘယ်သူ အာပတ်သင့်လို့လဲ ကံအာပန္နော=ဘယ် အာပတ်သို့ ရောက်လို့လဲ ဘာကိုပြောတာလဲ စသည်ဖြင့် အဖျင်းဖျင်း ပြောဆိုခဲ့ ပါသည်။

ထိုသို့သော ဝတ္ထု ထိုသို့သော လွန်ကျူးမှုကြောင့် ထို ပါစိတ်အာပတ်ကို မြတ်စ္စာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

၂-အညဝါဒက သိက္ခာပုဒ် ပြီး၏။

၂-ဘူတဂါမဝဂ်၊ ၃-ဥဋ္ဌာပနက သိက္ခာပုဒ်

ပုစ္ဆာ။ ။ဥဋ္ဌာပနကေ ဒိယျနကေ ပါစိတ္တိယံ အာဝုသော ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ မေတ္တိယဘူမကေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ မေတ္တိယဘူမကာ ဘန္တေ ဘိက္ခူ။ အာယသ္မန္တံ ဒဗ္ဗံ မလ္လပုတ္တံ ဘိက္ခူ။ ဥဋ္ဌာပေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သေနာသနပညာပက စသည်ဖြင့် သံဃာတော်က သမုတ်၍ ခွင့်ပြု၍ ထားသော ရဟန်းကို အခြားတပါးသော ရဟန်းတို့၏ မျက်မှောက်၌ ကဲ့ရဲ့

၍ အယုတ်အားဖြင့် သိစေသော ရဟန်းအားငင်း၊ အခြားတပါးသော ရဟန်းတို့ကြားလောက်သော အရပ်၌နေ၍ အတင်းစကား ပြောဆိုသော ရဟန်းအားငင်း၊ အကြင် ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်းကိစ္စကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိဟ်ပြည် အရပ်၌ ဆဗ္ဗဂိုဂိုဏ်းဝင်ဖြစ်သော မေတ္တိယရဟန်း ဘူမဇကရဟန်း တို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

မေတ္တိယရဟန်း ဘူမဇကရဟန်း တည်းဟူသော ဆဗ္ဗဂိုဂိုဏ်းဝင်ရဟန်းတို့သည် ရဟန္တာစင်စစ် ဖြစ်တော်မူသော သံဃာတော်အား နေရာခင်းခြင်း ပြုတော်မူသော သံဃာတော်အား ဆွမ်းညှန်းခြင်း ကိစ္စကို ရုက်ဆောင်တော်မူသော အရှင်ဒဗ္ဗကို တပါးသော ရဟန်းတို့အား မြောက်ထိုး မြောက်ကော် ပြုသဖြင့် ကဲ့ရဲ့ရှုတ်ချစေခဲ့ပါကုန်ပြီ၊

နောက်တပါးသော ဝတ္ထု၌ အရှင်ဒဗ္ဗ၏ မျက်မှောက်မှာပင် ရှုတ်ချစကားကို ကိုယ်တိုင်ပင် ပြောကြားကြပါကုန်ပြီ၊

ထိုသို့သော ဝတ္ထု ထိုသို့သော လွန်ကျူးမှုကြောင့် ဥဇ္ဈာပနက ခိယျနက ပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၃-ဥဇ္ဈာပနက သိက္ခာပုဒ် ပြီး၏။

၂-ဘူတဂါမဝဂ်၊ ၄-ပဌမ သေနာသန သိက္ခာပုဒ်

ပုစ္ဆာ။ ။သံဃိကံ အာဝုသော မဉ္ဆံဝါ ပီဌံဝါ ဘိသိံဝါ ကောစ္ဆံဝါ အဇ္ဈော-
ကာသေ သန္ထရိတ္ဝာ အနုဒ္ဓရိတ္ဝာ အနာပုစ္ဆာ ပက္ကမန္တသ ပါစိတ္တိယံ
ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝ ဝ ဝ

ဝဿဇ္ဇနာ။ ။သာဝတ္ထိယ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တာ၊
သမ္ဗဟုလာ ဘန္တေ ဘိက္ခူ။ သံဃိကံ သေနာသနံ အဇ္ဈောကာသေ
သန္ထရိတ္ဝာ အနုဒ္ဓရိတ္ဝာ အနာပုစ္ဆာ ပက္ကမိံသု၊ တသ္မိံ ဘန္တေ
ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သံဃိက သံဃာပိုင် ပစ္စည်းဖြစ်သော ညောင်စောင်းကိုဖြစ်စေ အင်းပျဉ်ကိုဖြစ်စေ ဘုံသျှိကိုဖြစ်စေ ခတ်ခင်းကို ဖြစ်စေ ကွင်းပြင်ထည်း၌ မိမိကိုယ်တိုင် ခင်းထားပြီးလျှင် ထို အခင်းများကို ကိုယ်တိုင်လည်း ရုပ်သိမ်းခြင်းမပြုဘဲ သူတပါးကိုလည်း ရုပ်သိမ်းစေရန် မှာကြားခြင်း ပန်ကြားခြင်းကို မပြုခဲ့မူ၍ အရပ်

တပါးသို့ ဖဲခွါသွားသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော မူခင်း ကိစ္စကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူသောအခါ များစွာသော ရဟန်းတို့သည် သံဃိကသေနာသနဖြစ်သော ခံတင် ညောင်စောင်း စသည်ကို ဟင်းလင်းအပြင် လွှင်တီးခေါင်၌ ခင်းကြပြီး၍ နေစာလှူကြပြီးလျှင် အရပ်တပါး ဖဲသွားသောအခါ ကိုယ်တိုင်လည်း မရုပ်မသိမ်း ရုပ်သိမ်းမည့်အရှင်တို့အားလည်း မပန်မကြားပဲ ဖဲသွားကြပါသည်၊ ထိုသို့ ပစ်စွန့်၍ သွားသဖြင့် သံဃိကဖြစ်သော ခံတင် ညောင်စောင်းတို့ မိုးစွတ် နှင်းစွတ် ဖြစ်ကြရပါသည်။

ထိုသို့သော ဝတ္ထု ထိုသို့သော မူခင်း ကိစ္စကြောင့် သင္ဃည်းမြတ်စွာဘုရားသည် ထို ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၄-ပဌမ သေနာသန သိက္ခာပုဒ် ပြီး၏။

၂-ဘူတဂါမဝဂ်၊ ၅-ဒုတိယ သေနာသန သိက္ခာပုဒ်

ပုစ္ဆာ။ ။သံဃိကေ အာဝုသော ဝိဟာရေ သေယျံ သန္ထရိတ္ဝာ အနုဒ္ဓရိတ္ဝာ အနာပုစ္ဆာ ပက္ကမန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ သတ္ထရသဉ္ဂိယေ ဘိက္ခု။ အာရဗ္ဘ ပညတ္တံ၊ သတ္ထရသဉ္ဂိယာ ဘဒ္ဒေ ဘိက္ခု။ သံဃိကေ ဝိဟာရေ သေယျံ သန္ထရိတ္ဝာ အနုဒ္ဓရိတ္ဝာ အနာပုစ္ဆာ ပက္ကမ သု၊ တသ္မ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သံဃိကကျောင်း၌ အိပ်ရာနေရာကို ခင်းထားပြီးလျှင် ထို အိပ်ရာနေရာကို မိမိကိုယ်တိုင်လည်း မသိမ်းဆည်းခဲ့၊ သူတပါးကိုလည်း သိမ်းဆည်းရန် မပန်ကြားမူ၍ အရပ်တပါးသို့ ဖဲသွားသော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူအပ် ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ တဆဲ့ခုနစ်ပါး အသင်း အဖဲ့ ရှိသော သတ္တရုသဝဂ်ို ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

မြတ်စွာဘုရား လက်ထက်တော်အခါက ဥပါလိ သူငယ်အမှူးရှိသော တဆဲ့ခုနစ်ယောက် အစုရှိသည့် သူငယ်တို့သည် သာသနာတော်သို့ ဝင်ရောက်၍ ရဟန်းပြုကြပါသည်၊ ထိုတဆဲ့ခုနစ်ယောက် အစုရှိသော ရဟန်းတို့ကို သတ္တရုသဝဂ်ို ရဟန်းတို့ ဟူ၍ ခေါ်ပါသည်။

ထို သတ္တရုသဝဂ်ို ရဟန်းတို့သည် သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူသောအခါ သံဃိကကျောင်း၌ အခင်းကို ခင်းပြီးလျှင် အရပ်တပါး သို့ ဖဲသွားလိုသောအခါ ကိုယ်တိုင်လည်း မရုတ်မသိမ်း တစုံတယောက်သော ရဟန်းတော်အားလည်း မပန်ကြားဘဲ စွန့်ပစ်၍ သွားကြပါကုန်သည်။

ထိုအခါ သံဃိကအခင်းတို့ကို ကြွက် ပိုးရှ ခြ အစရှိသည်တို့ ခဲစားကြပါကုန်သည်၊ ထို့သို့သောဝတ္ထု ထို့သို့သော မှုခင်းကိစ္စကြောင့် သဗ္ဗညုမြတ်စွာဘုရား ထို ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘဒ္ဒန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ယခု မေးခဲ့ပြီး ဖြေခဲ့ပြီးသော သမ္ဗဇာနမုသာဝါဒ သိက္ခာပုဒ်အစရှိသော သိက္ခာပုဒ် အပေါင်းသည် အဘယ်ပုဂ္ဂိုလ်၏ စကား ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ယခုမေးအပ်ပြီး ဖြေအပ်ပြီးသော သမ္ဗဇာနမုသာဝါဒ အစရှိသော တဆဲ့ငါးပါးသော သိက္ခာပုဒ် စကားအစဉ်သည် တစုံတယောက်သော သာဝက၏ စကား.လည်း မဟုတ်ပါ၊ တစုံတယောက်သော ရသေ့၏ စကားလည်း မဟုတ်ပါ၊ တစုံတယောက်သော နတ်ဗြဟ္မာ၏ စကားလည်း မဟုတ်ပါ၊ စင်စစ်သော် ကား ပုဇော်အထူးကို ခံတော် မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျဉ်ငါးပါး သိသင့်သမျှသော တရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော သဗ္ဗညုရှင်တော်ဘုရား၏ စကားတော် စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခယ ဘဒ္ဒန္တေ အာဘတံ။

အမေး။ ။ထို သိက္ခာပုဒ် အပေါင်းကို အဘယ်သူသည် ဆောင်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆိုအပ်ပြီးသော တဆဲ့ငါးရပ်သော သိက္ခာပုဒ် စကားအစဉ်ကို ပဌမ သံဂါယနာ တင်ရာကာလ အရှင်မဟာကဿပ အရှင်ဥပါလိ မထေရ်တို့မှအစ ယခု ဆဋ္ဌသံဂါယနာ တင်ရာကာလ သံဂီတိကာရက မထေရ်မြတ်တို့တိုင်အောင် အဆက်ဆက်သော ဆရာတော်တို့ ထို သိက္ခာပုဒ်အပေါင်းကို မပျောက်မပျက်ရအောင် စောင့် ဆောင်တော် မူခဲ့ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ နုခေါ အာဝုသော ဇတ္ထ ကောစိပိ ဝိရဒ္ဓဒေါသော။ ဝိဿဇ္ဇနာ။ ။နတ္ထိ ဘန္တေ။

အမေး။ ။ဤ သိက္ခာပုဒ် အပေါင်းတို့၌ တစုံတခုသော ချွတ်ယွင်းချက်မျှား ရှိပါသေးသလော ငါ့ရှင်။

အဖြေ။ ။ဤ သိက္ခာပုဒ် အပေါင်းတို့၌ အကြိမ်ကြိမ် အထပ်ထပ် သုတ်သင် အပ်ပြီးဖြစ်ရကား တစုံတခု ချွတ်ယွင်းချက်များ မရှိ ဖြစ်ပါသည် အရှင်ဘုရား။

သံဃသာဒိသေသ ဥဒ္ဒါနံ

သုဏာတု မေ ဘန္တေ သံဃော၊ အဟံ ဘန္တေ အာယသ္မန္တံ ဝိစိတ္တသာရာဘိ-ဝံသံ ဣမေသံ ပန္နရသန္နံ သိက္ခာပဒါနံ နိဒါနဝဒိနိ ပုစ္ဆိတဗ္ဗာနိ အနေကာနိ ဋ္ဌာနာန ပုစ္ဆိ ၊ သော စ ပုဋ္ဌော ပုဋ္ဌော ဝိဿဇ္ဇေတိ၊ ဣတိ ဟဒံ ဘန္တေ နိမူလံ သုပရိသုဒ္ဓံ တသော ဘဂဝတော ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ တသ္မာ ယထာပုရေ မဟာကဿပါဒယော မဟာထေရာ ပေါရာဏသံဂီတိ-ကာရာ ဗြဟ္မစရိယဿ စိရဋ္ဌိတိယာ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဓမ္မဝိနယံ သံဂါယိံသုစေဝ အနုသံဂါယိံသုစ၊ ဧဝမေဝ မယမ္ပိ ဒါနိ ဆဋ္ဌသံဂီတိ-မဟာဓမ္မသဘာ ပရိယာပန္နာ ယထာနုပုဗ္ဗဋ္ဌာနတော ပဋ္ဌာယ ဣမာနိ သိက္ခာပဒါနိ ဧကတော ဂဏသဇ္ဈာယံ ကတ္ဝာ သံဂါယေယျာမ။

သံဂါယနာဥဒ္ဒေသ

အရှင်ဘုရားတို့.... သံဃာတော်သည် ဘုရားတပည့်တော် လျှောက်ထားသော စကားကို နားဆင်တော် မူစေလိုပါသည်၊ ဘုရားတပည့်တော်သည် အရှင် ဝိစိတ္တသာရာဘိဝံသကို သမ္ဗဇာနမုသာဝါဒ သိက္ခာပုဒ်မှစ၍ တဆဲ့ငါးပါးသော သိက္ခာပုဒ်တို့၏ နိဒါန်း အစရှိသော မေးသင့် မေးထိုက်သည့် အချက်အလက် များစွာတို့ကို မေးမြန်းခဲ့ပါပြီ၊ အရှင် ဝိစိတ္တသာရာဘိဝံသ သည်လည်း မေးတိုင်း မေးတိုင်း မဆိုင်း မတွ ဖြေဆိုခဲ့ပါပြီ၊ သို့ဖြစ်ပါ၍ ဤ သိက္ခာပုဒ် အပေါင်းသည် အညစ်အကြေး ကင်း လျက် ကောင်းကောင်းကြီး သန့်ရှင်း စင်ကြယ်နေပါပြီ၊ ပူဇော်အထူးကို ခံတော် မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျဉ်ငါးပါး ခပ်သိမ်းသော

တရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော ထို ဘုရားရှင်၏ စကားတော် အစစ် အမှန် ဖြစ်ပါသည် အရှင်ဘုရားတို့။

သို့ဖြစ်ပါ၍ ရှေးအခါကာလ ရှင်မဟာကဿပ အစရှိသော သံဂါယနာတင် မဟာထေရ်မြတ်တို့သည် သာသနာတော် အရှည်တည်တန့်စေရန် အလို့ငှါ မျှားစ့ဉာ သော လူအပေါင်းတို့၏ အကျိုးစီးပွါး ဖြစ်ထွန်းရန် အလို့ငှါ လောကကို စောင့် ရှောက်ရန်အလို့ငှါ နတ်လူအပေါင်းတို့၏ အကျိုးစီးပွါး ချမ်းသာတွေ့ ဖြစ်ထွန်းရန် အလို့ငှါ တရားတော် ဝိနည်းတော် ကို ပဌမစ၍လည်း သံဂါယနာ တင်ခဲ့ကြပါ ကုန်ပြီ၊ ဒုတိယ တတိယ စတုတ္ထ ပဉ္စမ အကြိမ် တိုင်အောင်လည်း ထပ်ဆင့်၍ အနု သံဂါယနာ တင်ခဲ့ကြပါကုန်ပြီ။

ဤအတူပင် ယခုအခါ၌ ဤ ဆဋ္ဌသံဂါယနာ၌ ပါဝင်လျက် ရှိကြသော ဆဋ္ဌ သံဂီတိကာရက ဖြစ်တော် မူကြသော အရှင်အားလုံးတို့သည် ယခုအစဉ် ရောက်ရှိ ရာ ဌာနမှစ၍ ဤ သိက္ခာပုဒ် အပေါင်းကို တပေါင်းတည်း ရွတ်ဆိုကာ သံဂါယနာ တင်ကြပါစို့.... သက်တော်ရှည် အရှင်ဘုရားတို့။

၅–ဒုတိယသေနာသန သိက္ခာပုဒ် ပြီး၏။

၂–ဘူတဂါမဝဂ်၊ ၆–အနုပခဇ္ဇ သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ။ပ။ သမ္မာသမ္ဗုဒ္ဓေန သံဃိကေ ဝိဟာရေ ဇာနံ ပုဗ္ဗုပဂတံ ဘိက္ခုံ အနုပခဇ္ဇ သေယျံ ကပ္ပေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခူ။ ထေရေ ဘိက္ခူ။ အနုပခဇ္ဇ သေယျံ ကပ္ပေသုံ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထို မြတ်စွာဘုရားသည် သံဃိက ကျောင်း၌ ရှေးဦးစွာ နေရာယူထားပြီးဖြစ်သော ရဟန်းကို သိတင်းကြိုးပုဂ္ဂိုလ် ဂိလာန ပုဂ္ဂိုလ်မှန်း သိပါလျက် ထို ရဟန်း၏ အနီးအပါး၌ အတင်းဝင်ရောက်၍ နေရာခင်းပြီးလျှင် သီတင်းသုံးနေထိုင်သော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်းကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ် တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည် သံဃိကကျောင်းဝယ် သိတင်းကြိုးဖြစ်

သော မထေရ်တို့ကို တိုးဝှေ့၍ ကျပ်တည်း ကျဉ်းမြောင်းသူက ဖယ်ရှားလိမ့်မည် ဟု မကောင်းသော နှလုံးသွင်းဖြင့် လျောင်းခြင်း အိပ်ခြင်းကို ပြုကြပါကုန်ပြီ၊ ထိုသို့သော ဝတ္ထု ထိုသို့သော လွန်ကျူးမှုကြောင့် ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

၆-အနုပခဋ္ဌ သိက္ခာပုဒ် ပြီး၏။

၂-ဘူတဂါမဝဂ်၊ ၇-နိကဗုန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုံ အာဝုသော ကုပိတေန အနတ္တမနေန သံဃိကာ ဝိဟာရာ နိက္ကဗ္ဗေန္တသ္သ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ၊ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ၊ ကုပိတာ အနတ္တမနာ ဘိက္ခူ၊ သံဃိကာ-ဝိဟာရာ နိက္ကဗ္ဗိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သံဃိကကျောင်း၌ နေထိုင်သော အခြားတပါးသော ရဟန်းကို စိတ်ဆိုးသဖြင့် နှလုံးမသာယာသဖြင့် သံဃိကကျောင်းမှ ဆဲငင်၍ ထုတ်သော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်းကိစ္စကြောင့် ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည် အမျက်ထွက်ကုန်သည်ဖြစ်၍ နှလုံးမသာယာကုန်သည်ဖြစ်၍ သတ္တရသဝဂ္ဂီ ရဟန်းတို့ကို သံဃိကကျောင်းမှ ဆဲငင်ထုတ်ကြပါကုန်ပြီ၊ ထိုသို့သော ဝတ္ထု ထိုသို့သော လွန်ကျူးမှုကြောင့် ထို ပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၇-နိကဗုန သိက္ခာပုဒ် ပြီး၏။

၂-ဘူတဂါမဝဂ်၊ ဂ-ဝေဟာသကုဋိ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဥပရိဝေဟာသကုဋိယာ အာဝုသော အာဟစ္စပါဒကံ မဉ္စံဝါ ပီဌံဝါ အဘိနိသီဒန္တသ္သ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု သံဃိကေ ဝိဟာရေ ဥပရိဝေဟာသကုဋိယာ အာဟစ္စပါဒကံ မဉ္စံ သဟသာ အဘိနိသီဒိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကျောင်း၏ အထက်ဆင့်တွင် ပျဉ်ခင်းမရှိသော အထက်ထပ်၌ အပေါင်တွင် အခြေတပ်၍ထားသော ညောင်စောင်းပေါ်၌ ဖြစ်စေ အင်းပျဉ်ပေါ်၌ ဖြစ်စေ ထိုင်သော ရဟန်းအား အကြောင် ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ မထင်မရှားသော အညတရ ရဟန်းတပါးသည် သံဃိက ကျောင်းဝယ် အထက်ဆင့်တွင် ပျဉ်မခင်း ဟင်းလင်းအပြင်ရှိသော ဧဟာသကုဋိ၌ အပေါင်တွင် အခြေတပ်သော ညောင်စောင်းကို အဆောတလျင် အရေးတကြီး မဆင်မခြင်ဘဲ ဖိ၍ ထိုင်မိပါပြီ၊ ထိုသို့ ထိုင်သဖြင့် ညောင်စောင်းခြေသည် ပြုတ်ထွက်ပြီးလျင် အောက်ထပ်မှာရှိသော ရဟန်း၏ ဦးခေါင်းပေါ်သို့ ကျရောက်ပါသည်၊ ထိုသို့သော ဝတ္ထု ထိုသို့သော မှုခင်းကိစ္စကြောင့် ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

၈-ဧဟာသကုဋီ သိက္ခာပုဒ် ပြီး၏။

၂-ဘူတဂါမဝဂ်၊ ၉-မဟာလွကဝိဟာရ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဒဋ္ဌတ္တိ ပရိယာယေ အာဝုသော အဓိဋ္ဌဟိတ္ဝာ တတုတ္တရိ အဓိဋ္ဌဟန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ကောသမ္ဗိယံ ဘန္တေ အာယသ္မန္တံ ဆန္နတ္ထေရံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဆန္နော ကတပရိယောသိတံ ဝိဟာရံ ပုနပ္ပုနံ ဆာဒါပေသိ ပုနပ္ပုနံ လေပါပေသိ၊ အတိဘာရိတော ဝိဟာရော ပရိပတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဆောက်လုပ်သူ ဒါယကာရှိ၍ မဟာလွကဝိဟာရဟု ခေါ်သော ကျောင်းကို ဆောက်လုပ်သော ရဟန်းသည် နှစ်စင် သုံးစင် တိုင်အောင် မိုးခြင်းကို ကိုယ်တိုင်ကြပ်မ၍ စီမံခန့်ခွဲနိုင်ခွင့် ရှိပေ၏၊ ထို့ထက် အလွန် စီမံခန့်ခွဲသော ရဟန်းအား အကြောင် ပါစိတ်အာပတ်ကို ပညတ်ထားတော် မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို

ဘယ်မြို့ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်းကိစ္စကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောသမ္ဗီပြည် အရပ်၌ ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်ဆန္နမထေရ်သည် ဆောက်လုပ်၍ ပြီးစီးပြီးသော ကျောင်းကို အဖန်ဖန် အထပ်ထပ် အင်္ဂတေ မြေညက်တို့ဖြင့် လိမ်းကျံစေပါသည်၊ ထို့သို့ အဖန်ဖန် အထပ်ထပ် မိုးစေ လိမ်းကျံစေသဖြင့် အလွန်အမင်း ဝန်လေးသော ထို ကျောင်းကြီး ပြို၍ ကျခဲ့ပါပြီ၊ ထို့သို့သော ဝတ္ထု ထို့သို့သော မှုခင်းကိစ္စကြောင့် သင္ဃည်မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၉-မဟာလွကဝိဟာရ သိက္ခာပုဒ် ပြီး၏။

၂-ဘူတဂါမဝဂ်၊ ၁၀-သပ္ပါဏက သိက္ခာပုဒ်

ပုစ္ဆာ။ ။ဇာနံ အာဝုသော သပ္ပါဏကံ ဥဒကံ တိဏံဝါ မတ္တိကံဝါ သိဉ္စန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။
ဝိဿဇ္ဇနာ။ ။အာဒိဝိယံ ဘန္တေ အာဒိဝိကေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ အာဒိဝိကာ ဘန္တေ ဘိက္ခူ။ ဇာနံ သပ္ပါဏကံ ဥဒကံ တိဏမ္ပိ မတ္တိကမ္ပိ သိဉ္စိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရေထည်း၌ ပိုးကောင်ရှိမှန်း သိပါလျက် ထိုရေကို သွန်လိုက်လျှင် ပိုးကောင်များ သေသွားလိမ့်မည် ဟူ၍လည်း သိပါလျက်၊ ထို ပိုးကောင်ရှိသော ရေကို မြက်ပင်သို့ဖြစ်စေ မြေပေါ်သို့ဖြစ်စေ သွန်လောင်းပစ်သော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အာဒိဝိပြည် အရပ်၌ အာဒိဝိပြည်သား ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အာဒိဝိပြည်သား ရဟန်းတို့သည် နဝကမ္မကိစ္စ ပြုသောအခါ ရေထည်း၌ ပိုးရှိမှန်း သိပါလျက် ထို ရေကိုသွန်းလောင်းက ပိုးသေလိမ့်မည်မှန်း သိပါလျက် ပိုးရှိသော ရေကို မြက်သို့ဌင်း မြေကြီးပေါ် သို့ဌင်း သွန်းလောင်း ခဲ့ကြပါကုန်ပြီ၊ ထို့သို့သော ဝတ္ထု ထို့သို့သော မှုခင်းကိစ္စကြောင့် သပ္ပါဏက ပါစိတ်အာပတ်ကို သင္ဃည် မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၁၀-သပ္ပါဏက သိက္ခာပုဒ် ပြီး၏။

ဘူတဂါမဝဂ် အမေးအဖြေ ပြီး၏။

၃-သြဝါဒဝဂ်၊ ၁-သြဝါဒ သိက္ခာပုဒ်

ပုစ္ဆာ။ ။အသမ္မတေန အာဝုသော ဘိက္ခုနိယော သြဝဒန္တသ္သ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။ ဝဿဇ္ဇနာ။ ။သာဝတ္ထိယ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တာ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ အသမ္မတာ ဘိက္ခုနိယော သြဝဒိံ သု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘိက္ခုနီမတို့ကို ဆုံးမရန် သံဃာတော်က အသိအမှတ် အခွင့် ပြုသော သမ္မုတိကို မရပါဘဲလျက် ဘိက္ခုနီမတို့ကို အဆုံးအမ သြဝါဒပေးသော ရဟန်းအား အကြောင် ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ် အာပတ်ကို ဘယ်မြို့ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သမ္မုတိ မရကြဘဲ ဘိက္ခုနီမတို့ကို မပြည့်မစုံ မလုံ မလောက် အနည်းငယ်မျှသော သြဝါဒကိုပေး၍ တနေ့လုံး မင်္ဂဖိုလ်မှ ဖီလာကန့်လန့် ဖြစ်သည့် စကားတို့ဖြင့် အချိန်ကို ကုန်လွန်စေခဲ့ကြပါကုန်ပြီ၊ ထို့သို့သော ဝတ္ထု ထို့သို့သော မှုခင်းကိစ္စကြောင့် ထို ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၁–သြဝါဒ သိက္ခာပုဒ် ပြီး၏။

၃-သြဝါဒဝဂ်၊ ၂-အတ္ထင်္ဂတ သိက္ခာပုဒ်

ပုစ္ဆာ။ ။အတ္ထင်္ဂတေ အာဝုသော သူရိယေ ဘိက္ခုနိယော သြဝဒန္တသ္သ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ စူဠပန္ထကံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ စူဠပန္ထကော အတ္ထင်္ဂတေ သူရိယေ ဘိက္ခုနိယော သြဝဒိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

၃-ဩဝါဒဝဂ်၊ ၃-၄-ဘိက္ခုနုပသာယ, အာမိသ သိက္ခာပုဒ် နှစ်ပါး ၁၅၁

အမေး။ ။ဘိက္ခုနီမတို့ကို ဆုံးမရန် သံဃာက အသိအမှတ် ပြုသော သမ္မုတိကို ရသူဖြစ်ပါသော်လည်း နေဝင်ပြီးသော အချိန်ကာလ၌ ဘိက္ခုနီမတို့ကို အဆုံးအမ ဩဝါဒပေးသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော မှုခင်း ကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင် စူဠပန္ထက (အရှင်စူဠပန်) မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အရှင်စူဠပန် မထေရ်သည် တန်ခိုး ဣဒ္ဓိပါဒ် အမျိုးမျိုးကို ပြပြီးမှ များစွာသော မေ့မကထာဖြင့် နေဝင်သည် ကာလတိုင်အောင် ဘိက္ခုနီမတို့ကို အဆုံးအမ ဩဝါဒ ပေးတော် မူခဲ့ပါသည်။

ထိုအခါ သာဝတ္ထိ မြို့တံခါး ပိတ်ထားသဖြင့် မြို့ပြင်ဝယ် ည၌ကုန်စေပြီးမှ နံနက်မိုးသောက် မြို့တွင်းသို့ ဝင်ရောက်သောအခါ လူအပေါင်းတို့ ကဲ့ရဲ့ရှုတ်ချမှု အပြုခံရပါသည်၊ ထိုသို့သော ဩဝါဒ ထိုသို့သော မှုခင်းကိစ္စကြောင့် ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၂-အတ္ထဂ်တ သိက္ခာပုဒ် ပြီး၏။

၃-ဩဝါဒဝဂ်၊ ၃-၄-ဘိက္ခုနုပသာယ, အာမိသ သိက္ခာပုဒ် နှစ်ပါး

ပုစ္ဆာ။ ။ဘိက္ခုနုပသာယံ အာဝုသော ဥပသက်မိတ္ဝာ ဘိက္ခုနိယော ဩဝဒန္တိဿစ အာမိသဟေတု ထေရာ ဘိက္ခူ။ ဘိက္ခုနိယော ဩဝဒန္တိတိ ဘဏန္တိဿစ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ က အာရဗ္ဘ ကသ္မာ ဝတ္ထုသ္မာ ပညတ္တ။

ဝိဿဇ္ဇနာ။ ။ဘိက္ခုနုပသာယံ ဥပသက်မိတ္ဝာ ဘိက္ခုနိယော ဩဝဒန္တိဿ ပါစိတ္တိယံ ဘန္တေ သက္ကေသု ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ဘိက္ခုနုပသာယံ ဥပသက်မိတ္ဝာ ဘိက္ခုနိယော ဩဝဒိံသု၊ အာမိသဟေတု ထေရာ ဘိက္ခူ။ ဘိက္ခုနိယော ဩဝဒန္တိတိ ဘဏန္တိဿ ပါစိတ္တိယံ သာဝတ္ထိယံ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ အာမိသဟေတု ထေရာ

ဘိက္ခု။ ဘိက္ခုနိယော ဩဝဒန္တီတိ ဘဏံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘိက္ခုနီမ၏ ကျောင်းတိုက်သို့ ကိုယ်တိုင်သွားရောက်၍ ဘိက္ခုနီမတို့ကို အဆုံးအမ ဩဝါဒပေးသော ရဟန်းအားလုံး၊ ဘိက္ခုနီမတို့ကို ဆုံးမသော မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် သင်္ကန်းစသော လာဘ်လာဘကို မြော်လင့်၍ သင်္ကန်းစသော လာဘ်လာဘ အာမိသ ဟူသော အကြောင်းကြောင့် အဆုံးအမ ဩဝါဒ ပေးနေကြသည်ဟူ၍ ကဲ့ရဲ့ပြောဆိုသော ရဟန်းအားလုံး အကြင် ပါစိတ်အာပတ်နှစ်ပါးကို ပညတ်တော် မူခဲ့ပေ၏။ ထို ပါစိတ်အာပတ် နှစ်ပါးကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘိက္ခုနီမ ကျောင်းသို့ ကပ်ရောက်၍ ဘိက္ခုနီမတို့ကို ဆုံးမသော ရဟန်း၏ ပါစိတ်အာပတ်ကို သက္ကတိုင်း၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် ဘိက္ခုနီမတို့၏ ကျောင်းသို့ သွားရောက်ပြီးလျှင် မိမိတို့နှင့် အသင်းအပင်းဖြစ်သော ဘိက္ခုနီမတို့ကို အဆုံးအမ ဩဝါဒ ပေးကြပါကုန်ပြီ၊ ထိုသို့သောဝတ္ထု ထိုသို့သော မှုခင်းကိစ္စကြောင့် ဘိက္ခုနီမကျောင်းသို့ သွားရောက်၍ ဘိက္ခုနီမတို့ကို အဆုံးအမ ဩဝါဒပေးသော ရဟန်း၏ ပါစိတ်အာပတ်ကို ပညတ်တော် မူအပ်ပါသည်။

ဆွမ်း သင်္ကန်း အစရှိသော အာမိသဟူသော အကြောင်းကြောင့် မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် ဘိက္ခုနီမတို့အား အဆုံးအမ ဩဝါဒပေးကုန်သည်ဟူ၍ ကဲ့ရဲ့စကား ပြောကြားသော ရဟန်း၏ ပါစိတ်အာပတ်ကို သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် သမ္မုတိရသော မထေရ်ကြီးတို့၏ ဘိက္ခုနီမတို့ကို အဆုံးအမ ဩဝါဒပေးသဖြင့် ပစ္စည်း လေးပါး ပြည့်စုံ၍ နေသည်ကို မနာလို မရှုစိမ့်သဖြင့် မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် ဆွမ်း သင်္ကန်း ကျောင်း ဆေး အရှိန်အဝါ အကျော်အစော ပူဇော်မှု ရှိခိုးမှု မြတ်နိုးမှု ဟူသော အာမိသ အကြောင်းကြောင့် ဘိက္ခုနီမတို့ကို အဆုံးအမ ဩဝါဒ ပေးကုန်သည်ဟု ကဲ့ရဲ့စကား ပြောကြားကြပါကုန်ပြီ၊ ထိုသို့သောဝတ္ထု လွန်ကျူးမှုကြောင့် ထို ပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၃-၄-ဘိက္ခုနုပဿယ, အာမိသ သိက္ခာပုဒ် နှစ်ပါး ပြီး၏။

၃-ဩဝါဒဝဂ်၊ ၅-စီဝရဒါန သိက္ခာပုဒ်

ပုစ္ဆာ။ ။အညာတိကာယ အာဝုသော ဘိက္ခုနိယာ စီဝရံ ဒေန္တသ့ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ့ိ ဝတ္ထုသ့ိ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘဂ္ဂေ ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ စီဝရံ အဒါသိ၊ တသ့ိ ဘဂ္ဂေ ဝတ္ထုသ့ိ ပညတ္တံ။

အမေး။ ။ဆေ့မျိုးမတော်သော ရဟန်းမိန်းမအား သင်္ကန်းကို ပေးသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို ပညတ်တော်မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော လွန်ကျူးမှုကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

မထင်မရှားသော အညတရ ရဟန်းတပါးသည် မိမိကိုယ်တိုင်က ခေါင်းပါးသော သင်္ကန်းရှိပါလျက် ဆေ့မျိုးမတော်သော ဘိက္ခုနီမအား သင်္ကန်းကို ပေးခဲ့ပါပြီ၊ ထိုသို့သော ဝတ္ထု ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ပါစိတ်အာပတ်ကို သဗ္ဗညူ မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၅-စီဝရဒါန သိက္ခာပုဒ် ပြီး၏။

၃-ဩဝါဒဝဂ်၊ ၆-စီဝရသိဗ္ဗန သိက္ခာပုဒ်

ပုစ္ဆာ။ ။အညာတိကာယ အာဝုသော ဘိက္ခုနိယာ စီဝရံ သိဗ္ဗေန္တသ့ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ့ိ ဝတ္ထုသ့ိ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ အာယသ္မန္တံ ဥဒါယိံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဂ္ဂေ ဥဒါယီ အညာတိကာယ ဘိက္ခုနိယာ စီဝရံ သိဗ္ဗေသိ၊ တသ့ိ ဘဂ္ဂေ ဝတ္ထုသ့ိ ပညတ္တံ။

အမေး။ ။ဆေ့မျိုးမတော်သော ဘိက္ခုနီမ၏ သင်္ကန်းကို ချုပ်ပေးသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို

ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်းကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်ဥဒါယီသည် အဆွေမတော်သော ဘိက္ခုနီမ၏ သင်္ကန်းကို သင်္ကန်း၏ အလယ်၌ ပန်းချီဆေးဇရေးရုပ်တို့ဖြင့် ဆန်းကြယ်သော သင်္ကန်းကို အမြင်မတော်အောင် ချုပ်၍ ပေးခဲ့ပါပြီ၊ ထို့သို့သော ဝတ္ထု ထို့သို့သော မှုခင်းကိစ္စကြောင့် ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၆–စီဝရသိက္ခာပုဒ် ပြီး၏။

၃-ဩဝါဒဝဂ်၊ ၇-သံဝိဓာန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုနိယာ အာဝုသော သဒ္ဒိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇန္တဿ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကသ္မာ ဝတ္ထုသ္မာ ပညတ္တ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ၊ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ၊ ဘိက္ခုနိဟိ သဒ္ဒိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘိက္ခုနီမနှင့်အတူ ခရီးသွားရန် တိုင်ပင် ညီညွတ်၍ တကြောင်းတည်းသော ခရီးရှည်ကို ဘိက္ခုနီမနှင့် အတူတကွ ခရီးသွားသော ရဟန်းအား အကြောင် ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်းကိစ္စကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဘိက္ခုနီမတို့နှင့်အတူ တိုင်ပင် ညီညွတ်၍ တပေါင်းတည်း တကြောင်းတည်း အဓွန့်ရှည်သော ခရီးကို သွားကြပါကုန်သည်၊ ထို့အခါ လူတို့၏ မတော်တရော် အကဲ့ရဲ့ခံရပါသည်၊ ထို့သို့သောဝတ္ထု လွန်ကျူးမှုကြောင့် ထို ပါစိတ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၇–သံဝိဓာန သိက္ခာပုဒ် ပြီး၏။

၃-ဩဝါဒဝဂ်၊ ၈-နာဝါဘိရုဟန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုနိယာ အာဒုသော သဒ္ဓိံ သံဝိဓေယ ဧကံ နာဝံ အဘိ-
ရုဟန္တဿ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ
ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊
ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ဘိက္ခူနီဟိ သဒ္ဓိံ သံဝိဓေယ ဧကံ နာဝံ
အဘိရုဟိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘိက္ခုနီမနှင့် အတူတက္ခ တိုင်ပင်ညီညွတ်၍ တလေ့တည်း စီး
သော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပေ၏၊ ထို ပါစိတ်
အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း
ကိစ္စကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်
တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဘိက္ခုနီမတို့နှင့် အတူတက္ခ တိုင်ပင်
ညီညွတ်၍ တလေ့တည်းစီး၍ သွားကြပါကုန်သည်၊ ထိုအခါ လူတို့၏ မတော်တရော်
ကဲ့ရဲ့ခံကြရပါသည်၊ ထိုသို့သောဝတ္ထု လွန်ကျူးမှုကြောင့် ထို ပါစိတ်အာပတ်ကို
သဗ္ဗညူ မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ဂ–နာဝါဘိရုဟန သိက္ခာပုဒ် ပြီး၏။

၃-ဩဝါဒဝဂ်၊ ၉-ပရိပါစိတ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဇာနံ အာဝုသော ဘိက္ခုနိပရိပါစိတံ ပိဏ္ဍပါတံ ဘုဉ္ဇန္တဿ
ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ
ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဒေဝဒတ္တံ အာရဗ္ဘ ပညတ္တံ၊ ဒေဝဒတ္တော
ဘန္တေ ဇာနံ ဘိက္ခုနိပရိပါစိတံ ပိဏ္ဍပါတံ ဘုဉ္ဇိ၊ တသ္မိံ ဘန္တေ
ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘိက္ခုနီမက နှိုးဆော်တိုက်တွန်းပေးသဖြင့် ဒါယကာတို့က
လှူသော ဆွမ်းကို ဘိက္ခုနီမက တိုက်တွန်းနှိုးဆော်ပေးမှုန်းသိပါလျက် ဘုဉ်းပေး
သုံးဆောင်သော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို ပညတ်တော် မူခဲ့ပေ၏၊

ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ရှင်ဒေဝဒတ်သည် ထုလ္လနန္ဒာ ဘိက္ခုနီမ တို့က်တွန်းနှိုးဆော်၍ ပြီးစေသဖြင့် ဘိက္ခုနီမ စိမ်သော ဆွမ်းကို ဘိက္ခုနီမ နှိုးဆော်တို့က်တွန်း စိမ်သည်ကို သိပါလျက် သုံးဆောင်ခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စ ထိုသို့သော အကြောင်းဝတ္ထုကြောင့် ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၉-ပရိပါစိတ သိက္ခာပုဒ် ပြီး၏။

၃-ဩဝါဒဝဂ်၊ ၁၀-ရဟောနိသဇ္ဇ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုနိယာ သဒ္ဓိံ အာဝုသော ဧကော ဧကာယ ရဟော နိသဇ္ဇံ ကပ္ပေန္တသ္သ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ အာယသ္မန္တံ ဥဒါယိံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဒ္ဒေ ဥဒါယိ ဘိက္ခုနိယာ သဒ္ဓိံ ဧကော ဧကာယ ရဟော နိသဇ္ဇံ ကပ္ပေသိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘိက္ခုနီမနှင့် အတူတကွ တပါးခြင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေသော ရဟန်းအား အကြင်ပါစိတ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင်ဥဒါယီ မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်ဥဒါယီ မထေရ်သည် ရှေးလူဖြစ်စဉ်က ဇနီးဟောင်း ဖြစ်ခဲ့ဘူးသော ဘိက္ခုနီမနှင့် အတူတကွ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေခြင်းကို ပြုပါသည်၊ ထို့သို့သောဝတ္ထု ထို့သို့သော မှုခင်းကိစ္စကြောင့် ထို ပါစိတ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၁၀-ရဟောနိသဇ္ဇ သိက္ခာပုဒ် ပြီး၏။

ဩဝါဒဝဂ် အမေးအဖြေ ပြီး၏။

၄-ဘောဇနဝဂ်၊ ၁-အာဝသထပိဏ္ဍ သိက္ခာပုဒ်

ပုစ္ဆာ။ ။တတုတ္တရိ အာဝုသော အာဝသထပိဏ္ဍံ ဘုဉ္ဇန္တဿ ပါစိတ္တိယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယ ဘန္ဒေ ဆဗ္ဗဂ္ဂိယေ ဘက္ခူ။ အာရဗ္ဘ ပညတ္တ၊ ဆဗ္ဗဂ္ဂိယာ ဘန္ဒေ ဘိက္ခူ။ အနုဝသိတ္ဝာ အနုဝသိတ္ဝာ အာဝသထပိဏ္ဍံ ပရိဘုဉ္ဇိံသု၊ တသ္မိံ ဘန္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဤသည်တို့တည်းခိုရာ ဇရပ် မဏ္ဍပ် စသည်၌ စာတုဒ္ဒိသာ အနေအားဖြင့် ကျွေးမွေး လှူဒါန်းနေသော ဘောဇဉ်ကို ကျန်းမာသော ရဟန်းသည် တကြိမ်မျှသာ ဘုဉ်းပေး သုံးဆောင်ရန် မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏၊ ထို တကြိမ်ထက် ပိုမို၍ ထိုသို့သော အာဝသထပိဏ္ဍာဆမ်းကို ဘုဉ်းပေး သုံးဆောင်သော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည် နေ့စဉ်နေ့တိုင်း ဆက်ခါ ဆက်ခါ နေကြ၍ ဤသည်တို့ တည်းခိုရာ ဇရပ်မဏ္ဍပ်၌ စာတုဒ္ဒိသာ တည်ခင်း ကျွေးမွေးအပ်သော ဆွမ်းကို နေ့စဉ်တစေ ဆက်၍ဆက်၍ စားခဲ့ကြပါကုန်ပြီ၊ ထိုသို့သော ဝတ္ထု ။ပ။ အရှင်ဘုရား။

၁–အာဝသထပိဏ္ဍ သိက္ခာပုဒ် ပြီး၏။

၄-ဘောဇနဝဂ်၊ ၂-ဂဏဘောဇန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဂဏဘောဇနေ ပါစိတ္တိယံ အာဝုသော ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္ဒေ ဒေဝဒတ္တံ အာရဗ္ဘ ပညတ္တံ၊ ဒေဝဒတ္တော ဘန္ဒေ သပရိသော ကုလေသု ဝိညာပေတ္ဝာ ဘုဉ်း၊ တသ္မိံ ဘန္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။(က) လေးပါး လေးပါးထက် အလွန်ဖြစ်သော ရဟန်းတို့သည် ကိုယ်တိုင်တောင်းယူ၍ ဘောဇဉ်ငါးပါးကို သုံးဆောင်လျှင်၎င်း၊ (ခ) လူတို့၏

မအပ်စပ်သော ဝေါဟာရဖြင့် ဘောဇဉ် ငါးပါးကို ပင့်ဘိတ်၍ ကျွေးမွေးလှူဒါန်း သော်၎င်း ထိုသို့သောဘောဇဉ်ကို ဂဏ ဘောဇဉ် ဟု ခေါ်ဆို၏။

ထိုသို့သော ဂဏဘောဇဉ် ခေါ်သော ဆွမ်းကို လေးပါး ငါးပါး စသည်ဖြင့် တပေါင်းတည်း ခံယူ၍ သုံးဆောင်သော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ရှင်ဒေဝဒတ်သည် ယုတ်လျော့သော လာဘ်လာဘရှိသည် ဖြစ်၍ ပရိသတ်နှင့်တကွ ရာဇဂြိုဟ်ပြည်တွင်းဝယ် ထိုထိုအိမ်တို့၌ တောင်းရမ်း၍ တောင်းရမ်း၍ လေးပါး လေးပါးထက် အပိုအလွန် စုံရုံး၍ စားခဲ့ကြပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ။ပ။ဘုရား။

၂–ဘောဇန သိက္ခာပုဒ် ပြီး၏။

၄–ဘောဇနဝဂ်၊ ၃–ပရမ္မုခဘောဇန သိက္ခာပုဒ်

ပုဏ္ဏော။ ။ပရမ္မုခ ဘောဇနေ ပါစိတ္တိယံ အာဝုသော ဘဂဝတော ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနော။ ။ဝေသာလိယံ ဘန္ဒေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘန္ဒေ ဘိက္ခူ။ အညတြ နိမန္တိတာ အညတြ ဘုဥ္ဇိံသု၊ တသ္မိံ ဘန္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရွေးဦးဘိတ်သော ဒါယကာ၏ ဆွမ်းကို မစားမူ၍ နောက်မှ ဘိတ်သော ဒါယကာ၏ ဆွမ်းကို စားသော ရဟန်းအား အကြောင်း ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည် အရပ်၌ များစ္ဆာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ များစ္ဆာသော ရဟန်းတို့သည် တခြားတပါးသော ဒါယကာအိမ်၌ ဆွမ်းဘိတ်အပ်ပါကုန်လျက် ထို ဆွမ်းဘိတ်ရာ ဒါယကာအိမ်မှ တခြားတပါးသော အိမ်တို့ဝယ် ဆွမ်းဘုဉ်းပေးကြပါကုန်သည်၊ထိုသို့ ရွေးဘိတ်ရင်းစွဲ ဒါယကာအိမ်၌ ဆွမ်းကို မဘုဉ်းပေးဘဲ နောက်မှဘိတ်သည့် တခြားတပါးသော ဒါယကာအိမ်၌ ဆွမ်းကို ဘုဉ်းပေးခြင်း ဟူသော အကြောင်းဝတ္ထုကြောင့် ။ပ။ ဘုရား။

၃–ပရမ္မုခဘောဇန သိက္ခာပုဒ် ပြီး၏။

၄-ဘောဇနဝဂ်၊ ၄-ကာဏမာတု သိက္ခာပုဒ်

ပုစ္ဆာ။ ။ဒုတ္တိပတ္တပုဂ္ဂံ ပုဝံ ပဋိဂ္ဂဟေတ္ဝာ တတုတ္တရိ ပဋိဂ္ဂဏှန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘဒ္ဒေ ဘိက္ခူ။ နံ မတ္တာ ဇာနတ္ဝာ ပုဝံ ပဋိဂ္ဂဟေသု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ခရီးရိက္ခာအဖြစ် လက်ဆောင်အဖြစ်ဖြင့် ပြုလုပ်ထားသောမုန့်တို့ကို နှစ်သပိတ် သုံးသပိတ်ထက် အလွန် ခံယူသော ရဟန်းအား။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ များစွာသော ရဟန်းတို့သည် ခရီးသွားအံ့ဆဲဆဲ ဒါယကာ၏ များစွာသော မုန့်တို့ကို အတိုင်းအရှည်မသိဘဲ ခံယူကြပါကုန်ပြီ၊ ထိုသို့ ခံယူသဖြင့် ထို ဒါယကာမှာ ရိက္ခာမုန့်ပြတ်သဖြင့် အဖော်ကုန်သည်မှ ကျန်ရစ်ပြီးလျှင် နောက်မှ သွားရ၍ လမ်းခရီးဝယ် ခိုးသားဘေး သင့်ခဲ့ပါသည်၊ ထိုသို့သော ဝတ္ထု။ပ။ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘဒ္ဒေ ဇစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ယခု မေးခဲ့ဖြေခဲ့ပြီးသော ဥပခဇ္ဈ သိက္ခာပုဒ် အစရှိသော သိက္ခာပုဒ် အပေါင်းသည် ဘယ်ပုဂ္ဂိုလ်၏ စကားပါနည်း ငါ့ရှင်။

အဖြေ။ ။ယခု မေးခဲ့ ဖြေခဲ့ပြီးသော။ပ။ စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခယ ဘဒ္ဒေ အာဘတံ။

အမေး။ ။ဤ သိက္ခာပုဒ် အပေါင်းကို ဘယ်ပုဂ္ဂိုလ်သည် ဆောင်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤ ဆိုအပ်ခဲ့ပြီးသော သိက္ခာပုဒ် အပေါင်းကို ။ပ။ ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ နုခေါ အာဝုသော ဧတ္ထ ကောစိပိ ဝိရုဒ္ဓဒေါသော။

ဝိဿဇ္ဇနာ။ ။နတ္ထိ ဘဒ္ဒေ။

အမေး။ ။ယခု မေးဖြေခဲ့ပြီးသော သိက္ခာပုဒ် အပေါင်း၌ တစုံတခုသော ချွတ်ယွင်းချက်များ ရှိပါသေးသလော ငါ့ရှင်။

အဖြေ။ ။ဤ မေးဖြေခဲ့သော သိက္ခာပုဒ် အပေါင်း၌ သံဂီတိကာရက မထေရ်မြတ်တို့ ပုဗ္ဗဘာဂ ပရိကံ ကိစ္စ အဝဝကို ဆောင်ရွက်သောအခါ အဖန်ဖန် အထပ်ထပ် သုတ်သင် ပြင်ဆင်အပ်ပြီး ဖြစ်သဖြင့် တစုံတခု ချွတ်ယွင်းချက် အပြစ်ဒေါသ မရှိဖြစ်ပါသည် အရှင်ဘုရား။

သံဂါယနာဥာတ်

သုဏာတု မေ ဘန္တေ သံဃော ။ပ။ သံဂါယေယျာမ။

အရှင်ဘုရားတို့.... ။ပ။သံဂါယနာ တင်ကြပါကုန်စို့ သက်တော်ရှည် အရှင် ဘုရားတို့.... ။

၄–ကာဏမာတု သိက္ခာပုဒ် ပြီး၏။

၄-ဘောဇနဝဂ်၊ ၅-ပဌမပဝါရဏာ သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန သာဝုသော ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဘုတ္တာဝိနာ ပရိဝါတေန အနတိရိတ္တံ ခါဒနီယံဝါ ဘောဇနီယံဝါ ဘုဉ္ဇန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ။ ဘုတ္တာဝိ ပဝါရိတာ အညတြ ဘုဉ်ိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ။ပ။ ထို မြတ်စွာဘုရားသည် ဆုမ်း စားဆဲ အခါကာလ၌ ဆုမ်းလာ၍ ပေးသော ကပ်သောအခါ တော်ပြီ တန်ပြီ ပြည့်စုံ ပြီဟု တားမြစ်မိသဖြင့် **ပဝါရိတ်** သင့်ပြီးသော ရဟန်းသည် ဝိနည်းခိုရ ပုဂ္ဂိုလ်၏ စားကြွင်း စားကျန် အဖြစ်ကိုပြုသော **အတိရိတ်** ဝိနည်းကံကို မပြုမူ၍ ခဲဘွယ် ဘောဇဉ်ကို စားသောက်သော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို ပညတ် ထားတော် မူခဲ့ပေ၏။ ထို ပါစိတ်အာပတ်ကို ဘယ်မြို့ဒေသ၌။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်း ပြု၍ ပညတ်တော် မူအပ်ပါသည်၊ သာဝတ္ထိပြည်၌ များစွာသော ရဟန်းတို့သည် သဒ္ဓါတရားကြီးမားသော ဗြာဟ္မဏလုလင်၏ ဆုမ်းကိုစားပြီးလျှင် တန်ပြီ တော်ပြီဟု ပဝါရိတ်သင့်ပြီးမှ တခြားတပါးသော အကျွမ်းဝင်ရာ ဒါယကာ ဒါယိကာမတို့၏ အိမ်၌ တဖန် ထပ်မံ၍ ဆုမ်းကို သုံးဆောင်တော် မူကြပါသည်၊ ထို အခါ မူလဆုမ်း လှူရင်း ဗြာဟ္မဏ ဒါယကာ၏ ကဲ့ရဲ့ရွံ့ချခြင်းကို ခံရပါသည်၊ ထိုသို့သော ဝတ္ထု။ပ။ အရှင်ဘုရား။

၄-ဘောဇနဝဂ်၊ ၆-ဒုတိယ ပဝါရဏာ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုံ အာဝုသော ဘုတ္တာဝိံ ပဝါရိတံ အနတိရိတ္တေန ခါဒနီယေန ဘောဇနီယေန အဘိဟဋ္ဌုံ ပဝါရေန္တသ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု ဘိက္ခုံ ဘုတ္တာဝိံ ပဝါရိတံ အနတိရိတ္တေန ဘောဇနီယေန အဘိဟဋ္ဌုံ ပဝါရေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဆွမ်းစားခြင်းကိစ္စလည်း ပြီးပြီးသော ပဝါရိတ်လည်း သင့်ပြီးသော ရဟန်းကို အတိရိတ် ဝိနည်းကံ မပြုသော ခဲဘွယ်ဘောဇဉ်တို့ကို ရွေရွှေ့ဆောင်၍ သုံးဆောင်စေရန် တိုက်တွန်းဘိတ်မန်သော ရဟန်းအား အကြောင် ပါစိတ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ မထင်မရှား အညတရ ရဟန်းတပါးသည် ဆွမ်းစားပြီး၍ တန်ပြီ တော်ပြီ ဟု မြစ်မိသော ရဟန်းတပါးကို သက်သက်မဲ့ စောဒနာလိုသဖြင့် အတိရိတ် ဝိနည်းကံ မပြုအပ်သော ဘောဇဉ်ဖြင့် ဘိတ်ကြားခြင်း အမှု ရွေရွှေ့ဆောင်၍ ပြုခဲ့ပါပြီ၊ ထိုသို့သော ဝတ္ထု ။ပ။ အရှင်ဘုရား။

၆-ဒုတိယ ပဝါရဏာ သိက္ခာပုဒ် ပြီး၏။

၄-ဘောဇနဝဂ်၊ ၇-ဝိကာလဘောဇန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဝိကာလေ အာဝုသော ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ဘုဉ္ဇန္တသ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သတ္တရသဝဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သတ္တရသဝဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ဝိကာလေ ဘောဇနံ ဘုဉ္ဇိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။နေမ့နှင်းလွဲသော အချိန်ကာလ၌ ခဲဘွယ်ဘောဇဉ်ကို စားသောက်သော ရဟန်းအား အကြောင် ပါစိတ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိဟ်ပြည် အရပ်၌ သတ္တရသဝဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ သတ္တရသဝဂ္ဂိ ရဟန်းတို့သည် ရာဇဂြိဟ်ပြည် တောင်

ထိပ်သဘင် ပဲ့လမ်းကျင်းပသော အခါ ပဲ့ခင်းသို့ သွားကြသည့်အခါ ဒါယကာတို့က ခဲဘွယ်ဘောဇဉ်တို့ကို ကျွေးမွေးကြပါသည်၊ ထိုသို့ ကျွေးမွေးသော ခဲဘွယ်ဘောဇဉ်တို့ကို သိက္ခာပုဒ် မပညတ်မီ နေမွန်းလွဲသော အခါကာလ၌ စားသုံးခဲ့ကြပါကုန်ပြီ၊ ထိုသို့သော ဝတ္ထု။ပ။ အရှင်ဘုရား။

၂–ဝိကာလဘောဇန သိက္ခာပုဒ် ပြီး၏။

၄-ဘောဇနဝဂ်၊ ဂ-သန္နိဓိကာရက သိက္ခာပုဒ်

ပုစ္ဆာ။ ။သန္နိဓိကာရကံ အာဝုသော ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ဘုဥ္ဇန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ အာယသ္မန္တံ ဗေလဋ္ဌသီသံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဒ္ဒေ ဗေလဋ္ဌသီသော သန္နိဓိကာရကံ ဘောဇနံ ဘုဥ္ဇိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ပဌမနွေ့၌ အကပ်ံခံ၍ သိမ်းဆည်းထားသော ခဲဘွယ် ဘောဇဉ်ကို နောက်နွေ့မျှား၌ စားသုံးသော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင်အာနန္ဒာ၏ ဥပဇ္ဈာယ် ဆရာဖြစ်တော်မူသော အရှင် ဗေလဋ္ဌသီသကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အရှင် ဗေလဋ္ဌသီသသည် စျာန်သမာပတ်ကို နွေရှည်ရက်များ ဝင်စားရန် အလို့ငှါ ဆွမ်းဟင်းလျာမနှောက် အခြောက်ဖြစ်သော ဆွမ်းကိုသာ ယူဆောင်၍ ဆွမ်းခြောက် လှမ်းပြီးလျှင် နွေရှည်ရက်များ အာဟာရဖြင့် အလို့ရှိသောအခါ၌ စားသုံးတော် မူခဲ့ပါပြီ၊ ထိုသို့စားသုံးမှုကို ရဟန်းတော်များစွာတို့ ကဲ့ရဲ့သမှု ပြုခဲ့ကြပါပြီ၊ ထိုသို့သော ဝတ္ထု။ပ။ အရှင်ဘုရား။

ဂ–သန္နိဓိကာရက သိက္ခာပုဒ် ပြီး၏။

၄-ဘောဇနဝဂ်၊ ဃ-ပဏီတဘောဇန သိက္ခာပုဒ်

ပုစ္ဆာ။ ။ပဏီတ ဘောဇနာနိ အာဝုသော အတ္တနော အတ္ထာယ ဂိညာ-ပေတ္ဝာ ဘုဥ္ဇန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ပဏီတဘောဇနာနိ အတ္တနော အတ္ထာယ ဝိညာပေတ္ဝာ ဘုဥ္ဇံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ထောပတ် ဆီ ပျား သား ငါး စသည်တို့နှင့် ရောပြွမ်းသော ပဏီတဘောဇဉ်ဟု ခေါ်သော မွန်မြတ်သော ခဲဘွယ် ဘောဇဉ်ကို မိမိအတွက် တောင်းရမ်း အလှူခံ၍ စားသုံးသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် ထောပတ် ဆီ ပျား အမဲ သားငါး စသည်တို့နှင့် ရောနှောသော မွန်မြတ်သော ပဏီတဘောဇဉ်တို့ကို မကျန်းမမာမှု ဂိလာန အကြောင်းမရှိပါဘဲ ကိုယ်တိုင် တောင်းရမ်း၍ စားသုံးခဲ့ကြပါကုန်ပြီ၊ ထို့ကြောင့် စားသုံးသဖြင့် လူဒါယကာတို့ အကဲ့ရဲ့ခံရပါသည်၊ ထို့ကြောင့်သော ဝတ္ထု။ပ။ အရှင်ဘုရား။

၄-ဘောဇနဝဂ်၊ ၁၀-ဒန္တပေါန သိက္ခာပုဒ်

ပုစ္ဆာ။ ။အဒိန္နံ အာဝုသော မုခဒ္ဒါရံ အာဟာရံ အာဟာရေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု အဒိန္နံ မုခဒ္ဒါရံ အာဟာရံ အာဟာရိ၊ တသ္မာ ဘန္တေ ဝတ္ထုသ္မာ ပညတ္တံ။

အမေး။ ။လက်ထည်းသို့ ရောက်အောင် မပေးအပ် မကပ်အပ်သော စားဘွယ် သောက်ဘွယ် အာဟာရကို စားသုံးသော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အညတရ ရဟန်းတပါးသည် အလုံးစုံ ဓုတင်ဆောင် သဖြင့် ဝေသာလီပြည်၏ ပြင်ပရှိ သုသာန်အရပ်၌ နေပြီးလျှင် ကွယ်လွန်သော အဖိုးအဖွား စသည်ကို ရည်ညွှန်း၍ လှူဒါန်း တင်ဆက်အပ်သော ဘောဇဉ်တို့ကို အကပ်မခံဘဲ သုံးဆောင်ခဲ့ပါပြီ၊ထိုသို့ သုံးဆောင်သဖြင့် ဆိုင်ရာဆိုင်ရာ ဆွေမျိုးဥာတကာဖြစ်သော ဒါယကာ ဒါယကာမတို့ ကဲ့ရဲ့ခြင်းကို ခံခဲ့ရပါသည်၊ ထိုသို့သော၀တ္ထု။ပ။ အရှင်ဘုရား။

၁၀-ဒန္တဝေါန သိက္ခာပုဒ် ပြီး၏။

၄-ဘောဇနဝဂ် အမေးအဖြေ ပြီး၏။

၅-အစေလကဝဂ်၊ ၁-အစေလက သိက္ခာပုဒ်

ပဒ္ဓာ။ ။အစေလကဿဝါ အာဝုသော ပရိဗ္ဗာဇကဿဝါ ပရိဗ္ဗာဇိကာယဝါ သဟတ္ထာ ခါဒနီယံဝါ ဘောဇနီယံဝါ ဒေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ အာနန္ဒော အညတရိဿာ ပရိဗ္ဗာဇိကာယ ငကံ မညမာနော ဒေ့ ပူဝေ အဒါသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အဝတ်မဝတ်ဘဲ မိစ္ဆာအကျင့်ကို ကျင့်နေသော အစေလက တက္ကဒဏ်းအားဖြစ်စေ ပရိဗိုဇ်အားဖြစ်စေ ပရိဗိုဇ်မအား ဖြစ်စေ ခဲဘွယ်ဘောဇဉ်ကို ကိုယ်တိုင်လက်ဖြင့် ပေးသော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည် အရပ်၌ အရှင်အာနန္ဒာ မထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ ဝေသာလီပြည် မဟာဝုန်တော၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ ကျောင်းတော်ဝယ် မျှားစွာသော ခဲဘွယ် ဘောဇဉ်တို့ ပိုလျှံ၍ နေသဖြင့် မြတ်စွာဘုရားအား လျှောက်ထားသောအခါ၊သို့တပြီးကား ချစ်သား အာနန္ဒာ စားကြွင်းစားတို့အား ထို ပိုလျှံသော မုန့်တို့ကို ဝေငှလေဟု မြတ်စွာဘုရားက မိန့်ကြားသဖြင့် စားကြွင်းစား ဖြစ်သော ပရိဗိုဇ်တို့ကို အစဉ်အတိုင်း နေစေပြီးလျှင် တဦးတဦးအား တယ့်ကဲ့ တယ့်ကဲ့စီသော မုန့်တို့ကို ပေးဝေပါသည်၊ သို့ပေးဝေရာ၌ တယောက်သော ပရိဗိုဇ်မအား မုန့်တယ့်ကဲ့ကို သာလျှင် ပေးဝေအံ့ဟု အောက်မေ့ပါလျက် လွဲမှားပြီးလျှင် နှစ်ယ့်ကဲ့သော မုန့်တို့ကို ပေးခဲ့ပါပြီ၊ သို့ပေးသောအခါ အနိုးအပါးဖြစ်သော ပရိဗိုဇ်မတို့က မတော်တရော် ကဲ့ရဲ့ခြင်း အမှုပြုကြပါသည်၊ ထိုသို့သော၀တ္ထု။ပ။ အရှင်ဘုရား။

၁-အစေလက သိက္ခာပုဒ် ပြီး၏။

၅-အစေလကဝဂ်၊ ၂-ဥယျောဇန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုံ ဟောဝုသော ဂါမံဝါ နိဂမံဝါ ပိဏ္ဍာယ ပဝိသိဿာမာတိ တဿ ဒါပေတ္ဝာဝါ အဒါပေတ္ဝာဝါ ဥယျောဇေန္တဿ အာဝုသော ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ အာယသ္မန္တံ ဥပနန္ဒံ သက္ယပုတ္တံ အာရဗ္ဘ ပညတ္တာ၊ အာယသ္မာ ဘဒ္ဒေ ဥပနန္ဒော သက္ယပုတ္တော ဘက္ခု ဟော-ဝုသော ဂါမံ ပိဏ္ဍာယ ပဝိသိဿာမာတိ တဿ အဒါပေတ္ဝာ ဥယျောဇေသိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အခြားတပါးသော ရဟန်းကို ရဟန်းလာလေ့ ရှာတွင်းမြို့တွင်းသို့ ဆွမ်းခံ အတူ သွားကြကုန်အံ့ ဟု တမင် ခေါ်ပြီးလျှင်၊ လမ်းခုလပ်သို့ ရောက်သော အခါကာလကျမှ မိမိတကိုယ်တည်း လွတ်လွတ်လပ်လပ် ထင်သလိုပြုမူ ပြောဆိုလိုပြန်သော အကြောင်းကြောင့် ထို ရဟန်းအား တစုံတရာပေး၍ ဖြစ်စေ တစုံတရာ မပေးမူ၍ ဖြစ်စေ မိမိထံမှ ဖဲခွါသွားစေသော ရဟန်းအား အကြောင် ပါစိတ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ သာကီဝင်မင်းသား ဖြစ်သော အရှင်ဥပနန္ဒ မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အရှင်ဥပနန္ဒ မထေရ်သည် မိမိ၏ နောင်တော် ဖြစ်သော မထေရ်မြတ်၏ သဒ္ဓိဝိဟာရိက ဖြစ်သော ရဟန်းတပါးကို ဆွမ်းခံ အတူသွားရန် ခေါ်ငင်ပြီးလျှင် မြို့တွင်းသို့ ရောက်သောအခါ မိမိတပါးတည်း မတော်မလျော် လွတ်လွတ်လပ်လပ် ပြောဆို ကျင့်သုံးလိုသော အလိုဆိုးဖြင့် ထို အဖော်ခေါ်ခဲ့သော ရဟန်းကို တစုံတခု မပေးဘဲ....

ငါ့ရှင် သွားချေလော့....၊ ငါ့ရှင်နှင့်ငါ အတူတကွ စကားပြောရခြင်းဖြင့် အကျိုးမရှိ၊ ချမ်းသာခြင်း မရှိ၊ ငါတယောက်တည်း သွားရခြင်း ပြောရခြင်းက ချမ်းသာသည်ဟု မောင်းမဲ၍ လွတ်လိုက်ပါသည်။ ထိုသူသော ဝတ္ထု။ပ။ အရှင်ဘုရား။

၂-ဥယျောဇန သိက္ခာပုဒ် ပြီး၏။

၅-အစေလကဝဂ်၊ ၃-သဘောဇန သိက္ခာပုဒ်

ပုစ္ဆာ။ ။သဘောဇနေ ကုလေ အနုပခဇ္ဇ နိသဇ္ဇံ ကပ္ပေန္တဿ အာဝုသော ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ဥပနန္ဒံ သက္ယပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဥပနန္ဒော သက္ယပုတ္တော သဘောဇနေ ကုလေ အနုပခဇ္ဇ နိသဇ္ဇံ ကပ္ပေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရွှန့်ရင်းသော ကာမရာဂ ထကြွဖြစ်ပေါ်လျက်ရှိသော ဇနီးခင်ပွန်း နှစ်ဦးလုံး အစုံအလင်ရှိနေသော အမျိုးအိမ်ထည်းသို့ (ဒါယကာ-ဒါယိကာမအိမ်) ဝင်ရောက်၍ ထိုင်နေသော ရဟန်းအား အကြင် ပါစိတ် အာပတ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်ဥပနန္ဒမထေရ်သည် မေထုနရာဂ မကင်းမစဲ ဖြစ်ဆဲရှိနေသော ဇနီးမောင်နှံ နှစ်ယောက်တို့ အတူနေသော အိပ်ခန်းသို့ ဝင်ရောက်၍ နေထိုင်ခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၃-သဘောဇန သိက္ခာပုဒ် ပြီး၏။

၅-အစေလကဝဂ်၊ ၄-၅-ရဟောပဠိစ္ဆန္န, ရဟောနိသဇ္ဇ သိက္ခာပုဒ်

ပဠိစ္ဆာ။ ။မာတုဂါမေန သဒ္ဓိံ ရဟော ပဋိစ္ဆန္နေ အာသနေ နိသဇ္ဇံ ကပ္ပေန္တသဓ အာဝုသော မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ ရဟော နိသဇ္ဇံ ကပ္ပေန္တသဓ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ဥပနန္ဒံ သက္ယပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဥပနန္ဒော သက္ယပုတ္တော မာတုဂါမေန သဒ္ဓိံ ရဟော ပဋိစ္ဆန္နေ အာသနေ နိသဇ္ဇံ ကပ္ပေသိ၊ မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ ရဟော နိသဇ္ဇံ ကပ္ပေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။နံရံ စသည်ဖြင့် ကာကွယ်လျက် ရှိသော ဆိတ်ကွယ်ရာ အရပ်၌ မာတုဂါမနှင့် အတူထိုင်နေသော ရဟန်းအားဎင်း၊ နံရံစသည် မကွယ်သော်လည်း ပကတိပြောဆိုသော အသံကို အခြားသူတို့ မကြားနိုင်လောက်အောင် နား ဆိတ်ကွယ်ရာအရပ်၌ မာတုဂါမနှင့် အတူတကွ တယောက်ချင်းချင်း နေသော ရဟန်းအားဎင်း၊ အကြင် ပါစိတ် အာပတ်နှစ်မျိုးကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ သာကီဝင် မင်းသားဖြစ်သော အရှင်ဥပနန္ဒမထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်ဥပနန္ဒ မထေရ်သည် မိမိ၏ သူငယ်ချင်းဖြစ်သူ၏ အိမ်သို့သွားရောက်ပြီးလျှင် ထို သူငယ်ချင်း၏ ဇနီးနှင့်

နံရံစသည် ခြားကွယ်၍ မမြင်လောက်သော မျက်စိ ဆိတ်ကွယ်ရာ အရပ်၌ နေလည်း နေခဲ့ပါပြီ၊ ထို အိမ်၌ပင်လျှင် တစုံတယောက်သောသူတို့ ပြောဆိုသော အသံကို မကြားလောက်ရာ နားဆိတ်ကွယ်ရာ အရပ်၌ သူငယ်ချင်း၏ ဇနီးနှင့် တယောက် ချင်းချင်း ထိုင်နေလည်း နေခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင် ဘုရား။

၄-၅-ရဟောပဋိစ္ဆန္နရဟောနိသဇ္ဇ သိက္ခာပုဒ်နှစ်ပါး ပြီး၏။

၅-အစေလကဝဂ်၊ ၆-စာရိတ္တ သိက္ခာပုဒ်

ပုစ္ဆာ။ ။နိမန္တိတေန အာဝုသော သဘတ္တေန သန္တံ ဘိက္ခုံ အနာပုစ္ဆာ ပုရေဘတ္တံဝါ ပစ္ဆာဘတ္တံဝါ ကုလေသု စာရိတ္တံ အာပဇ္ဇန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဇ္ဇေ အာယသ္မန္တံ ဥပနန္ဒံ သက္ယပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဇ္ဇေ ဥပနန္ဒော သက္ယပုတ္တော နိမန္တိတော သဘတ္တော သမာနော ပုရေဘတ္တံ ပစ္ဆာဘတ္တံ ကုလေသု စာရိတ္တံ အာပဇ္ဇိ၊ တသ္မိံ ဘဇ္ဇေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဒါယကာ တဦးဦးကပင် ဘိတ်ထားသော ဆွမ်းရှိသည် ဖြစ်ပါလျက် ထို ဆွမ်းကို စားပြီးသည့်နောက် ကာလ၌ဖြစ်စေ ထို ဆွမ်းကို မစားမီ ရှေး ကာလ၌ ဖြစ်စေ ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ အခြားသော ဒါယကာ တို့အိမ်သို့သွားလာလှည့်လည်နေသော ရဟန်းအား အကြင်ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ အရှင်ဥပနန္ဒမထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်ဥပနန္ဒ မထေရ်သည် ဒါယကာတို့က ဆွမ်းစားပင့် ထားပြီး ဖြစ်ပါလျက်၊ ထို ဒါယကာတို့၏ဆွမ်းကို မစားမီ အခြားဒါယကာတို့၏ အိမ်သို့ လှည့်လည် ကျက်စား သွားလာတော် မူခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စ ကြောင့်။ပ။ အရှင်ဘုရား။

၆-စာရိတ္တ သိက္ခာပုဒ် ပြီး၏။

၅-အစေလကဝဂ်၊ ၇-မဟာနာမ သိက္ခာပုဒ်

ပုစ္ဆာ။ ။တတုတ္တရိ အာဝုသော ဘေသဇ္ဇံ ဝိညာပေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သင်္ကေသု ဘန္တေ ဆဗ္ဗဂိုယေ ဘိက္ခူ။ အာရဗ္ဘ ပညတ်၊ ဆဗ္ဗဂိုယာ ဘန္တေ ဘိက္ခူ။ မဟာနာမေန သင်္ကေန အဇ္ဈော ဘန္တေ အာဂ၊မေထာတိ ဝုစ္စမာနာ နာဂမေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ်ံ။

အမေး။ ။ဘိတ်မန်ထားသော ဆေးအပိုင်းအခြား ကာလအပိုင်းအခြား ထက် ပိုလွန်၍ ထောပတ် ဆီဥ ဆီ ပျား တင်လဲ တည်းဟူသော **သတ္တာဟကာလိက** ဆေးမျိုးတို့ကို တောင်းရမ်းအလှူခံသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သင်္ကတိုင်း ကပိလဝတ်ပြည် အရပ်၌ ဆဗ္ဗဂို ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂိုရဟန်းတို့သည် မဟာနာမ သာကီဝင်မင်း၏ အထံ၌ တမင်သက်သက် နှုလုံးမသာမယာ ဖြစ်စိမ့်သောငှါ တစိတ်သား အတိုင်းအရှည်ရှိသော ထောပတ်ကို အလိုရှိသည်ဟု တောင်းခံကြသောအခါ ယနေ့တရက် ဆိုင်းတွင့်လင့်တော်မူကြပါဦး တပည့်တော်၏ တပည့်များသည် နွားခြံ ရှိရာသို့ သွားကြပါသည်၊ အချိန်မှီ ထောပတ်များ ရပါလိမ့်မည်ဟု သုံးကြိမ်တိုင်တိုင် တောင်းပန်သော်လည်း မဆိုင်းမတွ မငှဲ့လင့်ဘဲ၊ သင်သည် မပေးလှူလိုဘဲ ဘိတ်ကြားသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု မဟာနာမသာကီဝင်အား စိတ်နှုလုံးမသာ မယာရှိအောင် ပြုခဲ့ ပြောခဲ့ကြပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၇-မဟာနာမ သိက္ခာပုဒ် ပြီး၏။

၅-အစေလကဝဂ်၊ ဂ-၉-၁၀-ဥယျုတ္တသေနာ စသော သိက္ခာပုဒ်သုံးပါး

ပုစ္ဆာ။ ။ဥယျုတ်တံ အာဝုသော သေနံ ဒဿနာယ ဂစ္ဆန္တဿ စ အတိရေက-တိရတ်တံ သေနာယ ဝသန္တဿ စ ဥယျောဓိကံ ဂစ္ဆန္တဿ စ ပါစိတ်တိယံ ကတ္ထ ပညတ်တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ်တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂိုယေ ဘိက္ခူ။ အာရဗ္ဘ ပညတ်၊ ဆဗ္ဗဂိုယာ ဘန္တေ ဘိက္ခူ။ ဥယျုတ်တံ သေနံ ဒဿနာယ အဂမံသု၊ တေ ယေဝ ဘန္တေ ဆဗ္ဗဂိုယာ ဘိက္ခူ။ အတိရေကတိရတ်တံ သေနာယ ဝသိံသု၊ တေ ယေဝ ဘန္တေ ဆဗ္ဗဂိုယာ ဘိက္ခူ။ ဥယျောဓိကံ အဂမံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ်တံ။

အမေး။ ။စစ်ချီတက်လာသော စစ်တပ်ကို ကြည့်ရှုရန် သွားသော ရဟန်း အားငင်း၊ စစ်တပ်ထည်း၌ သုံးရက်ထက် အလွန်နေထိုင်သော ရဟန်းအားငင်း

ထိုးရာ ခုတ်ရာ သတ်ရာ ဖြတ်ရာ စစ်မြေပြင် စစ်တလင်းသို့ သွားသော ရဟန်းအား ၎င်း အကြင် သုံးမျိုးသော ပါစိတ်အာပတ်တို့ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂို ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

(က) ဆဗ္ဗဂို ရဟန်းတို့သည် မြို့တော်မှ ထွက်လာသော စစ်တပ်ကို ကြည့်ရှုခြင်းငှါ စစ်တပ်ရှိရာ အရပ်သို့ သွားကြပါကုန်ပြီ၊ သို့သွားသဖြင့် မျှားစွာသော လူတို့ အကဲ့အရဲကို ခံကြရပါသည်။

(ခ) ထို ဆဗ္ဗဂို ရဟန်းတို့သည်ပင်လျှင် စစ်တပ်ထည်း၌ တစုံတခု မိမိတို့၏ ဆွေမျိုးဖြစ်သောသူ၏ မကျန်းမာမှု အစရှိသော အကြောင်းကြောင့် သွားရောက်ပြီးလျှင် သုံးညဉ့်ထက်အလွန် နေကြပါကုန်ပြီ။

(ဂ) ထို ဆဗ္ဗဂို ရဟန်းတို့ သည်ပင်လျှင် ထိုးရာ ခုတ်ရာ ပစ်ရာ ခတ်ရာ အရပ် သို့သွားရောက်၍ ကြည့်ရှုခဲ့ကြ ပါကုန်ပြီ၊ ထိုအခါ တယောက်သော ဆဗ္ဗဂို ရဟန်းအား မြွားမှန်ခဲ့ပါသည်၊ထိုအခါ မျှားစွာသော လူတို့ ကဲ့ရဲ့ ပြောင်လှောင်မှုကို ခံခဲ့ရပါသည်။

ထိုသို့သော မှုခင်းကိစ္စ သုံးမျိုးတို့ကြောင့် ထို ပါစိတ်အာပတ် သုံးမျိုးကို ။ပ။ ဘုရား။

၈-၉-၁၀-ဥယျူတ္တသေနာ စသော သိက္ခာပုဒ် သုံးပါး ပြီး၏။

၅-အစေလကဝဂ် အမေးအဖြေ ပြီး၏။

၆-သုရာပါန ဝဂ်၊ ၁-သုရာပါန သိက္ခာပုဒ်

ပုစ္ဆာ။ ။သုရာမေရယပါနေ အာဝုသော ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကသ္မာ ဝတ္ထုသ္မာ ပညတ္တ။

ဝိဿဇ္ဇနာ။ ။ကောသမ္မိယံ ဘန္တေ အာယသ္မန္တံ သာဂတံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ သာဂတော မဇ္ဇံ ပိဝိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သေရည် သေရက်ကို သောက်ခြင်းကြောင့် ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။ကောသမ္ဗီပြည် အရပ်၌ အရှင်သာဂတ မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်သာဂတ မထေရ်သည် သေအရက်ကို သောက်၍ ခရီးလမ်းလေးခွ၌ အမြင်မတော် လဲ၍နေပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၁–သုရာပါန သိက္ခာပုဒ် ပြီး၏။

၆–သုရာပါနဝဂ်၊ ၂–အဂ်ုလိပတောဒက သိက္ခာပုဒ်

ပုစ္ဆာ။ ။အဂ်ုလိပတောဒကေ အာဝုသော ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဘဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဘဂ္ဂိယာ ဘဒ္ဒေ ဘိက္ခူ။ ဘိက္ခုံ အဂ်ုလိပတောဒကေန ဟာသေသုံ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။လက်ချောင်းတို့ဖြင့် **ကလိထိုး** ၍ ကစားခြင်းကြောင့် အကြင် ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဘဂ္ဂိ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဘဂ္ဂိ ရဟန်းတို့သည် သတ္တရသဝဂ္ဂိ ဂိုဏ်းဝင်ဖြစ်သော ရဟန်းတပါးကို လက်ချောင်းတို့ဖြင့် ကလိထိုး၍ ကစားကြပါကုန်ပြီ၊ ထိုအခါ ထို ရဟန်းသည် အရယ်အူတက်၍ အသက်မရှူနိုင်ဘဲ ပျံလွန်တော် မူခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၂–အဂ်ုလိပတောဒက သိက္ခာပုဒ် ပြီး၏။

၆–သုရာပါနဝဂ်၊ ၃–ဟသဓမ္မ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဥဒကေ ဟသဓမ္မေ အာဝုသော ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ သတ္တရသဝဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သတ္တရသဝဂ္ဂိယာ ဘဒ္ဒေ ဘိက္ခူ။ အစိရဝတိယာ နဒိယာ ဥဒကေ ကီဠိံသု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရေထည်း၌ ကစားမြူးထူးခြင်း ဟူသော အကြောင်းကြောင့် အကြင် ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာ၀တ္ထိပြည် အရပ်၌ သတ္တရသ၀ဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သတ္တရသ၀ဂ္ဂီ ရဟန်းတို့သည် သာ၀တ္ထိပြည် အနီးရှိ အစိရ၀တီ မြစ်အတွင်း၌ ရေထည်း၀ယ် မြူးထူးပျော်ပါး ကစားခဲ့ကြပါကုန်ပြီ၊ ထို အခြင်းအရာကိုမြင်သဖြင့် ပသေနဒိကောသလ မင်းကြီးက မလ္လိကာ မိဖုရားအား "အဘယ်မလ္လိကာ....ရှင်မ၏ ရဟန္တာတို့သည် ရေအတွင်းမှာ မြူးထူးပျော်ပါး ကစားနေကြ ကုန်သည်" ဟု ပြက်ရယ် ပြောင်လှောင်မှု အပြု ခံခဲ့ရပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၃-သဟဓမ္မ သိက္ခာပုဒ် ပြီး၏။

၆-သုရာပါန၀ဂ်၊ ၄-အနာဒရိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။အနာဒရိယော အာ၀ုသော ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ၀တ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ကောသမ္ဗိယံ ဘဒ္ဒေ အာယသ္မန္တံ ဆန္နံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘဒ္ဒေ ဆန္နော အာပတ္တိယာ အနုယုဉ္ဇိယမာနော အနာဒရိယံ အကာသိ၊ တသ္မိံ ဘဒ္ဒေ ၀တ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သီတင်းသုံးဘော်တို့က သိက္ခာပုဒ် ပညတ်တော်ဖြင့် ဆိုဆုံးမသည်ရှိသော် ထိုသို့ ဆုံးမသော ပုဂ္ဂိုလ်အားဎင်း ဆုံးမသော ပညတ်တရားတော်အားဎင်း မရှိမသေ မထီလေးစား ပြုသော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။ကောသမ္ဗီပြည် အရပ်၌ အရှင်ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အရှင်ဆန္နမထေရ်သည် ရဟန်းတော်တို့က သိက္ခာပုဒ်ပြု၍ ဆုံးမစကား ပြောကြားသောအခါ ဆုံးမသော ရဟန်းတို့ကိုဎင်း ဖော်ပြသော သိက္ခာပုဒ်တို့ကိုဎင်း မထီမဲ့မြင် မရှိမသေ ပြုခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၄-အနာဒရိယ သိက္ခာပုဒ် ပြီး၏။

၆-သုရာပါနဝဂ်၊ ၅-ဘိဿပန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုံ ဘိဿပေန္တဿ အာဝုဿော ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခူ။ ဘိက္ခု ဘ သာပေသု၊ တသ္မာ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကြောက်မက်ဘုယ်ရာ အဆင်း အသံ စသည်ကို ဆောင်ပြ ပြောကြား၍ အခြားရဟန်းကို ခြောက်လှုန့်သော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် သတ္တရသဝဂ္ဂိ ရဟန်းတို့အား ကြောက်လန့်ဘုယ်သော အဆင်း ကြောက်လန့်ဘုယ်သော အသံကိုပြ၍ ခြောက်လှုန့်ခဲ့ကြပါကုန်ပြီ၊ သို့ခြောက်လှုန့်သဖြင့် သတ္တရသဝဂ္ဂိ ရဟန်းတို့သည် ကြောက်လန့်၍ ငိုကြွေးကြ ပါကုန်သည်၊ ရဟန်းတော်တို့ ပြေးလာကြ၍ အကြောင်းကို မေးသောအခါ ထို အခြင်းအရာကို ပြန်ကြား လျှောက်ထားသဖြင့် ရဟန်းတော်တို့က ဆဗ္ဗဂ္ဂိ ရဟန်းတို့ကို မျှားစ့ာ ကဲ့ရဲ့ကြ ပါကုန်သည်။

ထို့သို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၅-ဘိဿပန သိက္ခာပုဒ် ပြီး၏။

၆-သုရာပါနဝဂ်၊ ၆-ဧာတိက သိက္ခာပုဒ်

ပုစ္ဆာ။ ။ဧာတိ အာဝုသော သမာဒဟိတ္ဘာ ဝိသိဗ္ဗေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဘဂ္ဂေသု ဘဒ္ဒေ သမ္ဖဿုလေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သမ္ဖဿုလာ ဘဒ္ဒေ ဘိက္ခူ။ ဧာတိ သမာဒပေတ္ဘာ ဝိသိဗ္ဗေသုံ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မကျန်းမာခြင်းစသော အကြောင်းထူး မရှိပါဘဲ မိမိကိုယ်တိုင် မီးမွှေး၍ မီးလုံသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့၌ များစ့ာသော ရဟန်းတို့ကို အ
ကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစ့ာသော ရဟန်းတို့သည် ဆောင်းဥတု ရာသီအခါ အအေးဖြင့်
နှိပ်စက်အပ်သည်ဖြစ်၍ တခုသော ချောက်သွေ့သော အခေါင်းရှိသည့်
သစ်တုံးကို မီးတိုက် မီးကင်၍ မီးတိုက် မီးမွေး၍ မီးလုံးကြပါကုန်သည်။
ထိုအခါ ထို သစ်တုံးအတွင်း၌ ရှိသော မြွေဟောက်သည် မီးပူဖြင့် နှိပ်စက်
အပ်သည်ဖြစ်၍ ပြင်းစ့ာသော အမျက်ဒေါသ ထွက်ပြီးလျှင် ထို သစ်တုံးမှ
ထွက်၍ ရဟန်းတော်တို့ကို လိုက်ပါသည်။
ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၆-ဇောတိက သိက္ခာပုဒ် ပြီး၏။

၆-သုရာပါနဝဂ်၊ ၇-နဟာန သိက္ခာပုဒ်

ပုစ္ဆာ။ ။သြရေနဒ္ဓမာသံ အာဝုသော နဟာယန္တိဿ ပါစိတ္တိယံ ကတ္ထ
ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဂ္ဂေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊
သမ္မဟုလာ ဘဂ္ဂေ ဘိက္ခူ။ ရာဇာနမ္မိ ပဿိတ္ဝာ နဂရံတ္ဝာ
နဟာယိံသု၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မဇ္ဈိမဒေသ ဧါသော အိန္ဒြိယပြည် အလယ်ပိုင်း၌ နေသော
ရဟန်းသည် တဆဲ့ငါးရက် အတွင်း၌ တကြိမ် သာလျှင် ရေချိုးရန် မြတ်စ့ာဘုရား
ခွင့်ပြုတော် မူခဲ့၏၊ ထို တကြိမ်ထက် ပိုလွန်၍ ရေချိုးသော ရဟန်းအား အကြင်
ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ များစ့ာသော ရဟန်းတို့ကို အကြောင်း
ပြု၍ ပညတ်တော် မူအပ်ပါသည်။

များစ့ာသော ရဟန်းတို့သည် တပေါဒါမြစ်၌ ရေချိုး၍ နေသောအခါ
ဗိမ္မိသာရမင်းသည်လည်း ရေချိုးရန် လာရောက်ပါသည်၊ ရဟန်းတော်တို့
ရေချိုးနေဆဲ ဖြစ်သဖြင့် ရဟန်းတော်တို့ ရေချိုးပြီးမှ ရေချိုးအံ့ ဟု
ဗိမ္မိသာရမင်းသည် လျောက်ပတ်သော နေရာ၌ ဆိုင်းတွဲ၍ နေပါသည်၊
ရဟန်းတော်တို့က ဗိမ္မိသာရမင်းကြီးကို မြင်ပါလျက်လည်း ညမှောင်မိုက်
သည်တိုင်အောင် ရေချိုး၍ နေကြပါသည်။

ထိုအခါ ဗိမ္မိသာရမင်းသည် **အကာလ** ညအခါတိုင်မှ ရေချိုးရသဖြင့် မြို့တံခါး ပိတ်ထားရကား မြို့ပြင်မှာပင် တညဉ့်အိပ်၍ နံနက်မိုးသောက် ရောက်လတ်သောအခါ ဘုရားရှင်ထံမှောက် သွားရောက်၍ ထို အကြောင်း အရာကို လျှောက်ထားခဲ့ပါသည်။

ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ယခု မေးဖြေခဲ့ပြီးသော ။ပ။ ငါ့ရှင်။

အဖြေ။ ။လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက် သော။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခာယ ဘန္တေ အာဘတံ။

အမေး။ ။ဤ ဆိုခဲ့သော သိက္ခာပုဒ် အပေါင်းကို။ပ။ ငါ့ရှင်။

အဖြေ။ ။ပဌမသံဂါယနာ တင်ရာကာလ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ နုခေါ အာဝုသော ဇတ္ထ ကောစိပိ ဝိရဒ္ဓဒေါသော။

ဝိဿဇ္ဇနာ။ ။နတ္ထိ ဘန္တေ။

အမေး။ ။ဤ သိက္ခာပုဒ် များထည်းမှ တစုံတရာ ချွတ်ယွင်းချက်များ ရှိပါ သေးသလော ငါ့ရှင်။

အဖြေ။ ။မူလဝိသောဓက ပဋိဝိသောဓက ဩသာနသောဓက မထေရ် သူမြတ်တို့ အထပ်ထပ်အခါခါ ပြင်ဆင်သုတ်သင်အပ်ပြီး ဖြစ်ပါသဖြင့် တစုံတခု ချွတ်ယွင်းသော အပြစ်ဒေါသ မရှိဖြစ်ပါသည် အရှင်ဘုရား။

သင်္ဂါယနာဥဒ္ဒါတ်

သုဏာတု မေ ဘန္တေ သံဃော။ပ။ သံဂါယေယျာမ။

အရှင်မြတ်တို့ဘုရား။ပ။ သက်တော်ရှည် အရှင်ဘုရားတို့။

၇–နဟာန သိက္ခာပုဒ် ပြီး၏။

၆-သုရာပါနဝဂ်၊ ဂ-ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော။ပ။ သမာသမ္ဘုဒ္ဓေန အနာဒိယိတ္ဝာ တိဏ္ဏံ ဒုဗ္ဗဏ္ဏကရဏာနံ အညတရံ ဒုဗ္ဗဏ္ဏကရဏံ နဝံ စီဝရံ ပရိဘုဉ္ဇန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ သမ္ဗဟုလေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘဒ္ဒေ ဘိက္ခူ။ အတ္တနော စီဝရံ နံ သဥ္ဇာနိံ သု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထို မြတ်စွာဘုရားသည် မိမိ၏ သင်္ကန်းဌ သုံးမျိုးသော ကပ္ပဗိန္ဓု ထိုးခြင်းတို့တွင် တမျိုးမျိုးသော ကပ္ပဗိန္ဓု ထိုးခြင်း ဖြင့် အမှတ်အသား ပြုခြင်းကို မယူမူ၍ သင်္ကန်းအသစ်ကို ဝတ်ရုံသုံးဆောင်သော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်း ပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ရဟန်းတို့သည် သာကေတပြည်မှ သာဝတ္ထိပြည်သို့ လာ ရောက်သောအခါ ပရိဗိုဇ်တို့နှင့်အတူ လာရောက်ကြသဖြင့် လမ်းခရီး အကြားဝယ် ခိုးသားဓားပြတို့ ထွက်၍ ပရိဗိုဇ်တို့၏ သင်္ကန်း ရဟန်း တော်တို့၏ သင်္ကန်းတို့ကို လုယက်ကြပါကုန်သည်။

သာဝတ္ထိပြည်မှ မင်းခယောကျ်ား ရဲအဖွဲသားတို့သည် ထို ခိုးသား ဓားပြတို့ ကို ခိုးထုပ် ခိုးထည် ခိုးရာပါပစ္စည်းနှင့်တကွ ဘမ်းမိကြသဖြင့် ရဟန်းတော်တို့ အထံ မိမိတို့ သင်္ကန်းကို ရွေးချယ်ယူရန် လျှောက်ထားသည့်အခါ အမှတ် အသား ကပ္ပဗိန္ဓု မပါမရှိသဖြင့် မိမိ၏ သင်္ကန်းကို ရဟန်းတော်တို့ မမှတ်မိကြပါ။

ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

ဂ-ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ် ပြီး၏။

၆-သုရာပါနဝဂ်၊ ၁၀-စီဝရအပနိဓာန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုဿ အာဝုသော ပတ္တံ ဝါ စီဝရံ ဝါ နိသီဒနံ ဝါ သူစိဃရံ ဝါ ကာယဗန္ဓနံ ဝါ အပနိဓေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဘဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဘဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ဘိက္ခူနံ ပတ္တမိ စီဝရမိ အပနိဓေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အဓေမး။ ။တပါးသော ရဟန်း၏ သပိတ်ကိုဖြစ်စေ သင်္ကန်းကို ဖြစ်စေ နိသီဒိုင်ကိုဖြစ်စေ အုပ်ကျည်ကို ဖြစ်စေ ခါးပန်းကြိုးကို ဖြစ်စေ ကျိစားလိုသဖြင့် ဝှက်၍ထားသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဘဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဘဂ္ဂိရဟန်းတို့သည် သတ္တရသဝဂ္ဂိ ရဟန်းတို့၏ သပိတ်သင်္ကန်းကို ကျိစားလို မြှုထူးပျောပါး ကစားလိုသဖြင့် ဝှက်ကြပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၁၀–စီဝရ အပနိဓန သိက္ခာပုဒ် ပြီး၏။

၆–သုရာပါနဝဂ် အမေးအဖြေ ပြီး၏။

၇–သပ္ပါဏကဝဂ်၊ ၁–သဉ္စိစ္စ သိက္ခာပုဒ်

ပုစ္ဆာ။ ။သဉ္စိစ္စ အာဝုသော ပါဏံ ဇီဝိတာ ဝေါရောပေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ဥဒါယိံ အာရဗ္ဘ ပညတ္တံ အာယသ္မာ ဘန္တေ ဥဒါယိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အဓေမး။ ။သတ္တဝါဟူသော အမှတ်နှင့်တကွ သတ်လိုသော စေတနာဖြင့် အားထုတ်၍ တိရစ္ဆာန်သတ္တဝါကို အသက်မှုချသော သတ်သော ရဟန်းအား အကြင်ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင်ဥဒါယိ မထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

အရှင်ဥဒါယိမထေရ်သည် သတ်လိုသော ဝဓက စေတနာဖြင့် လုံ့လပြု၍ ကျီး သတ္တဝါတို့ကို မျှားစွာ သတ်ခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၁–သဉ္စိစ္စ သိက္ခာပုဒ် ပြီး၏။

၇-သပ္ပါဏကဝဂ်၊ ၂-သပ္ပါဏက သိက္ခာပုဒ်

ပုစ္ဆာ။ ။ဇာနံ အာဝုသော သပ္ပါဏကံ ဥဒကံ ပရိဘုဉ္ဇန္တိဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခူ။ ဇာနံ သပ္ပါဏကံ ဥဒကံ ပရိဘုဉ္ဇိံသု၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ပိုးရှိသော ရေကို ပိုးရှိမှန်း သိပါလျက် သောက်သုံးသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ပိုးရှိမှန်းသိပါလျက် သောက်လျှင် ပိုးသေမည်မှန်းလည်း သိပါလျက် သက်သက် သေစေလိုသော စေတနာဖြင့် ပိုးရှိသောရေကို သောက်သုံးခဲ့ကြပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၂-သပ္ပါဏက သိက္ခာပုဒ် ပြီး၏။

၇-သပ္ပါဏကဝဂ်၊ ၆-ထေယျသတ္ထ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဇာနံ အာဝုသော ထေယျသတ္ထေန သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇန်္တိဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘဂ္ဂေ ဘိက္ခု ဇာနံ ထေယျသတ္ထေန သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ်၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကင်းခွန် အကောက်တော်ခွန် မပေးရအောင် ရှောင်လွှဲ၍ ခိုးဝှက်လိုသော ကုန်သည်မှန်း သိပါလျက် ထိုသို့သော ကုန်သည်နှင့်အတူ တိုင်ပင်ညီညွတ်၍ ခရီးသွားသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

မထင်မရှား ရဟန်းတပါးသည် ကင်းကို ပုန်းလို ရှောင်လိုသော ကုန်သည် အပေါင်းနှင့် တိုင်ပင် ညီညွတ်၍ အဓွန့်ရှည်သော ခရီးသို့ သွားခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စ လွန်ကျူးမှုကြောင့် ။ပ။ ဘုရား။

၆-ထေယျသတ္ထ သိက္ခာပုဒ် ပြီး၏။

၇-သပ္ပါဏကဝဂ်၊ ၇-သံဝိဓာန သိက္ခာပုဒ်

ပုစ္ဆာ။ ။မာတုဂါမေန သဒ္ဓိံ အာဝုသော သံဝိဓာယ ဇေဒ္ဓါနမဂ္ဂံ ပဋိ-ပဇ္ဇန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အည-တရော ဘန္တေ ဘိက္ခု မာတုဂါမေန သဒ္ဓိံ သံဝိဓာယ ဇေဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မာတုဂါမနှင့် တိုင်ပင်ညီညွတ်၍ တကြောင်းတည်းသော ခရီးကို အတူတကွ သွားသော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်း ပြု၍ ပညတ်တော် မူအပ်ပါသည်။

အညတရ ရဟန်းတပါးသည် မာတုဂါမနှင့် တိုင်ပင်ညီညွတ်၍ တကြောင်း တည်းသော ခရီးကို အတူတကွ သွားခဲ့ပါပြီ၊ ထိုသို့ သွားသောအခါ ထို မာတုဂါမ၏ ခင်ပွန်းသည် ယောကျ်ား လိုက်ပါ၍ အထင်မှားပြီးလျှင် ရဟန်းအား ညှဉ်းပန်း နှိပ်စက်ခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၇-သံဝိဓာန သိက္ခာပုဒ် ပြီး၏။

၇-သပ္ပါဏကဝဂ် အမေးအဖြေ ပြီး၏။

၈-သဟဓမ္မိကဝဂ်၊ ၁-သဟဓမ္မိက သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခူဟိ အာဝုသော သဟဓမ္မိကံ ဝုစ္စမာနေန နာ တာဝါဟံ အာဝုသော ဧတသ္မိံ သိက္ခာပဒေ သိက္ခိဿာမိ၊ ယာဝ နာ အညံ ဘိက္ခုံ ဗျတ္တံ ဝိနယဓရံ ပရိပုစ္ဆိဿာမီတိ ဘဏန္တေ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ကောသမ္ဗိယံ ဘန္တေ အာယသ္မန္တံ ဆန္နံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဆန္နော ဘိက္ခူဟိ သဟဓမ္မိကံ ဝုစ္စမာနော နာ တာဝါဟံ အာဝုသော ဧတသ္မိံ သိက္ခာပဒေ သိက္ခိဿာမိ၊ယာဝ နာ အညံ ဘိက္ခုံ ဗျတ္တံ ဝိနယဓရံ ပရိပုစ္ဆိဿာမိတိ ဘဏိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သီတင်းသုံးဘော် ရဟန်းတို့က ဝိနည်း သိက္ခာပုဒ်တော်ဖြင့် ဆိုဆုံးမသောအခါ ငါ့ရှင်တို့ သင်တို့မှတပါးသော တတ်သိ နားလည်သော ဝိနည်းဓိုရ် ရဟန်းကို ဤ အကြောင်းအရာနှင့် စပ်လျဉ်း၍ ငါမေးမြန်း ပါဦးအံ့၊ ထိုသို့ မမေးမြန်းရသေးမီ ကာလ၌ သင်တို့ပြောပြသော ဝိနည်းသိက္ခာပုဒ်ကို ငါမကျင့်နိုင်သေးပါဟု ငြင်းပယ် ပြောဆိုသော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။ကောသမ္ဗီပြည် အရပ်၌ အရှင်ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အရှင်ဆန္နမထေရ်သည် ရဟန်းတော်တို့က သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သော အခါ....

ငါ့ရှင်တို့....အကြင်မျှလောက် သင်တို့မှ တပါးသော ဝိနည်း ဓိုရ် ရဟန်းတော်မျှားကို မမေးမြန်းရသေး၊ ထိုမျှလောက် သင်တို့ ပြောကြားသော သိက္ခာပုဒ်မျှား၌ ငါမလိုက်နာနိုင် မကျင့်နိုင်လိမ့်ဟူ၍ အပြောခက် အဆိုခက် ပြောဆိုခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၁-သဟဓမ္မိက သိက္ခာပုဒ် ပြီး၏။

၈-သဟဓမ္မိကဝဂ်၊ ၂-ဝိလေခန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဝိနယံ ဝိဝဏ္ဏေန္တသ္သ အာဝုသော ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဝိနယံ ဝိဝဏ္ဏေသုံ၊တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဝိနည်းကို ကဲ့ရဲ့ရှုတ်ချသော ရဟန်းအား ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာဝတ္ထိပြည် အရပ်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ ဝိနည်းကို များစွာ ချီးမွမ်းသဖြင့် ရဟန်းတော် အများတို့သည် အရှင်ဥပါလိထံ၌ ဝိနည်းကို သင်ယူကြပါသည်။

ထိုအခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရဟန်းတော်တို့ အကယ်၍ ဝိနည်းကို တတ်ကုန်သည်ရှိသော် ငါတို့ကို အလိုရှိတိုင်း နှိပ်ကပ်နှိုင်းကြလိမ့်မည်ဟု စိုးရိမ်ကြသဖြင့် ရဟန်းတော်တို့ အထံဝယ် ဝိနည်းပိဋကတ်၏ ကျေးဇူးမဲ့ကို ပြောဆိုကြပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၂-ဝိလေခန သိက္ခာပုဒ် ပြီး၏။

ဂ-သဟဓမ္မိကဝဂ်၊ ၃-မောဟန သိက္ခာပုဒ်

ပုစ္ဆာ။ ။မောဟနကေ အာဝုသော ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကသ္မာ ဝတ္ထုသ္မာ ပညတ္တ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ မောဟေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ပါတိမောက် ပြသောအခါကာလ၌ ထို ပြသောပါတိမောက် သိက္ခာပုဒ်တို့ကို ကြားရသဖြင့် ထို ဝိနည်း သိက္ခာပုဒ် အရကို နားမလည်လေယောင် မသိလေယောင် မသိသဖြင့် လွန်ကျူးမိလေယောင် ဟန်ဆောင်သော ရဟန်း အား အကြင် ပါစိတ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် သိက္ခာပုဒ်ကို လွန်ကျူးကြပြီးလျှင် လခွဲတကြိမ် ပါတိမောက်ပြသော အခါ၌ မိမိတို့သည် မသိသဖြင့်သာ ထို သိက္ခာပုဒ်များကို လွန်ကျူးသည်အယောင် မသိသယောင် ပြောဆိုကြပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၃-မောဟန သိက္ခာပုဒ် ပြီး၏။

၈-သဟဓမ္မိကဝဂ်၊ ၄-၅-ပဟာရ နှင့် တလသတ္တိက သိက္ခာပုဒ်နှစ်ပါး

ပုစ္ဆာ။ ။ဘိက္ခုဿ အာဝုသော ကုပိတေန အနတ္တမနေန ပဟာရံ ဒေန္တဿ စ တလသတ္တိကံ ဥဂ္ဂိရန္တဿ စ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ကုပိတာ အနတ္တမနာ သတ္တရသဝဂ္ဂိယာနံ ဘိက္ခူနံ ပဟာရံ အဒံသု၊ တလသတ္တိကဉ္စ ဥဂ္ဂိရိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။တပါးသော ရဟန်းကို စိတ်ဆိုးသဖြင့် ရိုက်နှက်သော ရဟန်းအား၎င်း ရိုက်နှက်ရန် လက်ဝါးပြင်မိုး၍ ဟန်ပြင်သော ရဟန်းအား၎င်း အကြင် ပါစိတ်အာပတ် နှစ်ပါးကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် အမျက်ထွက် စိတ်ဆိုးကုန်သည်ဖြစ်၍ သတ္တရသဝဂ္ဂိ ရဟန်းတို့အား ရိုက်လည်း ရိုက်နှက်ခဲ့ကြ ပါကုန်ပြီ၊ ရိုက်နှက်ဘို့ရန် လက်ဝါးပြက်ဖြင့်လည်း မိုးကြ ပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စ နှစ်ပါးကြောင့် ထို ပါစိတ် အာပတ်နှစ်ပါးကို။ပ။ အရှင်ဘုရား။

၄-၅-ပဟာရ နှင့် တလသတ္တိက သိက္ခာပုဒ် ၂-ပါး ပြီး၏။

၈-သဟဓမ္မိကဝဂ်၊ ၇-သဉ္ဇိစ္စ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုဿ အာဝုသော သဉ္ဇိစ္စ ကုက္ကုစ္စံ ဥပဒဟန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ဘိက္ခူနံ သဉ္ဇိစ္စ ကုက္ကုစ္စံ ဥပဒဟိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။တပါးသော ရဟန်းအား အလို့လို ကုက္ကုစ္စ ဖြစ်စေကာ စိတ်နှလုံးမသာမယာ ဖြစ်စေသော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းတို့အား ငါ့ရှင်တို့သည် အသက်နှစ်ဆယ် မပြည့်မီက ၊ရဟန်းပြုကြ ပါကုန်သည်၊ အသက်နှစ်ဆယ် မပြည့်သေးသော သူအား ရဟန်းပြုရန်ကို မြတ်စွာဘုရား တားမြစ်တော် မူအပ်ပြီ၊ ငါ့ရှင်တို့သည် ရဟန်းဟုတ်မှ ဟုတ်ပါလေကုန်စ္ဓ ဟု သတ္တရသဝဂ္ဂီ ရဟန်းတို့အား အလို့လို့ ကုက္ကုစ္စ ဖြစ်စေခဲ့ကြ ပါသည်၊ ဤသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၂-သဉ္ဇိစ္စ သိက္ခာပုဒ် ပြီး၏။

ဂ-သဟဓမ္မိကဝဂ်၊ ဂ-ဥပဿုတိ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခူနံ အာဝုသော ဘဏ္ဍနဇာတာနံ ကလဟဇာတာနံ ဝိဝါဒါပန္နာနံ ဥပဿုတိံ တိဋ္ဌန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခူ ဘိက္ခူနံ ဘဏ္ဍနဇာတာနံ ကလဟဇာတာနံ ဝိဝါဒါပန္နာနံ ဥပဿုတိံ တိဋ္ဌတိ သု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိ ပညတ္တာ။

အမေး။ ။မိမိနှင့် ခိုက်ရန်ဒေါသဖြစ်သော တဘက်သား ရဟန်းတို့၏ စကား ပြောဆိုနေရာ အနီးအပါး အရပ်၌ တိတ်တဆိတ် သွားရောက်၍ နားထောင်ပြီးနေသော ရဟန်းအား အကြင် ပါစိတ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် လဇ္ဇီပေသလ ရဟန်းတော်တို့နှင့် ခိုက်ရန်ဖြစ်ကြပြီး လျှင် လဇ္ဇီပေသလ ရဟန်းတော်တို့ ပြောဆိုသော စကားကို စောဒနာအံ့ ဟူသော နှလုံးသွင်းဖြင့် ထို ရဟန်းတို့ ပြောကြားသော အရပ်၏ အနီးအပါးမှ တိတ်တဆိတ် နာယူခဲ့ကြ ပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

ဂ-ဥပဿုတိ သိက္ခာပုဒ် ပြီး၏။

ဂ-သဟဓမ္မိကဝဂ်၊ ၉-ကမ္မပဋိဗာဟန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဓမ္မိကာနံ အာဝုသော ကမ္မာနံ ဆန္ဒံ ဒတ္ဝာ ပစ္ဆာ ခီယနဓမ္မံ အာပဇ္ဇန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ဓမ္မိကာနံ ကမ္မာနံ ဆန္ဒံ ဒတ္ဝာ ပစ္ဆာ ခီယနဓမ္မံ အာပဇ္ဇံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။တရားနှင့် ညီညွတ်သော **သံဃကံ** တို့အား သဘောတူကြောင်း ဆန္ဒပေးပြီးလျှင် နောင်အခါ ကာလ၌ ထို ကံတို့ကို ကဲ့ရဲ့သော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အစကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည် တရားနှင့် လျော်ညီသော ဓမ္မကံ ဖလေးပါးတို့အား ရှေးအဘို့က သဘောတူကြောင်း ဆန္ဒပေးပြီးမှ နောက် ကာလ၌ ကဲ့ရဲ့ရွတ်ချ ကြပါကုန်သည်၊ ထို့သို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင် ဘုရား။

၉-ကမ္မပဋိဗာဟန သိက္ခာပုဒ် ပြီး၏။

၈-သဟဓမ္မိကဝဂ်၊ ၁၀-ဆန္ဒံ အဒတ္ဝာဂမန သိက္ခာပုဒ်

ပုစ္ဆာ။ ။သံဃေ အာဝုသော ဝိနိစ္ဆယကထာယ ဝတ္တမာနာယ ဆန္ဒံ အဒတ္ဝာ ဥဋ္ဌာယာသနာ ပက္ကမန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဆဗ္ဗဂ္ဂိယော ဘိက္ခု သံဃေ ဝိနိစ္ဆယကထာယ ဝတ္တမာနာယ ဆန္ဒံ အဒတ္ဝာ ဥဋ္ဌာယာသနာ ပက္ကာမိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သံဃအစည်းအဝေး၌ အဆုံးအဖြတ် စကားဖြစ်ပေါ်လာသော အခါ သဘောတူကြောင်း ဆန္ဒမပေးမူ၍ နေရာမှထ၍ အခြားတပါးသို့ ဖဲသွားသော ရဟန်းအား ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ဆဗ္ဗဂ္ဂိဂိုဏ်းဝင် ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိဂိုဏ်းဝင် ရဟန်းတပါးသည် သံဃာတော်၌ ဝိနိစ္ဆယ စံကား ပြုလုပ်အံ့ ဆဲဆဲဝယ် များစွာ ကဲ့ရဲ့ရွတ်ချ၍ သံဃာတော်အား မိမိ၏

သဘောတူကြောင်း ဆန္ဒမပေးဘဲ၊ တစုံတခု ကျင်ကြီး ကျင်ငယ် နှိပ်စက်ခြင်း အစရှိသော အကြောင်းထူးလည်း မရှိပါဘဲ သက်သက်မဲ့ သံဃာ့ ပျက်စေလိုသဖြင့် နေရာမှ ထပြီး ဖဲသွားခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၁၀-ဆန္ဒံအဒတ္ဝာဂမန သိက္ခာပုဒ် ပြီး၏။

ဂ-သဟဓမ္မိကဝဂ်၊ ၁၂-ပရိဏာမန သိက္ခာပုဒ်

ပုစ္ဆာ။ ။ဇာနံ အာဝုသော သံဃိကံ လာဘံ ပရိဏတံ ပုဂ္ဂလဿ ပရိဏာမေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခူ။ ဇာနံ သံဃိကံ လာဘံ ပရိဏတံ ပုဂ္ဂလဿ ပရိဏာမေသုံ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သံဃာတော်အား ပေးလှူရန် ညွှတ်ပြီးသော သံဃိက လာဘ်လာဘကို ပုဂ္ဂိုလ် တပါးပါးအား လှူစေရန် ညွှတ်စေသော ရဟန်းအား အကြောင်ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် သံဃာတော်အား ညွှတ်ထားသော လာဘ်မှန်း သိပါလျက် မိမိတို့၏ ဂိုဏ်းဝင် ဆဗ္ဗဂ္ဂိရဟန်း ပုဂ္ဂိုလ်အား လှူဒါန်းစေဘို့ရန် ဒါယကာတို့အား ပြောကြားညွှတ်စေခဲ့ပါပြီ။

ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၁၂-ပရိဏာမန သိက္ခာပုဒ် ပြီး၏။

သဟဓမ္မိကဝဂ် အမေးအဖြေ ပြီး၏။

ဃ-ရတနဝဂ်၊ ၁-အန္တောပုရ သိက္ခာပုဒ်

ပုစ္ဆာ။ ။ပုဗ္ဗေ အပ္ပဋိသံဝိဒိတေန အာဝုသော ရညော အန္တောပုရံ ပဝိသန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ အာနန္ဒော ပုဗ္ဗေ အပ္ပဋိသံဝိဒိတော ရညော အန္တေပုရံ ပါဝိသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မိမိလာရောက်ကြောင်းကို ရှေးဦးစွာ မသိစေဘဲ မတိုင်ကြားဘဲ မင်း၏ အိမ်တော်သို့ ရုတ်တရက် ဝင်သော ရဟန်းအား ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင်အာနန္ဒာ မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အရှင်အာနန္ဒာမထေရ်သည် ရှေးအဘို့က မိမိလာရောက်ကြောင်း ပသေနဒီကောသလမင်းအား အကြောင်းမကြား မသိစေဘဲ ပသေနဒီ ကောသလမင်းကြီး၏ နန်းတော်ဆောင်တွင်းသို့ ကြွရောက်တော် မူခဲ့ပါပြီ၊ ထို့သို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၁-အန္တေပုရ သိက္ခာပုဒ် ပြီး၏။

၉-ရတနဝဂ်၊ ၂-ရတန သိက္ခာပုဒ်

ပုစ္ဆာ။ ။ရတနံ အာဝုသော ဥဂ္ဂဏှန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု ရတနံ ဥဂ္ဂဟေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကျောင်းတိုက် အတွင်း၌ဖြစ်စေ, ခေတ္တနေထိုင်ရာ ဇရပ်စသော အရပ်အတွင်း၌ဖြစ်စေ ဒါယကာတို့ မေ့ကျန်ရစ်သော အဘိုးထိုက် အဘိုးတန် ပစ္စည်းမျှားကို မပျောက်ပျက်စေရန် ကောက်ယူသိမ်းထားခွင့် ရှိပေ၏။

ထိုမှ တပါးသော အခြားအရပ်ဌာနတို့၌ ဒါယကာတို့ မေ့ကျန်ရစ်သော ရတနာ ဆယ်ပါးကို ဖြစ်စေ, ရတနာ ဟု သမုတ်အပ်သော အဘိုးထိုက် အဘိုးတန် ဝတ္ထုပစ္စည်းကိုဖြစ်စေ သိမ်းဆည်းရန် ကောက်ယူသော ရဟန်းအား ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အညတရ ရဟန်းတပါးသည် သာဝတ္ထိပြည် အစိုရဝတီ မြစ်ကမ်းနား၌ ရေချိုး၍ နေသောအခါ ပုဏ္ဏားတယောက် မေ့ကျန်ရစ်သော ငါးရာ

ပါရှိသော ရတနာထုပ်ကို ထို ပုဏ္ဏားလာရောက်သောအခါ ပေးအံ့ ဟု ကြံစည်ပြီး ကောက်ယူ၍ ထားခဲ့ပါသည်။

ပစ္စည်းမဲ့ကျန်ရစ်သော ပုဏ္ဏားလာရောက်၍ "အရှင်ဘုရား တပည့်တော်၏ ရတနာအိတ် ငွေအိတ်ကို ရပါသလား" ဟု မေးမြန်းသောအခါ ယခုပင်သင်၏ ငွေအိတ်ကို ယူလော့ ဟု မိမိကောက်ယူ သိမ်းဆည်းထားသော ငါးရာတန် ငွေအိတ်ကို ပေးခဲ့ပါသည်။

ထိုအခါ ငွေရှင် ရတနာအိတ်ရှင် ပုဏ္ဏားသည် ဆုလာဘ်ပေးရမည်ကို မပေးလိုသဖြင့် ပရိယာယ် ဝက်ဝုတ္တိ ဉာဏ်ဖြင့် "အရှင်ဘုရား တပည့်တော်၏ ရတနာအိတ်ဝယ် ငါးရာမဟုတ်၊ တထောင်ဖြစ်ပါသည်" ဟု မဟုတ်မတရား ပြောကြားပြီးလျှင် ရတနာထုပ်ကို ကောက်ယူ၍ သိမ်းဆည်းထားသော ရဟန်းအား နှိပ်စက်ပြန်ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၂-ရတန သိက္ခာပုဒ် ပြီး၏။

၉-ရတနဝဂ်၊ ၃-ဝိကာလဂါမပ္ပဝိသန သိက္ခာပုဒ်

ပုစ္ဆာ။ ။သန္တံ အာဝုသော ဘိက္ခုံ အနာပုစ္ဆာ ဝိကာလေ ဂါမံ ပဝိသန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခူ။ သန္တံ ဘိက္ခုံ အနာပုစ္ဆာ ဝိကာလေ ဂါမံ ပဝိသိံ သု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ထင်ရှားရှိသော ရဟန်းကို မပန်ကြားပါဘဲ ရှာတွင်း မြို့တွင်းသို့ နေမွန်းလွဲသော အခါ၌ သွားရောက်သော ရဟန်းအား အကြင် ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် မိမိ၏ အနီးအပါး၌ ထင်ရှားရှိသော ရဟန်းတို့ကို မပန်မကြားမူ၍ နေမွန်းလွဲသော အခါကာလဝယ် မြို့တွင်း ရွာတွင်းသို့ ဝင်ခဲ့ပါပြီ၊ ထိုသို့ ဝင်သဖြင့် ဒါယကာတို့ မျှားစ့ဉာ အကဲ့ရဲ့ ခံခဲ့ရပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၃-ဝိကာလဂါမပ္ပဝိသန သိက္ခာပုဒ် ပြီး၏။

ရတနဝဂ် အမေးအဖြေ ပြီး၏၊

ပါဠိဒေသနာ

၃-တတိယပါဠိဒေသနာ သိက္ခာပုဒ်

ပုစ္ဆာ။ ။သေက္ခသမ္မတေသု အာဝုသော ကုလေသု ခါဒနီယံ ဝါ ဘောဇနီ-
ယံ ဝါ သဟတ္ထာ ပဋိဂ္ဂဟေတ္ဝာ ဘုဉ္ဇန္တဿ ပါဠိဒေသနီယံ ကတ္ထ
ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ သမ္ဗဟုလေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊
သမ္ဗဟုလာ ဘဒ္ဒေ ဘိက္ခူ။ နမတ္တံ ဇာနိတ္ဝာ ပဋိဂ္ဂဟေသုံ၊ တသ္မိံ
ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သဒ္ဓါတရား လွန်စွာပွါးများ၍ ပစ္စည်းရှားပါးသော သမီး ခင်ပွန်း (ဇနီးခင်ပွန်း) နှစ်ဦးစုံရှိသော ဒါယကာတို့ အိမ်တို့၌ သမီးခင်ပွန်း (ဇနီးခင်ပွန်း) နှစ်ဦးစုံရှိသော ဒါယကာ ဒါယိကာမတို့ကို သံဃာတော်က **သေက္ခ** ဟု သမုတ်ရ၏။

ထိုသို့ **သေက္ခ** ဟု သမုတ်ထားသော ဒါယကာ ဒါယိကာမတို့အိမ်၌ ခဲဘွယ် ဘောဇဉ်ကို ကိုယ်တိုင်ခံယူ၍ သုံးဆောင်သော ရဟန်းအား အကြင် **ပါဠိဒေသနီ** မည်သော အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ပါဠိဒေသနီ အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်း ပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ရဟန်းတို့သည် သဒ္ဓါတရား လွန်စွာပွါး၍ ပစ္စည်းဥစ္စာ ရှားပါးသဖြင့် သေက္ခဟူ၍ သမုတ်အပ်သော ဇနီးမောင်နှံတို့အိမ်၌ တပါး ပြီးလျှင်တပါး တပါးပြီးလျှင်တပါး အဝင်အထွက် မစဲနိုင်လောက်အောင် အတိုင်းအရှည်ကို မသိကြဘဲ ဘောဇဉ်ကို ခံယူခဲ့ကြပါပြီ။

ထိုသို့ ခံယူသဖြင့် ထို သေက္ခဟု သမုတ်ခံရသော သဒ္ဓါတရား လွန်စွာပွါး၍ ပစ္စည်းဥစ္စာ ရှားပါးသော ဇနီးမောင်နှံ သူတော်စင်တို့သည် ထမင်းငတ်ခဲ့ ပြတ်ခဲ့ရ ပါသည်။

ထိုသို့သော မှုခင်းကိစ္စ ထိုသို့သော လွန်ကျူးမှုကြောင့် ထို **ပါဠိဒေသနီ** မည်သော အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

တတိယ ပါဠိဒေသနီ သိက္ခာပုဒ် ပြီး၏။

ပါဠိဒေသနီ အမေးအဖြေ ပြီး၏။

သေခိယ ကဏ္ဍ

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ ပုရတော ဝါ ပစ္ဆတော ဝါ သြလမ္မေန္တေန နိဝါသေန္တဿစ ပါရုပန္တဿစ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခူ။ ပုရတော စ ပစ္ဆတော စ သြလမ္မေန္တာ နိဝါသေသုံစေဝ ပါရုပိံသုစ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အဝန်းညီအောင် ဝတ်ရုံရမည်ဟု ပညတ်ထားသော ပရိမဏ္ဍလသိက္ခာပုဒ်တော်ကို မရိုသေ မလေးစားသဖြင့် ရှေ့မှဌင်း နောက်မှဌင်း တိုးလိုတဲ့လဲ ချ၍ ဝတ်ရုံသော ရဟန်းအား အကြင်ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း ကိစ္စကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရှေ့မှဌင်း နောက်မှဌင်း တိုးလို့ တဲ့လဲ မညီမညွတ် အဝန်း မညီဘဲ သင်္ကန်းကို ဝတ်လည်း ဝတ်ခဲ့ပါပြီ၊ ရုံလည်း ရုံခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို နှစ်ပါးသော ဒုက္ကဋ်အာပတ် သေခိယ သိက္ခာပုဒ်တော်တို့ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ ကာယံ ဝိဝရိတ္ဝာ အန္တရဃရေ ဂစ္ဆန္တဿ စ နိသီဒန္တဿ စ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခူ။ ကာယံ ဝိဝရိတ္ဝာ အန္တရဃရေ ဂစ္ဆိံသု စေဝ နိသီဒိံသုစ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သိက္ခာပုဒ်တော်ကို မရိုသေသဖြင့် ကိုယ်ကို ဖွင့်လှစ်၍ သင်္ကန်း မရုံဘဲ ရွာထည်း ရပ်ထည်း၌ သွားသော ရဟန်းအားဌင်း ရွာထည်း ရပ်ထည်း၌ သင်္ကန်းမရုံဘဲ ထိုင်နေသော ရဟန်းအားဌင်း အကြင် ဒုက္ကဋ်အာပတ်နှစ်ပါးကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကိုပင် အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် သင်္ဃန်းကို မရုံဘဲ မြို့တွင်းရွာတွင်း၌ ကိုယ်ကို ဖွဉ့်လှစ်၍ သွားလည်း သွားခဲ့ကြပါကုန်ပြီ၊ နေလည်း နေထိုင်ခဲ့ကြပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ ဟတ္ထံ ဝါ ပါဒံ ဝါ ကီဋ္ဌာပေန္တေန အန္တရဃရေ ဂစ္ဆန္တဿ စ နိသီဒန္တဿ စ၊ တဟံ တဟံ သြလောကေန္တေန အန္တရဃရေ ဂစ္ဆန္တဿ စ နိသီဒန္တဿ စ၊ ဥက္ခိတ္တကာယ အန္တရဃရေ ဂစ္ဆန္တဿ စ နိသီဒန္တဿ စ ဒုက္ကဋ်ံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခူ။ ဟတ္ထမ္မိ ပါဒမ္မိ ကီဋ္ဌာပေန္တာ တဟံ တဟံပိ သြလောကေန္တာ အန္တရဃရေ ဂစ္ဆိံသုစေဝ နိသီဒိံသု စ၊ တေ ယေဝ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ။ ဥက္ခိတ္တကာယ အန္တရဃရေ ဂစ္ဆိံသုစေဝ နိသီဒိံသု စ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သိက္ခာပုဒ်တော်ကို မရိုသေသဖြင့် လက်ခြေတို့ကို ကစား စေလျက် ကာယိန္ဒြေကို မစောင့်စည်းဘဲ မြို့တွင်း ရွာတွင်း၌ သွားလာ နေထိုင်သော ရဟန်းအားငင်း၊ ထိုထို အရပ်သို့ ကြည့်လျက် စက္ခုန္ဒြေကို မစောင့်စည်းဘဲ မြို့တွင်းရွာတွင်း၌ သွားလာ နေထိုင်သော ရဟန်းအားငင်း၊ သင်္ဃန်းကို ပင့်မ,လျက် မြို့တွင်းရွာတွင်း၌ သွားလာ နေထိုင်သော ရဟန်းအားငင်း အကြင် ဒုက္ကဋ်အာပတ် ခြောက်မျိုးကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် လက်ခြေကို မစောင့်စည်းဘဲ ကစားကုန်လျက် မြို့တွင်း ရွာတွင်းသို့ သွားလည်း သွား၍ နေလည်း နေထိုင်ခဲ့ကြပါကုန်ပြီ။

ထို ဆဗ္ဗဂ္ဂိရဟန်းတို့သည်ပင်လျှင် စက္ခုန္ဒြေကို မစောင့်စည်းဘဲ မြို့တွင်း ရွာတွင်း၌ ဟိုကြည့် ဒီကြည့် ကြည့်၍လည်း သွားခဲ့ကြ နေခဲ့ကြပါကုန်ပြီ။

ထို ဆဗ္ဗဂ္ဂိရဟန်းတို့သည်ပင်လျှင် သင်္ဃန်းကို ပင့်ခါ မ,ခါဖြင့် မြို့တွင်းရွာတွင်း၌ သွားလည်းသွား နေလည်း နေထိုင်ခဲ့ကြပါကုန်ပြီ။

ထိုသို့သော မသင့်မလျော်သော မှုခင်းကိစ္စ အကြောင်းဝတ္ထုကြောင့် ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ ဥဇ္ဈဂ္ဂိကာယ ဝါ ဥစ္စာသဒ္ဒံ မဟာသဒ္ဒံ ကရောန္တေန ဝါ အန္တရဃရေ ဂစ္ဆန္တဿစ နိသီဒန္တဿစ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခူ။ မဟာဟသိတံ ဟသန္တာ စ ဥစ္စာသဒ္ဒံ မဟာသဒ္ဒံ ကရောန္တာ စ အန္တရဃရေ ဂစ္ဆိံသုစေဝ နိသီဒိံသုစ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သေခိယ သိက္ခာပုဒ်တော်မြတ်ကို မရိုမသေ မလေးစားသဖြင့် ပြင်းစွာရယ်လျက်ဖြစ်စေ ကျယ်လောင်သော အသံဖြင့် ပြောဆိုလျက် ဖြစ်စေ မြို့ထဲဥယျာဉ်ထဲ၌ သွားလာသော ရဟန်းအားငင်း နေထိုင်သော ရဟန်းအားငင်း အကြင် ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။ အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ပြင်းစွာ ရယ်မောကြကုန်လျက်ငင်း မြင့်သော အသံကျယ်သော အသံကို ပြုကုန်လျက်ငင်း မြို့တွင်း ရွာတွင်းသို့ သွားလာကြ နေထိုင်ကြပါကုန်ပြီ။

ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ ကာယပ္ပစာလကံ ဝါ ဗာဟုပ္ပစာလကံ ဝါ သီသပ္ပစာလကံ ဝါ ခမ္ဘကတေန ဝါ ဩဂုဏ္ဌိတေန ဝါ အန္တရဃရေ ဂစ္ဆန္တဿ စ နိသီဒန္တဿ စ ဥက္ကုဋိကာယ အန္တရဃရေ ဂစ္ဆန္တဿ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခူ။ ကာယပ္ပစာလကံ ဗာဟုပ္ပစာလကံ သီသပ္ပစာလကံ ကရောန္တာ စ ခမ္ဘကတာ စ ဩဂုဏ္ဌိတာ စ အန္တရဃရေ ဂစ္ဆိံသုစေဝ နိသီဒိံသုစ၊ ဥက္ကုဋိကာယစ အန္တရဃရေ ဂစ္ဆိံသု၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သေခိယ သိက္ခာပုဒ်တော်ကို မရိုမသေ မလေးစားသောစိတ်ဖြင့် ကိုယ် လက်ရုံး ဦးခေါင်းတို့ကို ခါရမ်း လှုပ်ရှားစေလျက် ဖြစ်စေ ခါးထောက်လျက် ဖြစ်စေ ခေါင်းမြီးခြုံလျက်ဖြစ်စေ မြို့ထည်း ရွာထည်း၌ သွားလာသော ရဟန်းအားငင်း နေထိုင်သော ရဟန်းအားငင်း ခြေဖျားထောက်လျက် မြို့ထည်း ရွာထည်း၌ သွားသော ရဟန်းအားငင်း အကြင် ဒုက္ကဋ်အာပတ် အပေါင်းကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ကိုယ်ကို လှုပ်၍ မြို့တွင်းရွာတွင်း၌ သွားလာနေထိုင် ကြပါကုန်ပြီ။

ထို ဆဗ္ဗဂ္ဂိရဟန်းတို့သည်ပင်လျှင် လက်ရုံးကို အမြင်မတော် လှုပ်၍ ရှား၍ ရွာတွင်း၌ သွားလာ နေထိုင်ကြ ပါကုန်ပြီ။

ထို ဆဗ္ဗဂ္ဂိ ရဟန်းတို့သည်ပင်လျှင် ပါသာဒိကဂုဏ် ပျက်လောက်အောင် ဦးခေါင်းကို လှုပ်၍ မြို့တွင်း ရွာတွင်း၌ သွားလာ နေထိုင်ကြပါကုန်ပြီ။

ထို ဆဗ္ဗဂ္ဂိရဟန်းတို့သည်ပင်လျှင် ခါးကို ထောက်၍ မြို့တွင်း ရွာတွင်း၌ သွားလာ နေထိုင်ကြပါကုန်သည်။

ထို ဆဗ္ဗဂ္ဂိရဟန်းတို့သည်ပင်လျှင် လူဒါယကာတို့ အကြည်ညိုပျက်လောက် အောင် သင်္ကန်းကို ခေါင်းမြီးခြုံလျက် မြို့တွင်း ရွာတွင်း၌ သွားလာနေထိုင်ကြပါ ကုန်ပြီ။

ထို ဆဗ္ဗဂ္ဂိရဟန်းတို့သည်ပင်လျှင် လူဒါယကာတို့ အကြည်ညိုပျက်လောက် အောင် ဖနောင့် ခြေဖျား ဤ နှစ်ပါးတွင် တပါးကိုပင့် တပါးဖြင့်သာ နင်းလျက် သွားလာခဲ့ကြပါကုန်ပြီ။

ထိုသို့သော မှုခင်းကိစ္စကြောင့် တပါးသော ဒုက္ကဋ်အာပတ် အပေါင်းကို ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ ပလ္လတ္ထိကာယ အန္တရဃရေ နိသိန္နဿ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခူ။ ပလ္လတ္ထိကာယ အန္တရဃရေ နိသိဒိံသု၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သေခိယ သိက္ခာပုဒ်တော်ကို မရိုမသေ မလေးစားသော စိတ်ဖြင့် ဒုးန့စ်ဘက်ကို အဝတ်ပတ်လျက် ထိုင်နေခြင်းဟု ဆိုအပ်သော အဝတ်အာယောဂ ပတ်ဖွဲ့၍ ထိုင်နေခြင်းဖြင့်၎င်း ဒုးန့စ်ဘက်ကို လက်ဖြင့် ပိုက်လျက် ထိုင်နေခြင်းဟု ဆိုအပ်သော လက်အာယောဂပတ်ဖြင့် ဖွဲ့လျက် ထိုင်နေခြင်းဖြင့်၎င်း ထိုင်နေသော ရဟန်းအား အကြင် ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂိုရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂိုရဟန်းတို့သည် ဒုးကိုသိုင်းလျက် လက်ချင်း ယှက်သော လက်အာယော ဂပတ်, ဒုးကို သိုင်းလျက် သင်္ကန်းဖြင့် ဖွဲ့နှောင်ခြင်း တည်းဟူသော ပုဆိုးအာယော ဂပတ် သင်္ကန်းအာယောဂပတ် ဖွဲ့ယှက်၍ အမြင်မကောင်း မြို့တွင်း ရွာတွင်း၌ နေထိုင်ခဲ့ကြ ပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ အသက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဏ္ဟန္တဿ စ တဟံ တဟံ ဩလောကေန္တေန ပိဏ္ဍပါတံ ပဋိဂ္ဂဏ္ဟန္တဿစ သူပညေဝ ဗဟုံ ပဋိဂ္ဂဏ္ဟန္တဿစ ထူပီကတံ ပိဏ္ဍပါတံ ပဋိဂ္ဂဏ္ဟန္တဿစ ဒုက္ကဋံ ကတ္ထ ပညတ္တာ၊ က အာရဒ္ဘ ကသ္မာ ဝတ္ထုသ္မာ ပညတ္တာ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂိုယေ ဘိက္ခူ။ အာရဒ္ဘ ပညတ္တံ၊ ဆဗ္ဗဂိုယာ ဘန္တေ ဘိက္ခူ။ အသက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေသုံ၊ တဟံ တဟံ ဩလောကေန္တာ ပိဏ္ဍပါတံ ပဋိဂ္ဂဟေသုံ၊ သူပညေဝ ဗဟုံ ပဋိဂ္ဂဟေသုံ၊ ထူပီကတံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သေခိယ သိက္ခာပုဒ်တော်ကို မရိုသေသဖြင့် ဆွမ်းခံရာဝယ် မရိုမသေပြု၍ ဆွမ်းခံသော ရဟန်းအားဝင်း ထိုထိုအရပ်ကို ကြည့်လျက် ဆွမ်းခံသော ရဟန်းအားဝင်း ဟင်းကိုသာလျှင် အမျှားအပြား ခံယူသောရဟန်းအားဝင်း သပတန္ဒုတခမ်းရေးမှု ကျော်လွန်သည် တုင်အောင် မောက်သည် တုင်အောင် ခံယူသော ရဟန်းအားဝင်း အကြင် ဒုက္ကဋ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂိုရဟန်းတို့ကိုပင် အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂိုရဟန်းတို့သည် မရိုမသေပြု၍ မခံချင့်ခံချင် ဆွမ်းကိုခံယူခဲ့ကြ ပါကုန်ပြီ၊ ထို ဆဗ္ဗဂိုရဟန်းတို့သည် ပင်လျှင် ဟိုကြည့်ဒီကြည့် ဣန္ဒြေမရှိဘဲ ဆွမ်းကို ခံယူခဲ့ကြ ပါကုန်ပြီ။

ထို ဆဗ္ဗဂ္ဂိရဟန်းတို့သည်ပင်လျှင် ဟင်းကို ဆွမ်းထက် မျှားစွာပို လွန်၍ ခံယူခဲ့ကြ ပါကုန်ပြီ။

ထို ဆဗ္ဗဂ္ဂိ ရဟန်းတို့သည်ပင်လျှင် သပိတ်အနားရေးထက် စုန့်စုန့်တက်အောင် မြင်မကောင်း ရှုမကောင်း လောင်းသမျှသော ဆွမ်းတို့ကို ခံယူခဲ့ကြ ပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ၄ ပါးသော ဒုက္ကဋ် ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ အသက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ္ဇန္တဿစ တဟံ တဟံ သြလောကေန္တန ပိဏ္ဍပါတံ ဘုဉ္ဇန္တဿ စ တဟံ တဟံ သြမသိတ္ဝာ ပိဏ္ဍပါတံ ဘုဉ္ဇန္တဿ စ သူပညော ဗဟုံ ဘုဉ္ဇန္တဿ စ ထူပကတော သြမဒ္ဒိတ္ဝာ ပိဏ္ဍပါတံ ဘုဉ္ဇန္တဿ စ သူပံ ဝါ ဗျဉ္ဇနံ ဝါ သြဒနေန ပဋိစ္ဆာဒေန္တဿ စ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခူ။ အသက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ်ိ သု၊ တဟံ တဟံ သြလောကေန္တာ ပိဏ္ဍပါတံ ဘုဉ်ိ သု၊ တေ ယေဝ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ။ တဟံ တဟံ သြမသိတ္ဝာ ပိဏ္ဍပါတံ ဘုဉ်ိ သု၊ တေ ယေဝ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ။ ဗဟုံ သူပံ ဘုဉ်ိ သု၊ တေ ယေဝ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ။ ထူပကတော သြမဒ္ဒိတ္ဝာ ပိဏ္ဍပါတံ ဘုဉ်ိ သု၊ တေ ယေဝ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ။ သူပမိံ ဗျဉ္ဇနမိံ သြဒနေန ပဋိစ္ဆာဒေသုံ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဆွမ်းစားသော ကာလ၌ သေခိယ သိက္ခာပုဒ်တော်ကို မရိုမသေ မလေးစားသဖြင့် ဆွမ်းကို မရိုမသေ စားသောက်သော ရဟန်းအားငင်း ထိုထို အရပ်၌ နှိုက်ယူ၍ ဆွမ်းကိုစားသောက်သော ရဟန်းအားငင်း ထိုထို အရပ်ကို ကြည့်လျက် ဆွမ်းစားသော ရဟန်းအားငင်း ဆွမ်း၏ လေးပုံ-တပုံထက် ပိုလွန်ကာ ဟင်းကို မျှားစွာ စားသော ရဟန်းအားငင်း ဆွမ်း၏ အလည်ခေါင်ထိပ်မှ နှိုက်ယူ၍ စားသောက်သော ရဟန်းအားငင်း ပဲနောက်ဟင်းကို ဖြစ်စေ အခြားဟင်းကောင်း ကိုဖြစ်စေ မျှားသထက် မျှားမျှားရအောင် ဆွမ်းဖြင့်ဖုံးလွှမ်း၍ ထားသော ရဟန်းအားငင်း အကြင် ဒုက္ကဋ် အာပတ် ခြောက်ပါးကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂိရဟန်းတို့သည်....မရိုမသေ မလေးမစားပြု၍ ဆွမ်းကိုလည်း စားသုံးကြ ပါကုန်ပြီ။

ထို ဆဗ္ဗဂို ရဟန်းတို့သည်ပင်လျှင် ဟိုကြည့်ဒီကြည့် ဣန္ဒြေမရှိဘဲ ဆွမ်းကို သုံးဆောင်ခဲ့ကြ ပါကုန်ပြီ။

ထို ဆဗ္ဗဂို ရဟန်းတို့သည်ပင်လျှင် ဆွမ်းတခုက်ထည်းဥ္စ နေရာအနှံ့အပြားလက်ဖြင့် ကိုင်တွယ်၍ သုံးစားခဲ့ကြ ပါကုန်ပြီ။

ထို ဆဗ္ဗဂို ရဟန်းတို့သည်ပင်လျှင် ဆွမ်းစားသောအခါ ဟင်းကို လေးပုံ-တပုံ မကဘဲ များများကြီး စားသောက်ကြ ပါကုန်ပြီ။

ထို ဆဗ္ဗဂိုရဟန်းတို့သည်ပင်လျှင် ဆွမ်းဦးမှန့်ပ်၍ စားသောက်ခဲ့ကြ ပါကုန်ပြီ။

ထို ဆဗ္ဗဂိုရဟန်းတို့သည်ပင်လျှင် အသား အမဲဟင်းလျာ များဘို့ရန် အလို ရှိကြ၍ ဟင်းကိုငင်း ပဲနောက်ဟင်းကိုငင်း ဆွမ်းဖြင့် ဖုံးလွှမ်း၍ စားကြ ပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ သူပံဝါ ဩဒနံဝါ အဂိလာနေန အတ္တနော အတ္ထာယ ဝိညာပေတ္ဝာ ဘုဥ္ဇန္တဿ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ က အာရဗ္ဘ ကသ္မာ ဝတ္ထုသ္မာ ပညတ္တ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂိုယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂိုယာ ဘဂ္ဂေ ဘိက္ခူ။ သူပမိံ ဩဒနမိံ အတ္တနော အတ္ထာယ ဝိညာပေတ္ဝာ ဘုဥ္ဇိ သု၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရောဂါဝေဒနာမရှိ ပကတိ ကျန်းမာပါလျက် သေခိယ သိက္ခာပုဒ်တော်ကို မရိုသေ မလေးစားသဖြင့် ဟင်းကိုဖြစ်စေ ဆွမ်းကိုဖြစ်စေ တောင်းရမ်း၍ စားသောက်သော ရဟန်းအား အကြင် ဒုက္ကဋ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဆဗ္ဗဂိုရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

ဆဗ္ဗဂို ရဟန်းတို့သည် တစုံတခု ဂိလာန အကြောင်းမရှိ ပါဘဲလျက် ကျန်းမာကြပါလျက် ဆွမ်းကိုငင်း ဟင်းကိုငင်း အရိယာတို့၏ အလှူခံခြင်း ဆွမ်းခံခြင်းဖြင့် မခံယူဘဲ တောင်းရမ်း၍ စားသောက်ခဲ့ကြပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ ဥဗ္ဘာနသညိနာ ပရေသံ ပတ္တံ သြလောကေန္တဿ စ အတိမဟန္တံ ကဗဠံ ကရောန္တဿ စ ဒီဃံ အာလောပံ ကရောန္တဿ စ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂိုယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂိုယာ ဘန္တေ ဘိက္ခူ။ ဥဗ္ဘာနသညိနော ပရေသံ ပတ္တံ ဩလောကေသုံ၊ တေ ယေဝ ဘန္တေ ဆဗ္ဗဂိုယာ ဘိက္ခူ။ အတိမဟန္တံ ကဗဠံ ကရိံသု၊ တေ ယေဝ ဘန္တေ ဆဗ္ဗဂိုယာ ဘိက္ခူ။ ဒီဃံ အာလောပံ ကရိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သေခိယ သိက္ခာပုဒ်တော်ကို မရိုသေ မလေးစားသဖြင့် သူတပါး၏ သပိတ်ကို ကဲ့ရဲ့လို၍ ကြည့်ရှုသော ရဟန်းအားငင်း အလွန်ကြီးသော ဆွမ်းလုပ်ကို ပြုလုပ်၍ စားသောက်သော ရဟန်းအားငင်း ရှည်လျားသော ဆွမ်းလုပ်ကို ပြုလုပ်၍ စားသောက်သော ရဟန်းအားငင်း အကြင် ဒုက္ကဋ်အာပတ် သုံးပါးကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂိုရဟန်းတို့ကိုပင် အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂိုရဟန်းတို့သည် ကဲ့ရဲ့ရွံတ်ချလိုသော စိတ်နှလုံးရှိကြကုန်သည်ဖြစ်၍ တပါးသော ရဟန်းတို့၏ သပိတ်ကို စောင်း၍ ကြည့်ကြ ပါကုန်ပြီ။

ထို ဆဗ္ဗဂိုရဟန်းတို့သည်ပင်လျှင် ဒေါင်းဥ ပမာဏထက် ကြီးစွာသော ဆွမ်းလုပ်ကို ပြုလုပ်ကြပါကုန်ပြီ။

ထို ဆဗ္ဗဂိုရဟန်းတို့သည်ပင်လျှင် ရှည်လျားစွာ အမြင်မတော်သော ဆွမ်းလုပ်ကို ပြုလုပ်ကြပါကုန်ပြီ၊ ထိုသို့သောမှုခင်းကိစ္စ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ အနာပတ္တိ ကဗဠေ မုခဒ္ဒါရံ ဝိဝရန္တိ သ စ ဘုဥ္ဇမာနေ သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပန္တိ သ စ သကဗဠေန မုခေန ဗျာဟရန္တိ သ စ ပိဏ္ဍုက္ခေပကံ ပိဏ္ဍပါတံ ဘုဥ္ဇန္တိ သ စ ကဗဠာဝစ္ဆေဒကံ ပိဏ္ဍပါတံ ဘုဥ္ဇန္တိ သ စ အဝဂဏ္ဍကာရကံ ပိဏ္ဍပါတံ ဘုဥ္ဇန္တိ သ စ ဟတ္ထနိဒ္ဓုနကံ သိတ္ထာဝကာရကံ ဇိဝ္ဟာနိစ္ဆာရကံ စပုစပုကာရကံ ပိဏ္ဍပါတံ ဘုဥ္ဇန္တိ သ စ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ က အာရဗ္ဘ ကသ္မာ ဝတ္ထုသ္မာ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂိုယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂိုယာ ဘန္တေ ဘိက္ခူ။ အနာဟရေ ကဗဠေ မုခဒ္ဒါရံ ဝိဝရိံသု၊ ဘုဥ္ဇမာနာ သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိံသု၊ သကဗဠေန မုခေန ဗျာဟရိံသု၊ ပိဏ္ဍုက္ခေပကံ ဘုဥ္ဇိံသု၊ ကဗဠာဝစ္ဆေဒကံ ဘုဥ္ဇိံသု၊ အဝဂဏ္ဍကာရကံ ဘုဥ္ဇိံသု၊ ဟတ္ထနိဒ္ဓုနကံ သိတ္ထာဝကာရကံ

ဇဝ္ဂါနိစ္ဆာရကံ စပုစပုကာရကံ ဘုဥ်း သု၊ တသို့ ဘန္တေ ဝတ္ထုသို့ ပညတ္တံ။

အမေး။ ။ဆွမ်းစားစဉ် အခါဝယ် သေခိယ သိက္ခာပုဒ်တော်ကို မရှိမသေ မလေးစား သဖြင့် ဆွမ်းလုပ် ပါးစပ်အနီးသို့ မရောက်မီ စောစောစီးစီးက ကြိုတင်၍ ပါးစပ်ကို ဖွင့်ဟသော ရဟန်းအား၎င်း ဆွမ်းစားဆဲမှာ ပါးစပ်ထည်းသို့ လက်ကို ထည့်သွင်းသော ရဟန်းအား၎င်း ပါးစပ်ထည်း၌ ဆွမ်းလုပ်ရှိစဉ် စကားပြောသော ရဟန်းအား၎င်း ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍ စားသော ရဟန်းအား၎င်း ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ စားသော ရဟန်းအား၎င်း မျောက်ကဲ့သို့ ပါးစောင်၌ ဆွမ်းလုပ်ကို ထား၍ စားသော ရဟန်းအား၎င်း လက်ကိုခါ၍ ဆွမ်းလုံးကိုကြဲ၍ လျှာထုတ်၍ ပြတ်ပြတ် ပြတ်ပြတ် မည်စေ၍ ဆွမ်းစားသော ရဟန်းအား၎င်း အကြောင် ဆယ်ပါးသော ဒုက္ကဋ်အာပတ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဆွမ်းစားသောအခါ ဆွမ်းလုပ်မရောက်မီ စောစောစီးစီး ကြိုတင်၍ ခံတွင်းကို ဖွင့်ဟကြ ပါကုန်ပြီ။

ဆွမ်းစားစဉ်အခါ အလုံးစုံသော လက်ကို ခံတွင်းသို့ ထည့်ကြ ပါကုန်သည်။

ဆွမ်းလုပ်ရှိသော ခံတွင်းဖြင့် ပလုပ်ပလောင်း စကားပြောဆိုကြပါကုန်ပြီ။

ဆွမ်းလုပ်ကို မြှောက်၍၎င်း ဆွမ်းလုပ်ကို ကိုက်ဖြတ်၍၎င်း မျောက်ကဲ့သို့ ဆွမ်းလုပ်ကို ပါးစောင်၌ ထား၍၎င်း လက်ကိုခါ၍၎င်း ဆွမ်းလုံးကိုကြဲ၍၎င်း လျှာကိုထုတ်၍၎င်း ပြတ်ပြတ်ပြတ်ပြတ် မည်သော အသံကို ပြု၍၎င်း ဆွမ်းကို စားသောက်ခဲ့ကြ ပါကုန်ပြီ၊ ထိုသို့သော မူခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ သုရုသုရုကာရကံ ဘုဥ်္ဇန္တဿစ ဟတ္ထ-နိလ္လေဟကံဝါ ပတ္တနိလ္လေဟကံ ဝါ သြဋ္ဌနိလ္လေဟကံ ဝါ ဘုဥ်္ဇန္တဿ စ သာမိသေန ဟတ္ထေန ပါနီယထာလကံ ပဋိဂ္ဂဏှန္တဿ စ သသိတ္ထကံ ပတ္တာဓောဝနံ အန္တရဃရေ ဆဍ္ဍေန္တဿ စ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သုရု သုရုကာရကံ ဘန္တေ ဘုဥ်္ဇန္တဿ ဒုက္ကဋံ ကောသမ္မိယံ ပညတ္တံ၊ သမ္မဟုလေ ဘန္တေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘန္တေ ဘိက္ခူ။ သုရုသုရုကာရကံ ခီရံ ပိဝိံသု၊ တသို့ ဘန္တေ ဝတ္ထုသို့ ပညတ္တံ။

ဟတ္ထနိလ္လေဟကံ ဘုဥ္ဇန္တသ စ ပတ္တနိလ္လေဟကံ ဘုဥ္ဇန္တသ စ ဩဠနိလ္လေဟကံ ဘုဥ္ဇန္တသ ဒုက္ကဋံ သာဝတ္ထိယံ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယေ ဘန္တေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ဟတ္ထနိလ္လေဟကံ ဘုဥ္ဇိ သု၊ ပတ္တနိလ္လေဟကံ ဘုဥ္ဇိ သု၊ ဩဠနိလ္လေဟကံ ဘုဥ္ဇိ သု၊ တသ္မိ ဘန္တေ ဝတ္ထု သ္မိ ပညတ္တံ။

သာမိသေန ဟတ္ထေန ပါနီယထာလကံ ပဋိဂ္ဂဏှန္တသ စ သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေန္တသ စ ဒုက္ကဋံ ဘဂ္ဂေသု ပညတ္တံ၊ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘိက္ခူ။ သာမိသေန ဟတ္ထေန ပါနီယထာလကံ ပဋိဂ္ဂဟေသုံ၊ တေ ယေဝ ဘန္တေ သမ္မဟုလာ ဘိက္ခူ။ သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေသုံ၊ တသ္မိ ဘန္တေ ဝတ္ထု သ္မိ ပညတ္တံ။

အမေး။ ။သေခိယ သိက္ခာပုဒ်တော်ကို မရှိသေ မလေးစားသဖြင့် ရွှပ်ရွှပ် ရွှပ်ရွှပ် မြည်စေ၍ ဆွမ်းစားသော ရဟန်းအား၎င်း လက်ကို လျှက်သော ရဟန်း သပိတ်ကို လက်နှင့်ခြစ်သော ရဟန်း (သို့မဟုတ်) သပိတ်ကို လျှာနှင့် လျှက်သော ရဟန်း၊ နှုတ်ခမ်းကိုလျှက်သောရဟန်း လက်၌ ဆွမ်းဟင်းစသော အာမိသ အလွန်း အလဲရှိပါလျက် သောက်ရေခွက်ကိုကိုင်သော ရဟန်းအား၎င်း ဆွမ်းလုံးရှိသောသပိတ်ဆေးရေကို မြို့ထည်း ရွာထည်း၌ သွန်ပစ်သော ရဟန်းအား၎င်း အကြင်ဒုက္ကဋ်အာပတ် အပေါင်းကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရွှပ်ရွှပ်မည်၍ စားသောက်သော ရဟန်း၏ ဒုက္ကဋ်အာပတ်ကို ကောသမ္မိပြည် အရပ်၌ မျှားစ့ာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ မျှားစ့ာသော ရဟန်းတို့သည် ရွှပ်ရွှပ် ဟူသော အသံကို ပြု၍ နို့ဃနာဆွမ်းကို သောက်သုံးခဲ့ကြ ပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စ။ပ။ အရှင်ဘုရား။

လက်ကိုလျှက်၍၎င်း သပိတ်ကိုခြစ်၍၎င်း နှုတ်ခမ်းကို လျှက်၍၎င်း စားသုံးသော ရဟန်း၏ ဒုက္ကဋ်အာပတ်ကို သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် လက်ကိုလျှက်၍၎င်း သပိတ်ကို လက်ဖြင့်ခြစ်၍ သပိတ်ကို လျှာဖြင့် လျှက်၍၎င်း နှုတ်ခမ်းကို လျှက်၍၎င်း စားသုံးခဲ့ကြပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

ဆွမ်း, ဆွမ်းဟင်း စသော **အာမိသ** ဝဲပေကျဲ လူးလဲသော လက်ရှိလျက် သောက်ရေခွက်ကို ကိုင်တွယ်သော ရဟန်း၏ ဒုက္ကဋ်အာပတ် ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို မြို့တွင်း ရွာတွင်း၌ စွန့်ပစ် သွန်ပစ်သော ရဟန်း၏ ဒုက္ကဋ်အာပတ်ဤ နှစ်ပါးကို ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့၌ ပညတ်တော် မူအပ်ပါသည်။

ထို သံသုမာရဂိရိမ္ဗိုဠ် များစ္ဆာသော ရဟန်းတို့သည် ဆွမ်းဟင်း, ဆွမ်းတည်းဟူသော အာမိသ လက်ဝယ် လိမ်းကျံပါလျက် သောက်ရေခွက်ကို ကိုင်ခဲ့ကြပါကုန်ပြီ။ ထို များစ္ဆာသော ရဟန်းတို့သည်ပင်လျှင် ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို မြို့တွင်း ရွာတွင်း၌ စွန့်ခဲ့သွန်ခဲ့ကြ ပါကုန်ပြီ၊ ထိုသို့သော မှုခင်း ကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဠိစ္စ ဆတ္တပါကိသ ဓမ္မံ ဒေသေန္တသ္သ စ ဒဏ္ဍပါကိသ ဝါ သတ္ထပါကိသ ဝါ အာဝုဓပါကိသ ဝါ ဓမ္မံ ဒေသေန္တသ္သ စ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခူ။ ဆတ္တပါကိသ ဒဏ္ဍပါကိသ သတ္ထပါကိသ အာဝုဓပါကိသ ဓမ္မံ ဒေသေသုံ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သေခိယ သိက္ခာပုဒ်တော်ကို မရှိသေ မလေးစားသဖြင့် ထီးဆောင်းလျက် ရှိသော်သူကို တရားဟောသော ရဟန်းအား၎င်း တုတ်ခေါင်းစသော လက်နက် ကိုင်စွဲလျက်ရှိသော သူကို တရားဟောသော ရဟန်းအား၎င်း ဒုက္ကဋ် ။ပ။ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိ ရဟန်းတို့ကိုပင် အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် ထီးဆောင်းသော ပုဂ္ဂိုလ်အား၎င်း တုတ် လုံကန် လက်စွဲသော ပုဂ္ဂိုလ်အား၎င်း တဘက်အသွား နှစ်ဘက် အသွားရှိသော လက်နက်ကို စွဲကိုင်သော၊ ပုဂ္ဂိုလ်အား၎င်း လေးလက်နက် လက်၌ရှိသော ပုဂ္ဂိုလ်အား၎င်း တရားကို ဟောကြပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စ ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဠိစ္စ ပါဒုကာရုဠ္ဟသ္သ စ ဥပဟနာရုဠ္ဟသ္သ စ ယာနဂတသ္သ စ သယနဂတသ္သ စ ဓမ္မံ ဒေသေန္တသ္သ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခူ။ ပါဒုကာရုဠ္ဟသ္သ ဥပဟနာရုဠ္ဟသ္သ ယာနဂတသ္သ သယနဂတသ္သ ဓမ္မံ ဒေသေသုံ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မကျန်းမာခြင်း အကြောင်းမရှိပါဘဲ ဘိန်ပစ်စီးလျက်ရှိသော ပုဂ္ဂိုလ်အားဇင်း ခြေနင်းစီးလျက်ရှိသော ပုဂ္ဂိုလ်အားဇင်း ယာဉ်ထက်၌ ရှိသော ပုဂ္ဂိုလ်အားဇင်း အိပ်ရာထက်၌ တည်လျက်ရှိသောပုဂ္ဂိုလ်အားဇင်း မကျန်းမာခြင်း အကြောင်း မရှိပါဘဲ သေခိယ သိက္ခာပုဒ်တော်ကို မရှိမသေ မလေးစားသဖြင့် တရားဟောသော ရဟန်းအား အကြင် ဒုက္ကဋ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ခြေနင်းစီးသော သူအားဇင်း ဘိန်ပစ်စီးသော သူအားဇင်း ယာဉ်ထက်၌ တည်လျက်နေသော သူအားဇင်း အိပ်ရာထက်၌ လျောင်းစက်နေသော ပုဂ္ဂိုလ်အားဇင်း မမာမကျန်းခြင်း အစရှိသော အကြောင်းထူး မရှိပါဘဲ မြတ်စွာဘုရား ဟောကြား အပ်သော တရားကို ဟောကြားခဲ့ ပါကုန်သည်။

ထို့သို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အနာဒရိယ အာဝုသော ပဋ္ဌစ္စ ပလ္လတ္ထကာယ နသန္နသ္သ စ ဝေဠတ-သိသ္သ စ ဿဂုဏ္ဍိတသိသ္သ စ ဆမာယံ နိသိဒိတ္ဝာ အာသနေ နိသိန္နသ္သ စ နိစေ အာသနေ နိသိဒိတ္ဝာ ဥစ္စေ အာသနေ နိသိန္နသ္သ စ ဌိတေန နိသိန္နသ္သ စ ပစ္ဆတော ဂစ္ဆန္တေန ပုရတော ဂစ္ဆန္တသ္သ စ ဥပ္ပထေန ဂစ္ဆန္တေန ပထေန ဂစ္ဆန္တသ္သ စ ဓမ္မံ ဒေသေန္တသ္သ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေဝ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ။ ပလ္လတ္ထိကာယ နိသိန္နသ္သ စ ဝေဠတ-သိသ္သ စ ဿဂုဏ္ဍိတသိသ္သ စ ဆမာယံ နိသိဒိတ္ဝာ အာသနေ နိသိန္နသ္သ စ နိစေ အာသနေ နိသိဒိတ္ဝာ ဥစ္စေ အာသနေ နိသိန္နသ္သ စ ဌိတာ နိသိန္နသ္သ စ ပစ္ဆတော ဂစ္ဆန္တာ ပုရတော ဂစ္ဆန္တသ္သ စ ဥပ္ပထေန ဂစ္ဆန္တာ ပထေန ဂစ္ဆန္တသ္သ စ ဓမ္မံ ဒေသေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အဝတ်အာယောဂပတ် လက်အာယောဂပတ် ဖွဲ့လျက် ဒူးထောင်၍ ထိုင်နေသော ပုဂ္ဂိုလ်အားဇင်း ဆံပင် အစွန်းအစမျှ မပေါ်အောင် ခေါင်းပေါင်း၍ ထားသော ပုဂ္ဂိုလ်အားဇင်း ခေါင်းမြီးခြုံ၍ ထားသော ပုဂ္ဂိုလ်အား ဇင်း မိမိ (ဓမ္မကထိက ရဟန်းက) မြေပြင်မှာနေ၍ နေရာ၌ ထိုင်နေသော

ပုဂ္ဂိုလ်အားငင်း မိမိ (ဓမ္မကထိကရဟန်းက) နိမ့်သောနေရာမှာနေ၍ မြင့်သော နေရာမှာ ထိုင်နေသော ပုဂ္ဂိုလ်အားငင်း မိမိ (ဓမ္မကထိက ရဟန်းက) မတ်တတ် ရပ်လျက် ထိုင်နေသော ပုဂ္ဂိုလ်အားငင်း မိမိ (ဓမ္မကထိက ရဟန်းက) နောက်မှ လိုက်လျက် ရှေကသွားနေသော ပုဂ္ဂိုလ်အားငင်း မိမိ (ဓမ္မကထိက ရဟန်းက) လမ်းမဟုတ်သော လမ်းဘေးအရပ်မှသွားလျက် လမ်းကောင်း လမ်းမက သွားနေသော ပုဂ္ဂိုလ်အားငင်း သေခိယ သိက္ခာပုဒ်တော်ကို မရှိသေ မလေးစား သဖြင့် တရားဟောသော ရဟန်းအား အကြင် ဒုက္ကဋ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကိုပင် အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်....

အဝတ် အာယောဂပတ် လက်အာယောဂပတ် ဖဲ့လျက် ဒူးထောင် ပေါင်ကား နေလျက်ခို့သော ပုဂ္ဂိုလ်အားငင်း ဦးရုစ်ပေါင်းသော ဦးခေါင်းရှိသော ပုဂ္ဂိုလ် အားငင်း ခေါင်းမြီးခြုံသော ပုဂ္ဂိုလ်အားငင်း မိမိတို့က မြေ၌နေ၍ နေရာ၌ နေသော ပုဂ္ဂိုလ်အားငင်း, မိမိတို့က နိမ့်သော နေရာ၌နေ၍ မြင့်သောနေရာ၌ နေသော ပုဂ္ဂိုလ်အားငင်း မိမိတို့က ရပ်လျက် ထိုင်နေသော ပုဂ္ဂိုလ်အားငင်း မိမိတို့က နောက်မှနေ၍ ရှေမှသွားသော ပုဂ္ဂိုလ်အားငင်း မိမိတို့က ခရီးမဟုတ်သည်မှ သွား လျက် ခရီးမ, မှ သွားသော ပုဂ္ဂိုလ်အားငင်း တရားဟောခဲ့ကြ ပါကုန်ပြီ၊ ထိုသို့ သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ်အာပတ် ။ပ။ အရှင်ဘုရား။ ။

ပုစ္ဆာ။ ။အနာဒရိယံ အာဝုသော ပဋိစ္စ ဋ္ဌိတေန ဥစ္စာရံ ဝါ ပဿာဝံ ဝါ ကရောန္တဿ စ ဟရိတေ ဝါ ဥဒကေ ဝါ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရောန္တဿ စ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယေဝ ဘိက္ခူ။ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခူ။ ဋ္ဌိတာ ဥစ္စာရမ္ပိ ပဿာဝမ္ပိ အကံသု၊ တေ ယေဝ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ။ ဟရိတေပ ဥဒကေပ ဥစ္စာရမ္ပိ ပဿာဝမ္ပိ ခေဠမ္ပိ အကံသု၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သေခိယ သိက္ခာပုဒ်တော်ကို မရှိသေ မလေးစားသဖြင့် မတ် တတ်ရပ်လျက် ကျင်ကြီးကျင်ငယ် စွန့်သော ရဟန်းအားငင်း စိမ်းစိုသောမြက် သစ်ပင်ပေါ်၌ဖြစ်စေ သုံးဆောင်ကောင်းသော သောက်ရေထည်း၌ဖြစ်စေ ကျင်ကြီး ကျင်ငယ် စွန့်ခြင်း တံတွေး ထွေးခြင်းကို ပြုသော ရဟန်းအားငင်း အကြင် ဒုက္ကဋ်အာပတ် သုံးပါးကို။ပ။ ငါ့ရှင်။

အဖြေ။ ။သဘဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကိုပင် အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် မြင်မကောင်း ရှုမကောင်း မတ်တတ်ရပ်၍ ကျင်ကြီး ကျင်ငယ်ကိုလည်း စွန့်ခဲ့ကြ ပါကုန်ပြီ။

ထို ဆဗ္ဗဂ္ဂိရဟန်းတို့သည်ပင် စိမ်းစိုသောမြက်သစ်ပင် ရှိရာအရပ်၌ရှင်း၊ သုံးဆောင်ကောင်းသောရေ၌ရှင်း၊ ကျင်ကြီးကျင်ငယ် တံတွေးတို့ကို စွန့်ခဲ့ကြထွေးခဲ့ကြ ပါကုန်ပြီ။

ထိုသို့သော မှုခင်းကိစ္စ သုံးပါးကြောင့် ထို ဒုက္ကဋ်အာပတ် သုံးပါးကို သဗ္ဗညူ မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

သေခိယ ကဏ္ဍ ပြီး၏။

ဘိက္ခုဝိဘင်္ဂ ပါစိတ် ပါဠိတော် ပြီး၏။

ဘိက္ခုနိဒါန်

၅-ပဥ္စမ ပါရာဇိက သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုနိံ အာဝုသော ပဥ္စမ ပါရာဇိကံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ သုဒ္ဒဓိနဒ္ဒံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ သုဒ္ဒဓိနဒ္ဒာ ဘဂ္ဂေ ဘိက္ခုနီ အဝဿုတာ အဝဿုတဿ ပုဂ္ဂလဿ ကာယသံသဂ္ဂံ သာဒိယိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဘိက္ခုနီမတို့၏ ငါးခုမြောက်ဖြစ်သော ပဥ္စမ ပါရာဇိက သိက္ခာပုဒ်ကို မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ သုဒ္ဒဓိနဒ္ဒာ အမည်ရှိသော ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သုဒ္ဒဓိနဒ္ဒာသည် မိမိကိုယ်တိုင်က ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သည်ဖြစ်၍ ထို ကာယသံသဂ္ဂ ရာဂဖြင့် စိုစွတ်သော စိတ်နှလုံးရှိသော ဝိသာခါ၏မြေး သာဋ္ဌမည်သော သူငယ်၏ ကိုယ်လက်နှိုးနှောခြင်းကို သာယာခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ပဥ္စမပါရာဇိက အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၅-ပဥ္စမ ပါရာဇိက သိက္ခာပုဒ် ပြီး၏။

ဘိက္ခုနိဝိဘင်္ဂ၊ ပါရာဇိက ပြီး၏။

ဘိက္ခုနီဝိဘင်္ဂ၊ သဃာဒိသေသ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဥဿယဝါဒိကာယ အာဝုသော ဘိက္ခုနိယာ အဒ္ဓုံ ကရောန္တိယာ သံဃာဒိသေသော ကတ္ထ ပညတ္တော၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ထုလ္လနန္ဒံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တော၊ ထုလ္လနန္ဒာ ဘဂ္ဂေ ဘိက္ခုနီ ဥဿယဝါဒိကာ ဝိဟာရိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တော။

အမေး။ ။မာနထောင်လွှား အမျက်ပွားလျက် တရား၊ရုံးတော်၌ တရားစွဲဆိုကာ တရားပြိုင်ဆိုင်နေသော ဘိက္ခုနီမအား အကြင် သံဃာဒိသိသ် အာပတ် အပေါင်းကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ထုလ္လနန္ဒာ ဘိက္ခုနီမသည် မာန်မာနထူပြောလျက် တယောက်သော ဒါယကာနှင့် တရားတွေ့၍ နေပါသည် ထိုသို့သောအခါ များစွာသော လူတို့၏ ကဲ့ရဲ့မှုကို ခံရပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။စောရိ ံ အာဝုသော ဝုဋ္ဌာပေန္တိယာ သံဃာဒိသေသော ကတ္ထ ပညတ္တော၊ ကံ အာရဗ္ဘ ကိသ္မိ ံ ဝတ္ထုသ္မိ ံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဓေ ထုလ္လနန္ဒံ ဘိက္ခုနိ ံ အာရဗ္ဘ ပညတ္တော၊ ထုလ္လနန္ဒာ ဘဒ္ဓေ ဘိက္ခုနိ စောရိ ံ ဝုဋ္ဌာပေသိ၊ တသ္မိ ံ ဘဒ္ဓေ ဝတ္ထုသ္မိ ံ ပညတ္တော။

အမေး။ ။ခိုးသူမကို မိမိကိုယ်တိုင် ဥပဇ္ဈာယ်ပြုလျက် ရဟန်းခံပေးသော ရဟန်းမိန်းမအား အကြင် သံဃာဒိသိသ် အာပတ်အပေါင်းကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

အကြောင်းဝတ္ထုကို အနည်းငယ်လျှောက်ထားလိုပါသည်....

ဝေသာလီပြည်၌ တယောက်သော လိစ္ဆဝီမင်း၏ ဇနီးဖြစ်သော မာတုဂါမသည် ဖောက်ပြန် မှားယွင်းစွာ ကျင့်သဖြင့် ထို လိစ္ဆဝီမင်းက သတိပေးသော်လည်း မှားယွင်းမြဲ မှားယွင်းနေပြန်သဖြင့် အရှင်သခင်ဖြစ်သော လိစ္ဆဝီမင်းသားသည် လိစ္ဆဝီမင်းတို့၏ အစည်းအဝေး၌ မိမိ၏ ဇနီးအား သတ်ဘို့ရန် အခွင့်တောင်းသော အခါ စဉ်းစား၍ ပြုလော့ဟု အခွင့်ပြုလိုက်ကြပါသည်။

ထို သတင်းကို ထို မိန်းမကြားသောအခါ အဘိုးတန် ပစ္စည်းတို့ကိုယူ၍ ထွက်ပြေးပြီးလျှင် သာဝတ္ထိပြည်သို့ ရောက်သောအခါ တိတ္ထိတို့အထံ၌ ရဟန်းပြုရန် တောင်းပန်သော်လည်း တိတ္ထိတို့က ခွင့်မပြု၊ အခြားတပါးသော ဘိက္ခုနီမတို့ထံ ရဟန်းပြုရန် တောင်းပန်သော်လည်း ခွင့်မရ၊ ထုလ္လနန္ဒာ ဘိက္ခုနီမ၏ အထံ၌ မိမိ ဝယ် ပါလာသော ဘဏ္ဍာထုပ်ကိုပေး၍ ဘိက္ခုနီမ ပြုဘို့ရန် ခွင့်တောင်းသည်ရှိသော် ထုလ္လနန္ဒာသည် ထို ဘဏ္ဍာထုပ်ကို သိမ်းပိုက်၍ ထို ခိုးသူမအား ရဟန်းပြု၍ ပေးပါသည်။

ဝေသာလီပြည်မှ လိစ္ဆဝီမင်းသားသည် သတင်းစကား နာခံ၍ လိုက်လာသောအခါ သာဝတ္ထိပြည် ဘိက္ခုနီမကျောင်း၌ ထို ခိုးသူမ ရဟန်းပြု၍နေသည်ကို သိသဖြင့် ပသေနဒိကောသလမင်းထံ ထို ဘိက္ခုနီမအား ဆောင်ယူရန် ခွင့်ပန်သောအခါ ဘိက္ခုနီမတို့ထံ၌ ရဟန်းပြု၍နေလျှင် တစုံတခုပြုရန် ခွင့်မရဟု ပသေနဒိကောသလမင်းက မိန့်ကြားသောဝတ္ထု၌ အရှင်သခင်ဖြစ်သော လိစ္ဆဝီမင်းသားက အဘယ့်ကြောင့် ဘိက္ခုနီမများသည် ခိုးသူမကို ရဟန်းပြု၍ ပေးကြဘိသနည်းဟု မျှားစွာ ကဲ့ရဲ့ခဲ့ပါသည်။

ထို လိစ္ဆဝီမင်းသားမှ တဆင့်စကားကို ဘိက္ခုနီမများ ထိုမှတဆင့်အားဖြင့် ရဟန်းယောကျ်ားများ ကဲ့ရဲ့ကြပါသည်၊ ထို့သို့သော မှုခင်းကိစ္စကြောင့် ခိုးသူမအား ဥပဇ္ဈာယ် ဆရာပြု၍ ရဟန်းပြုပေးသော ဘိက္ခုနီမ၏ သံဃာဒိသိသ် အာပတ်အပေါင်းကို ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ကောယ အာဝုသော ဂါမန္တရံ ဂစ္ဆန္တိယာ သံဃာဒိသေသော ကတ္ထ ပညတ္တော၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ အညတရံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တော၊ အညတရာ ဘဂ္ဂေ ဘိက္ခုနီ ကော ဂါမန္တရံ ဂစ္ဆိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တော။

အမေး။ ။အခြားရှာသို့ အဖော်မပါဘဲ တယောက်ထည်းထည်း သွားသော ရဟန်းမိန်းမအား အကြောင် သံဃာဒိသိသ် အာပတ်အပေါင်းကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ မထင်မရှား အညတရ ဘိက္ခုနီမတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဘဒ္ဒကာပိလာနီ ထေရီမ၏ အန္တေဝါသိက တပည့်မဖြစ်သော ဘိက္ခုနီမတပါးသည် ဘိက္ခုနီမများစွာနှင့် ခိုက်ရန်ဖြစ်၍ တစုံတယောက်ကိုမျှ အသိမပေးဘဲ မိမိ၏ ဆွေမျိုးရှာသို့ ထွက်၍ တယောက်ထည်းထည်း ပြေးသွားခဲ့ပါသည်၊ ထို့သို့သော မှုခင်းကိစ္စ ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။အဝဿုတာယ အာဝုသော ဘိက္ခုနိယာ အဝဿုတဿ ပုရိသပုဂ္ဂလဿ ဟတ္ထတော ခါဒနိယံဝါ ဘောဇနိယံဝါ သဟတ္ထာ ပဋိဂ္ဂဟေတ္ဝာ ဘုဉ္ဇန္တဿ သံဃာဒိသေသော ကတ္ထ ပညတ္တော၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ သုန္ဒရီနန္ဒံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တော၊ သုန္ဒရီနန္ဒာ ဘဂ္ဂေ ဘိက္ခုနီ အဝဿုတာ အဝဿုတဿ ပုရိသ-

ပုဂ္ဂလဿ ဟတ္ထတော အာမိသံ ပဋိဂ္ဂဟေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တော။

အမေး။ ။ကာမရာဂဖြင့် တပ်စဲ့၍ ပေးလှူသော ယောကျ်း၏လက်မှ ခဲဘွယ်ဘောဇဉ်ကို ဘိက္ခုနီမကိုယ်တိုင်ကလည်း တပ်စဲ့လျက် ကိုယ်တိုင်ခံယူ၍ စားသောက် သုံးဆောင်သော ရဟန်းမိန်းမအား အကြင် သံဃာဒိသိသ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ သုန္ဒရီနန္ဒာဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သုန္ဒရီနန္ဒာ ဘိက္ခုနီမသည် မိမိကိုယ်တိုင်ကလည်း မေထုနရာဂ တပ်စွန်းခြင်း ရှိသည်ဖြစ်၍ မေထုနရာဂ တပ်စွန်းခြင်းရှိသော ယောကျ်း၏ ပေးလှူအပ်သော အာမိသကို မိမိလက်ဖြင့် ခံယူသုံးဆောင် ခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စ။ပ။ အရှင်ဘုရား။

ပုဏ္ဏော။ ။ကုပိတာယ အာဝုသော အနတ္တမနာယ ဘိက္ခုနိယာ ယာဝတတိယ သမနုဘာသန္ထိယာ နု ပဋိနိဿဇ္ဇန္ထိယာ သံဃာဒိသေသော ကတ္ထ ပညတ္တော၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တော။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ စဏ္ဍကာဠိံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တော၊ စဏ္ဍကာဠီ ဘန္တေ ဘိက္ခုနီ ကုပိတာ အနတ္တမနာ ဧဝံ အာဟ၊ ဗဟုံ ပစ္စာဓိက္ခာမိ၊ ဓမ္မံ ပစ္စာဓိက္ခာမိ၊ သံဃံ ပစ္စာဓိက္ခာမိ၊ သိက္ခံ ပစ္စာဓိက္ခာမိ၊ ကိန္နုမာဝ သမဏိယော ယာ သမဏိယော သက္ယ-ဓီတရော၊ သန္တညာပိ သမဏိယော လဇ္ဇိနိယော ကုက္ကုစ္စိကာ သိက္ခာကာမာ၊ တာသာဟံ သန္တိကေ ဗြဟ္မစရိယံ စရိဿာမီတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တော။

အမေး။ ။သီတင်းသုံးဘော်များ အပေါ်၌ အမျက်ထွက် နှလုံးမသာ စိတ် မကျေမချမ်းရှိသဖြင့် ဘုရား တရား သံဃာကို စွန့်မည် စသည်ဖြင့် မြည်တွန်တောက်တီး ပြောဆိုနေသော ရဟန်းမိန်းမကို ဘိက္ခုနီ သံဃာတော်က ဉာတ်နှင့်တကွ သုံးကြိမ်တိုင်တိုင်သော **သမနုဘာသန** ကမ္မဝါဖြင့် ဆိုဆုံးမပါသော်လည်း မိမိပြောဆိုမြဲဖြစ်သော အလုပ်ကို မစွန့်လွှတ်မူ၍ ပြောမြဲပြောရန် စိတ်သန်နေသော ဘိက္ခုနီမအား အကြင် သံဃာဒိသိသ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ထုလ္လနန္ဒာ ဘိက္ခုနီမ၏ သဒ္ဓိဝိဟာရိက ကဗျည်ဖြစ်သော စဏ္ဍကာဠီ မည်သော ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

စဏ္ဍကာဠီ ဘိက္ခုနီမသည် အမျက်ထွက် စိတ်နှလုံး မသာယာသည် ဖြစ်၍ မြတ်စွာဘုရားကို စွန့်ပါ၏ တရားတော်ကို စွန့်ပါ၏ သံဃာတော်ကို စွန့်ပါ၏ ဧသည် ဖြင့် အမျက်ထွက်သော စကားအမျိုးမျိုးကို ပြောကြားခဲ့ပါပြီ၊ ထိုသို့သော မှုခင်း ကိစ္စကြောင့် ထို သံဃာဒိသိသ် အာပတ်ကို။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘဒ္ဒန္တေ ဝစနံ အရဟာတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ယခုမေးခဲ့ပြီး ဖြေခဲ့ပြီးသော။ပ။ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ပူဇော်။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘာတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခာယ ဘဒ္ဒန္တေ အာဘာတံ။

အမေး။ ။ယခုမေးခဲ့ ။ပ။ ဆောင်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ပဌမသံဂါယနာ တင်ရာကာလ သံဂီတိနာယက ဖြစ်တော်မူသော အရှင်မဟာကဿပမထေရ် သံဂီတိဝန်ဆောင် ဖြစ်တော်မူကြသော အရှင် ဥပါလိ အရှင်အာနန္ဒာ သူမြတ်တို့မှအစ။ပ။ စောင့် ဆောင်တော်မူခဲ့ ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အဘ္ဘို နုခေါ အာဝုသော ဧတ္ထ ကောစိပိ ဝိရဒ္ဓဒေါသော။

ဝိဿဇ္ဇနာ။ ။နတ္ထို ဘဒ္ဒန္တေ။

အမေး။ ။ယခုမေးခဲ့ ဖြေခဲ့သော သိက္ခာပုဒ်အပေါင်း၌ တစုံတရာ ချွတ်ယွင်းချက်များ ရှိပါသေးသလော ငါ့ရှင်။

အဖြေ။ ။အကြိမ်ကြိမ်အဆပ်ထပ် မူလဝိသောဓက ပဋိဝိသောဓက ဩသာနသောကေ မထေရ်သူမြတ်တို့ သုတ်သင်အပ်ပြီးဖြစ်ရကား နိယျာနိက အကျိုးကျေးဇူး ပျက်ပြားလောက်အောင် တစုံတရာ ချွတ်ယွင်းသော အပြစ်ဒေါသ မရှိပါ အရှင်ဘုရား။

သံဂါယနာဥာတ်

သုဏာတုမေ ။ပ။သံဂါယေယျာမ။
အရှင်ဘုရားတို့။ပ။ သက်တော်ရှည် အရှင်ဘုရားတို့။

ဘိက္ခုနီဝိဘင်္ဂ်

သံဃာဒိသိသ်ဆိုင်ရာ အမေးအဖြေ ပြီး၏။

ဘိက္ခုနီ ဝိဘင်္ဂပါဠိတော်

၁-လသုဏ်ဝဂ်၊ ၁-ပဌမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန လသုဏံ ခါဒနီယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ထုလ္လနန္ဒံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ ထုလ္လနန္ဒာ ဘဒ္ဒေ ဘိက္ခုနီ နာ မတ္တံ ဇာနိတ္ဝာ ဗဟုံ လသုဏံ ဟရာပေသိ၊ တသ္မံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ။ပ။ ထို မြတ်စွာဘုရားသည် အမြွှာင့်များသော ကြက်သွန်ဖြူ ကြက်သွန်စိမ်းကို စားသောက် သုံးဆောင်သော ဘိက္ခုနီမ၏ အကြောင် ပါစိတ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ထုလ္လနန္ဒာ ဆိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ တယောက်သော ဥပါသကာ ဒါယကာသည် ဘိက္ခုနီမတို့အား အမြွှာင့်များသော ကြက်သွန်ဖြင့် အလိုရှိက အလှူခံပါရန် ဘိတ်မန်သက ပြုထားပါသည်။

သာဝတ္ထိပြည်၌ တနေ့သောအခါ ပဲ့လမ်းသဘင်ကြုံသဖြင့် ကြက်သွန်ခင်းမှ ဆောင်ယူခဲ့သမျှ ကြက်သွန်တို့ ကုန်သောအခါ ဘိက္ခုနီမတို့ သွားရောက်တောင်းသဖြင့် ဆောင်ယူခဲ့သမျှသော ကြက်သွန်တို့ ကုန်ပြီဖြစ်၍ ယာတောသို့သွား၍ ကြက်သွန်ခင်းမှ ခံယူပါမည့်အကြောင်း လျှောက်ထားသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် ထို ဥပါသကာ ဒါယကာ၏ ကြက်သွန်ခင်းရှိရာ အရပ်သို့ သွားရောက်၍ များစွာသော ကြက်သွန်တို့ကို အတိုင်းအရှည်မသိဘဲ ခံယူခဲ့ပါပြီ၊ ထိုသို့သော မှုခင်း။ပ။ အရှင်ဘုရား။

ပဌမ သိက္ခာပုဒ် ပြီး၏။

၁-လသုဏ်ဝဂ်၊ ၆-ဆဋ္ဌ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုဿ အာဝုသော ဘဥ္ဇမာနဿ အနေန ဝါ ပါနေန ဝါ ဝိဇ္ဇ-ပနေန ဝါ ဥပတိဋ္ဌန္တိယာ ဘိက္ခုနိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ အညတရာ ဘန္တေ ဘိက္ခုနီ ဘိက္ခုဿ ဘုဥ္ဇမာနဿ ပါနီယေန ဝိဇ္ဇ-ပနေန စ ဥပတိဋ္ဌတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရဟန်း ဆွမ်းစားနေသော ဌာနဌ် သောက်ရေဖြင့် ဖြစ်စေ ယပ်လေ ခပ်ပေးသဖြင့် ဖြစ်စေ အနိုးအပါးဌ် ပြုစုလုပ်ကျွေးသော ဘိက္ခုနီမ၏ ပါစိတ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်ဌ် အညတရ မထင်ရှားသော ဘိက္ခုနီမ ရဟန်း တပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာဝတ္ထိပြည်ဌ် မြတ်စွာဘုရား သီတင်းသုံး နေတော် မူသောအခါ အာရော ဟန္တ မည်သော အမတ်ကြီးသည် သာသနာတော်သို့ ဇင်ရောက်၍ ရဟန်းပြု ပါသည်၊ အမတ်ကြီးကတော်သည်လည်း ဘိက္ခုနီမတို့အထံဌ် ရဟန်းပြုခဲ့ပါသည်၊ ထိုအခါ အာရောဟန္တ ရဟန်းသည် ထို ဘိက္ခုနီမ၏ ကျောင်းသို့ သွားရောက်၍ နေ့စဉ် ဆွမ်းကိစ္စ ပြီးစေပါသည်။

တနေ့သောအခါ ထို အာရောဟန္တရဟန်း ဆွမ်းစားနေစဉ် ထို ဘိက္ခုနီမသည် အနိုးအပါးဌ် သောက်ရေဖြင့်၎င်း ယပ်လေခပ်သဖြင့်၎င်း ပြုစုလုပ်ကျွေးရာ သိက္ခာ ပုဒ်ပြင်ပ စည်းဝိုင်း ပြင်ဘက်မှဖြစ်သော သာသနာတော်နှင့် မလျော်ကပ်သော လူစကားများကို ပြောကြားခဲ့ပါသည်။

သို့ပြောကြားသည်ကို ထို ရဟန်းကား တားမြစ်သောအခါ ရှေးလူဖြစ်စဉ် အခါက သင်သည် ငါ့အား ဤသို့ဤသို့ ပြုခဲ့သည်၊ ယခုသော်မူ ဤမျှပင်အပြော မခံချေတကားဟု ပြောပြောဆိုဆို ကိုင်နေရင်းဖြစ်သော သောက်ရေခွက်မှရေကို ဦးခေါင်းထိပ်သို့ သွန်းလောင်းပြီးလျှင် မိမိကိုင်ရင်းဖြစ်သော ယပ်ဖြင့် ထို ရဟန်း အား ပုတ်ခတ်ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၆-ဆဌ သိက္ခာပုဒ် ပြီး၏။

၁-လသုဏဝဂ်၊ ဂ-အဋ္ဌမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဥစ္စာရံဝါ အာဝုသော ပဿာဝံဝါ သင်္ကာရံဝါ ဝိဃာသံဝါ တိရော-ကုဋ္ဋေ ဆဍ္ဍေန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ အညတရာ ဘန္တေ ဘိက္ခုနီ ဥစ္စာရံ တိရောကုဋ္ဋေ ဆဍ္ဍေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကျင်ကြီး ကျင်ငယ် အမှိုက်သရိုက် စားကြွင်းစားကျန်တို့ကို တံတိုင်းပေါ် နံရံပေါ်မှ ကျော်၍ အပြင်ဘက်သို့ သွန်လောင်း ပစ်ချသော ဘိက္ခုနီမ၏ ပါစိတ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ အညတရ ဘိက္ခုနီမတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတပါးသည် အိုးခင်း၌ ကျင်ကြီးကို စွန့်ပြီးလျှင် တံတိုင်း၏ပြင်ဘက်သို့ ပစ်အုံ့ဟု စွန့်ပစ်သောအခါ တံတိုင်း၏ အနီးအပါးမှ သွားသော ပုဏ္ဏားတို့၏ ဦးထိပ်သို့ ထို အိုးခင်းပါ အညစ်အကြေးတို့ဖြင့် သွန်လောင်းမိ ထိခိုက်မိပါသည်။

ထိုအခါ ထို ပုဏ္ဏားသည်းမျှားစွာ ရေရွတ်၍ ဘိက္ခုနီမတို့၏ကျောင်းကို မီးတိုက်အုံ့သောငှါ မီးစကိုကိုင်၍ ဘိက္ခုနီမ ကျောင်းဝင်းအတွင်းသို့ ဝင်ခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၈-အဋ္ဌမ သိက္ခာပုဒ် ပြီး၏။

၁-လသုဏ္ဏဝဂ်၊ ၁၀-ဒသမ သိက္ခာပုဒ်

ပုစ္ဆာ။ ။နစ္စံ ဝါ အာဝုသော ဂီတံ ဝါ ဝါဒိတံ ဝါ ဒဿနာယ ဂစ္ဆန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဗဂ္ဂိယာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခုနိယော နစ္စမ္ပိ ဂီတမ္ပိ ဝါဒိတမ္ပိ ဒဿနာယ အဂမံသု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ရန် သွားသော ဘိက္ခုနီမ၏ ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂိ ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ တောင်ထိပ်သဘင် ပဲ့လမ်းကြုံလတ်သဖြင့် ဆဗ္ဗဂ္ဂိ ဘိက္ခုနီမတို့သည် ကခြင်း သီခြင်း တီးမှုတ်ခြင်းကို ကြည့်ရှု နားထောင်ရန် အလို့ငှါ သွားခဲ့ကြပါကုန်သည်၊ ထိုသို့သွားသည်ကို မြင်ရသော လူပုဂ္ဂိုလ်တို့က မျှားစွာကဲ့ရဲ့ ရှုတ်ချခြင်းကို ခံရပါသည်၊ ထိုသို့သော မှုခင်းကိစ္စ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ဘိက္ခုပန အာဝုသော နစ္စံ ဝါ ဂိတံ ဝါ ဝါဒိတံ ဝါ ဒဿနာယ ဂစ္ဆန္တော ကံ နာမ အာပတ္တိံ အာပဇ္ဇတိ။

ဝိဿဇ္ဇနာ။ ။ဒုက္ကဋံ ဘန္တေ အာပတ္တိံ အာပဇ္ဇတိ။

အမေး။ ။ရုဟန်းယောကျ်ားသည်မူကား ကခြင်း သီခြင်း တီးမှုတ်ခြင်း တို့ကို ကြည့်ရှုနားထောင်ရန် သွားသည်ရှိသော် အဘယ်မည်သော အာပတ်သို့ သင့်ရောက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဒုက္ကဋ်အာပတ်သို့ သင့်ရောက်ပါသည် အရှင်ဘုရား။

၁-ဒသမ သိက္ခာပုဒ် ပြီး၏။

လသုဏဝဂ် ဆိုင်ရာ အမေးအဖြေ ပြီး၏။

၂-အန္ဓကာရဝဂ်၊ (ရတ္တန္ဓဝဂ်လည်းဟူ)

၁-ပဌမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ရတ္တန္ဓကာရေ အာဝုသော အပဒီပေ ပုရိသေန သဒ္ဒိံ ဧကော-နေကာယ သန္တိဋ္ဌန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ အညတရာ ဘန္တေ ဘိက္ခုနီ ရတ္တန္ဓကာရေ အပဒီပေ ပုရိသေန သဒ္ဒိံ ဧကေနေကာ သန္တိဋ္ဌိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဆီမီးအလင်းရောင် မရှိသော ညဉ့်မှောင်မိုက်ထည်း၌ ယောကျ်ား ပဂ္ဂိုလ်နှင့် အတူတကွ ရပ်တည်နေသော ဘိက္ခုနီမ၏ ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဘဒ္ဒကာပိလာနီ ထေရီ၏ အန္တေဝါသိက တပည့် မဖြစ်သော ဘိက္ခုနီမ တပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ထို ဘိက္ခုနီမသည် ဆီမီးအလင်းရောင် မရှိသော မှောင်မိုက်ထည်း၌ မိမိ၏ ဆွေမျိုးဖြစ်သော ယောကျ်ားတယောက်နှင့် တယောက်ချင်းချင်း ရပ်တည်နေ စကားပြောနေခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စ ။ပ။ အရှင်ဘုရား။

၁-ပဌမ သိက္ခာပုဒ် ပြီး၏။

၂-အန္ဓကာရဝဂ်၊ ၂-၃-ဒုတိယ, တတိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။ပဋိစ္ဆန္နေ ဝါ အာဝုသော ဩကာသေ အဇ္ဈောကာသေ ဝါ ပုရိသေန သဒ္ဓိံ ဧကေနေကာယ သန္တိဋ္ဌန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ အညတရာ ဘန္တေ ဘိက္ခုနီ ပဋိစ္ဆန္နေ ဩကာသေ အဇ္ဈောကာသေ စ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။နံရံစသည် ကွယ်ခြားလျက်ရှိသော အရပ်၌ဖြစ်စေ နံရံအခြားမရှိသော ကွင်းပြင်ထည်း၌ဖြစ်စေ ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်နှင့် အတူတကွ ရပ်တည်နေသော ဘိက္ခုနီမ၏ ပါစိတ် ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဘဒ္ဒကာပိလာနီ ထေရီမ၏ အနွေဝါသိက တပည့်မ ဖြစ်သော ဘိက္ခုနီမ တပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ထို ဘိက္ခုနီမသည် ရှာငယ်မှ မိမိ၏ဆွေမျိုးဖြစ်သော ယောကျ်ားနှင့် တယောက်ချင်းချင်း နံရံစသည် ခြားကွယ်သော အရပ်၌ဌင်း နံရံစသည် မခြားမကွယ် ဟင်းလင်းအပြင် လွင်တီးခေါင်၌ဌင်း ရပ်တည်၍နေခဲ့ စကားနှိုးနှော ပြောဆိုခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စ ။ပ။ အရှင်ဘုရား။

၂-၃-ဒုတိယ, တတိယ သိက္ခာပုဒ် ပြီး၏။

၂-အန္ဓကာရဝဂ်၊ ဂ-အဌမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဒုဂ္ဂဟိတေန အာဝုသော ဒုပဓာရိတေန ပရံ ဥဇ္ဈာပေန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ အညတရာ ဘန္တေ ဘိက္ခုနီ ဒုဂ္ဂဟိတေန ဒုပဓာရိတေန ပရံ ဥဇ္ဈာပေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သူတပါး ပြောဆိုသော စကားကို မိမိက အနက်အဓိပ္ပါယ် အကောက်အယူ လွဲမှားသဖြင့် အမှတ်မှားသဖြင့် သူတပါးကို ကဲ့ရဲ့ရွဲတ်ချ ပြစ်တင်သော ဘိက္ခုနီမ၏ ပါစိတ် ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ အညတရ ဘိက္ခုနိမ တပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

မြတ်စွာဘုရားသခင် သာဝတ္ထိပြည်၌ သီတင်းသုံး နေတော်မူသောအခါ ဘဒ္ဒကာပိလာနီ ထေရီမ၏ အန္တေဝါသိက တပည့်ဖြစ်သော ဘိက္ခုနိမ တပါးသည် ဘဒ္ဒကာပိလာနီ ထေရီမအား ရှိသေစွာ ပြုစုလုပ်ကျွေးပါသည်။

သို့ပြုစုလုပ်ကျွေးသဖြင့် ဘဒ္ဒကာပိလာနီ ထေရီမက ကျန်သော ဘိက္ခုနိမတို့အား "ဤ ဘိက္ခုနိမသည် ငါ့ကို ရှိသေစွာ လုပ်ကျွေးပြုစုပါပေသည်၊ ဤ ဘိက္ခုနိမအား ငါသည် သက်နှံးကိုပေးအံ့"ဟု ပြောဆိုသည်ကို ထို ဘိက္ခုနိမသည် အမှတ်မှား အကြွားမှား အနက်အဓိပ္ပါယ် အကောက်အယူ မှားသဖြင့် တခြားသော ဘိက္ခုနိမ တို့အား "အကျွန်ုပ်သည် ထေရီမအား ကောင်းစွာ မပြုဘူးတဲ့လား၊ အကျွန်ုပ်ကို ထေရီမက သက်နှံး မပေးဘူးတဲ့လား" ဟု အမှားမှား အချော်ချော် ကဲ့ရဲ့ပြောဆိုခဲ့ပါသည်၊ ထို့သို့သောမှုခင်းကိစ္စ

ကြောင့် ။ပ။ အရှင်ဘုရား။

၈-အဒ္ဌမ သိက္ခာပုဒ် ပြီး၏။

၂-အနှကာရဝဂ်၊ ၉-နဝမ သိက္ခာပုဒ်

ပုစ္ဆာ။ ။အတ္တာနံ ဝါ အာဝုသော ပရံ ဝါ နိရယေန ဝါ ဗြဟ္မစရိယေန ဝါ အဘိသပန္ဒိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဓေ စဏ္ဍကာဠိံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ စဏ္ဍကာဠီ ဘဒ္ဓေ ဘိက္ခုနီ အတ္တာနမ်ိ ပရမ်ိ နိရယေနပိ ဗြဟ္မစရိ-ယေနပိ အဘိသပိ၊ တသ္မိံ ဘဒ္ဓေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မိမိကိုယ်ကိုသော်ငင်း တပါးသော ဘိက္ခုနီမကိုသော်ငင်း၊ ငရဲဖြင့်ဖြစ်စေ မြတ်သောအကျင့် သိက္ခာဖြင့် ဖြစ်စေ ကျိန်ဆိုသော ရဟန်း မိန်းမ၏ ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ စဏ္ဍကာဠီ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနိမတို့သည် မိမိတို့ဘဏ္ဍာ ပျောက်ရှသည်ကို စဏ္ဍကာဠီ ဘိက္ခုနီမအား ရိုးရိုးသဘော

အားဖြင့် အရှင်မ.... တပည့်တော်တို့၏ ဘဏ္ဍာထုပ်ကို မြင်ပါသလား ဟု မေးမြန်းသည်ကို မကျေနိုင် မချမ်းနိုင် ဖြစ်ကာ....

ငါက မခိုးပါဘဲလျက် ငါ့ကို ခိုးသူမဟု စွပ်စွဲကြသည်၊ အကယ်၍ ငါသည် ခိုးယူပါမူကား ဤ သာသနတော်မှ လျော့ကျသည် ဖြစ်ပါစေသား၊ ဤ မြတ်သောအကျင့်မှ လျော့ကျသည် ဖြစ်ပါစေသား၊ ငရဲ၌ ကပ်ရောက်ရသည်ဖြစ်ပါစေသား၊ အကြင် ဘိက္ခုနီမများသည် ငါ့ကို မဟုတ်မမှန် ပါဘဲလျက် စွပ်စွဲကြကုန်၏၊ ဘိက္ခုနီမများသည်လည်း သာသနာတော်မှ လျော့ကျပါစေသား၊ မြတ်သော အကျင့်မှလျော့ကျပါစေသား၊ ငရဲသို့ လားရောက်ကြပါစေသား ဟု မိမိကိုယ်ကိုငင်း အခြားတပါးသော ဘိက္ခုနီမတို့ကိုငင်း ငရဲဖြင့်ငင်း မြတ်သောအကျင့် သာသနာတော်ဖြင့်ငင်း အကြိမ်ကြိမ် အဖန်ဖန် ကျိန်ဆဲခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၉-နဝမ သိက္ခာပုဒ် ပြီး၏။

၂-အန္ဓကာရဝဂ်၊ ၁၀-ဒသမ သိက္ခာပုဒ်

ပုစ္ဆာ။ ။အတ္တာနံ အာဝုသော ဝဓိတ္ဘာ ဝဓိတ္ဘာ ရောဒန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ စဏ္ဍကာဠိံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ စဏ္ဍကာဠိ ဘန္တေ ဘိက္ခုနိ ဘိက္ခုနိဟိ သဒ္ဓိံ ဘဏ္ဍိတ္ဘာ အတ္တာနံ ဝဓိတ္ဘာ ဝဓိတ္ဘာ ရောဒိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မိမိကိုယ်ကို ထု၍ ထု၍ ငိုသော ဘိက္ခုနီမ၏ ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ထုလ္လနန္ဒာ ဘိက္ခုနီမ၏ သဒ္ဓိဝိဟာရိက တပည့်မ ဖြစ်သော စဏ္ဍကာဠီ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

စဏ္ဍကာဠီ ဘိက္ခုနီမသည် အခြားတပါးသော ဘိက္ခုနီမတို့နှင့် ခိုက်ရန်ငြင်းခုံစကား ပြောကြား၍ မနှိုင်သော အဆုံးဌ မိမိကိုယ်ကို အကြိမ်ကြိမ် အဖန်ဖန် ထု၍ ထု၍ ငိုကြွေးခဲ့ပါပြီ၊ ထိုသို့သော အမြင်မတော် မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၁၀-ဒသမ သိက္ခာပုဒ် ပြီး၏။

အန္ဓကာရဝဂ် ဆိုင်ရာ အမေးအဖြေ ပြီး၏။

၃-နဂ္ဂဝဂ်၊ ၃-တတိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုနိယာ အာဝုသော စီဝရံ ဝိသိဗ္ဗေတ္ဝာ ဝါ ဝိသိဗ္ဗာပေတ္ဝာ ဝါ နေဝ သိဗ္ဗေန္တိယာ န သိဗ္ဗာပနာယ ဉဿုက္ကံ ကရောန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ထုလ္လနန္ဒံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ ထုလ္လနန္ဒာ ဘဒ္ဒေ ဘိက္ခုနီ ဘိက္ခုနိယာ စီဝရံ ဝိသိဗ္ဗာပေတ္ဝာ နေဝ သိဗ္ဗေသိ န သိဗ္ဗာပနာယ ဉဿုက္ကံ အကာသိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အခြားတပါးသော ဘိက္ခုနီမ၏သင်္ကန်းကို တဖန်ပြင်၍ ကောင်းစွာ ချုပ်ပေးရန် ချုပ်ရိုးမျှားကို ဖြေစေပြီးလျှင် မိမိကိုယ်တိုင်လည်း ချုပ်၍ မပေး၊ သူတပါးချုပ်၍ ပေးစေရန်လည်း ကြောင့်ကြမစိုက်သော ဘိက္ခုနီမ၏ ပါစိတ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ တယောက်သော ဘိက္ခုနီမ၏ အလှန်ကောင်းသော သင်္ကန်းလျာ ပိတ်ကို ချုပ်ရိုးညံ့ညံ့ ချုပ်ထားသည်ကို ထုလ္လနန္ဒာ ဘိက္ခုနီမ မြင်သဖြင့် အလှန်ကောင်းသော သင်္ကန်းဝယ် အဘယ့်ကြောင့် မကောင်းသော ချုပ်ရိုးဖြင့် ချုပ်၍ ထားဘိသနည်းဟု ပြောဆို သောအခါ သင်္ကန်းရှင် ဘိက္ခုနီမက သို့တပြီးကား ဤ ချုပ်ရိုးမျှားကို ဖြေရှင်းပါမည်၊ အရှင်မ ချုပ်ပေးပါမည်လား ဟု လျှောက်ထားသော အခါ——

အိမ်း....ကောင်းပြီ ချုပ်ပေးပါမည် ဟု ဝန်ခံ၍ ထို သင်္ကန်းရှင် ဘိက္ခုနီမ သင်္ကန်းချုပ်ရိုးတို့ကို ဖြေပြီးသောနောက်ကာလ၌ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ချုပ်ပေးဘို့ရန် အဖန်ဖန် တိုက်တွန်း တောင်းပန်သောအခါ ချုပ်ပေးမည် ချုပ်ပေးမည် ဟုသာ ပြောဆို၍ ရက်ပေါင်းများစွာ လပေါင်းများစွာ လွန်သော်လည်း ကိုယ်တိုင်လည်း ချုပ်၍မပေး ချုပ်ပေးဘို့ရန်လည်း လှုံ့လကြိုးကုတ်ကြောင့်ကြမမူဘဲ ရှိခဲ့ပါသည်၊ ထို့သို့သော မှုခင်းကိစ္စ။ပ။ အရှင်ဘုရား။

၃–တတိယ သိက္ခာပုဒ်ပြီး၏။

၃-နဂ္ဂဝဂ်၊ ၈-အဋ္ဌမ သိက္ခာပုဒ်

ပုစ္ဆာ။ ။အဂါရိကဿ ဝါ အာဝုသော ပရိဗ္ဗာဇကဿ ဝါ ပရိဗ္ဗာဇိကာယ ဝါ သမဏစီဝရံ ဒေန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ထုလ္လနန္ဒံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ ထုလ္လနန္ဒာ ဘဂ္ဂေ ဘိက္ခုနီ အဂါရိကဿ သမဏစီဝရံ အဒါသိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။လူဝတ်ကြောင် ပုဂ္ဂိုလ်အား ဖြစ်စေ ပရိဗိုဇ်အား ဖြစ်စေ ပရိဗိုဇ်မအားဖြစ်စေ ရဟန်းမိန်းမတို့ သုံးစွဲနေကျဖြစ်သော ရဟန်းသုံး သင်္ကန်းကို ပေးကမ်းသော ဘိက္ခုနီမ၏ ပါစိတ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ထုလ္လနန္ဒာ ဘိက္ခုနီမသည် ကချေသည် ကချေသမား ဂျမ်းသမား မျက်လှည့်သမား အိုးစည် ဒိုးပတ်သမား တို့အား ပရိသတ် ဗိုလ်ပုံ၏ အလည်၌ ငါ၏ ကျေးဇူးစကားကို ပြောဆိုကြကုန်လေဟု မှာကြားပြီးလျှင် ရဟန်းတို့ အသုံးအဆောင် ဖြစ်သော သင်္ကန်းကို လက်ဆောင်တံစိုး ထိုးသော အနေဖြင့် ပေးခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စ။ပ။ အရှင်ဘုရား။

၈-အဋ္ဌမ သိက္ခာပုဒ် ပြီး၏။

နဂ္ဂဝဂ်ဆိုင်ရာ အမေးအဖြေ ပြီး၏။

၄-တုဝဋ္ဌဝဂ်၊ ၁-၂-ပဌမ, ဒုတိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဒ္ဝိန္နံ အာဝုသော ဘိက္ခုနီနံ ကေမဇ္ဇေ ဝါ ကေတ္ထရကပါဝုရကေ ဝါ တုဝဋ္ဋေန္တိနံ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ သမ္ဗဟုလာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘဂ္ဂေ ဘိက္ခုနိယော ဒ္ဝေ ကေမဇ္ဇေ တုဝဋ္ဋေသုံ၊ ကေတ္ထရကပါဝုရကေ တုဝဋ္ဋေသုံ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။တခုတည်းသော ညောင်စောင်း ပေါ်၌ဖြစ်စေ တခုတည်းသော အခင်းအရုံ၌ ဖြစ်စေ ဘိက္ခုနီမနှစ်ဦး တပေါင်းတည်း လျောင်းအိပ်နေသည် ရှိသော် ထို ဘိက္ခုနီမတို့အား ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစ္ဘာသော ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ များစ္ဘာသော ဘိက္ခုနီမတို့သည် ညောင်စောင်း တခုတည်း၌ နှစ်ယောက်သုံးယောက် အတူတကွ အိပ်ကြပါကုန်သည်၊ တခုတည်းသော အခင်း တခုတည်းသော အရုံရှိကုန်၍ နှစ်ယောက် အတူတကွ လျောင်းကြပါကုန်သည်။

ကျောင်းစဉ် ဒေသစာရီ လှည့်လည်ကြည့်ရှုသော လူတို့ ထို အခြင်းအရာကို မြင်သောအခါ လူဝတ်ကြောင်တို့ ကဲ့သို့ပါတကား ဟု များစ္ဘာ ကဲ့ရဲ့ခြင်း ခံရပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ပါစိတ်အာပတ်နှစ်ပါးကို။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ဘိက္ခုနံ ပန အာဝုသော ဒ္ဝိန္နံ ကေမဉ္စေ ဝါ ကေတ္ထရဏ ပါပုရဏေ ဝါ တုဝဋ္ဋေန္တာနံ ကာနာမ အာပတ္တိ ဟောတိ။

ဝိဿဇ္ဇနာ။ ။ဒုက္ကဋ်အာပတ် သင့်ပါသည် အရှင်ဘုရား။

၁-၂-ပဌမ, ဒုတိယ သိက္ခာပုဒ် ပြီး၏။

၄-တုဝဋ္ဋဝဂ်၊ ၃-တတိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုနိယာ အာဝုသော သဉ္ဇိစ္စ အဖာသုံ ကရောန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ထုလ္လနန္ဒံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ ထုလ္လနန္ဒာ ဘဂ္ဂေ ဘိက္ခုနိ ဘိက္ခုနိယာ သဉ္ဇိစ္စ အဖာသုံ အကာသိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အခြားတပါးသော ဘိက္ခုနီမအား သက်သက်မဲ့ တမင်တကာ စေ့ဆော်၍ စိတ်မချမ်းမသာ ဖြစ်အောင် ပြုလုပ်သော ဘိက္ခုနီမ၏ ပါစိတ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသော အခါ ဘဒ္ဒကာပိလာနီ ထေရီမသည်၎င်း ထုလ္လနန္ဒာ ဘိက္ခုနီမသည်၎င်း ဗဟုသုတရှိသည်၊ အဟော အပြော ကောင်းသည် စသည်ဖြင့် အလွန်သတင်း ကောင်းခဲ့ပါသည်၊ သို့ရာတွင် များစွာသော လူအပေါင်းတို့သည် ဘဒ္ဒကာပိလာနီ ထေရီမကား ဗဟုသုတလည်း ရှိသည် မြင့်မြတ်သော အမျိုးမှ ရဟန်းပြုသဖြင့် အလွန် စိတ်သဘောထား ကြီးမြတ်သည်ဟု ရှေးဦးစွာ ဘဒ္ဒကာပိလာနီ ထေရီအထံသို့ ဆည်းကပ်ပြီးမှ ထုလ္လနန္ဒာ ဘိက္ခုနီမ အထံသို့ ဆည်းကပ်ကြပါသည်။

ထိုသို့သော အဖြစ်ကို မခံမရပ်နိုင်သော ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဘဒ္ဒကာပိလာနီထေရီမ၏ မြင်လောက်သော ကြားလောက်သော မျက်မှောက်၌ နားအောက်၌ မလျောက်ပတ်သော စကားတို့ဖြင့် စောင်းခါ ချိတ်ခါ ပြောဆိုခြင်း အမှု ပြုခဲ့ပါသည်။

ဤသို့လျှင် ထုလ္လနန္ဒာ ဘိက္ခုနီမ၏ ဘဒ္ဒကာပိလာနီ ထေရီမအား စိတ်မချမ်း သာအောင် ပြောဆို ပြုမူသော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၃–တတိယ သိက္ခာပုဒ် ပြီး၏။

၄-တုဝဋ္ဋဝဂ်၊ ၄-စတုတ္ထ သိက္ခာပုဒ်

ပဋ္ဌာ။ ။ဒုက္ခိတံ အာဝုသော သဟဓမ္မိကံ နေဝ ဥပဋ္ဌေန္တိယာ န ဥပဋ္ဌာ-
ပနာယ ဥဿုက္ကံ ကရောန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ
ကသ္မာ ဝတ္ထုသ္မာ ပညတ္တ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဓေ ထုလ္လနန္ဒံ ယေဝ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ တုလ္လနန္ဒာ ဘဒ္ဓေ ဘိက္ခုနိံ ဒုက္ခိတံ သဟဓမ္မိကံ နေဝဥပဋ္ဌေသိ န ဥပဋ္ဌာပနာယ ဥဿုက္ကံ အကာသိ၊ တသ္မိံ ဘဒ္ဓေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မကျန်းမမာဖြစ်၍ ဆင်းရဲဒုက္ခ ရောက်နေသော အတူနေ တပည့်မ သဒ္ဓိဝိဟာရိက တပည့်မဖြစ်သော ဘိက္ခုနီမကို မိမိကိုယ်တိုင်လည်း မပြုစု သူတပါး

ပြုစုစေရန်လည်း ကြောင့်ကြ ဗျာပါရ မစိုက်သော ဥပဇ္ဈာယ်ဆရာ ဘိက္ခုနီမ၏ ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ထုလ္လနန္ဒာ ဘိက္ခုနီမကိုပင် အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ထုလ္လနန္ဒာသည် မိမိကို မှီ၍နေသော သဒ္ဓိဝိဟာရိက ဘိက္ခုနီမ မကျန်းမမာသည်ကို ကိုယ်တိုင်လည်း မပြုစု သူတပါးကိုလည်း မပြုမစုစေဘဲ လျစ်လျူရှု၍ နေခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စ ။ပ။ အရှင်ဘုရား။

၄-စတုတ္ထ သိက္ခာပုဒ် ပြီး၏။

၄-တုဝဋ္ဋဝဂ်၊ ၅-ပဉ္စမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုနိယာ အာဝုသော ဥပဿယံ ဒတ္ဝာ ကုပိတာယ အနတ္တမနာယ နိက္ကဍ္ဎိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ထုလ္လနန္ဒံယေဝ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ ထုလ္လနန္ဒာ ဘန္တေ ဘိက္ခုနီ ဘိက္ခုနိယာ ဥပဿယံ ဒတ္ဝာ ကုပိတာ အနတ္တမနာ နိက္ကဍ္ဎိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အခြားတပါးသော ဘိက္ခုနီမအား မိမိပိုင်ဆိုင်သော ကျောင်းကို ကျေကျေနပ်နပ် ပေးပြီးလျှင် နောက်ကာလ၌ နှလုံးမသာမယာ အမျက်ထွက်သည်ဖြစ်၍ ထို ဘိက္ခုနီမကို နှင်ထုတ်သော ဘိက္ခုနီမ၏ ပါစိတ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ထုလ္လနန္ဒာဘိက္ခုနီမကိုပင် အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံး နေတော်မူသောအခါ ဘဒ္ဒကာပိလာနီ ထေရီမသည် ထုလ္လနန္ဒာ ဘိက္ခုနီမ၏ အထံမှ ကျောင်းကို ခွင့်တောင်း၍နေခဲ့ပါသည်၊ ထုလ္လနန္ဒာသည်လည်း ဝမ်းမြောက်ဝမ်းသာ ကျေနပ်စွာပင် ဘဒ္ဒကာပိလာနီ ထေရီမအား မိမိပိုင်ဆိုင်သော ကျောင်းကို ပေးခဲ့ပါသည်၊ ထုလ္လနန္ဒာ ဘိက္ခုနီမ ဘဒ္ဒကာပိလာနီ ဘိက္ခုနီမ နှစ်ဦးလုံးပင် ဗဟုဿုတရှိသည် တရားအဟော အဓိပ္ပာ ကောင်းသည် စသည်ဖြင့် ဂုဏ်သတင်း ထင်ရှားကြပါသည်။

သို့ရာတွင် လူအပေါင်းတို့က ဘဒ္ဒကာပိလာနီ ဘိက္ခုနီမသည် စိတ်သဘောထား အလွန်တရာ ကြီးမြင့်သဖြင့် ချီးမွမ်းအပ်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု ရှေးဦးစွာ

ဘဒ္ဒကာပိလာနီ ထေရိမ အထံသို့ ဆည်းကပ်ပြီးမှ ထုလ္လနန္ဒာ ဘိက္ခုနီမအား ဆည်းကပ်ကြပါသည်။

ထိုသို့သော အဖြစ်ကို မခံမရပ်နိုင်သော ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဘဒ္ဒကာပိလာနီ ထေရိမအား မျှားစ့ွာသော အနှောင့်အရှက်စကား ပြောကြားပြီးလျှင် မိမိပေးရင်းစ့ဲဖြစ်သော ကျောင်းမှ ဘဒ္ဒကာပိလာနီ ထေရိမအား အရှက်တကဲ့အကျိုးနဲ့ဖြစ်အောင် ဆဲထုတ်ခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၅–ပဉ္စမ သိက္ခာပုဒ် ပြီး၏။

၄-တုဝဋ္ဌဝဂ်၊ ၆-ဆဋ္ဌ သိက္ခာပုဒ်

ပုစ္ဆာ။ ။သံသဋ္ဌာယ အာဝုဩသော ဘိက္ခုနိယာ ယာဝတတိယံ သမနု-
ဘာသနာယ နု ပဋိနိဿဇ္ဇန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ
အာရဗ္ဘ ကသ္မာ ဝတ္ထုသ္မာ ပညတ္တ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ စဏ္ဍကာဠိံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊
စဏ္ဍကာဠီ ဘဒ္ဒေ ဘိက္ခုနီ သံသဋ္ဌာ ဝိဟာရိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ
ပညတ္တံ။

အမေး။ ။သူကြွယ်နှင့် ဖြစ်စေ သူကြွယ်သားနှင့် ဖြစ်စေ ရောနှော ဆက်ဆံနေသော ဘိက္ခုနီမကို ဘိက္ခုနီ သံဃာက ဥဿဟနှင့်တကွ သုံးကြိမ် တိုင်တိုင်သော သမနုဘာသန ကမ္မဝါစာဖြင့် ဆိုဆုံးမပါလျက် ထိုသို့ ရောနှောဆက်ဆံမှုကို မစွန့်လွှတ်မူ၍ ရောနှော ဆက်ဆံမြဲပင် ရောနှော ဆက်ဆံရန် စိတ်သန်နေသော ဘိက္ခုနီမ၏ ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ စဏ္ဍကာဠီ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

စဏ္ဍကာဠီ ဘိက္ခုနီမသည် သူကြွယ်နှင့်ဌင်း သူကြွယ်၏သား သူကြွယ်၏မြေး မျှားနှင့်ဌင်း သာသနာတော်အား မလျောက်ပတ်သော မတော် မလျော်သော ဆက်ဆံနည်းမျိုးဖြင့် ဆက်ဆံရောနှော၍ နေခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၆–ဆဋ္ဌ သိက္ခာပုဒ် ပြီး၏။

၄-တုဝဋ္ဋဝဂ်၊ ၇-ဂ-သတ္တမ အဌမ သိက္ခာပုဒ်

ပုစ္ဆာ။ ။အန္တောရဋ္ဌေ ဝါ အာဝုသော တိရောရဋ္ဌေ ဝါ သာသင်္သမ္မတေ သပ္ပဋိဘယေ အသတ္ထိကာယ စာရိကံ စရန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခုနိယော အန္တောရဋ္ဌေ ပိ တိရောရဋ္ဌေ ပိ သာသင်္သမ္မတေ သပ္ပဋိဘယေ အသတ္ထိကာယော စာရိကံ စရိ ံသု၊ တသ္မိ ံ ဘန္တေ ဝတ္ထုသ္မိ ံ ပညတ္တံ။

အမေး။ ။ဘေးရန်အန္တရာယ် ရှိသောမိမိနေရာ တိုင်းနိုင်ငံအတွင်း နယ်ပယ် အရပ်၌ ဖြစ်စေ မိမိနေရာ တိုင်းနိုင်ငံမှ အပြင်အပဖြစ်သော အရပ်၌ဖြစ်စေ ကုန်သည် အဖော်မပါဘဲ လှည့်လည် သွားလာသော ဘိက္ခုနီမ၏ ပါစိတ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ဘိက္ခုနီမတို့သည် ရုံရှာဘုယ်ရှိသည် ဘေးဘျမ်း ရှိသည်ဟု သမုတ်အပ်ပါလျက် မိမိတို့နေထိုင်ရင်း တိုင်းနိုင်ငံအတွင်း၌ဌင်း မိမိတို့ နေရာ တိုင်းမှ ပြင်ပတိုင်းခြား၌ဌင်း အဖော်ကုန်သည် မပါဘဲ ခရီးဒေသစာရီ လှည့်လည်ခဲ့ ကြပါကုန်သည်၊ သို့လှည့်လည်ရာတွင် ထို များစွာသော ဘိက္ခုနီမတို့ကို များစွာ သော သေသောက်ကျူးတို့သည် ဖျက်ဆီးသမှု ပြုခဲ့ကြပါသည်၊ ထို့ကြောင့် မှုခင်း ကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၇-ဂ-သတ္တမ, အဌမ သိက္ခာပုဒ် ပြီး၏။

၄-တုဝဋ္ဋဝဂ်၊ ၉-နဝမ သိက္ခာပုဒ်

ပုစ္ဆာ။ ။အန္တောဝဿံ အာဝုသော စာရိကံ စရန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခုနိယော အန္တောဝဿံ စာရိကံ ပက္ကမိ ံသု၊ တသ္မိ ံ ဘန္တေ ဝတ္ထုသ္မိ ံ ပညတ္တံ။

အမေး။ ။ဝါတွင်းကာလ၌ အရပ်တပါးသို့ သွားလာ လှည့်လည်နေသော ဘိက္ခုနီမ၏ ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂ္ဂိုဟ်ပြည်၌ များစွာသော ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ဘိက္ခုနီမတို့သည် ဝါတွင်းအခါကာလ၌ပင်လျှင် ခရီးဒေသစာရီ လှည့်လည်ကြ ပါကုန်သည်၊ ထိုအခါ များစွာသော လူတို့က ဤ ဘိက္ခုနီမများသည် စိမ်းရှင်သော ကောက်ပဲသီးနှံများကို လှည့်လည်၍ နင်း၍ ဖျက်ဆီး၍ ချေမှုန်း၍ ခရီးဒေသစာရီ လှည့်လည် ကြပါတကားဟု ကဲ့ရဲ့စကား ပြောကြားကြ ပါကုန်သည်၊ ထိုသို့သော မှုခင်း။ပ။ အရှင်ဘုရား။

၉-နဝမ သိက္ခာပုဒ် ပြီး၏။

၄-တုဝင်္ဂဝဂ်၊ ၁၀-ဒသမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဝဿံ ဝုဋ္ဌာယ အာဝုသော ဘိက္ခုနိယာ စာရိကံ နု ပက္ကမန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဒ္ဒေ သမ္ဗဟုလာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘဒ္ဒေ ဘိက္ခုနိယော ဝဿံဝုဋ္ဌာ စာရိကံ နု ပက္ကမိံ သု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဝါကျွတ်ပြီးသောအခါကာလ၌ တခြားတပါးသို့ သွားလာ လှည့်လည်ခြင်း အမှုကို မပြုဘဲ၊ မိမိနေမြဲ ကျောင်း၌သာလျှင် ငနေသောရဟန်း မိန်းမ၏ ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂ္ဂိုဟ်ပြည်၌ များစွာသော ရဟန်းမိန်းမ တို့ကိုပင် အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ရဟန်းမိန်းမတို့သည် ဝါတွင်းအခါ ဒေသစာရီ လှည့်လည် သဖြင့်လူတို့၏ အကဲ့ရဲ့ခံရ မြတ်စွာဘုရားသိက္ခာပုဒ် ပညတ်ခံရသည်ကို အကြောင်း ပြု၍မိမိတို့ နေရင်းကျောင်းမှာပင်လျှင် ဆောင်းရာသီ၌ဌင်း နွေရာသီ၌ဌင်း မိုးဃ်း ရာသီ၌ဌင်း ဆိတ်ငြိမ်စွာ နေခဲ့ပါကုန်ပြီ၊ ထိုအခါ လူတို့က ကျောင်းထည်း၌ အောင်းနေရမည်လား ဟူ၍ များစွာသော ကဲ့ရဲ့စကား ပြောကြားကြပါသည်၊ ထိုသို့သော မှုခင်းကိစ္စ ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ယခု မေးခဲ့ ဖြေခဲ့။ပ။ စကား ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။လူ နတ် ဗြဟ္မာ။ပ။ စကားတော် စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘာတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခာယ ဘန္တေ ဝစနံ။

အမေး။ ။ယခု မေးခဲ့ ဖြေခဲ့ပြီးသော သိက္ခာပုဒ်တော် စကားအစဉ်ကို အဘယ်သူသည် ဆောင်၍ လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ယခု မေးခဲ့ ဖြေခဲ့ပြီးသော စကားအစဉ်ကို သံဂီတိ ပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပမထေရ်၊ သံဂီတိဝန်ဆောင် ဖြစ်တော်မူသော အရှင်ဥပါလိ အရှင်အာနန္ဒာတို့မှအစ ယခုအခါ ဆဋ္ဌသံဂါယနာ တင်ရာကာလ သံဃနာယက မဟာထေရ် အမှူးပြုသော သံဂီတိကာရက မထေရ်တို့ တိုင်အောင် အဆက်ဆက်သော ဆရာတော် မထေရ်ကျော်တို့သည် မပျောက် မပျက်ရအောင် စောင့်ဆောင် ထိန်းသိမ်းတော် မူခဲ့ကြပါသည် အရှင်ဘုရား။

သံဂါယနာဥာတ်

သုဏာတု မေ ဘန္တေ သံဃော။ပ။ သံဂါယေယျာမ။

အရှင်ဘုရားတို့ ....။ပ။ သင်္ဃတော်ရှည် အရှင်ဘုရားတို့....။

၁၀-ဒသမ သိက္ခာပုဒ် ပြီး၏။

တုဝဋ္ဋဝဂ်ဆိုင်ရာ အမေးအဖြေ ပြီး၏။

၅-စိတ္တာဂါရဝဂ်၊ ၁-ပဌမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ယံ တေန အာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ရာဇာ-ဂါရံ ဝါ စိတ္တာဂါရံ ဝါ အာရာမံ ဝါ ဥယျာနံ ဝါ ပေါက္ခရဏိံ ဝါ ဒဿနာယ ဂစ္ဆန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခုနိယော ရာဇာဂါရမ္ပိ စိတ္တာဂါရမ္ပိ ဒဿနာယ ဂစ္ဆိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထို မြတ်စွာဘုရားသည် မင်းတို့၏ မြို့ထူးပျော်ပါး ကစားရန်အတွက် ဆောက်လုပ်ထားသော မင်းတဲ မင်းအိမ်သို့ ဖြစ်စေ လူအများတို့၏ ပျော်ပါးကစားရန်အတွက် ဆောက်လုပ်ထားသော ပန်းခြံဆေးရေးတို့ဖြင့် အဆန်းတကျယ် ပြုလုပ်ထားသော အိမ်သို့ဖြစ်စေ လူအများတို့၏ ပျော်ပါးကစားရန်အတွက် တည်ထောင်ပြုလုပ်ထားသော အရာမ် ဥယျာဉ် ရေကန်များသို့ ဖြစ်စေ ကြည့်ရှုရန် သွားသော ဘိက္ခုနီမ၏ ပါစိတ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိ ဘိက္ခုနီမကိုတို့ အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့သည် မင်းညီ မင်းသားတို့ မြို့ထူးပျော်ပါး ကစားရန် ပြုလုပ်ထားသော မင်းအိမ်သို့ဝင်း လူအများတို့၏ သွားလာပျော်ပါးရန် ပြုလုပ်အပ်သော ပန်းခြံ ဆေးရေးရုပ်တို့ဖြင့် ဆန်းကြယ်သော အိမ်သို့ဝင်း ကြည့်ရှုရန်အလို့ငှါ သွားရောက်ကြ ပါကုန်ပြီ၊ သို့သွားရောက်သဖြင့် များစွာသော လူအပေါင်းတို့ ကဲ့ရဲ့ခြင်းကို ခံရပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၁-ပဌမ သိက္ခာပုဒ် ပြီး၏။

၅-စိတ္တာဂါရဝဂ်၊ ၄-စတုတ္ထ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဂိဟိဝေယျာဝစ္စံ အာဝုသော ကရောန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခုနိယော ဂိဟိ ဝေယျာဝစ္စံ အကံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။လူတို့အား ယာဂုကျိုပေးခြင်း အဝတ်လျှော်ပေးခြင်း ထမင်းချက်ပေးခြင်း စသည်ဖြင့် လူတို့၏ ဝေယျာဝစ္စကို ပြုလုပ်သော ရဟန်းမိန်းမ၏ ပါစိတ်အာပတ် ။ပ။ ငါ့ရှင်။

သာဝတ္ထိပြည်၌ များစွာသော ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ဘိက္ခုနီမတို့သည် လူတို့၏ အဝတ်ကို လျှော်ခြင်း ယာဂု ကျိုခြင်း ထမင်းချက်ခြင်း စသည်ဖြင့် လူတို့၏ ဝေယျာဝစ္စကို ပြုလုပ်ဆောင်ရွက်ကြ ပါကုန်သည်၊ ထိုသို့သော မအပ် မလျော်သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၄-စတုတ္ထ သိက္ခာပုဒ် ပြီး၏။

၅-စိတ္တာဂါရဝဂ်၊ ၆-ဆဋ္ဌ သိက္ခာပုဒ်

ပဋ္ဌာ။ ။အဂါရိကဿ ဝါ အာဝုသော ပရိဗ္ဗာဇကဿ ဝါ ပရိဗ္ဗာဇိကာယ ဝါ သဟတ္ထာ ခါဒနီယံ ဘောဇနီယံ ဒေန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ထုလ္လနန္ဒံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ ထုလ္လနန္ဒာ ဘဂ္ဂေ ဘိက္ခုနီ အဂါရိကဿ သဟတ္ထာ ခါဒနီယမ်ိ ဘောဇနီယမ်ိ အဒါသိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။လူဝတ်ကြောင်အား ဖြစ်စေ ပရိဗိုဇ်, ပရိဗိုဇ်မအားဖြစ်စေ ခဲဘွယ်ဘောဇဉ်ကို ကိုယ်တိုင်ပေးသော ဘိက္ခုနီမ၏။ပ။ ငါ့၌။

အဖြေ။ ။သာဝတ္ထိပြည်၌ ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ထုလ္လနန္ဒာဘိက္ခုနီမသည် ကခေါသည် ဂျမ်းသမား အိုးစည်သမား မျက်လှည့်သမားတို့အား ပရိသတ် စုံညီရာ၌ ငါ၏ ဂုဏ်သတင်းကို ပြောကြားကြ လေကုန်ဟု မှာထား၍ ခဲဘွယ်ဘောဇဉ်တို့ကို ပေးကမ်းခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စ။ပ။ အရှင်ဘုရား။

၆-ဆဋ္ဌ သိက္ခာပုဒ် ပြီး၏။

၅-စိတ္တာဂါရဝဂ်၊ ၉-၁၀-နဝမ,ဒသမ သိက္ခာပုဒ်

ပဋ္ဌာ။ ။တိရစ္ဆာနဝိဇ္ဇံ အာဝုသော ပရိယာပုဏန္တိယာ စ ဝါစေန္တိယာ စ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခုနိယော တိရစ္ဆာနဝိဇ္ဇံ ပရိယာ-ပုဏိံသုစေဝ ဝါစေသုံ စ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မဂ်ဖိုလ်နှင့်ဖိလာဖြစ်သော မဂ်ဖိုလ်သို့ ရောက်ကြောင်း နတ်ရွာသို့ရောက်ကြောင်း တရားနှင့်ဖိလာဖြစ်သော ဗေဒင်ဟောအတတ် ဆေးကုအတတ် အစရှိသော တိရစ္ဆာန ဝိဇ္ဇာအတတ်မျိုးကို သင်ယူသော ရဟန်းမိန်းမအားလုံး၊ သင်ပြပေးသော ရဟန်းမိန်းမအားလုံး ပါစိတ်အာပတ် နှစ်မျိုးကို သဗ္ဗညုမြတ်စွာဘုရား။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂိဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂိဘိက္ခုနီမတို့သည် မဂ်ဖိုလ်မှ ဖိလာကန့်လန့်ဖြစ်သော ဗေဒင်အတတ် ဆေးအတတ် အစရှိသော တိရစ္ဆာနဝိဇ္ဇာကို ကိုယ်တိုင်လည်း တပည့်ခံ၍ သင်ကြပါကုန်ပြီ၊ ကိုယ်တိုင်ကလည်း ဆရာပြု၍ သူတပါးတို့အား ပို့ချကြပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ဘိက္ခု ပန အာဝုသော တာဒိသံ တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏန္တော စ ဝါစေန္တော စ ကိံ နာမ အာပတ္တိံ အာပဇ္ဇတိ။

ဝိဿဇ္ဇနာ။ ။ဒုက္ကဋံ ဘန္တေ အာပတ္တိံ အာပဇ္ဇတိ။

အမေး။ ။ရဟန်းယောကျ်ားသည်မူကား ထိုသို့သော တိရစ္ဆာနဝိဇ္ဇာအတတ်မျိုးကို မိမိကိုယ်တိုင်က သင်ယူခဲ့သော်၎င်း သူတပါးတို့အား ပို့ချပေးသော်၎င်း အဘယ်မည်သော အာပတ်သို့ သင့်ရောက် ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဒုက္ကဋ်အာပတ်သို့ သင့်နိုင် ရောက်နိုင်ပါသည် အရှင်ဘုရား။

၉-၁၀-နဝမ, ဒသမ သိက္ခာပုဒ် ပြီး၏။

စိတ္တာဂါရဝဂ်ဆိုင်ရာ အမေးအဖြေ ပြီး၏။

၆-အာရာမဝဂ်၊ ၁-ပဌမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဇာနံ အာဝုသော သဘိက္ခုကံ အာရာမံ အနာပုစ္ဆာ ပဝိသန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခုနိယော အာရာမံ အနာပုစ္ဆာ ပဝိသိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကျောင်းတိုက်ထည်း၌ ရဟန်းများ ရှိနေမှန်း သိပါလျက် ဆို ရဟန်းတို့ကို မပန်ကြားမူ၍ ရဟန်းတို့၏ နေရာ ကျောင်းတိုက်ထည်းသို့ အမှတ်တမဲ့ ဝင်၍ သွားသော ဘိက္ခုနီမ၏ ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

မြတ်စွာဘုရားသခင် သာဝတ္ထိပြည်၌ သီတင်းသုံး နေတော်မူသောအခါ များစွာသော ရဟန်းတို့သည် ရွာငယ်ကျောင်းတခု၌ အပေါ်ရုံကိုယ်ဝတ် ကေစီသင်္ကန်း ကိုချ၍ သင်္ကန်းချုပ်ခြင်းကိစ္စကို အားထုတ်ပြုလုပ်၍ နေကြပါသည်။

ထိုအခါ များစွာသော ဘိက္ခုနီမတို့သည် အခွင့်မပန်မကြား မသိစေဘဲလျက် ရဟန်းတို့နေရာ ကျောင်းတိုက်ထည်းသို့ ဝင်ရောက်ခဲ့ကြပါသည်၊ ထို အကြောင်းကို အစဲပြု၍ ရဟန်းတို့ များစွာ ကဲ့ရဲ့ကြပါသည်၊ ထိုသို့သော မှုခင်းကိစ္စ ။ပ။ အရှင် ဘုရား။

၁-ပဌမ သိက္ခာပုဒ် ပြီး၏။

၆-အာရာမဝဂ်၊ ၂-ဒုတိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခု အာဝုသော အက္ကောသန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကာ အာရဒ္ဓာ ကသ္မာ ဝတ္ထုသ္မာ ပညတ္တာ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ ဆဗ္ဗဂ္ဂိယာ ဘိက္ခုနိယော အာရဒ္ဓာ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခုနိယော အာယသ္မန္တံ ဥပါလိံ အက္ကောသိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရဟန်းကို ဆဲရေးသော ဘိက္ခုနီမ၏ ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်၌ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံး နေတော်မူသော အခါ အရှင်ဥပါလိမထေရ်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော **အရှင်ကပ္ပိတက** မထေရ်သည် သုသာန်အရပ်၌ သီတင်းသုံး နေတော်မူပါသည်။

ထိုအခါ ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့တွင် အကြီးဆုံးဖြစ်သော ဆဗ္ဗဂ္ဂိဘိက္ခုနီမကြီး ကုယ်လွန်သဖြင့် ဥတုဇရုပ်ကလာပ်ကို စျာပန သင်္ဂြိုဟ်ပြီးလျှင် အရှင်ကပ္ပိတက မထေရ်မြတ် သီတင်းသုံးရာ သုသာန်ကျောင်း၏ မနီးမဝေး၌ **စေတီ** တခု တည် ဆောက်ပြီးလျှင် ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့ ခဏ,ခဏ လာရောက်၍ ဝိုင်းကြုံးခြင်းအမှု ပြုကြ ပါသည်။

အရှင်ကပ္ပိတက မထေရ်သည် ဘိက္ခုနီမတို့ ငိုကြွေးသော အသံဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ထို စေတီကို မှန်မှန်ညက်ညက် ဖြစ်အောင် ဖျက်ဆီးခဲ့ပါသည်၊ ထိုအခါ ဆဗ္ဗဂိုဘိက္ခုနီမတို့သည် အရှင်ကပ္ပိတက် မထေရ်အား သုတ်သင် သတ်ဖြတ်ရန် ကြံစည်သမှု ပြုကြပါသည်။

ထို အကြောင်းကို ဘိက္ခုနီမ တယောက်က အရှင်ဥပါလိ မထေရ်မြတ်ထံ သွားရောက် အကြောင်းကြားသဖြင့် အရှင်ဥပါလိမထေရ်မှ တဆင့် အရှင်ကပ္ပိတက မထေရ်အား လျှောက်ထားသောအခါ အရှင်ကပ္ပိတကမထေရ်သည် မိမိနေရာ ကျောင်းမှ ရှောင်၍ ပုန်းအောင်း နေခဲ့ပါသည်။

ဆဗ္ဗဂိုဘိက္ခုနီမတို့သည် အကာလ ညအခါ၌ အရှင်ကပ္ပိတက မထေရ် သီတင်းသုံးသော ကျောင်းကို ဝိုင်းဝန်း၍ ကျောက်ခဲ အုဒ်ခဲတို့ဖြင့် တအားကုန် ပစ်လွှတ်ပြီးလျှင် အရှင်ကပ္ပိတက မထေရ် သေလောက်ပြီဟု အမှတ်ထား၍ ပြန်သွားကြပါသည်။

နောက်တနေ့ မိုးသောက် အလင်းရောက်သောအခါ အရှင်ကပ္ပိတကမထေရ်သည် ဝေသာလီပြည်အရပ်သို့ ဆွမ်းခံ ကြွရောက်တော် မူသည်ကို ဆဗ္ဗဂိုဘိက္ခုနီမတို့မြင်သောအခါ အဘယ်သူသည် ငါတို့၏ အကြံအစည်ကို ပျက်စီးစေသနည်း ဟု စုံစမ်းလတ်သည်ရှိသော် အရှင်ဥပါလိမှတဆင့် အရှင်ကပ္ပိတက မထေရ်ထံ သတင်းကြားရောက်ကြောင်း သတင်းရရှိသဖြင့် ထို ဆဗ္ဗဂိုဘိက္ခုနီမတို့သည် အရှင်ဥပါလိမထေရ်ကို....

သူတပါးတို့၏ အညစ်အကြေးကို သုတ်သင်သော ဖန်ရည်စုန်းသော အဝတ်ကို ဝတ်သော ဤ ဆတ္တာသည်သားသည် ငါတို့၏ အကြံအစည်ကို ဖျက်ဆီးဘိ၏ စသည်ဖြင့် အရှင်ဥပါလိ မထေရ်ကို ဆဲရေးကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

၂-ဒုတိယ သိက္ခာပုဒ် ပြီး၏။

၆-အာရာမဝဂ်၊ ၃-တတိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။စဏ္ဍိကတာယ အာဝုသော ဂဏံ ပရိဘာသန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ထုလ္လနန္ဒံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ ထုလ္လနန္ဒာ ဘဒ္ဒေ ဘိက္ခုနီ စဏ္ဍိကတာယ ဂဏံ ပရိဘာသိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အမျက်ဒေါသဖြင့် ကြမ်းကြုတ် ခက်ထန်လျက် ကံပြုသော ဘိက္ခုနီသံဃာ, ဘိက္ခုနီဂိုဏ်းကို ရေရွတ် ကြိမ်းမောင်းသော ဘိက္ခုနီမအား ပါစိတ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံး နေတော် မူသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမ အရပ်တပါးသို့ ဖဲသွားသောအခိုက် ထို ထုလ္လနန္ဒာ ဘိက္ခုနီမ၏ တပည့်မ ဖြစ်သော စဏ္ဍကာဠီ ဘိက္ခုနီမကို အာပတ်ကို မရှုခြင်းကြောင့် ဘိက္ခုနီဂိုဏ်းသံဃာ ဆည် ဉာကျေပနိယကံကို ပြုခဲ့ကြပါသည်။

ထုလ္လနန္ဒာ ဘိက္ခုနီမ ပြန်ရောက်လာသောအခါ စဏ္ဍကာဠီဘိက္ခုနီမက နေရာ ခင်းခြင်း သပိတ်သင်္ကန်း လှမ်းယူခြင်း စသည်ဖြင့် ဝတ်ကြီးဝတ်ငယ်ကို မပြုသဖြင့် မေးမြန်းသောအခါ ထို အကြောင်းကို သိရှိသဖြင့် ထို ကံပြုသော ဘိက္ခုနီမတို့သည် မိုက်ကုန် မလိမ်မာကုန်သော ဘိက္ခုနီမတို့တည်း၊ ကံကိုငင်း ကံ၏အပြစ်ကိုငင်း၊ ကံ၏ ပြည့်စုံခြင်းကိုငင်း ကံ၏ပျက်စီးခြင်းကိုငင်း မသိကြကုန်၊ ဤသို့စသည်ဖြင့် ဘိက္ခုနီမ ဂိုဏ်းသံဃာကို ရေရွတ်စကား ပြောကြားခဲ့ပါပြီ၊ ထို့သို့သော မှုခင်း ကစ္စ ။ပ။ အရှင်ဘုရား။

၃-တတိယ သိက္ခာပုဒ် ပြီး၏။

၆-အာရာမဝဂ်၊ ၅-ပဉ္စမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ကုလံ အာဝုသော မစ္ဆရာယန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ အညတရံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ အညတရာ ဘဒ္ဒေ ဘိက္ခုနီ ကုလံ မစ္ဆရာယိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တ။

အမေး။ ။မိမိနှင့် စပ်သွယ်ရင်းနှီးနေသော ဒကာ ဒကာမဖြစ်သောသူကို အခြားတပါးသော ဘိက္ခုနီမတို့နှင့် မစပ်သွယ် မရင်းနှီးစေရန် ဝန်တိုသဖြင့် ကာကွယ်ပိတ်ပင် ပြောဆိုသော ဘိက္ခုနီမအား ပါစိတ် ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ အညတရ ဘိက္ခုနီမတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

မထင်မရှားသော အညတရ ဘိက္ခုနီမ တပါးသည် မိမိ၏ ဆွမ်းခံအိမ်မှ တခြားတပါးသော ဘိက္ခုနီမတို့ကိုလည်း ဤ အရပ်ဒေသသို့ လာရောက်ရန် ဘိတ်မန်သက ပြုသည်ကို ဝန်တိုသဖြင့် "ဤ မည်သောအရပ်၌ ခွေးကြမ်းရှိသည် နွားကြမ်းရှိသည် လမ်းခရီး၌ ရုံညှဉ်ပြောင်း ထူပြောသည်" စသည်ဖြင့် အပြစ်ဒေါသကို ပြောဆိုသောအားဖြင့် ဒါယကာတို့ကို ဝန်တိုခဲ့ပါပြီ၊ ထို့သို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၅-ပဉ္စမ သိက္ခာပုဒ် ပြီး၏။

၆-အာရာမဝဂ်၊ ၆-ဆဋ္ဌ သိက္ခာပုဒ်

ပုစ္ဆာ။ ။အဘိက္ခုကော အာဝုသော အာဝါသေ ဝဿံ ဝသန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ သမ္မဟုလာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘဒ္ဒေ ဘိက္ခုနိယော အဘိက္ခုကော အာဝါသေ ဝဿံ ဝသိံသု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မိမိနေရာဌာနမှ နီးသောအရပ်၌ ဩဝါဒခံယူရန် ရဟန်းမရှိပါဘဲ ထို့သို့သော အရပ်၌ ဝါကပ်၍နေသော ဘိက္ခုနီမအား ပါစိတ် ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ များစွာသော ဘိက္ခုနီမတို့သည် ရွာငယ်ကျောင်းတခုမှ ဝါကျွတ်သည်ရှိသော် သာဝတ္ထိပြည်သို့ လာရောက်ကြပါသည်၊ သာဝတ္ထိပြည်၌ ရှိနေရင်းစွဲ ဖြစ်သော ဘိက္ခုနီမတို့က....

ရှင်မတို့ ....အသို့နည်း၊ အဆုံးအမဩဝါဒသည် ပြည့်စုံစွာ ဖြစ်ပါ၏လော ဟု မေးမြန်းသည်ရှိသော် အဘယ်မှာလျှင် အဆုံးအမ ဩဝါဒ ပြည့်စုံပါမည်နည်း၊ ငါတို့ နေရာအရပ်၌ အဆုံးအမဩဝါဒပေးမည့် ရဟန်းမရှိပါ ဟူ၍ ပြောကြားကြပါသည်။

ထိုအခါ များစွာသော ဘိက္ခုနီမတို့က အဘယ့်ကြောင့် ဤ ဘိက္ခုနီမတို့သည် အဆုံးအမ ဩဝါဒပေးမည့် ရဟန်းမရှိသည့် ကျောင်း၌ ဝါကပ်ကြပါကုန် သနည်းဟု ကဲ့ရဲ့ရွဲတ်ချစကား ပြောကြားကြပါကုန်သည်၊ ထို့သို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၆-ဆဋ္ဌ သိက္ခာပုဒ် ပြီး၏။

၆-အာရာမဝဂ်၊ ၇-သတ္တမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဝဿံ ဝုဋ္ဌာယ အာဝုသော ဘိက္ခုနိယာ ဥဘတောသံဃေ တီဟိ ဌာနေဟိ နု ပဝါရေန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝဿူပနာ။ ။သာဝတ္ထိယ ဘဒ္ဒေ သမ္မဟုလာ ဘိက္ခုနယော အာရဗ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘဒ္ဒေ ဘိက္ခုနိယော ဝဿံ ဝုဋ္ဌာ ဘိက္ခုသံဃံ နု ပဝါရေသုံ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဝါကျတ်သောအခါကာလ၌ ရဟန်းသံဃာထံ၌ရင်း ရဟန်းမိန်းမ သံဃာထံ၌ရင်း နှစ်ဦးသော သံဃာထံ၌ မြင်ခြင်း ကြားခြင်း ယုံမှားခြင်းရှိခဲ့သော် ပြောကြပါ ဆိုးမကြပါဟု ပန်ကြားခြင်းကို မပြုသော ဘိက္ခုနီမအား ပါစိတ် ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ဘိက္ခုနီမတို့သည် ဝါကျတ်ပြီးသောအခါ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ နှစ်ပါးစုံ၌ မြင်ခြင်းကြားခြင်း ရှုံ့ရှာခြင်းတည်းဟူသော သုံးပါးသောဥဒ္ဓာနဖြင့် ပြောကြားတော် မူကြပါဟု ဘိတ်ကြားရမည်ကို ဘိက္ခုသံဃာ၌ မဘိတ်ကြားကြကုန်၊ ထိုသို့ များစွာသော ဘိက္ခုနီမတို့၏ ဝါကျတ်သောအခါ ဘိက္ခုသံဃာ၌ ဘိတ်ကြားခြင်း ပဝါရဏာမှု မပြုသော အမှုခင်းကိစ္စ ။ပ။ အရှင်ဘုရား။

၇-သတ္တမ သိက္ခာပုဒ် ပြီး၏

၆-အာရာမဝဂ်၊ ၈-အဋ္ဌမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဩဝါဒိယ ဝါ အာဝုသော သံဝါသာယ ဝါ နဂစ္ဆန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သင်္ကေသု ဘဒ္ဒေ ဆဗ္ဗဂ္ဂိယာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခုနိယော ဩဝါဒံ နဂစ္ဆိံ သု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အဆုံးအမခံရန် အတွက်ရင်း သက်ဆိုင်ရာ ကံကြိုးကံငယ်ဖြင့် ပေါင်းသင်း ဆက်ဆံရန် အတွက်ရင်း ရဟန်းသံဃာ အထံသို့ မသွားသော ဘိက္ခုနီမ၏ ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သင်္ကတိုင်း ကပိလဝတ်ပြည်၌ ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့သည် အခြားတပါးသော ဘိက္ခုနီမတို့က အဆုံးအမ သြဝါဒခံယူရန် ခေါ်သောအခါ မိမိတို့အား ဆဗ္ဗဂ္ဂိရဟန်းတို့က မိမိတို့နေရင်း ကျောင်းသို့ပင် လာရောက်၍ အဆုံးအမပေးပြီးဖြစ်သဖြင့် လိုက်ဘို့ရန် မလိုကြောင်း ပြောကြားကြပြီးလျှင် အဆုံးအမ သြဝါဒခံရာ အရပ်သို့ မလိုက်မပါကြပါကုန်၊ ထိုသို့သော မှုခင်းကိစ္စ ။ပ။ အရှင်ဘုရား။

၈-အဋ္ဌမ သိက္ခာပုဒ် ပြီး၏။

၆-အာရာမဝဂ်၊ ၉-နဝမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဥပေါသထမို့ အာဝုသော နပုစ္ဆန္တိယာ သြဝါဒမို့ နယာစန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသို့ ဝတ္ထုသို့ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ သမ္မဟုလာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘဒ္ဒေ ဘိက္ခုနိယော ဥပေါသထံ နပုစ္ဆိ သု၊ သြဝါဒမို့ နယာစိ သု၊ တသို့ ဘဒ္ဒေ ဝတ္ထုသို့ ပညတ္တံ။

အမေး။ ။ရဟန်းသံဃာထံမှ ဥပုသ်ကိုလည်း မမေး၊ သြဝါဒကိုလည်း မတောင်းခံသော ဘိက္ခုနီမ၏ ပါစိတ်အာပတ် ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ဘိက္ခုနီမတို့သည် ဥပုသ်ကိုလည်း မမေးမြန်း၊ အဆုံးအမ သြဝါဒကိုလည်း မတောင်းခံယူကြကုန်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၉-နဝမ သိက္ခာပုဒ် ပြီး၏။

အာရာမဝဂ်ဆိုင်ရာ အမေးအဖြေ ပြီး၏။

၇-ဂဗ္ဘိနီဝဂ်၊ ၁-၂-ပဌမ, ဒုတိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဂဗ္ဘိနိံဝါ အာဝုသော ပါယန္တိံ ဝါ ဝုဋ္ဌာပေန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသို့ ဝတ္ထုသို့ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလာ ဘိက္ခုနိယော အာရဒ္ဓာ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခုနိယော ဂဗ္ဘိနိံ ဝုဋ္ဌာပေသုံ၊ ပါယန္တိံ ဝုဋ္ဌာပေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကိုယ်ဝန်ရှိသော မိန်းမကို ရဟန်းခံပေးသော ဘိက္ခုနီမအား ၎င်း နို့စို့သားငယ်ရှိသော မိန်းမကို ရဟန်းခံပေးသော ဘိက္ခုနီမအား၎င်း ပါစိတ်အာပတ်နှစ်ပါးကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ဘိက္ခုနီမတို့သည် ကိုယ်ဝန်ရှိသော မိန်းမကိုလည်း ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးကြပါကုန်ပြီ၊ နို့စို့သားငယ်ရှိသော မိန်းမကိုလည်း ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးကြပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ပါစိတ်အာပတ်နှစ်ပါးကို။ပ။ အရှင်ဘုရား။

၁-၂-ပဌမ, ဒုတိယ သိက္ခာပုဒ် ပြီး၏။

၇-ဂဗ္ဘိနီဝဂ်၊ ၃-တတိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဒ္ဝေ ဝဿာနိ အာဝုသော ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ သိက္ခမာနံ ဝုဋ္ဌာပေန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဒ္ဓာ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလာ ဘိက္ခုနိယော အာရဒ္ဓာ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခုနိယော ဒ္ဝေ ဝဿာနိ ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ သိက္ခမာနံ ဝုဋ္ဌာပေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။နှစ်,နှစ်ပတ်လုံး ပါဏာတိပါတအစ ဝိကာလဘောဇန အဆုံး ရှိသော ခြောက်ပါးသော သိက္ခာပုဒ်တို့၌ မပျက်မကွက် ကျင့်သုံးခြင်း မရှိသော ရဟန်းလောင်း သိက္ခမာန်မကို ရဟန်းခံပေးသော ဘိက္ခုနီမအား ပါစိတ် ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

များစွာသော ဘိက္ခုနီမတို့သည် နှစ်နှစ်ပတ်လုံး ပါဏာတိပါတာ ဝေရမဏိ သိက္ခာပုဒ် အဒိန္နာဒါနာ ဝေရမဏိသိက္ခာပုဒ် အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပုဒ် မုသာဝါဒါ ဝေရမဏိသိက္ခာပုဒ် သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပုဒ် ဝိကာလဘောဇနာ ဝေရမဏိ သိက္ခာပုဒ် ခြောက်ပါးဌ် ပြည့်စုံစွာ မကျင့်မကြံရသေးသော ရဟန်းလောင်းမ သိက္ခမာန်ကို ရဟန်းပြု၍ ပေးခဲ့ကြပါကုန်ပြီ၊ ထိုသို့သော မှုခင်း ကိစ္စ ။ပ။ အရှင်ဘုရား။

၃-တတိယ သိက္ခာပုဒ် ပြီး၏။

ဂဒ္ဒိနီဝဂ်ဆိုင်ရာ အမေးအဖြေ ပြီး၏။

၈-ကုမာရိဘူတဝဂ်၊ ၉-နဝမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ပုရိသသံသဋ္ဌံ အာဝုသော ကုမာရကသံသဋ္ဌံ စဏ္ဍိံ သောကာဝါသံ သိက္ခမာနံ ဝုဋ္ဌာပေန္တီယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝ ဝ ဝ

ဝဿဇနာ။ ။သာဝတ္ထိယ ဘန္တေ ထုလ္လနန္ဒာ ဘိက္ခုနီ အာရဗ္ဘ ပညတ္တာ၊ ထုလ္လနန္ဒာ ဘန္တေ ဘိက္ခုနီ ပုရိသသံသဋ္ဌံ ကုမာရကသံသဋ္ဌံ စဏ္ဍိံ သောကာဝါသံ စဏ္ဍကာဠိံ သိက္ခမာနံ ဝုဋ္ဌာပေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အသက် နှစ်ဆယ်ကျော်ပြီးသော ယောကျ်ားကြီး တို့နှင့်ငင်း အသက်နှစ်ဆယ် မပြည့်သေးသော လူငယ် လူရွယ် လူပျိုတို့နှင့်ငင်း ရောနှော ယှက်တင်လျက်ရှိသော ဒေါသဖြင့် ကြမ်းတမ်းခက်ထန်သော သက်ဆိုင်သော ပုဂ္ဂိုလ်တို့အား စိုးရိမ် ပူဆွေးခြင်းကိုလည်း ဖြစ်စေတတ်သော သိက္ခမာန်မကို ရဟန်းခံပေးသော ဘိက္ခုနီမ၏ ပါစိတ် ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ထုလ္လနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ထုလ္လနန္ဒာသည် အသက်နှစ်ဆယ် ပြည့်ပြီးသော ယောကျ်ားတို့နှင့်လည်း ရောနှောသော အသက်နှစ်ဆယ် မပြည့်သေးသော လုလင်ပျိုတို့နှင့်လည်း ရောနှောသော ထွေးရော ယှက်တင်နေသော၊ ကြမ်းတမ်းသော အခြားတပါးသော ယောကျ်ားတို့၏ အဇ္ဈတ္တသဏ္ဌာန်၌ စိတ်နှလုံး ပူပန်ခြင်းကို ဖြစ်စေတတ်သော စဏ္ဍကာဠီ အမည်ရှိသော သိက္ခမာန်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုပေးခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၉-နဝမ သိက္ခာပုဒ် ပြီး၏။

ဂ-ကုမာရီဘူတဝဂ်၊ ၁၀-ဒသမ သိက္ခာပုဒ်

ပုစ္ဆာ။ ။မာတာပိတူဟိ ဝါ အာဝုသော သာမိကေန ဝါ အနနုညာတံ သိက္ခမာနံ ဝုဋ္ဌာပေန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ထုလ္လနန္ဒံ ဘိက္ခုနိံ အာရဗ္ဘ ပညတ္တံ၊ ထုလ္လနန္ဒာ ဘဂ္ဂေ ဘိက္ခုနိံ မာတာပိတူဟိ ပိ သာမိကေန ပိ အနနုညာတံ သိက္ခမာနံ ဝုဋ္ဌာပေသိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မိဘတို့ကလည်း ခွင့်မပြု ခင်ပွန်းလင်ကလည်း ခွင့်မပြုသော သိက္ခမာန်မကို ရဟန်းခံပေးသော ဘိက္ခုနီမ၏ ပါစိတ် အာပတ် ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ထုလ္လနန္ဒာမည်သော ဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ထုလ္လနန္ဒာ ဘိက္ခုနီမသည် အမိအဘနှစ်ပါးကလည်း ခွင့်မပြု အရှင်သခင် လင်ယောကျ်ားကလည်း ခွင့်မပြုသော သိက္ခမာန်မကို ဥပဇ္ဈာယ် ဆရာပြု၍ ရဟန်းခံပေးခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စ ။ပ။ အရှင်ဘုရား။

၁၀-ဒသမ သိက္ခာပုဒ် ပြီး၏။

ကုမာရီဘူတဝဂ် ဆိုင်ရာ အမေးအဖြေ ပြီး၏။

ဧ-ဆတ္တုပါဟနဝဂ်၊ ၁-၂-ပဌမ, ဒုတိယ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဆတ္တုပါဟနံ အာဝုသော ဓာရေန္တိယာ စ ယာနေန ယာယန္တိယာ စ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ဆဗ္ဗဂ္ဂိယာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဂ္ဂေ ဘိက္ခုနိယော ဆတ္တုပါဟနံ ဓာရေသုံ၊ ယာနေန ယာယ သုံ၊ တသ္မာ ဘဂ္ဂေ ဝတ္ထုသ္မာ ပညတ္တ။

အမေး။ ။ကျောင်းတိုက်အပြင်အပဋ္ဌ မကျန်းမမာခြင်းစသော အကြောင်းမရှိပါဘဲ ထီးဖဲဆောင်းလျက် ဘိနပ်စီးသော ရဟန်းမိန်းမအား၎င်း မကျန်းမာခြင်းစသော အကြောင်းမရှိပါဘဲ ယာဉ်ရထားစီးသော ရဟန်းမိန်းမအား၎င်း အကြင် ပါစိတ်အာပတ် နှစ်ပါးကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့သည် ထီးကိုလည်း ဆောင်းကုန်ပြီ၊ ဘိနပ်ကိုလည်း စီးပါကုန်ပြီ၊ ယာဉ်ရထားဖြင့်လည်း သွားလာကြပါကုန်ပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ။ပ။ အရှင်ဘုရား။

၁-၂-ပဌမ, ဒုတိယ သိက္ခာပုဒ် ပြီး၏။

၉-ဆတ္တုပါဟနဝဂ်၊ ၄-စတုတ္ထ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဣတ္ထာလင်္ဂံရံ အာဝုသော ဓာရေန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဗဂ္ဂိယာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခုနိယော ဣတ္ထာလင်္ဂံရံ ဓာရေသုံ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မိန်းမတို့၏ လက်ဝတ်တန်းဆာ အစရှိသော အသုံးအဆောင်ကို သုံးဆောင် ဆင်မြန်းသော ဘိက္ခုနီမအား ပါစိတ် ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိ ဘိက္ခုနီမတို့သည် လူဝတ်ကြောင် မိန်းမတို့၏ အသုံးအဆောင် ဖြစ်သော လက်ကောက်, လက်ကြပ်, ပုတီး, နားဆောင်း အစရှိသော အဆင်တန်ဆာတို့ကို ဆင်မြန်းသုံးဆောင်ကြပါကုန်ပြီ၊ ထိုကို အစဲပြု၍ များစွာသော လူဝတ်ကြောင် တို့က ကဲ့ရဲ့ရှုတ်ချခြင်း အမှု ပြုကြပါသည်၊ ထိုသို့သော မှုခင်းကိစ္စ ။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ဘိက္ခု ပန အာဝုသော ပုရိသာလင်္ဂံရံ ဓာရေန္တော ကိံ နာမ အာပတ္တိံ အာပဇ္ဇေယ္ယ။

ဝိဿဇ္ဇနာ။ ။ဒုက္ကဋံ ဘဒ္ဒေ အာပတ္တိံ အာပဇ္ဇေယ္ယ။

အမေး။ ။ရဟန်းသည်ကား လူဝတ်ကြောင် ယောကျ်ားတို့၏ အသုံးအဆောင်ဖြစ်သော လတ်ပတ်နာရီ ခွေးခံ အင်္ကျီ စသော အဝတ်အဆင်ကို ဝတ်ဆင် သုံးဆောင်သည် ရှိသော် အဘယ်မည်သော အာပတ်သို့ သင့်ရောက်နိုင်ပါသနည်း ငါ့ရှင်။

အဖြေ။ ။“န ဘိက္ခဝေ ကဉ္စုကံ ဓာရေတဗ္ဗံ၊ ယော ဓာရေယ္ယ အာပတ္တိ ဒုက္ကဋဿ” အစရှိသည်ဖြင့် စီဝရကွန္ဓကဋ္ဌ မြတ်စွာဘုရား ဟောကြားတော်

မူအပ်ပါသောကြောင့် လူဝတ်ကြောင်တို့၏ အသုံးအဆောင်ဖြစ်သော ကိုယ်ဝတ် အင်္ကျီအစရှိသည်ကို ဝတ်ရုံဆင်မြန်းသော ရဟန်းယောကျ်ားတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည် အရှင်ဘုရား။

၄-စတုတ္ထ သိက္ခာပုဒ် ပြီး၏။

၉-ဆတ္တပါဟာနဝဂ်၊ ၅-ပဉ္စမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဂန္ဓဝဏ္ဏကေန အာဝုသော နဟာယန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခုနိယော ဂန္ဓဝဏ္ဏကေန နဟာယိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အမွှေးရည်, အလှရည်ဖြင့် ရေချိုးသော ဘိက္ခုနီမ၏ ပါစိတ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့သည် ရေချိုးသောအခါ၌ အမွှေးရည်, အလှရည်တို့ဖြင့် ရေချိုးခဲ့ကြပါကုန်သည်၊ ထိုအခါ များစွာသော လူအပေါင်းတို့က "ကာမဂုဏ် ခံစားသော လူဝတ်ကြောင်များ ကဲ့သို့ပါတကား" ဟု ကဲ့ရဲ့ရွဲတ်ချကြပါကုန်သည်။ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၅-ပဉ္စမ သိက္ခာပုဒ် ပြီး၏။

၉-ဆတ္တပါဟာနဝဂ်၊ ၁၁-ကောဒသမ သိက္ခာပုဒ်

ပုစ္ဆာ။ ။ဘိက္ခုဿ အာဝုသော ပုရတော အနာပုစ္ဆာ အာသနေ နိသီဒန္တိ-ယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခုနိယော ဘိက္ခုဿ ပုရတော အနာပုစ္ဆာ အာသနေ နိသီဒိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အဓမေး။ ။ပန်ကြားခြင်းကို မပြုဘဲ ရဟန်း၏ ရွေ့တည့်တည့်နေရာ၌ ထိုင်နေသော ဘိက္ခုနီမ၏ ပါစိတ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ မျှားစ့ဉာသော ဘိက္ခုနီမတို့၏ မပန်မကြားဘဲ ရဟန်းယောကျ်ား၏ ရွေ့တည့်တည့်နေရာ၌ ထိုင်နေခြင်း တည်းဟူသော အမှုခင်း ကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၁၁-ကောဒသမ သိက္ခာပုဒ် ပြီး၏။

၉-ဆတ္တုပါဟနဝဂ်၊ ၁၂-ဒုဒသမ သိက္ခာပုဒ်

ပုစ္ဆာ။ ။အနောကာသကတံ အာဝုသော ဘိက္ခု၊ ပဉ္ဉံ ပုစ္ဆန္တိယာ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ သမ္မဟုလာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘဒ္ဒေ ဘိက္ခုနိယော အနောကာသကတံ ဘိက္ခု၊ ပဉ္ဉံ ပုစ္ဆိံသု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မေးမြန်းရန် ခွင့်မပြုသော ရဟန်းအား ပြဿနာကို မေးမြန်းသော ဘိက္ခုနီမ၏ ပါစိတ်အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ မျှားစ့ဉာသော ဘိက္ခုနီမတို့၏ အခွင့်မပန်ကြားဘဲ ရဟန်းယောကျ်ားကို အမေးပုစ္ဆာ ပြဿနာတို့ကို မေးမြန်းခြင်း တည်းဟူသော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

၁၂-ဒုဒသမ သိက္ခာပုဒ် ပြီး၏။

ဆတ္တုပါဟနဝဂ်ဆိုင်ရာ အမေးအဖြေ ပြီး၏။

ပါဠိဒေသနီ အာပတ်ရှစ်မျိုး

ပုစ္ဆာ။ ။သပ္ပိံ ဝါ အာဝုသော တေလံ ဝါ မဓုံ ဝါ ဖာဏိတံ ဝါ မစ္ဆံ ဝါ မံသံ ဝါ ခီရံ ဝါ ဒဓိံ ဝါ ဝိညာပေတ္ဝာ ဘုဉ္ဇန္တိယာ ပါဋိဒေသနိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထု သ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဆဗ္ဗဂ္ဂိယာ ဘိက္ခုနိယော အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘဒ္ဒေ ဘိက္ခုနိယော သပ္ပိမ္ပိ တေလမ္ပိ မဓုမ္ပိ ဖာဏိတမ္ပိ မစ္ဆမ္ပိ မံသမ္ပိ ခီရမ္ပိ ဒဓိမ္ပိ ဝိညာပေတ္ဝာ ဘုဉ္ဇိံသု၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မကျန်းမာခြင်း စသော အကြောင်းထူးမရှိပါဘဲ ထောပတ်ကို ဖြစ်စေ ဆီကိုဖြစ်စေ ပျားကိုဖြစ်စေ တင်လဲကိုဖြစ်စေ ငါးကိုဖြစ်စေ အသားကို ဖြစ်စေ နို့ကိုဖြစ်စေ နို့ဓမ်းကို ဖြင်စေ တောင်းရမ်း၍ စားသောက်သုံးဆောင်သော ဘိက္ခုနီမအား **ပါဠိဒေသနီ**အာပတ်ကို ပညတ်တော် မူခဲ့ပေ၏၊ ထို ပါဠိဒေသနီအာပတ်တို့ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့သည် မကျန်းမာမှု တည်းဟူသော အကြောင်းမရှိပါဘဲလျက် ထောပတ်ကိုငင်း ဆီကိုငင်း ပျားကိုငင်း တင်လဲကိုငင်း ငါးကိုငင်း အမဲကိုငင်း နို့ရည်ကိုငင်း နို့ဓမ်း ဒိန်ခဲကိုငင်း တောင်းရမ်း၍ စားသောက်ကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ပါဠိဒေသနီအာပတ် ရှစ်မျိုးကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စတုန္နံ အာဝုသော ဝပတ္တာန ကတမာ ဝပတ္တာ။

ဝိဿဇ္ဇနာ။ ။အာစာရဝိပတ္တိ ဘန္တေ။

အမေး။ ။သီလဝိပတ္တိ စသော လေးပါးသော ပျက်စီးခြင်း ဝိပတ္တိတို့တွင် ဤ ပါဠိဒေသနီအာပတ်သည် အဘယ် ဝိပတ္တိ မည်ပါသနည်း ငါ့ရှင်။

အဖြေ။ သီလပျက်ခြင်းအစရှိသော ပျက်စီးခြင်း လေးပါး တို့တွင်၊ ဤ ပါဠိဒေသနီ အာပတ်သည် လဟုက အာပတ်ဖြစ်၍ အကျင့်ပျက်ခြင်း တည်းဟူသော **အာစာရ ဝိပတ္တိ** ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဆန္နံ အာဝုသော အာပတ္တိသမုဋ္ဌာနာနံ ကတိဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတ။

ဝိဿဇ္ဇနာ။ ။စတူဟိ ဘန္တေ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ၊ သိယာ ကာယတော သမုဋ္ဌာတိ၊ နဝါစတော နစိတ္တတော၊ သိယာ ကာယတော စ ဝါစတော စ သမုဋ္ဌာတိ၊ နစိတ္တတော၊ သိယာ ကာယတော စ စိတ္တတော စ သမုဋ္ဌာတိ၊ နဝါစတော၊ သိယာ ကာယတော စ ဝါစတော စ စိတ္တတော စ သမုဋ္ဌာတိ၊ ဣမေဟိ ဘန္တေ စတူဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ။

အမေး။ ။ကာယသမုဋ္ဌာန် စသော ခြောက်ပါးသော အာပတ်သင့်ကြောင်း သမုဋ္ဌာန်တို့တွင် ဤ ပါဠိဒေသနီအာပတ်သည် အဘယ်သမုဋ္ဌာန်ကြောင့် ဖြစ်ပေါ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။လေးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ပေါ်ပါသည်။

(၁) အာပတ်သင့်သည်ကို မသိမမြင်သဖြင့် သိကွာပုဒ်ကို လွန်ကျူးလိုသော စိတ်မရှိဘဲ တောင်းရမ်းခဲ့သည်ရှိသော် နှုတ်မမြွက်ဘဲ ကာယဒွါရ သက်သက်ဖြင့် တောင်းရမ်းသော ဘိက္ခုနီမအား ကာယသမုဋ္ဌာန် ကြောင့် သင့်ပါသည်။

(၂) နှုတ်မြွက်၍ တောင်းရမ်းသော ဘိက္ခုနီမအား ဝါစာသမုဋ္ဌာန်ကြောင့် သင့်ပါသည်။

(၃) သိကွာပုဒ်ကို လွန်ကျူးလိုသော စိတ်ဖြင့် နှုတ်မမြွက်ဘဲ ရုပ်၍သာ တောင်းသော ဘိက္ခုနီမအား ကာယစိတ္တ သမုဋ္ဌာန်ကြောင့် သင့်ပါသည်။

(၄) နှုတ်ကလည်း မြွက်ဆို ရပ်လည်းရပ် သိကွာပုဒ်ကို လွန်ကျူးလိုသော စိတ်လည်းရှိ၍ တောင်းရမ်းသော ဘိက္ခုနီမအား ကာယဝါစာစိတ္တ သမုဋ္ဌာန်ကြောင့် သင့်ပါသည်။

ဤသို့လျှင် ဤ ပါဠိဒေသနီအာပတ်သည် ကာယသမုဋ္ဌာန် ကာယဝါစာ သမုဋ္ဌာန် ကာယစိတ္တသမုဋ္ဌာန် ကာယဝါစာစိတ္တသမုဋ္ဌာန် လေးပါးကြောင့် သင့်နိုင်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော ဝိပတ္တိ။

ဝိဿဇ္ဇနာ။ ။အသံဝရော ဘန္တေ ဝိပတ္တိ။

အမေး။ ။ဤ ပါဠိဒေသနီ သိကွာပုဒ်၌ ပျက်စီးခြင်းကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ဤ ပါဠိဒေသနီ သိကွာပုဒ်တို့၌ ကာယဒွါရ ဝစီဒွါရတို့ကို မစောင့်စည်းခြင်းသည် ပျက်စီးခြင်း ဝိပတ္တိ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော သမ္ပတ္တိ။

ဝိဿဇ္ဇနာ။ ။သံဝရော ဘန္တေ သမ္ပတ္တိ။

အမေး။ ။ဤ ပါဠိဒေသနီ သိကွာပုဒ်၌ ပြည့်စုံခြင်းကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ဤ ပါဠိဒေသနိ သိက္ခာပုဒ်တို့၌ ကာယဒ္ဒါရ ဝစီဒ္ဒါရ နှစ်ဌာန တို့ဝယ် ဤသို့ သဘောရှိသော **လောလုပ္ပတာဏ္ဍာ**ကို မဖြစ်ပွါးရအောင် သတိဖြင့် စောင့်စည်း ပိတ်ဆို့ခြင်းသည် ပြည့်စုံခြင်း **သမ္မတ္တိ** ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာ အာဝုသော ပဋိပတ္တိ။

ဝိဿဇ္ဇနာ။ ။နု ဧဝရူပံ ကရိဿာမိတိ· ယာဝဇီဝံ အာပါဏကောဋိကံ သမာဒါယ သိက္ခတိ သိက္ခာပဒေသု၊ အယံ ဘန္တေ ပဋိပတ္တိ။

အမေး။ ။ဤ ပါဠိဒေသနိ သိက္ခာပုဒ်တို့၌ အကျင့်ပဋိပတ်ကား အဘယ် ပါနည်း ငါ့ရှင်။

အဖြေ။ ။ဤကဲ့သို့ သဘောရှိသော မြတ်စွာဘုရားသည် တားမြစ်အပ် သော လွန်ကျူးမှုကို ငါကဲ့သို့သော အမျိုးကောင်း သမီးသည် မပြုမလုပ်အံ့ဟု ဆောက်တည်ပြီးလျှင် သိက္ခာပုဒ်တည်းဟူသော အသက်ဇီဝ ထင်ရှားရှိသမျှ ကာလ ပတ်လုံး သိက္ခာပုဒ်တည်းဟူသော အသက်သီလ၏ အဆုံးအပိုင်းအခြား တိုင်အောင် ကောင်းစွာ သဒ္ဓါတရား ရွှေထား ဆောက်တည်ပြီးလျှင် သိက္ခာပုဒ်တို့၌ ကျင့်ကြံ ခြင်းသည် အကျင့်ပဋိပတ် မည်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကသ္မာ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟာဓေါ သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ဤ ပါဠိဒေသနိ သိက္ခာပုဒ် အပေါင်းသည်။ပ။ စကားဖြစ်ပါ သနည်း။

အဖြေ။ ။နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်။ပ။ စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မုခယ ဘန္တေ အာဘတံ။

အမေး။ ။ဤ သိက္ခာပုဒ် အပေါင်းကို အဘယ်သူသည် ဆောင်၍ လာခဲ့ပါ သနည်း ငါ့ရှင်။

အဖြေ။ ။ဤ သိက္ခာပုဒ်တော် အပေါင်းကို ပဌမသံဂါယနာ တင်ရာကာလ သံဂီတိ ပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာ ကဿပမထေရ် သံဂါယနာ ဝန်ဆောင် ဖြစ်တော်မူသော အရှင်ဥပါလိ အရှင်အာနန္ဒာ မထေရ်တို့မှအစ၊ ယခု

အခါ ဆဋ္ဌသံဂါယနာ တင်ရာကာလ သံဂီတိပါမောက္ခမထေရ် သံဂီတိ ဝန်ဆောင်မထေရ် သံဂီတိကာရက မထေရ်မြတ်တို့ တိုင်အောင် အဆက်ဆက်သော ဆရာတော်မထေရ်ကျော်တို့သည် ဤ သိက္ခာပုဒ်အပေါင်းကို မပျောက်မပျက်ရအောင် စောင့်ဆောင်တော် မူခဲ့ကြပါသည် အရှင်ဘုရား။

သံဂါယနာဥဒ္ဒေတ်

သုဏာတု မေ ဘန္တေ သံဃော။ပ။ သံဂါယေယျာမ။

အရှင်မြတ်တို့ဘုရား။ပ။ သက်တော်ရှည် အရှင်ဘုရားတို့။

ပါဠိဒေသနီ အာပတ်ရှစ်မျိုး ပြီး၏။

ဘိက္ခုနီ ပါစိတ်ပါဠိတော် ပြီး၏။

ဝိနယပိဋကတ်

သံဂါယနာ အမေးအဖြေ ပဌမအုပ် ပြီး၏။

॥ ०००८—८६-२-३१—०७८—१९०—७-८८-८-१